The
# Commerce Journal
# စီးပွားရေးသတင်းဂျာနယ်
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .15, NO . 9 တနင်္လာနေ့တိုင်းထုတ်ဝေသည် March 2 , 2015



## ရောင်းပန်းဝယ်ပန်းလှလာတော့မယ့်
# ရွှေဘိုပေါ်ဆန်းမွှေး
|သန်းသန်းတင်-မုံရွာ|

၂၀













## မကွေးမြို့တွင် ဝန်ထမ်းအငှားအိမ်ရာများ ၂၀၁၅ မတ်လအတွင်းပြီးစီးမည်
၁၅

## တမူးနယ်စပ်ကုန်သွယ်မှုမှာ ကြုံတွေ့နေရတဲ့ ကုန်သွယ်မှုအတားအဆီးကို ဒေသဆိုင်ရာသက်ဆိုင်ရာအဖွဲ့အစည်းများ ညှိနှိုင်းဆောင်ရွက်ဖြေရှင်း
၁၈

## Taiyo Life Insurance က မြန်မာနိုင်ငံတွင် ကျန်းမာရေးအာမခံလုပ်ငန်းများ ဆောင်ရွက်ပေးမည်
၂၆

## ယမမင်းနဲ့ တွေ့ဆုံခြင်း



၁၄

# GARMANIT ZAY YA

**New Model & High Grade Car Showroom**















No.39(B), Oo Yin Street, New University Avenue Road, Bahan TSp, Yangon.
Ph : 95-01-554909, 557677, Hp : 95-09-5550888 E-mail : garmanie1@gmail.com

# အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ်(၆)သင်တန်းဖွင့်ပွဲကျင်းပ






စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ကုန်သွယ်မှု သင်တန်းကျောင်းမှ တာဝန်ယူဖွင့်လှစ်တဲ့ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ်(၆)ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးရုံး ပဥ္စမထပ်ညီလာခံခန်းမမှာ ကျင်းပခဲ့ပါတယ်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ပြည်ထောင်စုဝန်ကြီး အကြံပေးပုဂ္ဂိုလ် ဒေါက်တာမောင်အောင်၊ ရန်ကုန်တိုင်းဒေသကြီး ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ နည်းပြများ၊ ဧည့်သည်တော်များနဲ့ သင်တန်းသူ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြပါတယ်။ သင်တန်းကို သင်တန်းသားဦးရေ ၉၀ ကျော်တက်ရောက်မှာဖြစ်ပြီး ဌာနဆိုင်ရာ ဝန်ထမ်း ၂၀ ဝန်းကျင်နဲ့ ပြင်ပမှ ၇၀ ကျော် တက်ရောက်ကြမှာဖြစ်ပြီး သင်တန်းကာလမှာ လေးလကြာမြင့်မှာဖြစ်ပါတယ်။

သင်တန်းမှာ One Stop Services အဖွဲ့ဝင်ဌာနများ၊ ဆက်စပ်ဌာနများက လုပ်ထုံးလုပ်နည်းဆိုင်ရာများကို သင်ကြားပို့ချပေးသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ကုန်သွယ်မှုနယ်ပယ်မှာ လက်တွေ့အောင်မြင်မှုရရှိနေတဲ့ ကုမ္ပဏီကြီးများမှ တာဝန်ရှိသူများကို ဖိတ်ကြားပြီး အတွေ့အကြုံများ ဖလှယ်ပေးသွားရန် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားမှာ လမ်းညွှန်ခဲ့ပါတယ်။

အဆိုပါအခမ်းအနား၌ ပြည်ထောင်စုဝန်ကြီးက စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာနဟာ နိုင်ငံတော်ရဲ့ ကုန်သွယ်မှုကဏ္ဍစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့မှုများ၊ ကုန်သွယ်မှုလွယ်ကူ ချောမွေ့စေရေး၊ ကုန်သွယ်မှုမြှင့်တင်ရေး၊ ကုန်သွယ်မှုပညာ ပြန့်ပွားရေးတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းစဉ်များကို ပိုမိုမြန်ဆန်အောင် စီမံဆောင်ရွက်ပေးလျက်ရှိပြီး ကုန်သွယ်မှု လုပ်ထုံးလုပ်နည်းများကိုလည်း နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒီလိုလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် လုပ်ငန်းနယ်ပယ်အသီးသီးရှိ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန် အဓိကလိုအပ်ပါကြောင်း၊ ဒါကြောင့်မို့ ကုန်သွယ်ရေးကဏ္ဍ စဉ်ဆက်မပြတ် တိုးတက်စေရန်နဲ့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ပြီး ၂၀၁၂ ခုနှစ်၊ ဧပြီလမှစတင်၍ ကုန်သွယ်မှုသင်တန်းကျောင်းကို ဖွင့်လှစ်ခဲ့ကြောင်း ပြောကြားခဲ့ပါတယ်။

ကုန်သွယ်မှုကဏ္ဍစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေဖို့ စီးပွားကုန်သွယ်မှုနဲ့ ဆက်စပ်တဲ့ဝန်ကြီးဌာနများနဲ့ ပူးပေါင်းဆောင်ရွက်နေရတာဖြစ်ကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နဲ့ လက်တွဲဆောင်ရွက်နေပါကြောင်း၊ ဒါ့အပြင် မိမိတို့ဝန်ကြီးဌာနအနေနဲ့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)၊ ကုလသမဂ္ဂအာရှပစိဖိတ်ဒေသစီးပွားရေးနှင့် လူမှုရေးကော်မရှင် (UNESCAP)၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၊ ဂျပန်ပြည်ပကုန်သွယ်မှု တိုးမြှင့်ရေးအဖွဲ့ (JETRO)၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)၊ နယ်သာလန်နိုင်ငံရဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများမှ သွင်းကုန်မြှင့်တင်ရေးဗဟိုဌာန (CBI) စတဲ့ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်နေကြောင်း၊ နိုင်ငံတကာနဲ့ ကုန်သွယ်မှုများတိုးချဲ့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားပါတယ်။

ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးအကောင်အထည်ဖော်လျက်ရှိပြီး လိုက်လျောညီထွေရှိစေမယ့် ကုန်သွယ်မှုမူဝါဒများ၊ လုပ်ငန်းစဉ်များ၊ ဆောင်ရွက်ရန်အချက်များကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိကြောင်း၊ ယင်းသို့ ဆောင်ရွက်လျက်ရှိရာမှာ ကုန်သွယ်မှုကဏ္ဍရဲ့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ရန်ဆိုတဲ့ ရည်မှန်းချက်လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ဌာနဆိုင်ရာဝန်ထမ်းများနဲ့ ပုဂ္ဂလိကစီးပွားရေး၊ ကုန်သွယ်ရေးလုပ်ငန်းရှင်များ၊ ကုန်သွယ်မှု လုပ်ငန်းများ၌ စိတ်ပါဝင်စားသူများကို ကုန်သွယ်မှုဆိုင်ရာပညာရပ်များ သင်ကြားပို့ချပေးနေခြင်းဖြစ်ကြောင်း၊ ကုန်သွယ်မှုဆိုင်ရာပညာရပ်များကို ကုန်သွယ်မှုသင်တန်းကျောင်း၌ သင်ကြားပို့ချပေးရာမှာ ကုန်သွယ်မှုလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများ၊ ငွေကြေးဆိုင်ရာ လုပ်ငန်းများ၊ အကောက်ခွန်ဆိုင်ရာ လုပ်ငန်းများ၊ ကုန်ပစ္စည်းအရည်အသွေးဆိုင်ရာလုပ်ငန်းများ၊ ဉာဏမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းများ၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများစတဲ့ လုပ်ငန်းနယ်ပယ် အသီးသီးရဲ့ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများကို ပို့ချလျက်ရှိတဲ့အပြင် နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများကို သင်ကြားပို့ချပေးလျက်ရှိကြောင်း ပြောကြားခဲ့ပါတယ်။

သင်တန်းမှာ သင်ကြားမယ့် ဘာသာရပ်များအား မိမိဝန်ကြီးဌာနအပြင် ကုန်သွယ်မှုနဲ့သက်ဆိုင်သော အခြားဝန်ကြီးဌာနများရဲ့ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူ အရာထမ်းများ၊ ပြင်ပဘာသာရပ်ကျွမ်းကျင်သူ ပညာရှင်များဖြင့် သင်ကြားပို့ချပေးသွားမှာ ဖြစ်ကြောင်း၊ သင်တန်းသူ/သင်တန်းသားများအား ကုန်သွယ်မှုဆိုင်ရာ လုပ်ငန်းဌာနများသို့ လက်တွေ့လေ့လာရေးခရီးစဉ်များ စီမံဆောင်ရွက်ပေးမှာဖြစ်ပြီး၊ ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းရှင်များရဲ့ စီးပွားရေး၊ ကုန်သွယ်ရေးဆိုင်ရာ ဟောပြောပွဲများကိုလည်း စီမံဆောင်ရွက်ပေးမှာဖြစ်ပါကြောင်း၊ သင်တန်းသူ သင်တန်းသားများအနေနဲ့ ယခုဖွင့်လှစ်တဲ့ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုသင်တန်းအမှတ်စဉ် (၆)မှာ သင် ကားမည့် ဘာသာရပ်များအား သင်ယူပြီးပါက ပြည်တွင်း၊ ပြည်ပတွင် ကုန်သွယ်မှုလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်မှာဖြစ်ကြောင်း ၊ဒါ့ကြောင့် သင်တန်းသူ၊ သင်တန်းသားများအနေဖြင့် သင်တန်းတွင် ပို့ချသည့် ဘာသာရပ်များအား စိတ်ပါဝင်စားစွာဖြင့် သင်ယူ၍ ကုန်သွယ်မှုလုပ်ငန်းများကို နိုင်ငံတကာနှင့် ရင်ဘောင်တန်းဆောင်ရွက်နိုင်ကြပါစေလို့ ဆန္ဒပြုကြောင်း နိဂုံးချုပ်စကားပြောကြားခဲ့ပါတယ်။

သင်တန်းမှာ သင်ကြားမယ့် သင်ရိုးညွှန်းတမ်းနဲ့ ပတ်သက်ပြီးလည်း သင်တန်းစတင်ဖွင့်လှစ်စ သင်တန်းအပတ်စဉ်များနဲ့မတူဘဲ အပတ်စဉ်(၃) ကစပြီး JETRO မှ ပညာရှင်များက ကုန်သွယ်မှုနယ်ပယ်ရှိ ကဏ္ဍအသီးသီးကို ကွင်းဆင်းလေ့လာပြီး ကုန်သွယ်မှုကဏ္ဍမှာ အမှန်တကယ်လိုအပ်ချက်များကို သင်ရိုးညွှန်းတမ်းမှာ ဖြည့်စွက်သင်ကြားရန် စီစဉ်ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။

ရင်းနှီးမြှုပ်နှံမှုအရေးပါပုံ၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနဲ့ စီးပွားရေးဆိုင်ရာ မူဝါဒများ၊ ပို့ကုန်သွင်းကုန်ဆိုင်ရာ မူဝါဒများ၊ Stock Exchange ၊ Pre shipment Inspection ၊ Global Logistics၊ အိန္ဒိယ၊ တရုတ်၊ ထိုင်း၊ ဗီယက်နမ် စတဲ့ ပြည်ပနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှာ ကျင့်သုံးတဲ့ ပို့ကုန်သွင်းကုန်ဆိုင်ရာ မူဝါဒများ၊ နိုင်ငံခြားငွေပေးချေမှုစနစ်၊ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေ၊ Global Supply chain & Value Chain ၊ စီးပွားရေးဆိုင်ရာ ကျင့်ဝတ်များ၊အခွန်အကောက်ဆိုင်ရာများ၊ ဈေးကွက်သုတေသန၊ မြန်မာ့ SME ဖွံ့ဖြိုးတိုးတက်ရေးနဲ့ စက်မှုလုပ်ငန်းများဆိုင်ရာမူဝါဒများစတဲ့ ဘာသာရပ်များကို ထည့်သွင်းပို့ချသွားမယ်လို့သိရပါတယ်။

သင်တန်းကာလအတွင်းမှာ စီးပွားရေးကျွမ်းကျင်ပညာရှင်များကို ဖိတ်ကြားပြီး စီးပွားရေးဆိုင်ရာ ဟောပြောပွဲများကိုလည်းထည့်သွင်းကျင်းပသွားမယ်လို့လည်း သိရှိရပါတယ်။

**MIRT ( DCCA)**

Commerce
J O U R N A L

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဧခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(မြ-၃၈၁၉)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
အောင်မျိုး၊ မြင့်ဆွေ၊ တင်တင်အေး၊
ခင်မြတ်မွန်၊ တင်တင်ထွန်း

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ စန္ဒာမိုး၊ မော်မော်စန်း၊
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်၊ ခင်ခင်ခန့်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(မြ-၀၉၇၄၄)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 15, No.9 Monday March 2 2015

# ရန်ကုန် FOB နဲ့ နယ်စပ်အပို့ငြိမ်နေသော်လည်း ယခင်ဘဏ္ဍာနှစ်ကာလတူထက် ဒေါ်လာ ၁၈၈ သန်းကျော်ဖိုး ပိုမိုတင်ပို့ထားနိုင်ပြီဖြစ်တဲ့ မြန်မာ့ဆန်နဲ့ ဆန်ကွဲ

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း) မှာ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ နေ့ဈေးနှုန်းများအရ ဖျာပုံ ပေါ်ဆန်းလတ်စ တစ်အိတ်ကို ၂၉၅၀၀ ကျပ်၊ ထိပ်စ ၃၀၅၀၀ ကျပ်၊ မြောင်းမြ၊ ပုသိမ်ပေါ်ဆန်းလတ်စ ၃၂၀၀၀ ကျပ်၊ ထိပ်စ ၃၂၅၀၀ ကျပ်၊ နယ်စုံ ပေါ်ဆန်းလတ်စ ၂၉၅၀၀ ကျပ်၊ ထိပ်စ ၃၁၀၀၀ ကျပ်၊ ရွှေဘိုပေါ်ဆန်းသစ် တစ်အိတ်ကို ၃၄၅၀၀ ကျပ်မှ ၃၆၀၀၀ ကျပ်အတွင်းဖြစ်ခဲ့ကြလို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၅၀၀ ကျပ်မှ ၂၀၀၀ ကျပ်အတွင်း ဈေးတက်လာတာ တွေ့ရပါတယ်။ တရုတ်နှစ်ကူးရက်အပြီးမှာ အဝင်နည်းခဲ့တဲ့ ရွှေဘိုပေါ်ဆန်းနဲ့ ဧရာဝတီပေါ်ဆန်းတွေ အဝယ်သွက်ဈေးတက်ခဲ့သော်လည်း ဖေဖော်ဝါရီ ၂၇ ရက်မှာတော့ ဈေးကွက်ပြန်ငြိမ် သွားတယ်လို့ဆိုပါတယ်။ ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထအောက်စနဲ့ ငစိန်ဆန်တွေ ဈေးဆက်ငြိမ်နေသော်လည်း ဧည့်မထ လတ်စတစ်အိတ်ကို ၁၆၈၀၀ ကျပ်၊ ထိပ်စ ၁၇၃၀၀ ကျပ်၊ မိုးသုခဈေးနှုန်း ၁၇၅၀၀ ကျပ်မှ ၁၈၅၀၀ ကျပ်အတွင်း ဖြစ်ခဲ့ကြလို့ တစ်အိတ်ကို ၃၀၀ ကျပ်မှ ၅၀၀ ကျပ်ခန့် ဈေးအနည်းငယ်တက်ခဲ့တာ တွေ့ရပါတယ်။

ဆန်ကြမ်း လတ်စ၊ ထိပ်စ၊ ရှယ်စအချို့ကို မြို့တွင်း လက်လီသမားနဲ့ နယ်အပို့သမားအပြင် ဧည့်မထ ငါးမှတ်ဆန်(ပြည်ပ) ဆန်ပြုလုပ်တင်ပို့ရန် အဝယ်လည်းရှိနေလို့ ဈေးအနည်းငယ်တက်ခဲ့ရတာဖြစ်တယ်လို့ သိရပါတယ်။

ရန်ကုန်ဈေးကွက်အတွင်း ဧည့်မထ ၂၅ မှတ်ဆန် (ပြည်ပ) ဆန်တစ်အိတ် ၅၀ ကီလိုကို ၁၄၅၀၀ ကျပ်ခန့်ဖြင့် ဈေးဆက်ငြိမ်နေကြောင်း၊ EMATA MYANMAR 25 % FOB (Yangon) 310-320 USD / MT ခန့်ဈေးရှိသော်လည်း ရန်ကုန် FOB အတင်ပြန်ငြိမ်နေကြောင်း၊ EMATA 5 % နဲ့ ဆန်ကွဲအချို့ကို ဥရောပဈေးကွက်မှ အဝယ်ရှိနေတယ်လို့ သိရပါတယ်။

တရုတ်လိုင်း - မူဆယ်ဈေးကွက်မှာတော့ တရုတ်နှစ်ကူးပိတ်ရက်အရှိန်နဲ့ ဒေသတွင်းအခြေအနေများကြောင့် အရောင်းအဝယ်များ ရပ်တန့်နေကြောင်း၊ မူဆယ်ရှိ ဖေဖော်ဝါရီ ၂၇ ရက်နေ့ ငွေလဲနှုန်းမှာ တစ်ယွမ်ကို ၁၆၄ ဒသမ ၇၄ ကျပ်ရှိပြီး ယခင်တစ်ပတ်ထက် ၁ ဒသမ ၀၉ ကျပ်ခန့် ဈေးပြန်ကျခဲ့ကြောင်း၊ ရန်ကုန်-မူဆယ် ဆန်တင်ဆောင်ခတစ်တန်ကို ၇၁၀၀၀ ကျပ်ခန့်ဖြင့် ဈေးငြိမ်နေသော်လည်း ရန်ကုန်မှ ဆန်တင်ပို့မည့်သူ မရှိသလောက် ရှားသွားကြောင်း၊ ယခုတစ်ပတ်အတွင်း မူဆယ်သို့ ပြည်တွင်းနယ်စုံမှ ဆန် ၁၀၇၁၀ တန်ခန့် ဝင်ရောက်ခဲ့ပြီး ယခင်တစ်ပတ်ထက် တန် ၃၄၀၀ ခန့် အဝင်ဆက်လျော့လာကြောင်း၊ မူဆယ်ဆန်ဈေးကွက်မှာ ၂၀၁၅ ခုနှစ် ဇန်နဝါရီလကုန်ခန့်က တရုတ်ထဲမှာ ဆန်ဖမ်းဆီးမှုရှိခဲ့ခြင်း၊ တရုတ်နှစ်ကူးအတွက် အရောင်းအဝယ်များနားခဲ့ခြင်းနှင့် ဒေသတွင်း အခြေအနေများကြောင့် ငွေပြန်မဆင်းဘဲ ကြန့်ကြာနေလို့ သိပ်မကိုက်ဘဲ ငွေမစောင့်နိုင်သူတို့က မူဆယ်သို့ မသွားတော့ကြောင်း စုံစမ်းသိရှိရပါတယ်။

မြန်မာ့ဆန်နဲ့ ဆန်ကွဲပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ထိ တန်ချိန် ၁၅၉၇၃၅၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၅၇၃ သန်းကျော် ရရှိနေကာ ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၅၇၀၉၂၅ ၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၈၈ သန်းကျော် ပိုမိုတင်ပို့ထားနိုင်တာ တွေ့ရပါတယ်။ ဆန်ဈေးကွက် ရှေ့အလားအလာမှာ ဆန်ချောနဲ့ ဆန်ကြမ်းဈေး ထပ်မတက်နိုင်သေးဘဲ FOB ရန်ကုန်အတင်၊ တရုတ်ပို့ရန်အပေါ်လိုင်းအောက်လိုင်းတွေလည်း အချိတ်အဆက်မမိပါက ဆန်ကြမ်းစပါးဈေး ဆန်ဈေး ယခုဈေးတန်းဝန်းကျင်နားမှာ တန့်နေနိုင်တယ်လို့ ကြားသိရပါကြောင်း တင်ပြလိုက်ပါတယ်။

**သန်းအေး-ဆန်စပါး**

# ကမ္ဘာ့ဆန်ဈေးကို ကိုင်လှုပ်မယ့် အိန္ဒိယနဲ့ တရုတ်

ကမ္ဘာ့ဆန်ဈေးကွက်မှာ အဓိက အသီးအပွင့်ကို ခံစားရမှာက ထိုင်း မဟုတ်တော့ဘဲ အိန္ဒိယဖြစ်လာနိုင်တယ်လို့ FirstgrainAgency ၏ ဥက္ကဋ္ဌနှင့် ဝါရင့်စီးပွားရေးပညာရှင် Miloo Hamilton က သုံးသပ်ပြောကြားထားပါတယ်။ ဒါပေမယ့် ဈေးနှုန်းမြန်မြန်ဆန်ဆန်မြင့်တက်နိုင်လာမလားဆိုတာကိုတော့ အချက်နှစ်ချက်နဲ့ ဝေဖန်ထားပြန်ပါတယ်။ ပထမတစ်ချက်ကတော့ ဆန်ဆိုတာ ပြောင်း၊ ပဲပုပ်တို့လို စွမ်းအင်ထုတ်ယူတာမျိုးမဟုတ်လို့ စွမ်းအင်ဈေးနှုန်းကြောင့် သိသိသာသာ သက်ရောက်နိုင်မှုမရှိဘူးဆိုတာရယ်၊ နောက်တစ်ချက်က သီးနှံဈေးကွက် အားလုံးရဲ့ အဓိကမောင်းနှင်အားက ရောင်းချမှုကိုအားထားရခြင်းပဲ ဖြစ်ပါတယ်။

လက်ရှိချီကာဂို ဈေးကွက်မှာ ဆန်ဈေးက အကျဘက်မှာရှိနေပါတယ်။ အိန္ဒိယဆန်ဈေးထက် အမေရိကန် ဆန်ကြမ်းဈေးက နိမ့်နေပြီး လက်ရှိမှာ တရုတ်၊ ဗီယက်နမ်၊ ထိုင်း၊ ဘရာဇီးဆန်ဈေးထက်ပင် နိမ့်ကျနေတယ်လို့ ဈေးကွက်က ဆိုပါတယ်။ ရေနံဈေးကျဆင်းနေခြင်းနဲ့အတူ အမေရိကန်ဒေါ်လာဈေး ခိုင်မာနေတာကြောင့်လည်း ဆန်ဈေးက အကျဘက်ကို ရောက်လာခြင်းဖြစ်တယ်လို့လည်း သုံးသပ်ထားပါတယ်။



နောက်လာမယ့် ၂၅ နှစ်လောက်မှာ ဆန် ဈေးနှုန်းကို အဆုံးအဖြတ်ပေးမှာက ဆန်စပါးရရှိနိုင်မှု တစ်ခုတည်းအပေါ်မှာ တည်မှီနေမှာ မဟုတ်ဘဲ ဈေးကွက် အသီးသီးရဲ့ သိုလှောင်လက်ကျန်များ ပေါ်မှာလည်း များစွာ တည်မှီနေမယ်လို့ ဆိုပါတယ်။ အဓိက အကြောင်းကတော့ နိုင်ငံရေးအခြေအနေများအရ ဆန်သိုလှောင်လက်ကျန်တွေကလည်း အတက်အကျရှိနိုင်တာကြောင့် လို့ ဆိုပါတယ်။ နောက်တစ်ချက်ကတော့ ဆန်ကို ဇီဝလောင်စာအနေနဲ့ ယခုရော နောင်ပါဘယ်တော့မှ အသုံးပြုမှာ မဟုတ်လို့ အီသနောအသုံးချမှုလျော့ကျခြင်းဟာ ဆန်ဈေးနှုန်းကို သက်ရောက်စေမှာ မဟုတ်တဲ့အတွက် စွမ်းအင်ဈေးနှုန်းထက် ဆန်ဈေးနှုန်းလျော့ ကျမယ်လို့ ဆိုနိုင်ပေမယ့်ဆန်စပါးဆိုတာ ရေကို အဓိကထားပြီး စိုက်ပျိုးတဲ့ သီးနှံဖြစ်သလို အလုပ်သမားအများဆုံး အသုံးချရတဲ့ သီးနှံ လည်းဖြစ်ပါတယ်။ ဒါကြောင့် အာရှနိုင်ငံတွေမှာ ဆန်စပါးစိုက်ပျိုးမှုအတွက် ရေနဲ့ အလုပ်သမားအသုံးချမှုက အခြားသီးနှံတွေထက် နှစ်ဆခန့်လိုအပ်တယ်လို့ ဆိုပါတယ်။

တရုတ်နိုင်ငံ တစ်နိုင်ငံတည်းပင် နိုင်ငံဆည်မြောင်းရေရဲ့ ၇၀ ရာခိုင်နှုန်းခန့်ဟာ ဆန်စပါးစိုက်ပျိုးမှုမှာ အသုံးပြုရပါတယ်။ ဒ့ါအပြင် တရုတ်နိုင်ငံမှာ အလုပ်သမားစရိတ်ကလည်း အိန္ဒိယထက် မြင့်တက်ပါတယ်။ ဒါပေမယ့် အလုပ်သမားရှားပါးမှုကတော့ နှစ်နိုင်ငံလုံးမှာ ဖြစ်ပေါ်နေပါတယ်။ ဥပမာအနေနဲ့ တရုတ်နိုင်ငံရဲ့ အလုပ်သမားဈေးနှုန်းက မက္ကဆီကိုထက် ၃၀ ရာခိုင်နှုန်းခန့် ပိုနေပါတယ်။ မိသားစုတစ်စုကို ကလေးတစ်ဦးသာမွေးဖွားဖို့ သတ်မှတ်ထားတဲ့မူဝါဒရှိတဲ့အတွက် အသက်ကြီးအုပ်စုက ပိုလာပြီး အလုပ်သမားဈေးနှုန်းတွေကလည်း မြင့်တက်လာတာဖြစ်ပါတယ်။

မဝေးတော့တဲ့ အနာဂတ်မှာ တရုတ် နိုင်ငံသားတွေရဲ့ ပျမ်းမျှအသက်ဟာ အမေရိကန်ပြည်ထောင်စုနိုင်ငံသား ပျမ်းမျှအသက်ထက် ပိုမိုမြင့်မားနေမှာ ဖြစ်ပါတယ်။

ဒ့ါအပြင် လက်ရှိတရုတ်နိုင်ငံဟာ အမေရိကန်၊ ဂျပန်၊ နီပေါ၊ ပါကစ္စတန်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်၊ ထိုင်းတို့က ဆန်တင်သွင်းနေတာဖြစ်ပြီး မကြာမီအိန္ဒိယမှ တင်သွင်းရဖွယ်ရှိနေပါတယ်။ တရားဝင်တင်သွင်းစာရင်းက တန်ချိန် ၄ သန်းထက် လျော့နည်းပေမယ့် တရားမဝင် စာရင်းမှာတော့ တန်ချိန် ၆ သန်းလောက်အထိ မြင့်တက်နေပါတယ်။ ဒါကြောင့် အထက်မှာ ဖော်ပြသလို အလုပ်သမားရှားပါးလာတာရယ်။ ရေသုံးစွဲမှုများလာပြီး ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်အရ ရေရှားပါးမှု ရှိလာမယ်ဆိုရင် တရုတ်နိုင်ငံအနေနဲ့ အနာဂတ်မှာ အိန္ဒိယဆန်ကို အဓိက ဝယ်ယူသူအဖြစ်လည်း ရောက်ရှိလာနိုင်တယ်ဆိုတဲ့ ခန့်မှန်းချက်များကြောင့် ဆန်ဈေးနှုန်းကို အိန္ဒိယနဲ့ တရုတ်က ဦးဆောင်ရမယ့် အလားအလာရှိတယ်လို့ သုံးသပ်ထားခြင်းဖြစ်ကြောင်း သိရပါတယ်။ **လမင်း**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၆-၂-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၄၁၅ | ၄၂၆ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၂၀ | ၄၁၆ | ▽ | ၃၅၅ | ၃၆၀ | △ | ၃၉၀ | ၃၉၀ | □ | ၃၄၅ | ၃၃၅ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၆၅ | ၃၉၆ | △ | ၃၂၅ | ၃၃၅ | △ | ၃၅၅ | ၃၅၅ | □ | ၃၀၅ | ၃၀၅ | □ |
| ပေါင်းဆန် | ၄၀၅ | ၄၀၅ | □ | - | - | - | ၃၈၅ | ၃၈၅ | □ | ၃၈၅ | ၃၈၅ | □ |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၆-၂-၂၀၁၅ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၈၀ | ၄၇၅ | ▽ | ၆၉၅ | ၆၉၅ | □ | ၆၉၅ | ၆၉၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၇၀ | ၄၆၅ | ▽ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၂၇-၂-၂၀၁၅) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၃၉၅၀ | □ | ၁၆၀၀၀ | □ | ၆၄၄၀ | ▽ | ၃၁၀၀၀ | □ |
| ပုသိမ် | ၃၉၅၆ | □ | ၁၆၀၀၀ | □ | ၆၅၇၁ | □ | ၂၉၅၀၀ | □ |
| ပဲခူး | ၃၆၅၀ | □ | ၁၅၅၀၀ | △ | ၅၇၀၀ | □ | ၂၅၅၀၀ | □ |
| ရွှေဘို | ၄၇၀၀ | □ | ၁၆၅၀၀ | □ | ၈၀၀၀ | △ | ၂၉၅၀၀ | △ |
| စစ်တွေ | ၃၈၀၀ | ▽ | ၁၅၀၀၀ | □ | ၆၅၀၀ | △ | ၂၄၀၀၀ | △ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၄၃၀၀ | □ | ၁၆၅၀၀ | □ | - | - | ၃၅၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၃၅၅၀ | □ | ၁၆၈၀၀ | △ | - | - | ၂၉၅၀၀ | △ |
| မန္တလေး | ၄၇၀၀ | □ | ၁၈၅၀၀ | □ | - | - | ၂၈၀၀၀ | □ |
| မကွေး | ၅၂၀၀ | □ | ၁၈၀၀၀ | □ | - | - | ၃၄၀၀၀ | □ |
| မော်လမြိုင် | ၃၆၈၀ | □ | ၁၄၀၀၀ | □ | ၆၄၀၀ | □ | ၂၂၀၀၀ | △ |
| လှိုင်ကော် | ၆၀၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မြိတ် | ၃၈၀၀ | □ | ၁၈၅၀၀ | △ | - | - | ၃၁၀၀၀ | □ |
| ဘားအံ | ၃၇၀၀ | □ | ၁၅၀၀၀ | □ | - | - | ၂၈၀၀၀ | □ |
| တောင်ကြီး | - | - | ၁၈၀၀၀ | □ | - | - | ၃၆၀၀၀ | △ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

# မုံရွာကုန်စည်ဒိုင် ဖေဖော်ဝါရီလကုန် မတ်ပဲဈေးကွက် ငုံနီကျဈေးကြောင့် ရောင်းအားမသွက်

မုံရွာကုန်စည်ဒိုင် ဖေဖော်ဝါရီလကုန်ပတ် ပဲဈေးကွက်မှာ ပဲမျိုးစုံရောင်းအားအသင့်အတင့်သာသွက်ခဲ့ကာ ပဲစင်းငုံနီဈေးကွက်မှာတော့ ပြီးခဲ့တဲ့ ရက်သတ္တတစ်ပတ်က တစ်တင်း ၂၉၄၀၀ ကျပ်ထိ အမြင့်ဈေးရလို့ ရောင်းအားသွက်ခဲ့ရာက ယခုတစ် ပတ်မှာ တစ်တင်း ၂၇၇၀၀ ကျပ်ထိ ဈေးကျသွားခဲ့ရာ ရောင်း လိုအားပါလျော့သွားတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ယခုတစ် ပတ်ထဲမှာ ငုံနီတစ်ရက်အိတ် ၁၅၀၀ ခန့်သာ အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။

ယခုတစ်ပတ် ပဲတီစိမ်းဈေးကွက်မှာတော့ စိမ်းကြီးဈေးကွက်ပျောက်နေခဲ့ပြီး စိမ်းသေးမှာလည်း ကုန်းဒေသ တွေမှာ စိုက်တဲ့ ပဲတွေဒိုင်ကိုအဝင်လျော့လာကာ မန်းလက်ဝယ်လိုအားသွက်ခဲ့လို့ တစ်တင်း ၃၁၂၀၀ ကျပ်ထိ ဈေးမာလာခဲ့တာ တွေ့ရပါတယ်။ အရောင်းအဝယ်အားဖြင့် တစ်ရက်အိတ် ၅၀၀ ခန့် နယ်ကဝင်သလောက် အရောင်းအဝယ်သွက်ခဲ့တယ်လို့ ပွဲရုံရပ်ကွက်က ဆိုပါတယ်။

ယခုတစ်ပတ် မတ်ပဲဈေးကွက်မှာတော့ နယ်ကပဲအဝင်ပုံမှန်ရှိခဲ့ပြီး မန်းဝယ်လက်နဲ့ မုံရွာဒေသဝယ်လက် အချို့သာရှိခဲ့လို့ တစ်တင်း ၂၆၃၀၀ ကျပ်မှ ၂၆၀၀၀ ကျပ်ထိ ဈေးအေးသွားခဲ့ပါတယ်။ အရောင်းအဝယ်အားဖြင့် နယ်အဝင်နဲ့ ကုန်သည်လက်ကျန်ပဲရှိလို့ တစ်ရက်အိတ် ၁၅၀၀ မှ ၂၀၀၀ ထိ အရောင်းအဝယ်ဖြစ်လျက်ရှိတယ်လို့ ဈေးကွက်ကသိရပါတယ်။

လုပ်ငန်းသုံးပဲတွေဖြစ်ကြတဲ့ ပဲကြီး၊ ထောပတ်ပဲနဲ့ စွန်တာနီဈေးကွက်မှာလည်း ဒေသတွင်း ဝယ်လက်သာရှိခဲ့လို့ ဈေးအသီးသီးတန့်နေခဲ့ရာ ယခုတစ်ပတ်မှာ ထောပတ်ပဲ တစ်တင်း ၁၆၅၀၀ ကျပ်၊ ပဲကြီး (ရေ) တစ်တင်း ၁၆၀၀၀ ကျပ်နဲ့ ကုန်းစိုက်ပဲကြီး တစ်တင်း ၂၁၅၀၀ ကျပ်၊ စွန်တာနီ တစ်တင်း ၁၅၅၀၀ ကျပ်အသီးသီး ဈေးပေါက်နေတာ တွေ့ရပါတယ်။

ပြီးခဲ့တဲ့နှစ်က အိတ်စပို့အတွက် ဝယ်လိုအားကောင်းလို့ ဈေးကောင်းရခဲ့တဲ့ ပုဂံပဲဟာ ယခုတစ်ပတ်မှာ တစ်တင်း ၂၀၅၀၀ ကျပ်မှ ၁၇၀၀၀ ကျပ်ထိ ကျဈေးဖြစ်ပေါ်ခဲ့တာ တွေ့ရပါတယ်။ နယ်ဝယ်အားနဲ့ ဒေသသုံး ပဲတွေဖြစ်ကြတဲ့ ပဲနီလုံးကြား တစ်တင်း ၁၆၅၀၀ ကျပ်၊ လွန်းပြာ ၁၃၀၀၀ ကျပ်နဲ့ အသီးသီးဈေးတန့်နေပြီး အရောင်းအဝယ်ပုံမှန်သာရှိခဲ့ပါတယ်။

ယခုတစ်ပတ် ကုလားပဲမျိုးစုံဈေးကွက်မှာတော့ နယ်ကပဲတွေဝင်ရောက်မှုပိုလာသလို ဒေသခံ လုပ်ငန်းသုံးသမားတွေဝယ်လိုအားလျော့သွားတဲ့အတွက် ဈေးအနည်းငယ်အေးသွားခဲ့ရာ ကုလားပဲထိုင်ဝမ် တစ်တင်း ၁၅၀၀၀ ကျပ်၊ V2 တစ်တင်း ၁၆၅၀၀ ကျပ်နဲ့ ၉၂၉ တစ်တင်း ၁၅၈၀၀ ကျပ် အသီးသီး ဈေးကျဆင်းသွားတာ တွေ့ရပါတယ်။

အရောင်းအဝယ်အားဖြင့်တော့ ကုလားပဲမျိုးစုံ တစ်ရက် အိတ် ၁၅၀၀ မှ ၂၀၀၀ ကြား ဖြစ်လျက်ရှိတယ်လို့ မုံရွာကုန်စည်ဒိုင်ရပ်ကွက်က သိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**



# မူဆယ်ကုန်စည်ဒိုင်တွင် ပဲတီစိမ်း ဈေးကျပ်သုံးသောင်းခန့်မြင့်တက်လာ

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီလ တတိယပတ်အတွင်း ကန်ဒေါ်လာ ၁ ဒသမ ၅၂၂ သန်းတန်ဖိုးရှိတဲ့ ပဲတီစိမ်း (လုံးပြည့်) ၁၁၇၆ တန်၊ ပဲလွန်းဖြူ ၇၈ တန်၊ ပဲယင်း ၇ တန်ခွဲ၊ ပဲကြီး ၆ တန်ခွဲ၊ မြေပဲဆံ ၂၁၇ တန်၊ ပဲနီကြား ၉၆ တန်နဲ့ နိုင်လွန်ပဲ ၁၅ တန်တို့ကို တင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာတော့ ယခင်တစ်ပတ်နဲ့ ယခုတစ်ပတ်ရဲ့ ပဲဈေးနှုန်းများကို ကြည့်ပါက ပဲတီစိမ်းဈေးတစ်မျိုးသာ ကျပ်သုံးသောင်းခန့် မြင့်တက်လာခဲ့ပါတယ်။ ပဲခူး၊ ပခုက္ကူနဲ့ သုံးခွမြို့နယ်တွေမှာ စိုက်တဲ့ ပဲတီစိမ်း ခင်းတွေဟာ ပြီးခဲ့တဲ့လက ရာသီဥတုဖောက်ပြန်မှုကြောင့် သီးနှံဖြစ်ထွန်းခြင်းမရှိဘဲ စိုက်ခင်းတွေပျက်စီးခဲ့တယ်လို့ သိရပါတယ်။ ယခုလို ပဲစိုက်ခင်းတွေပျက်စီးခဲ့လို့ ပဲတီစိမ်းအထွက်နည်းတဲ့အတွက် ဈေးမြင့်တက်သွားရတာပါ။ ယခုသီတင်းပတ်နဲ့ ယခင်သီတင်းပတ်ပဲဈေးနှုန်းများကို ဖော်ပြပေးလိုက်ပါတယ်-

| | မိမိဘက်ပေါက်ဈေး (တန်/ကျပ်) | | တစ်ဖက်နိုင်ငံဈေး (တန်/ဒေါ်လာ) | |
|---|---|---|---|---|
| | ယခုတစ်ပတ် | ယခင်တစ်ပတ် | ယခုတစ်ပတ် | ယခင်တစ်ပတ် |
| ပဲတီစိမ်း | ၁၂၇၇၂၈၀ | ၁၂၄၄၁၁၃ | ၁၂၄၁ | ၁၂၀၂ |
| ပဲယင်း | ၆၆၈၅၇၄ | ၆၆၈၅၇၄ | ၆၅၃ | ၆၅၃ |
| ပဲလွန်းဖြူ | ၆၆၈၅၇၄ | ၆၆၈၅၇၄ | ၆၅၃ | ၆၅၃ |
| ပဲပုပ်စေ့ | ၆၁၀၅၃၁ | ၆၁၀၅၃၁ | ၅၉၈ | ၅၉၈ |
| ပဲကြီး | ၇၅၁၄၉၃ | ၇၅၁၄၉၃ | ၇၂၆ | ၇၂၆ |
| ထောပတ်ပဲ | ၇၅၉၄၈၄ | ၇၅၉၄၈၄ | ၇၃၄ | ၇၃၄ |
| မြေထောက်ပဲ | ၇၅၁၄၉၃ | ၇၅၁၄၉၃ | ၇၂၆ | ၇၂၆ |
| ပဲနီကြား | ၇၆၁၄၄၃ | ၇၆၁၄၄၃ | ၇၃၆ | ၇၃၆ |
| မြေပဲ | ၁၂၁၅၈၃၇ | ၁၂၁၅၈၃၇ | ၁၁၇၅ | ၁၁၇၅ |
| မတ်ပဲ | ၆၈၄၆၀၀ | ၆၈၄၆၀၀ | ၆၇၃ | ၆၇၃ |

**မော်မော်အောင် MIRT (DCCA)**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၇-၂-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၀/၂ | ၂၇/၂ | ပြောင်းလဲမှု | ၂၀/၂ | ၂၇/၂ | ပြောင်းလဲမှု | ၂၀/၂ | ၂၇/၂ | ပြောင်းလဲမှု | ၂၀/၂ | ၂၇/၂ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၃၉၆ | ၁၃၉၀ | ▼ | ၁၃၁၇ | ၁၃၀၀ | ▼ | ၁၃၂၅ | ၁၃၀၀ | ▼ | - | - | - |
| ၂ | ပဲစင်းငုံ | ၁၅၀၉ | ၁၄၆၅ | ▼ | ၁၄၆၇ | - | - | ၁၄၆၅ | ၁၄၁၅ | ▼ | ၁၄၇၅ | ၁၄၁၀ | ▼ |
| ၃ | ပဲတီစိမ်း | ၁၇၀၀ | ၁၆၈၀ | ▼ | - | - | - | ၁၅၂၆ | - | - | ၁၇၁၀ | ၁၇၁၀ | ■ |
| ၄ | ကုလားပဲရိုးရိုး | ၉၇၀ | ၁၀၄၀ | ▲ | - | - | - | - | - | - | ၈၀၀ | ၈၅၀ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၀၁၅ | ၁၀၈၀ | ▲ | ၉၁၇ | ၉၆၇ | ▲ | - | - | - | ၇၆၅ | ၇၅၃ | ▼ |
| ၆ | ထောပတ်ပဲ | ၁၁၃၀ | ၉၅၅ | ▼ | ၁၁၀၂ | ၁၁၉၁ | ▲ | - | - | - | ၈၆၈ | ၈၄၂ | ▼ |

✳ မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၇-၂-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ မွန်ဘိုင်း | | | အိန္ဒိယ ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၂၀/၂ | ၂၆/၂ | ပြောင်းလဲမှု | ၁၉/၂ | ၂၆/၂ | ပြောင်းလဲမှု | ၁၉/၂ | ၂၆/၂ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၈၄၀ | ၈၃၀ | ▼ | ၉၄၉ | ၉၃၇ | ▼ | ၉၉၇ | ၉၆၉ | ▼ |
| ၂ | ပဲစင်းငုံ | ၉၁၅ | ၈၇၀ | ▼ | ၉၁၇ | ၈၈၈ | ▼ | ၉၄၉ | ၉၂၀ | ▼ |
| ၃ | ပဲတီရွှေဝါ | ၁၀၀၀ | ၁၀၀၀ | ■ | ၁၂၀၇ | ၁၁၆၃ | ▼ | ၁၃၁၉ | ၁၂၉၂ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၄၅၀ | ၄၅၀ | ■ | ၆၁၅ | ၆၂၂ | ▲ | ၅၁၉ | ၅၆၅ | ▲ |

✳ မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှုအခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု ယခင်တစ်ပတ် (၁၄.၂.၁၅)ထိ | ပြည်ပတင်ပို့မှု ယခုတစ်ပတ် (၂၁.၂.၁၅)ထိ | ပြည်ပတင်ပို့မှု (၁.၄.၁၄) မှ (၂၁.၂.၁၅) ထိ |
|---|---|---|---|
| မတ်ပဲ | ၆၁၆၉ | ၁၀၂၃၂ | ၄၅၂၅၁၇ |
| ပဲတီစိမ်း | ၄၁၄၃ | ၈၅၀၃ | ၁၃၂၄၄၀ |
| ပဲစင်းငုံ | ၃၁၄၄ | ၆၀၇၅ | ၁၈၂၈၅၀ |
| ကုလားပဲ | ၃၈၅ | ၄၀၇ | ၁၁၁၃၀ |
| ပဲလွန်းဖြူ | ၁၁၇၁ | ၁၁၁၀ | ၃၂၁၃၇ |
| မြေထောက်ပဲ | ၉၇ | ၁၉၄ | ၈၂၃၃ |

## ပြည်ကုလားပဲဈေးလည်းတက် အရောင်းအဝယ်လည်းသွက်

ဖေဖော်ဝါရီလကုန်ပတ်မှာ ကုလားပဲသစ်များ ပန်းတောင်း၊ သဲကုန်း၊ ကံမမြို့နယ်များမှ အဝင်များလာ သလို တစ်ရက်အိတ် ၇၀၀ ကျော် ၈၀၀ အထိ ဝင်ရောက်လျက်ရှိခဲ့ပါတယ်။ လလယ်မှစ၍ ပဲသစ်များ ဝင်ရောက်ခဲ့ပြီး တစ်တင်း ၁၅၅၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ယခုလကုန်မှာ တစ်တင်း ၁၇၄၀၀ ကျပ်ထိ ဈေးလည်း ကောင်းနေခဲ့ပါတယ်။

ဒါကြောင့် ပဲဈေးကွက်မှာ ဈေးလည်းတက် အရောင်းအဝယ်လည်း သွက်နေပြီး ခွဲစက်သမားရော လှောင်လက်သမားပါ ဝယ်ယူနေသလို ပဲဟောင်းလက်ကျန်များလည်း အရောင်းအဝယ်ဖြစ်နေခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## စီးပွားရေးလုပ်ငန်းရှင်များသို့

ဂျာနယ်တွင် ကြော်ငြာကိစ္စများနှင့်ပတ်သက်၍ သုတေသနနှင့် ပြည်သူ့ဆက်ဆံရေးဌာနခွဲ ညွှန်ကြားရေးမှူးကိုယ်တိုင် လက်မှတ်ရေးထိုးထားသော ကြော်ငြာထည့်ရန် မေတ္တာရပ်ခံသည့်စာဖြင့် ကြော်ငြာတာဝန်ခံဝန်ထမ်း ဒေါ်မြင့်ဇင်ညွှန့်ကိုယ်တိုင် ကြော်ငြာများ လက်ခံလျက်ရှိပါသည်။ ညွှန်ကြားရေးမှူး၏ မေတ္တာရပ်ခံစာ မပါဘဲ၊ ကြော်ငြာလာရောက်လက်ခံပါက အောက်ပါဖုန်းနံပါတ်များသို့ အသိပေးအကြောင်းကြားပါရန်မေတ္တာရပ်ခံအပ်ပါသည်။

ဖုန်း - ၀၁ - ၃၇၁ ၀၂၃ ၊ ၂၅၁ ၁၉၇ ၊ ၂၅၂ ၀၁၇

Vol: 15, No.9 Monday March 2 2015

## လွယ်ဂျယ်နယ်စပ်မှ ဘိုစားပဲသီးတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ဖေဖော်ဝါရီလ ၁၄ ရက်မှ ၂၀ ရက်တာ သီတင်းပတ်မှာ ကန်ဒေါ်လာ သုည ဒသမ ၀၁၀ သန်းတန်ဖိုးရှိဘိုစားပဲသီး တန် ၅၀ ကို အမယ်သစ်အဖြစ် စတင်တင်ပို့ခဲ့ပါတယ်။

ဗန်းမော်ခရိုင် ဝင်းပနေခြည်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမလီမိတက်နဲ့ ယူနန်ပြည်နယ်ပေါက်စမ်းခရိုင်၊ လုံမောက်စိုက်ပျိုးရေးကုမ္ပဏီလီမိတက်တို့မှ ကချင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်ဖြင့် အကျိုးတူပူးပေါင်းပြီး အကြောအမျှင်မဲ့တိုင်ထောင်ဘိုစားပဲစိုက်ပျိုးခဲ့ကြပြီး ပိုလျှံဘိုစားပဲသီးတောင့် (အစို) များအား တစ်ကီလိုလျှင် ၂၀၀ ကျပ်နှုန်းဖြင့် တင်ပို့ခဲ့ပါတယ်။

ဗန်းမော်မြို့နယ်အတွင်း၌ ဧက ၁၃၀ ခန့်၊ မိုးမောက်မြို့နယ်အတွင်း ဧက ၄၀ ခန့်ကို ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အကြောအမျှင်မဲ့တိုင်ထောင်ဘိုစားပဲ စိုက်ပျိုးထားရှိခဲ့တာလို့ သိရပါတယ်။

**မော်မော်အောင် MIRT (DCCA)**

## ပြည်ပဲတီစိမ်းသစ်များ တစ်ကျော့ပြန်ဝင်ရောက်လာ

ပြည်ပဲဈေးကွက်အတွင်း ဖေဖော်ဝါရီလလယ်မှာ ပဲတီစိမ်းလက်ကျန်ပြတ်သွားလို့ အရောင်းအဝယ်ပါးခဲ့ရာမှ ယခုလကုန်မှာ ရေသွင်းပဲများ ပေါင်းတလည်၊ ပေါက်ခေါင်းဘက်မှ ပြန်လည်ဝင်ရောက်လာလို့ အိတ် ၁၀၀ ကျော် အဝင်ရှိခဲ့ပါတယ်။

မန္တလေးဝယ်လက်မှလည်း Export အဝယ်ရှိလို့ ဝင်ရောက်လာသမျှပဲများ ဝယ်ယူနေတဲ့အတွက် ပဲဈေးမှာ တစ်တင်း ၃၂၀၀၀ ကျပ်ဖြင့် ယခင်နှစ်ကာလတူဈေးထက် ဈေးပိုရပြီး အိတ် ၁၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ပဲစင်းငုံ အဝင်ပါးသွားသလို ဈေးလည်းအေး

ပြည်ပဲဈေးကွက်အတွင်း ပဲစင်းငုံသစ်များ နယ်စုံမှဝင်ရောက်လာပေမယ့် ပဲအဝင်နည်းသွားလို့ တစ်ရက်အိတ် ၂၀၀ ကျော် ၃၀၀ သာ ဝင်ရောက်ခဲ့ပါတယ်။

ယခင်တစ်ပတ်ထိ ပဲအဝင်သွက်သလို ပဲဈေးလည်းဈေးမြင့်တက်လာခဲ့ပြီး ယခုတစ်ပတ်မှာ ပဲအဝင်ပါးသလို ဈေးလည်းလျော့သွားလို့ တစ်တင်း ၂၈၈၀၀ ကျပ်သာရရှိခဲ့ကာ ရန်ကုန်ဝယ်လက် ကတော့ နေ့စဉ်အဝယ်ရှိနေတာကို တွေ့ရပါတယ်။

လက်လီသမားအချို့လည်း အဝယ်ရှိတဲ့အတွက် ရန်ကုန်ဝယ်လက်ရော၊ လက်လီပါ တစ်ရက်အိတ် ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ပဲကြီး (ရွှေကျွန်း) ရော (ကမ်းနား) ပါ အရောင်းအဝယ်သွက်

ယခုလကုန်မှာ ပြည်ပဲကြီးသစ်များ တစ်ရက်အိတ် ၇၀၀ ကျော် ၈၀၀ ထိ ဝင်ရောက်မှုများလာတာကို တွေ့ရပါတယ်။ ပန်းတောင်း၊ ရွှေတောင်နှင့် မင်းတုန်း၊ ကံမဘက်မှ အဓိကထား ဝင်ရောက်နေသလို ဝယ်လက်ကလည်း ပဲကြော်ဖိုနဲ့ လျှောင်သမားပါ ဝယ်ယူနေခဲ့တဲ့အတွက် အရောင်းအဝယ်သွက်နေတဲ့ ပဲတစ်မျိုးဖြစ်ခဲ့ပါတယ်။

ပဲဈေးမှာလည်း ယခုတစ်ပတ်မှာ တစ်တင်း ၁၀၀၀ ကျပ်ခန့်ထိ ဈေးပိုရလာလို့ ရွှေကျွန်း တစ်တင်း ၂၄၅၀၀ ကျပ်၊ ကမ်းနား တစ်တင်း ၂၃၅၀၀ ကျပ်ထိ ဈေးကောင်းလာသော်လည်း ယခင်နှစ်ဈေးထက်တော့ လျော့နည်းနေခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# နှစ်အလိုက်ကာလတူအချိန်ဖြစ်ပေါ်ခဲ့တဲ့ ပြည်ပဲမျိုးစုံဈေးကွက်မှ အဓိကပဲများရဲ့ ဈေးနှုန်းနှိုင်းယှဉ်မှု အခြေအနေ

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်၏ အဓိကအရောင်းအဝယ်ဖြစ်ခဲ့သော ပဲများရဲ့ ဈေးနှုန်း အခြေအနေကို ကာလတူအချိန်နှိုင်းယှဉ်ချက်အား လေ့လာရာမှာ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံဈေးနှုန်းများသာ တစ်နှစ်ထက် တစ်နှစ်ဈေးပိုရလာပြီး ကုလားပဲ၊ ပဲကြီးနှင့် ပဲပုပ်သီးနှံဈေးများကတော့ ယခင်နှစ်ကာလတူ ဈေးနှုန်းတွေထက် ဈေးလျော့နည်းကျဆင်းသွားတာကို အောက်ဖော်ပြပါဇယားအတိုင်း လေ့လာသိရှိရပါတယ်။

| ပဲအမျိုးအစား | ၂၀၁၃ ဖေဖော်ဝါရီ | | ၂၀၁၄ ဖေဖော်ဝါရီ | | ၂၀၁၅ ဖေဖော်ဝါရီ | |
|---|---|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် |
| မတ်ပဲ | ၁၃၅၀၀ | ၁၅၀၀၀ | ၁၈၁၀၀ | ၁၉၀၀၀ | ၂၅၈၀၀ | ၂၇၅၀၀ |
| ပဲတီစိမ်း | ၂၁၅၀၀ | ၂၂၅၀၀ | ၂၉၀၀၀ | ၃၀၀၀၀ | ၃၂၀၀၀ | ၃၃၀၀၀ |
| ကုလားပဲ | ၁၆၈၀၀ | ၁၈၂၀၀ | ၁၅၅၀၀ | ၁၅၇၀၀ | ၁၅၄၀၀ | ၁၇၄၀၀ |
| ပဲစင်းငုံ | ၁၇၂၀၀ | ၂၀၀၀၀ | ၁၇၉၀၀ | ၁၈၅၀၀ | ၂၆၀၀၀ | ၂၉၀၀၀ |
| ပဲကြီး (ရွှေကျွန်း) | ၂၄၀၀၀ | ၃၆၀၀၀ | ၃၃၅၀၀ | ၄၁၅၀၀ | ၂၁၅၀၀ | ၂၄၅၀၀ |
| ပဲကြီး (ကမ်းနား) | ၂၂၀၀၀ | ၃၃၀၀၀ | ၃၃၀၀၀ | ၄၀၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ |
| ပဲပုပ် | ၁၇၂၀၀ | ၁၈၀၀၀ | ၁၉၅၀၀ | ၁၉၈၀၀ | ၁၆၀၀၀ | ၁၆၀၀၀ |

မတ်ပဲသီးနှံမှာ ၂၀၁၃ ဖေဖော်ဝါရီလမှာ အနိမ့်ဈေး တစ်တင်း ၁၃၅၀၀ ကျပ်မှ အမြင့်ဈေး တစ်တင်း ၁၅၀၀၀ ကျပ်ရရှိခဲ့ကာ ၂၀၁၄ မှာတော့ တစ်တင်း ၄၀၀၀ ကျပ်ခန့်သို့ ဈေးမြင့်တက်ခဲ့လို့ ၁၈၀၀၀ ကျပ်မှ ၁၉၀၀၀ ကျပ်ထိ ရန်ကုန်ဝယ်လက်များမှ Export အတွက်ဝယ်ယူခဲ့ကြပါတယ်။ ၂၀၁၅ ဖေဖော်ဝါရီမှာတော့ တစ်တင်း ၂၅၈၀၀ ကျပ်မှ ၂၇၅၀၀ ကျပ်ထိ ယခင်နှစ်များကထက် ဈေးပိုရနေတဲ့အတွက် ပဲစိုက်တောင်သူများလည်း ယခုနှစ်မှာ အကျိုးအမြတ်ရရှိလိမ့်မယ်လို့ မျှော်မှန်းခဲ့ကြပါတယ်။ ယခုလတွင် ပဲသစ်များ လဆန်းရက်မှစတင်ဝင်ရောက်လာသလို ယခုလကုန်မှာလည်း ပဲအဝင်လှိုင်လာပြီး ဝယ်လိုအားလည်းကောင်းလို့ ပဲဈေးနှုန်းများ ဈေးကောင်းရလျက် ရှိနေခဲ့ပါတယ်။

ပဲတီစိမ်းသီးနှံကတော့ အခြားပဲများနှင့်ယှဉ်ရင် နှစ်စဉ်ဈေးကောင်းရနေခဲ့ပြီး နှစ်အလိုက်ကာလတူ နှိုင်းယှဉ်ရာမှာလည်း ဈေးပိုရလာခဲ့တာကို တွေ့ရပါတယ်။ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းတွင် ၂၂၅၀၀ ကျပ်ရရှိခဲ့ရာမှ လကုန်တွင် ပဲအရည်အသွေးပေါ် မူတည်လို့ တစ်တင်း ၂၁၅၀၀ ကျပ်သာ ဈေးလျော့ရခဲ့ပါတယ်။ ၂၀၁၄ ဖေဖော်ဝါရီလမှာ ပဲလက်ကျန်ဈေးမှာ တစ်တင်း ၂၉၀၀၀ ကျပ်ရရှိပြီး ပဲသစ်ဈေးမှာ တစ်တင်း ၃၀၀၀၀ ကျပ်ဈေးဖွင့်ရောင်းဝယ်သလို ၂၀၁၅ ဖေဖော်ဝါရီလဆန်းမှာလည်း တစ်တင်း ၃၃၀၀၀ ကျပ်ရရှိခဲ့ကာ၊ လကုန်မှာ ပဲသစ်များ ထပ်မံဝင်ရောက်လာတဲ့အတွက် တစ်တင်း ၃၂၀၀၀ ကျပ်ဖြင့် အဝင်ရှိသလောက်ပဲများအား မန္တလေးလိုင်းသမား အဝယ်လိုက်ခဲ့တယ်လို့ သိရပါတယ်။

ပဲစင်းငုံသီးနှံမှာလည်း ၂၀၁၃ ဖေဖော်ဝါရီလတွင် တစ်တင်း ၁၇၂၀၀ ကျပ်မှ ၂၀၀၀၀ ကျပ်ထိ ဈေးရခဲ့သလို ၂၀၁၄ ဖေဖော်ဝါရီလမှာလည်း ၁၇၉၀၀ ကျပ်မှ ၁၈၅၀၀ ကျပ်ထိဈေးရပြီး ဒေသတွင်းဝယ်လက်အပြင် ရန်ကုန်ဝယ်လက်များမှ Export အတွက် ဝယ်ယူမှုရှိခဲ့ပါတယ်။ ၂၀၁၅ ဖေဖော်ဝါရီလဆန်းတွင် တစ်တင်း ၂၆၀၀၀ ကျပ်ဖြင့် ပဲသစ်များအဝင်ရှိသလောက် ရန်ကုန်ဝယ်လက်ဝယ်ယူနေသလို လလယ်မှာတော့ တစ်တင်း ၂၉၀၀၀ ကျပ်ထိ ဈေးပိုရခဲ့ပါတယ်။ ရန်ကုန်ဝယ်လက်အဝယ်လိုက်နေလို့ ပဲဈေးလည်း ဈေးကောင်းရနေတာ ဖြစ်တယ်လို့ သိရပါတယ်။

ကုလားပဲသီးနှံမှာ ၂၀၁၃ ဖေဖော်ဝါရီတွင် ပဲသစ်များဝင်ရောက်လာပြီး တစ်တင်း ၁၆၈၀၀ ကျပ်ဖြင့် ရောင်းဝယ်ခဲ့ရာမှ လကုန်ပတ်တွင် တစ်တင်း ၁၈၂၀၀ ကျပ်ထိ ဈေးပိုရခဲ့ပါတယ်။ ၂၀၁၄ ဖေဖော်ဝါရီမှာတော့ ယခင်နှစ်ကာလတူထက် ဈေးလျော့လို့ တစ်တင်း ၁၅၅၀၀ ကျပ်မှ ၁၅၇၀၀ ကျပ်ခန့်သာ ဒေသတွင်း အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ယခုနှစ်မှာတော့ ပဲတစ်တင်း ၁၅၄၀၀ ကျပ်မှ ယခုလကုန်ပတ်တွင် တစ်တင်း ၁၇၄၀၀ ကျပ်ထိ ဈေးမြင့်လာလို့ ယခင်နှစ်ကထက် ဈေးကောင်းရလာပါတယ်။ ဒါကြောင့် ယခုနှစ် ကုလားပဲဈေးကတော့ ယခင်နှစ်ထက်နောက်ပိုင်းမှာလည်း ဈေးပိုလာနိုင်မယ်လို့ ခန့်မှန်းလျက်ရှိကြပါတယ်။

ပဲကြီးသီးနှံဈေးနှုန်းများကတော့ ၂၀၁၄ ခုနှစ်မှာသာ ဈေးအမြင့်ဆုံးရခဲ့ပြီး (ရွှေကျွန်း) တစ်တင်း ၃၃၅၀၀ ကျပ်မှ ၄၁၅၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၂၂၀၀၀ ကျပ်မှ ၃၃၀၀၀ ကျပ်ထိ ဈေးကောင်းရနေပြီး ဈေးကွက်မှာလည်း ဈေးအမြင့်ဆုံးရနေတဲ့ ပဲဖြစ်ခဲ့ပါတယ်။ ၂၀၁၃ ဖေဖော်ဝါရီတွင် (ရွှေကျွန်း) တစ်တင်း ၂၄၀၀၀ ကျပ်မှ ၃၆၀၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၂၂၀၀၀ ကျပ်မှ ၃၃၀၀၀ ကျပ်သာရရှိခဲ့ပြီး၊ ၂၀၁၄ တွင်သာဈေးပိုရခဲ့ကာ ၂၀၁၅ မှာတော့ ယခင်နှစ်တွေကထက် ဈေးလျော့နည်းလာတဲ့အတွက် ပဲကြီး (ရွှေကျွန်း) တစ်တင်း ၂၁၅၀၀ ကျပ်မှ ၂၄၅၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၂၀၀၀၀ ကျပ်မှ ၂၃၀၀၀ ကျပ်ဖြင့်သာ မတ်ပဲ၊ ပဲတီစိမ်းဈေးနှုန်းများထက်လည်း ဈေးလျော့နည်းကျဆင်းသွားခဲ့ပါတယ်။ ပဲပုပ်ဈေးနှုန်းကတော့ ပဲကြီး၊ ကုလားပဲဈေးများကဲ့သို့ ကာလတူ ဈေးနှုန်းများထက် ဈေးလျော့သွားကာ ၂၀၁၃ မှာသာ တစ်တင်း ၁၉၅၀၀ ကျပ်မှ ၁၉၈၀၀ ကျပ်ရရှိပြီး ကျန်တဲ့ နှစ်များမှာတော့ ဈေးလျော့နည်းပြီး ယခုနှစ်မှာလည်းတစ်တင်း ၁၆၀၀၀ ကျပ်ဖြင့်သာ ဈေးငြိမ်ငြိမ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ပဲပုပ် အဝင်နည်းပြီး ဈေးလည်းငြိမ်

ပြည်ပဲပုပ်သီးနှံဈေးကတော့ အခြားပဲများကဲ့သို့ အတက်အကျ သိပ်မရှိဘဲ ဈေးငြိမ်ငြိမ်နဲ့သာ တစ်တင်း ၁၆၀၀၀ ကျပ်နဲ့ လဆန်းမှစပြီး အဲဒီ ဈေးအတိုင်း အရောင်းအဝယ်ဖြစ်လျက်ရှိခဲ့ပါတယ်။

ပြည်၊ ပေါက်ခေါင်း၊ ပန်းတောင်းဘက်မှ ဝင်ရောက်ပေမယ့် အခုရက်မှာ အိတ် ၃၀ ခန့်သာ ပြည်ဈေးကွက်သို့ဝင်ရောက်ပြီး၊ သာယာဝတီခရိုင်ဘက်မှ ထွက်ရှိတဲ့ ပဲသစ်များကတော့ ရန်ကုန်သို့ တိုက်ရိုက်တင်ပို့ရောင်းချခဲ့တာကိုတွေ့ရပါတယ်။ ပြည်ဈေးကွက်မှ ပဲများကတော့ ပဲအဝင်နည်းနေလို့ လက်လီသမားအချို့နဲ့သာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## နနွင်း



### ဒီတစ်ပတ်နနွင်းတင်ပို့မှုလျော့

သီတင်းတစ်ပတ်ဖြစ်တဲ့ ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၁ ရက် အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ စင်ကာပူနိုင်ငံကို ၃၃ တန်နဲ့ မောရစ်သျှနိုင်ငံကို တန်ချိန် ၂၀ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင် သီတင်းပတ်တင်ပို့မှုနဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် နှစ်ရာ့လေးဆယ်ကျော်တင်ပို့ မှုလျော့ခဲ့တယ်လို့ သိရပါတယ်။ နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၄၀၉၇၅ ဝင်ငွေရရှိ ခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### နနွင်းတက်ပုံမှန်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီလ ၁၄ ရက်မှ ၂၀ ရက်တာကာလအတွင်း ကန်ဒေါ်လာ ၉၁၆၅ တန်ဖိုးရှိ နနွင်းတက် ၁၆ တန်၊ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၂၈၁၅ တန်ဖိုးရှိနနွင်းတက် ၅ တန်နီးပါးနဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစစ်တွေနယ်စပ်ကုန်သွယ်ရေးမှ ကန်ဒေါ်လာ ၆၄၀၀ တန်ဖိုးရှိ နနွင်းတက် ၄ တန်တို့ကို အသီးသီး တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က မူဆယ်၊ မြဝတီ၊ စစ်တွေနဲ့ မောင်တောစခန်းတွေက ၁၂၄ တန်ကျော် တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ်ရဲ့ နနွင်းတက် တင်ပို့မှုလျော့ ကျသွားတာတွေ့ရပါတယ်။ နနွင်းအသစ်တွေ အဝင်ကျဲသွားပြီး အဟောင်းတွေကတော့ လက်ကျန်တွေ ရှိနေသေးကြောင်း၊ ရှမ်းနနွင်းကတော့ ပုံမှန်အရောင်းအဝယ်ဖြစ်နေကြောင်း ကုန်စည်ဒိုင်မှ သိရပါတယ်။

**မော်မော်အောင် MIRT ( DCCA)**

## လက်ကျန်နနွင်းများရှိနေလို့ ရှမ်းနနွင်းသစ် ဈေးကွက်အဝင်နည်း

ရှမ်းနနွင်းအသစ်တွေလည်း ဈေးကွက်မှာ ခပ်များများတော့မဝင်လာသေးပါဘူး၊ နနွင်းက ချင်းလိုမျိုးဖော်ပြီး ချက်ချင်းရောင်းလို့မရဘဲ၊ နေလှန်း၊ ပြုပ်ခြောက်လုပ်ပြီး ချောမှသာ ဈေးကွက်ကို ဝင်ရတာကြောင့် ပေါ်ကာစမှာ ခပ်များများ မရှိသေးပါဘူး။

လက်ကျန်နနွင်းတွေကလည်း အတော်များများကျန်နေသေးလို့ အသစ်မကြိုက်ရင်လည်း အဟောင်းတွေနဲ့ အရောင်းအဝယ်ကလည်းပုံမှန်တော့ ဖြစ်နေပါတယ်။ နနွင်းအသစ်တွေက အဝင်မများသေးဘဲ ၅ ရက်တစ်ဈေးကို ပိဿာချိန် သုံးထောင်၊ လေးထောင်ခန့်သာ အဝင်ရှိနေတယ်လို့ သိရပါတယ်။

လက်ကျန်နနွင်းဟောင်းတွေကိုလည်း ဈေးမေးသမားရှိနေပေမဲ့ ပွဲရုံတွေကတော့ ကြိုက်ဈေးမရလို့ မရောင်းကြသေးဘူးလို့လည်း သိရပါတယ်။ ဒီနှစ် နနွင်းဈေးနှုန်းကတော့ ဈေးသိပ်မဆိုးဘူးလို့ သိရပါတယ်။ ရောင်းသူ၊ ဝယ်သူနှစ်ဖက် ကြိုက်ဈေးရတယ်လို့ ဆိုပါတယ်။

ဆင်တောင်နနွင်းကိုတော့ တရုတ်ဝယ်လက်တွေက ကြိုက်ပြီး ရိုးရိုးနနွင်းတွေကိုတော့ အိန္ဒိယဝယ်လက်တွေက ကြိုက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဈေးကွက်ကို ဝင်လာတဲ့ နနွင်းသစ်တွေရဲ့ ဈေးကတော့ ဆင်တောင်နနွင်းက ၁၄၀၀ ကျပ်-၁၅၀၀ ကျပ်၊ တောင်ပို့လ (ထိပ်စ) က ၁၃၀၀ ကျပ်-၁၄၀၀ ကျပ်-၁၄၅၀ ကျပ်၊ ဟိုပုံးစက ၁၃၀၀ ကျပ်ဈေးရှိပါတယ်။ ဆင်တောင်နနွင်းဟောင်းကတော့ တစ်ပိဿာ ၁၆၀၀ ကျပ်-၁၇၀၀ ကျပ်ဈေးရှိတယ်လို့ အောင်ပန်းနနွင်းပွဲရုံတွေက သိရှိရပါတယ်။

**ဓနိုင်-တောင်ကြီး**

## ချင်း

### နယ်စပ်စခန်းများမှ ချင်းစို / ချင်းခြောက်တင်ပို့မှု

ဖေဖော်ဝါရီလ ၁ ရက်မှ ၂၀ ရက်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၄၁၂၂၂ တန်ဖိုးရှိ ချင်းခြောက် ၂၄ တန်နဲ့ ကန်ဒေါ်လာ ၁၅၂၀၀ တန်ဖိုးရှိ ချင်းစို ၈ တန်၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေနယ်စပ်ကုန်သွယ်ရေးမှ ကန်ဒေါ်လာ ၆၈၄၀ တန်ဖိုးရှိ ချင်းစို ၉ တန်၊ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၀၅၄၁ တန်ဖိုးရှိ ချင်းခြောက် ၅ တန်ကျော်ကိုတင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ်စခန်းရဲ့ချင်းခြောက်တစ်တန် မိမိဘက်ပေါက်ဈေးက၁၇၈၄၀၀၀ ကျပ်၊ မြဝတီစခန်းရဲ့ချင်းခြောက် တစ်တန်ဈေးက ၁၈၉၇၀၀၀ ကျပ်ဝန်းကျင်ခန့်ဈေးနဲ့ စစ်တွေစခန်းရဲ့ ချင်းစိုတစ်တန် ဈေးကတော့ ၇၇၉၇၆၀ ကျပ် အသီးသီးဖြစ်ပါတယ်။

**မော်မော်အောင် MIRT (DCCA)**

### ပြည်ချင်းဈေးကွက်ဈေးမြင့်လာပြီး အရောင်းအဝယ်အေး

ယခုတစ်ပတ် ပြည်ဈေးကွက်အတွင်း ချင်းဈေးမှာ တစ်ပိဿာကို (ဂွန်) ၇၀၀ ကျပ်၊ ၈၀၀ ကျပ်၊ (ရှယ်) ၉၀၀ ကျပ်၊ ၁၀၀၀ ကျပ်တို့ဖြစ်ပြီး ယခင်သီတင်းပတ်များထက် ပျမ်းမျှ ၁၀၀ ကျပ်နှုန်း ဈေးမြင့်သွားပါတယ်။

ရခိုင်ပြည်နယ်မှ ဝယ်လက်များက အောင်ပန်း၊ တောင်ကြီးနယ်များရှိ တောင်သူများထံသို့ တိုက်ရိုက်ကွင်းဆင်းပြီး ဝယ်ယူနေခြင်းများကြောင့် ဈေးမြင့်သွားတယ်လို့လည်း ချင်းပွဲရုံများမှတစ်ဆင့်သိရပါတယ်။ နယ်ဝယ်လက်ဖြစ်တဲ့ ပြည်ဈေးကွက်သို့စီးဝင်မှုက ယခုတစ်ပတ် ၃၅ ပိဿာဝင်အိတ် ၂၀၀ ခန့် ပုံမှန်အဝင်ရှိပြီး အရောင်းအဝယ်အားဖြင့် ပြည်ဈေးကွက်အတွင်း လက်လီလက်ကားရောင်းဝယ်သူများ ချင်း (ခားလှီး) သမားများအပြင် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ဘက်သို့ တင်ပို့မှုအပါအဝင် တစ်ရက်ကို ပျမ်းမျှပိဿာချိန် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

### ပွင့်လင်းရာသီရောက်လာတော့မှာဖြစ်လို့ ဈေးကွက်သို့ ချင်းအဝင်များ

ဆောင်းအကုန် နွေအကူးရာသီရောက်လာလို့ ရာသီဥတုလည်း အနည်းငယ်ပြောင်းလဲလာပါပြီ၊ တစ်ပတ်ထက်တစ်ပတ် အအေးကလည်းလျော့လာပါတယ်။

ခြောက်သွေ့ရာသီဖြစ်လာပြီး တပေါင်းပွဲတော်နဲ့ အလှူပွဲတွေကလည်း ဆက်တိုက်ဆိုသလို ပြုလုပ်နေတာကြောင့်၊ ချင်းစိုက်တောင်သူတွေလည်း အလှူပွဲအတွက် ချင်းကို ထုတ်ပြီးရောင်းလာကြတာကြောင့် အောင်ပန်းဈေးကွက်မှာ ချင်းအဝင်ကလည်း များလာပါတယ်။

တစ်ရက်ကို ပိဿာချိန် ရှစ်ထောင်မှ တစ်သောင်းခန့် အဝင်ရှိနေပါတယ်။ အဝင်ကများနေပေမယ့် အဝယ်ကတော့ ပါးနေတယ်လို့ သိရပါတယ်။ ညှံ့စတွေကို ဝယ်ယူနေတဲ့ တပ်ကုန်းဝယ်လက်ကလည်း အဝယ်ရပ်သွားတာ တစ်ပတ်ခန့်ရှိပြီလို့ သိရပါတယ်။ ပြည်တွင်းသုံးဈေးပတ်သမားတွေလည်းအဝယ်လျော့လာပါတယ်။

ယခင်က ပိဿာချိန် တစ်ထောင်ခန့်မှာရင် အခုဆို ပိဿာချိန် ၇၅၀ ခန့်သာ အမှာရှိပါတော့တယ်။ ရာသီဥတုကလည်း ပူလာတော့ အလေးချိန်လည်း လျော့လာပါတယ်။ တစ်ရက်ဆိုတစ်ရက် သိသိသာသာလျော့လာတာကြောင့် မှာတဲ့သူတွေကလည်း ခပ်များများ မမှာကြတော့ဘူးလို့ သိရပါတယ်။

ချင်းခြောက်ကို ဒီနှစ်နှစ်အတွင်းမှာ သိပ်ပြီးမလုပ်ကြတော့ပါဘူး၊ ချင်းစိုဈေးကောင်းနေတာကြောင့် ချင်းခြောက်ပြုလုပ်တာနည်းလာပါတယ်။ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် ပါကစ္စတန်စတဲ့နိုင်ငံတွေကို ပို့ဖို့အတွက် စစ်တွေ၊ တောင်ကုတ်ဝယ်လက်တွေက ထိပ်စချင်းတွေကို တစ်ပိဿာ ၅၀၀ ကျပ်-၆၀၀ ကျပ်လောက်နဲ့ ခပ်ပေါပေါသာလိုချင်နေပါတယ်။

ဒေသခံတွေကလည်း အဲဒီဈေးနဲ့ မရောင်းနိုင်တာကြောင့် အရောင်းအဝယ်လည်း သိပ်မဖြစ်တာလို့ သိရပါတယ်။ ဒါပေမဲ့ ဒီတစ်ပတ်မှာ တောင်ကုတ်ဝယ်လက်တွေက လတ်စ ချင်းတွေကို တစ်ပိဿာ ၆၀၀ ကျပ်-၆၅၀ ကျပ်ဈေးနဲ့ ပိဿာချိန် တစ်သောင်းကျော်ခန့် ဝယ်ယူသွားတယ်လို့လည်း သိရပါတယ်။ ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ချင်းစိုက တစ်ပိဿာကို ၃၀၀ ကျပ်မှ အမြင့်ဆုံး ၉၅၀ ကျပ်ဈေးရှိပြီး၊ ချင်းခြောက်ကတော့ တစ်ပိဿာ ၂၀၀၀ ကျပ်-၂၀၅၀ ကျပ်ဈေးရှိပါတယ်။

**ဓနိုင်-တောင်ကြီး**



## ကြက်သွန်နီ



### ကြက်သွန်နီ ပုံမှန်တင်ပို့

ဖေဖော်ဝါရီလ တတိယပတ်မှာ မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၅၆၅၉၂ တန်ဖိုးရှိတဲ့ ကြက်သွန်နီ ၂၀၉ တန်ခွဲနဲ့ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှကန်ဒေါ်လာ ၇၇၇၀ တန်ဖိုးရှိ ကြက်သွန်နီ ၃၇ တန်တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မြဝတီမှ ၄၈၀ တန်ကျော်နဲ့ မူဆယ်မှ ၁၅ တန် တင်ပို့နိုင်ခဲ့တာမို့ ယခုတစ်ပတ်ရဲ့ ကြက်သွန်နီတင်ပို့မှု အနည်းငယ်လျော့ကျသွားခဲ့ပါတယ်။ ဘုရင့်နောင်ကုန်စည်ဒိုင်သို့ တောင်တွင်းကြီး၊ မကွေး၊ ဆိပ်ဖြူနဲ့ ရေနံချောင်းတို့မှလာတဲ့ ကြက်သွန်နီတွေကတော့ ပုံမှန်ဝင်ရောက်နေတယ်လို့ သိရပါတယ်။

**မော်မော်အောင် MIRT ( DCCA)**

## မန်ကျည်း

### မန်ကျည်းတန်ချိန် နှစ်ထောင်ကျော်တင်ပို့

ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ မန်ကျည်း ၂၁၀၇ ဒသမ ၁ တန်ကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၁ ရက် သီတင်းတစ်ပတ်အတွင်းမှာ တင်ပို့ခဲ့ပါတယ်။

ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၃၁၅၀၀ တန်ဖိုးရှိမန်ကျည်း ၇၅ တန်ကို ဘယ်လ်ဂျီယံ၊ ကန်ဒေါ်လာ ၅၄၅၀၀ တန်ဖိုးရှိ မန်ကျည်း ၁၅၀ ဒသမ ၁ တန်ကို မလေးရှားနိုင်ငံ၊ ကန်ဒေါ်လာ ၃၁၇၉၅၀ တန်ဖိုးရှိ မန်ကျည်း ၁၀၄၀ တန်ကို ပါကစ္စတန်နိုင်ငံ၊ ကန်ဒေါ်လာ ၂၂၇၄၄၀တန်ဖိုးရှိမန်ကျည်း ၈၄၂ တန်ကို စင်ကာပူနိုင်ငံကိုလည်းကောင်း တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ်မှာ ပါကစ္စတန်နိုင်ငံကို အများဆုံး တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် တင်ပို့မှုနဲ့ ယှဉ်ရင် ဒီတစ်ပတ်မှာ ၇၈၅ တန်တင်ပို့မှုပိုခဲ့ပါတယ်။

**သီတာဝင်း (DOT)**



# စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံခြားကုန်သွယ်ရေး၏ အရေးပါပုံ

(သိန်းမြင့်ဝေ)

ယနေ့ကမ္ဘာပေါ်တွင် မိမိနိုင်ငံအတွက် လိုအပ်သော ကုန်ပစ္စည်းအားလုံးကို ကိုယ်တိုင်ထုတ်လုပ်သော နိုင်ငံဟူ၍ မရှိပေ။ ထို့ကြောင့် နိုင်ငံတိုင်းသည် နှိုင်းယှဉ်အားသာချက် (Comparative advantage) ရှိသော ကုန်စည်ကို ထုတ်လုပ်ကြသည်။ ထို့နောက် အဆိုပါ ကုန်စည်များမှ တချို့ကို မိမိနိုင်ငံအတွက် လိုအပ်သော အခြားနိုင်ငံများက ထုတ်လုပ်သည့် ကုန်ပစ္စည်းများဖြင့် လဲလှယ်ရယူသည်။ မြေယာ၊ လုပ်သား၊ အရင်းအနှီးစသည့် သွင်းအားစုရရှိနိုင်မှု (Factor endowments) မတူညီခြင်း၊ နည်းပညာ၊ ကြိုက်နှစ်သက်မှုစသည်တို့ ကွဲပြားခြား နားခြင်းကြောင့် ကမ္ဘာ့နိုင်ငံများကြားတွင် နိုင်ငံတကာကုန်သွယ်မှု (International trade) ၏ အရေးပါမှုသည် ပိုမိုကြီးမားလာနေသည်။ နိုင်ငံခြား ကုန်သွယ်ရေးသို့မဟုတ် နိုင်ငံတကာကုန်သွယ်ရေး၏ အရေးပါပုံများကို အောက်ပါအတိုင်း တွေ့မြင်နိုင်ပါသည်။

**စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါခြင်း**

နိုင်ငံခြားကုန်သွယ်ရေးသည် နိုင်ငံ တစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွက် အလွန်အရေးကြီးပါသည်။ စီးပွားရေးဖွံ့ဖြိုးမှုနိမ့်ကျသော နိုင်ငံအများစုသည် လယ်ယာစိုက်ပျိုးရေး ထုတ်ကုန်များကိုသာ အများအပြား တင်ပို့နေရပြီး ရင်းနှီးကုန်စည်များ (Capital goods) ကို ဝယ်ယူတင်သွင်း နေကြရသည်။

**နိုင်ငံခြားဝင်ငွေရရှိခြင်း**

ပြည်ပကုန်သွယ်ရေးသည် ဆင်းရဲ နွမ်းပါးမှုလျော့ကျရေးအတွက် အသုံးပြု ရန် လိုအပ်သော နိုင်ငံခြားငွေ (Foreign exchange) ကို ဖြည့်ဆည်းပေးပါ သည်။ ထို့ပြင် အခြားသော ကုန်ထုတ် စွမ်းအားတိုးတက်ရေးကိစ္စရပ်များအတွက် လိုအပ်သည့် နိုင်ငံခြားငွေကို ဖြည့်ဆည်းပေးပါသည်။

**ဈေးကွက်ကျယ်ပြန့်စေခြင်း**

နိုင်ငံတစ်နိုင်ငံ၏ ကုန်ထုတ်လုပ်မှု တိုးတက်ရေးအတွက် ပြည်ပနိုင်ငံများ၏ ဝယ်လိုအား တိုးတက်ရန် အရေးကြီးပါသည်။ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးသည် ဈေးကွက်ပိုမိုရရှိစေပြီး မိမိနိုင်ငံရှိ ထုတ်လုပ်သူများကိုလည်း ပိုမိုထုတ်လုပ်ရန် အားပေးသည်။ ဆင်းရဲသော နိုင်ငံများ၏ ပြည်တွင်းဈေးကွက် သည် အလွန်သေးငယ်ကျဉ်းမြောင်း သောကြောင့် ပြည်တွင်းဈေးကွက် ဝယ်လိုအားမှာ အကန့်အသတ်ရှိပါ သည်။ ထို့ကြောင့် အဆိုပါနိုင်ငံများ သည် မိမိတို့၏ထုတ်ကုန်များကို ပြည်ပ ဈေးကွက်များသို့ ပိုမိုတင်ပို့ရောင်းချရန် လိုအပ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုတိုးတက်ခြင်း**

နိုင်ငံတကာကုန်သွယ်ရေးသည် ပြည်တွင်းရင်းနှီးမြှုပ်နှံသူများအား ကုန်စည်ပိုမိုထုတ်လုပ်ပြီး ပိုမိုရင်းနှီးမြှုပ်နှံ ရန်အားပေးပါသည်။ ထို့ကြောင့် ရင်းနှီး မြှုပ်နှံမှုနှုန်း (Rate of investment) ကိုတိုးတက်စေသည်။ ပြည်တွင်းရင်းနှီး မြှုပ်နှံမှုသာမက ပြည်ပရင်းနှီးမြှုပ်နှံမှု (Foreign investment) ကိုလည်း တိုး တက်စေသည်။ နိုင်ငံခြားကုန်သွယ်ရေးသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ အား ရင်းနှီးမြှုပ်နှံမှု အလွန်နိမ့်ကျလျက်ရှိသော နိုင်ငံများတွင် ရင်းနှီး မြှုပ်နှံရန်အတွက် မက်လုံးများဖြည့်ဆည်းပေးသည်။

**အလုပ်လက်မဲ့ကျဆင်းခြင်းနှင့်ဈေးနှုန်း တည်ငြိမ်ခြင်း**

နိုင်ငံခြားကုန်သွယ်ရေးက ပြည်တွင်းထုတ်ကုန်ပစ္စည်းများ၏ ဝယ်လိုအားကို တိုးတက်စေပါသည်။ ထို့ကြောင့် ပြည်တွင်းရှိ သွင်းအားစုများကို အပြည့်အဝ အသုံးချနိုင်ပြီး အလုပ်အကိုင်များ ပိုမိုရရှိစေကာ အလုပ်လက်မဲ့နှုန်းကို ကျဆင်းစေသည်။

ထို့ပြင် ပြည်ပကုန်သွယ်ရေးက ကုန်ဈေးနှုန်းများကိုလည်း တည်ငြိမ်စေသည်။ အဘယ်ကြောင့်ဆိုသော် ပြည်တွင်း၌ ရှားပါးပြီး ဈေးနှုန်းမြင့်တက်လျက်ရှိသော ကုန်စည်များကို ပြည်ပမှ ဝယ်ယူတင်သွင်းပြီး ပြည်တွင်း၌ ပိုလျှံ လျက်ရှိသော ကုန်စည်များကို ပြည်ပသို့ တင်ပို့နိုင်သောကြောင့် ဖြစ်ပါသည်။ ထိုမျှသာမက ပြည်ပကုန်သွယ်ရေးက လက်ဝါးကြီးအုပ်လုပ်ငန်းများ (Monopolies) ကိုလည်း လျော့နည်းစေနိုင် သည်။ လက်ဝါးကြီးအုပ်လုပ်ငန်းများက ပြည်တွင်းကုန်ဈေးနှုန်းများကို ဆွဲတင်လျက်ရှိသည့် အခြေအနေမျိုးတွင် အစိုးရက သွင်းကုန်များ တင်သွင်းခွင့်ပြုခြင်းအားဖြင့် ဈေးနှုန်းတည်ငြိမ်အောင် ဆောင်ရွက်နိုင်သည်။

**စားနပ်ရိက္ခာပြတ်လပ်မှုကို ကုစားနိုင်ခြင်း**

အိန္ဒိယကဲ့သို့သော နိုင်ငံအချို့တွင် စားနပ်ရိက္ခာပြတ်လပ်မှုပြဿနာ (Food shortage problem) ကိုရင် ဆိုင်ရလေ့ရှိသည်။ အဆိုပါပြဿနာကို ကုစားရန်အတွက် စားနပ်ရိက္ခာများကို ပြည်ပမှ ဝယ်ယူတင်သွင်းနိုင်သည်။ ထို့ပြင် မိမိနိုင်ငံတွင် မထုတ်လုပ်သော စားသုံးကုန်စည်အမျိုးမျိုး (Various consumer goods) ကိုလည်း ပြည်ပ မှ ဝယ်ယူတင်သွင်းပြီး ပြည်တွင်းကုန်စည်ပြတ်လပ်မှု အခက်အခဲကို ဖြေရှင်း နိုင်သည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်း သည် ဆင်းရဲသောနိုင်ငံများ၏ အဓိက အသက်သွေးကြောဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးသည် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် နှစ်စဉ်တင်ပို့နေရသော ဆန်၊ ပဲ၊ ပြောင်း၊ ရော်ဘာ၊ သစ်သီးဝလံတို့မှရရှိသော ဝင်ငွေက တောင်သူလယ်သမားများ၏ ဘဝကိုကောင်းကျိုး ပြုနေသောကြောင့် ဖြစ်ပါသည်။

**ပြည်တွင်းထုတ်ကုန်အရည်အသွေး နှင့် ပြိုင်ဆိုင်မှုတိုးတက်ခြင်း**

နိုင်ငံခြားကုန်သွယ်ရေးသည် ပြည်တွင်းထုတ်ကုန်များအား ပြည်ပ နိုင်ငံများ၏ ထုတ်ကုန်များနှင့် ပြိုင်ဆိုင် ရစေသည်။ ထိုကဲ့သို့ ပြိုင်ဆိုင်ရာမှတစ်ဆင့် ပြည်တွင်းထုတ်ကုန်များ၏ အရည်အသွေးကို တိုးတက်စေသည်။ ပြည်တွင်းလုပ်ငန်းရှင်များသည်လည်း နိုင်ငံခြားလုပ်ငန်းရှင်များနှင့် ပြိုင်ဆိုင်ရ သောကြောင့် ယင်းတို့၏ စွမ်းဆောင်ရည်တိုးပြီး ကုန်ထုတ်လုပ်မှုစရိတ်ကို ဆက်လက်ကျဆင်းစေသည်။

**ငြိမ်းချမ်းရေးနှင့် အပြန်အလှန်နားလည်မှု**

နိုင်ငံတကာကုန်သွယ်ရေးတွင် ပါဝင်သော နိုင်ငံသည်အခြားနိုင်ငံများ နှင့် ကူးလူးဆက်ဆံရသောကြောင့် အပြန်အလှန်နားလည်မှု၊ ငြိမ်းချမ်းရေး နှင့်ကြွယ်ဝမှုတို့ကို ဖြစ်စေသည်။ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေး ပြဿနာများကို တွေ့ဆုံ၊ ဆွေးနွေးခြင်း၊ သဘောထားအယူအဆနှင့် အမြင်များကို ဖလှယ်နိုင်ခြင်းကြောင့် ဖြစ်ပါသည်။ ထိုမျှသာမက ချမ်းသာသော နိုင်ငံများ ၏အသိပညာဗဟုသုတ၊ အတွေ့ အကြုံနှင့် လုပ်နည်းလုပ်ဟန်များကို ဆင်းရဲသောနိုင်ငံများက ရယူနိုင်သည့် အကျိုးကျေးဇူးကိုလည်း ဖြစ်ထွန်းစေ သည်။

**ထုတ်လုပ်မှုစွမ်းအားတိုးတက်ခြင်း**

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု ကြောင့် လုပ်သား၊ အရင်းအနှီးနှင့် အဖွဲ့အစည်းများ၏ ထုတ်လုပ်မှု စွမ်းအားကို တိုးတက်စေပါသည်။ ထို့ပြင် နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ စီးပွားရေးအရ အပြန်အလှန် မှီခိုအား ထားမှုဖြစ်စေပြီး ကုန်ပစ္စည်းအမျိုးအမယ် ပိုမိုစုံလင်စွာ သုံးစွဲရရှိစေသည်။ တိုးတက်လာသော ကုန်ထုတ်စွမ်းအားကြောင့် ပြည်ပဝယ်လိုအားကို ပိုမိုဖြည့်ဆည်းရောင်းချနိုင်ပြီး စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှု (Gross Domestic Product) ကို ဆက်လက်တိုးတက်စေသည်။

**သိန်းမြင့်ဝေ**

## ထိုင်းနိုင်ငံရဲ့ပို့ကုန်ကျဆင်း

ထိုင်းနိုင်ငံရဲ့ ပို့ကုန်ဟာ ဇန်နဝါရီလမှာ မျှော်မှန်းထားသည်ထက် ပိုမိုကျဆင်းလျက်ရှိနေပြီး ၅ လအတွင်းမှာ အနိမ့်ဆုံးပမာဏထိ ရောက်ရှိခဲ့ပါတယ်။

စစ်တပ်က အာဏာသိမ်းခဲ့ပြီးနောက် အရှေ့တောင် အာရှရဲ့ ဒုတိယစီးပွားရေး အကောင်းဆုံးအဆင့်ကိုလည်း စွန့်လွှတ်လိုက်ရပြီဖြစ်ပါတယ်။ အစိုးရအနေနဲ့ အခြေခံအဆောက် အအုံစီမံကိန်းများမှာ ပိုမိုသုံးစွဲနေချိန်မှာ ပို့ကုန်ဆောင်ရွက်နိုင်မှုလျော့နည်းလာတဲ့အပြင် ပြည်တွင်းသုံးစွဲမှုဟာလည်း ကျဆင်းလာလျက်ရှိပါတယ်။

ပြည်ပပို့ကုန်ပမာဏဟာ ပြည်တွင်းထုတ်လုပ်မှုစုစု ပေါင်းရဲ့ ၆၀ ရာခိုင်နှုန်းကျော်ရှိပြီး ပြီးခဲ့တဲ့နှစ် ဇန်နဝါရီလထက် ၃ ဒသမ ၄၆ ရာခိုင်နှုန်းကျဆင်းခဲ့တယ်လို့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၅ ရက်နေ့က ထုတ်ပြန်လိုက်ပါတယ်။ ဒါဟာဆိုလျှင် အဆိုးရွားဆုံး ကျဆင်းမှုဖြစ်ပြီး ဩဂုတ်လနောက်ပိုင်းမှာ အကြီးမားဆုံး ကျဆင်းမှုဖြစ်ပါတယ်။ ဒီဇင်ဘာလ ကုန်သွယ်မှုပမာဏကိုကြည့်လျှင် ပို့ကုန် ၁ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့သော်လည်း သွင်းကုန်က ၈ ဒသမ ၇ ရာခိုင်နှုန်း လျော့နည်းကျဆင်းခဲ့ပါတယ်။

ဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်အရ တရုတ်နိုင်ငံသို့ တင်ပို့မှုဟာ ၂၀ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံသို့ တင်ပို့မှုက ၇ ဒသမ ၅ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ပြီး ယခုကဲ့သို့ ကျဆင်းရခြင်းမှာ လယ်ယာထွက်ကုန်ဈေးများ ကျဆင်းခြင်းကြောင့်ဖြစ်ကြောင်း ဝေဖန်ထောက်ပြကြပါတယ်။ အထူးသဖြင့် ရော်ဘာဈေးဟာ ၄၁ ရာခိုင်နှုန်းထိ ကျဆင်းခဲ့တဲ့အတွက်လို့ သိရပါ တယ်။

၂၀၁၃ ခုနှစ် နိုင်ငံရေးပြဿနာများကြောင့် ခရီးသွားလုပ်ငန်း၊ ပြည်တွင်းသုံးစွဲမှုများကို ထိခိုက်စေလျက်ရှိပါတယ်။ ၂၀၁၃၊ ၂၀၁၄ နှစ်များမှာ ပို့ကုန်သိသိသာသာ ကျဆင်းခဲ့ပြီး စီးပွားရေးပြန်လည်နာလန်ထူရန် အဟန့်အတား ဖြစ်စေခဲ့ပါတယ်။

**တိမ်ကင်းစင်**

## ခတ်ဆီ/ဒီဇယ်

### ခတ်ဆီ၊ ဒီဇယ်တန်ချိန် ခုနစ်ရာ့ကိုးဆယ်ကျော်ဝင်

ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၁ ရက်သီတင်းပတ်အတွင်း ကန် ဒေါ်လာ ၅၀၅၁၅၀၅ ဒသမ ၆ တန်ဖိုးရှိ ဓါတ်ဆီ ၆၂ ဒသမ ၀၄၈ တန်နဲ့ ကန်ဒေါ်လာ ၆၁၄၇၆၆၃ ဒသမ ၅၀ တန်ဖိုးရှိဒီဇယ် ၈၉ ဒသမ ၂၈၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းဖို့ သွင်းကုန်လိုင်စင်လျှောက်ထားခဲ့တယ် လို့သိရပါတယ်။ ယခင်သီတင်းပတ်အတွင်း ခတ်ဆီအဝင် ၂၀၆ ဒသမ ၆၁၉ တန် အဝင်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၁၄၄ ဒသမ ၅၉၁ တန်အဝင်လျော့ခဲ့ပါတယ်။ ဒီဇယ်က ယခင်တစ်ပတ်မှာ ၈၅၁ ဒသမ ၁၅၄ တန်ဝင်လာခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၇၆၁ ဒသမ ၈၆၆ တန် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဓါတ်ဆီရော ဒီဇယ်ပါအဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ဖေဖော်ဝါရီ ၂၃ ရက်နေ့မှ ၂၇ ရက်အတွင်း ရောင်းချနေတဲ့ ခတ်ဆီ၊ ဒီဇယ်ဈေးများက ဒီတစ်ပတ် တောင်ကြီးနဲ့ မော်လမြိုင်မှာ ဈေးငြိမ်ပြီး ရန်ကုန်မှာဈေးအနည်းငယ်မြင့်လာတယ် လို့ သိရပါတယ်။ ဒီတစ်ပတ်ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ခတ်ဆီပီပါဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဒီဇယ်ဈေးအနည်းငယ်မြင့်လာပေမယ့် ခတ်ဆီဈေး အနည်းငယ်ကျပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာရောင်းချနေတဲ့ ခတ်ဆီ၊ အောက်တိန်း၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးငြိမ်နေပြီး အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ခတ်ဆီတစ်လီတာ ၈၁၄ ကျပ်၊ ဒီဇယ် ၆၅၀ ကျပ်၊ အောက်တိန်း ၅၈၀ ကျပ်နဲ့ အဆင့်မြင့်ဒီဇယ် ၇၀၀ ကျပ်နဲ့ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ခတ်ဆီဈေးမှာ ဖေဖော်ဝါရီ ၂၃ ရက် ခတ်ဆီ ဝယ်ဈေး တစ်ပီပါ ၁၆၃၀၀၀ ကျပ်၊ရောင်းဈေး တစ်ပီပါ ၁၆၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ၂၅ ရက်မှာ ဝယ်ဈေး ၁၆၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၆၂၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီဇယ်ဈေးမှာ ဖေဖော်ဝါရီ ၂၃ ရက်မှာ ဝယ်ဈေး၁၂၄၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၆၀၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်ခဲ့ပြီး ၂၆ ရက်မှာ ဝယ်ဈေး ၁၂၁၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ တစ်ဂါလန် ဝယ်ဈေး၊ ရောင်းဈေးများမှာတော့ ဒီတစ်ပတ်မှာ ခတ်ဆီဈေးက ဝယ်ဈေး တစ်ဂါလန် ၂၈၀၀ ကျပ်ဖြစ်ပြီး ရောင်းဈေး ၃၀၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၅၀၀ ကျပ်ဝယ်ပြီး ၂၆၀၀-၂၈၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ခတ်ဆီ၊ ဒီဇယ်အရောင်းအဝယ်သမားတစ်ဦးထံမှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဈေးရော အပြင်လက်လီဆိုင်များမှာ ရောင်းချနေတဲ့ဈေးပါ ဒီတစ်ပတ်ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ခတ်ဆီ တစ်လီတာ ၈၄၇ကျပ်၊ အောက်တိန်း ၆၆၀ ကျပ်၊ ဒီဇယ် ၆၈၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၉၀ ကျပ်နဲ့ရောင်းချနေပါတယ်။ ပြင်ပလက်လီ ဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဖေဖော်ဝါရီ ၂၃ ရက်နေ့ဒီဇယ် ဝယ်ဈေးမှာ ၁၂၈၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၁၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ၂၅ ရက်မှာ ဝယ်ဈေး ၁၂၇၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၀၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ခတ်ဆီဈေးမှာ ဖေဖော်ဝါရီ ၂၃ ရက်နေ့မှာ ဝယ်ဈေး ၁၄၇၀၀၀ ကျပ်၊ရောင်းဈေး ၁၅၀၀၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်ခဲ့ရာမှ ၂၅ ရက်မှာ ဝယ်ဈေး ၁၄၂၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၅၀၀၀ ကျပ်၊ ၂၆ ရက်နေ့မှာ ၂၀၀၀ ကျပ် ဈေးထပ်ကျပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ ခတ်ဆီရော ဒီဇယ်ပါဈေး အနည်းငယ်ပြန်ကျလာတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ တစ်ဂါလန်ဈေးမှာ ဒီဇယ် ၃၄၀၀ ကျပ်၊ ခတ်ဆီ ၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ် လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ ခတ်ဆီနဲ့ ဒီဇယ်မှာ ဈေးငြိမ်ပြီး အောက်တိန်းမှာ ဈေးအနည်းငယ်ပြန်မြင့်ပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ဓါတ်ဆီတစ်ဂါလန် ၃၇၈၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၁၅၀ ကျပ်၊ အောက်တိန်း ၃၀၁၅ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခတ်ဆီတစ်ဂါလန် ၃၇၈၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၁၅၀ ကျပ်၊အောက်တိန်း ၃၀၁၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓါတ်ဆီနဲ့ ဒီဇယ်ဈေးမှာ ဈေးအနည်းငယ်ပြန်မြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက စက်သုံး ဆီဆိုင်ရဲ့ဈေးမှာ ခတ်ဆီတစ်ဂါလန် ၂၉၀၀ ကျပ်၊ ဒီဇယ် ၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခတ်ဆီ ၃၀၀၀ ကျပ်၊ ဒီဇယ် ၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## ပြင်ပပေါက်ဈေးနှင့် ငွေလဲစင်တာများ၏ ပေါက်ဈေးများ ကွာဟချက်အနည်းငယ်များလာ

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက မြင့်တက်ခဲ့သည့် မြန်မာ့ငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင်လည်း ဆက်လက်မြင့်တက်လာခဲ့ပြီး ပြင်ပငွေလဲဈေးကွက်အတွင်းမှ ငွေလဲနှုန်းများနှင့်ပုဂ္ဂလိကဘဏ်များ၏ ငွေလဲစင်တာများ၏ ငွေလဲနှုန်းများ ကွာဟချက်အနည်းငယ်များလာကြောင်း ငွေလဲဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

"ဒီတစ်ပတ်မှာလည်း ငွေဈေးက ထပ်ပြီးမြင့်တက်လာတယ်။ မြန်မာ့ရွှေဈေးက ကျရိပ်သန်းလာတဲ့အတွက် အဲဒီဘက်ကလူတွေ ဒီဘက်ကို လှည့်လာတယ်လို့ထင်တယ်။ နောက်ပြီး အပြင်ဈေးနဲ့ ဘဏ်ငွေလဲစင်တာတွေရဲ့ ဈေးကွာဟချက်က များလာတယ်။ ဟိုအရင် ရက်သတ္တပတ်တွေတုန်းက ကွာဟချက်က တစ်ကျပ်နှစ်ကျပ်လောက်ပဲရှိပေမယ့် ခုရက်ထဲမှာ ငါးကျပ်ကနေ ခြောက်ကျပ်အထိ များလာတယ်။ ဒီလိုများလာတာဟာ ဈေးကစားဖို့အတွက် အချက်ပြလာတာပဲ။ ဘဏ်ရည်ညွှန်းငွေလဲနှုန်းက ၁၀၂၇ ကျပ်ရှိတယ်။ အခုအပြင်မှာရောင်းနေတဲ့ နှုန်းက ဘဏ်ရည်ညွှန်းငွေလဲနှုန်းနဲ့ယှဉ်ရင် ကွာဟချက်က တော်တော်လေးကို များနေတယ်"ဟု ပြင်ပဈေးကွက်အတွင်း ရောင်းဝယ်နေသူတစ်ဦးကဆိုသည်။

သိမ်ဖြူငွေလဲစင်တာတွင် ဖေဖော်ဝါရီ ၂၃ ရက်က ဝယ်ဈေး ၁၀၂၉ ကျပ်၊ ရောင်းဈေး ၁၀၃၄ကျပ်ရှိခဲ့ပြီး ဖေဖော်ဝါရီ ၂၆၊ ၂၇ရက်တို့တွင် ဝယ်ဈေး ၁၀၃၁ ကျပ်၊ ရောင်းဈေး ၁၀၃၅ ကျပ်ရှိခဲ့သည်။

ပြင်ပငွေဈေးကွက်တွင် ဖေဖော်ဝါရီ ၂၃ ရက်က ဝယ်ဈေး ၁၀၃၃ ကျပ်၊ ရောင်းဈေး ၁၀၃၇ ကျပ်ရှိခဲ့ပြီး ဖေဖော်ဝါရီ ၂၆၊ ၂၇ရက်တို့တွင် ဝယ်ဈေး ၁၀၃၉ ကျပ်၊ ရောင်းဈေး ၁၀၄၁ ကျပ်သို့ ဆက်လက်မြင့်တက်ခဲ့ကြောင်း သိရသည်။

**မယ်သီတာ**

## တရုတ်နှစ်သစ်ကူးပွဲတော်ရက် အလွန်တွင် မြန်မာ့ရွှေဈေး အနည်းငယ်ပြန်လည်မြင့်တက်လာ

တရုတ်နှစ်သစ်ကူး ပွဲတော်ရက် အလွန်ကာလတွင် မြန်မာ့ရွှေဈေးသည် ပြန် လည်မြင့်တက်လာခဲ့ကြောင်း သိရသည်။ တရုတ်နှစ်သစ်ကူးကာလတွင် မြန်မာ့ရွှေဈေးသည် ကမ္ဘာ့ရွှေဈေး ကျဆင်းလာမှုနှင့်အတူ လိုက်ပါကျဆင်းခဲ့သည်။ သို့သော်တရုတ်နှစ်သစ်ကူးပွဲတော် ရက်အလွန်ကာလများတွင်မူ မြန်မာ့ရွှေဈေး ပြန်လည်မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

"ရွှေဈေးက ခုရက်ပိုင်းမှာ ပြန်တက်လာတယ်။ ပြီးခဲ့တဲ့ရက်တွေတုန်းက တရုတ်နှစ်သစ်ကူးပွဲတော် ပိတ်ရက်ကာလတွေဖြစ်နေတော့ ဈေးကွက်ထဲမှာ အရောင်းအဝယ်မဖြစ်ဘူး။ ဈေးကလည်း ကျလာတော့ ကုန်သည်တွေလည်း ငြိမ်နေကြတယ်။ လက်လီသမားတွေနဲ့အထည်ဝယ်တဲ့သူတွေလောက်ပဲရှိတာ။ ဒါပေမယ့် နှစ်ကူးပြီးသွားတဲ့အခါကျတော့ ဈေးက တဖြည်းဖြည်းနဲ့ပြန်တက်လာတယ်။ ဒီတစ်ပတ်ထဲမှာကို ခုနစ်ထောင်နီးပါးလောက် တက်လာတယ်။ ဆက်တက်မယ်မတက်ဘူးဆိုတာကတော့ ကမ္ဘာ့ရွှေဈေးကိုစောင့်ကြည့်နိုင်ရင် ပိုပြီးသိသာပါလိမ့်မယ်" ဟု ရွှေကုန်သည်တစ်ဦးက သုံးသပ်ပြောကြားခဲ့သည်။

ပြီးခဲ့သည့်နှစ်ကာလတူက မြန်မာ့ရွှေဈေးသည် တရုတ်နှစ်သစ်ကူးကာလအလွန်တွင် ကျဆင်းခဲ့ရာမှ ဆက်တိုက်ကျဆင်းလာခဲ့ပြီး အတက်ဈေးကို မျှော်မှန်းထားသည့် ကုန်သည်အများစုမှာ အရှုံးနှင့် ကြုံတွေ့ခဲ့ရသည်။ ထိုအချိန်က မြန်မာ့ရွှေဈေးသည် နှစ်ကုန်ပိုင်းအထိ ဆက်တိုက်ကျဆင်းလာခဲ့သည်။ မြန်မာ့ရွှေဈေးသည် ဖေဖော်ဝါရီ ၂၃ ရက်က ကျပ် ၆၇၂၅၀၀ ရှိခဲ့ရာမှ ဖေဖော်ဝါရီ ၂၅ရက်တွင် ကျပ် ၆၇၈၅၀၀သို့မြင့်တက်ခဲ့သည်။ထို့နောက် ဖေဖော်ဝါရီ ၂၇ရက်တွင်ကျပ် ၆၇၉၀၀၀ သို့ ဆက်လက်မြင့် တက်ခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် ဖေဖော်ဝါရီလ ၂၃ရက်နေ့က ၁၁၉၉ ဒေါ်လာရှိခဲ့ရာမှ ဖေဖော်ဝါရီလ ၂၅ရက်နေ့တွင် ၁၂၀၉ ဒေါ်လာသို့ မြင့်တက်ခဲ့ပြီး ဖေဖော်ဝါရီ၂၇ရက်တွင် ၁၂၁၀ ဒေါ်လာသို့ ဆက်လက်မြင့်တက်ခဲ့သည်။

**မယ်သီတာ**

### Currency Exchange Rate

February 27, 2015
Base Currency is
United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.28 |
| BDT Bangladesh Taka | 77.80 |
| CAD Canada Dollars | 1.25 |
| CNY China Yuan Renminbi | 6.27 |
| EUR Euro | 0.89 |
| HKD Hong Kong Dollars | 7.76 |
| INR India Rupees | 61.77 |
| IDR Indonesia Rupiahs | 12960.50 |
| JPY Japan Yen | 119.22 |
| MYR Malaysia | 3.61 |
| PKR Pakistan Rupees | 101.75 |
| PHP Philippines Pesos | 44.09 |
| RUB Russia Rubles | 61.14 |
| SGD Singapore Dollars | 1.36 |
| KRW South Korea Won | 1099.53 |
| LKR Sri Lanka Rupe | 132.98 |
| THB Thailand Baht | 32.38 |
| GBP United Kingdom Pounds | 0.65 |
| VND Vietnam Dong | 21335.00 |

*Source : xe.com*

### World Gold Price

February, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 23 | 1200 | 1201 | 1202 |
| 24 | 1198 | 1198 | 1201 |
| 25 | 1208 | 1209 | 1209 |
| 26 | 1207 | 1209 | 1208 |
| 27 | 1207 | 1207 | 1208 |

### Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 23-2- 2015 | 674.00 | 673.40 |
| 24-2- 2015 | 673.00 | 672.20 |
| 25-2- 2015 | 677.00 | 677.80 |
| 26-2- 2015 | 678.50 | 680.10 |
| 27-2- 2015 | 679.50 | 678.50 |

### နယ်စပ်ငွေလဲလှယ်နှုန်း

ဖေဖော်ဝါရီလ ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 23 | 6 .26 | 32.57 | 77.80 | 62.19 |
| 24 | 6. 26 | 32.57 | 77.71 | 62.27 |
| 25 | 6 .25 | 32.56 | 77.92 | 62.07 |
| 26 | 6 .26 | 32.39 | 77.64 | 61.98 |
| 27 | 6.27 | 32.38 | 77.80 | 61.77 |

### Energy NYMEX 27-2-2015

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 49.12 | 0.95 | 1.97 |
| Brent Crude Futr (USD/bbl) | 60.88 | 0.83 | 1.38 |
| Gasoline Rbob Fut (Cent/gal) | 172.60 | 1.84 | 1.08 |
| Natural Gas Futr (USD/MMBtu) | 2.70 | 0.00 | 1.08 |
| Heating Oil Futr (Cent/gal) | 216.60 | 1.84 | 1.08 |

### World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 23-February | 16.28 | 2089.47 | 1786.85 | 5811.23 | 1164.00 |
| 24-February | 16.34 | 2068.86 | 1771.17 | 5739.33 | 1163.00 |
| 25-February | 16.64 | 2102.69 | 1794.02 | 5845.06 | 1174.00 |
| 26-February | 16.63 | 2085.44 | 1780.35 | 5912.70 | 1175.00 |
| 27-February | 16.54 | 2086.34 | 1781.25 | 5979.01 | 1172.00 |

Source:kitco.com

# ဘိလပ်မြေ

## ဘိလပ်မြေတန်ချိန် ကိုးသောင်းသုံးထောင်ကျော်တင်သွင်း

သီတင်းတစ်ပတ်ဖြစ်တဲ့ ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၁ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၇၆၉၆၅၄၀ တန်ဖိုးရှိ ဘိလပ်မြေ ၉၃၇၆၇ ဒသမ ၀၄ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၁၁၄၄၀ ဒသမ ၂၂ တန်၊ အိန္ဒိယနိုင်ငံမှ ၁၆၅၂ တန်နဲ့ ထိုင်းနိုင်ငံမှ ၈၀၆၇၄ ဒသမ ၈၂ တန်ကို တင်သွင်းခဲ့ပြီး ထိုင်းနိုင်ငံမှ အများဆုံးတင်သွင်းလာ ခဲ့တယ်လို့ သိရပါတယ်။ ဝင်လာခဲ့တဲ့ ဘိလပ်မြေများမှာ စိန်၊ ဆင်၊ မောင်းတိန်း၊ ZUARR စတဲ့ တံဆိပ်မျိုးစုံဝင်လာတယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ ယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ခြောက်သောင်းသုံးထောင်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

## အရောင်းအဝယ်ပုံမှန်ရှိနေတဲ့ ဘိလပ်မြေဈေးကွက်

ဒီတစ်ပတ်ဘိလပ်မြေဈေးကွက်အခြေအနေများမှာ-

ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၁ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ကိုးသောင်းသုံးထောင်ကျော် ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်ဘိလပ်မြေအဝင်မှာ တန်ချိန် သုံးသောင်း သုံးရာကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေတန်ချိန် ခြောက်သောင်း သုံးထောင်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် နှစ်သောင်းခုနစ်ထောင်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် သုံးသောင်းခုနှစ်ထောင်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ကိုးထောင့် ကိုးရာခုနစ်ဆယ်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ဒါကြောင့် ရေလမ်းမှအဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ်ဘိလပ်မြေဈေးကွက်အခြေအနေများမှာ-

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်မှာ အရောင်းသွက်တယ်လို့ သိရပါတယ်။ နယ်ဘက်မှလည်းအဆွဲရှိတာကြောင့် အရောင်းအဝယ်က ယခင်တစ်ပတ်လိုပဲ အရောင်းအဝယ်သွက်သလို ဈေးကလည်းနည်းနည်း မြင့်လာတယ်လို့ သိရပါတယ်။ ဈေးမြင့်တာကလည်းဝယ်ရင်း ဈေးတက်လို့ တက်ရတာဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးက ဆင်(ထိုင်း) ၅၇၀၀ ကျပ်၊ မြင်းခေါင်း ၄၂၀၀ကျပ်၊ ကြံ့ (မြိုင်ကလေး) ၄၇၅၀ ကျပ်၊ စိန် ၅၄၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

မ**ကွေးဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်မှာ အရောင်းအဝယ်ပုံမှန်ရှိတယ်လို့သိရပါတယ်။ ဒီတစ်ပတ်မှာ အပါချီ၊ ဆင်(ထိုင်း)နဲ့ မြင်းခေါင်းက ဈေးငြိမ်နေပေမဲ့ မြန်မာဆင်က တစ်ရာကျပ် ဈေးမြင့်လာပြီး ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အပါချီ ၅၃၀၀ ကျပ်၊ မက်စ်(မြန်မာ) ၅၃၀၀ ကျပ်၊ဆင်(ထိုင်း) ၆၆၅၀ ကျပ်၊မြင်းခေါင်း ၅၂၀၀ ကျပ်၊ဆင်(မြန်မာ) ၄၈၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်မှာ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ဆင်(ထိုင်း) က ဈေးနည်းနည်းကျလာပေမယ့် စိန်က ကျပ်ငါးဆယ်ဝန်းကျင်ဈေးမြင့်လာတယ်လို့ သိရပါတယ်။ ဈေးကွက် ထဲ ဆင်နဲ့ စိန်အဝင်များသလို မောင်းတိန်းနဲ့ ရန်ကိုဘိလပ်မြေများလည်း ဝင်လာ တယ်လို့သိရပါတယ်။ ဒီတစ်ပတ် ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ ဆင်(ထိုင်း) ၅၇၅၀ ကျပ်၊ စိန် ၅၆၀၀ ကျပ်၊ရန်ကို ၅၀၀၀ ကျပ်၊မောင်းတိန်း ၅၀၀၀ ကျပ်၊ကြံ့ ၄၉၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

# ဓာတ်မြေဩဇာ

## မြေဩဇာအဝင်ပို

ဖေဖော်ဝါရီ ၁၅ရက်မှ ၂၁ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၁၆၁၆၄၄ တန်ဖိုးရှိ မြေဩဇာ ၅၇၂၆ ဒသမ ၈၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ကနေဒါနိုင်ငံမှ ၄၀၀၈ ဒသမ ၈၀ တန်၊ တရုတ်နိုင်ငံမှ ၂၂၇ တန်၊ ဂျပန်နိုင်ငံမှ ၂ တန်၊ ရုရှားနိုင်ငံမှ ၅၀၄ တန်၊ စင်ကာပူနိုင်ငံမှ ၈၄ တန်၊ ထိုင်းနိုင်ငံမှ တန်ချိန် ၅၀၀ နဲ့ ဗီယက်နမ်နိုင်ငံမှ ၄၀၁ တန်တင်သွင်းခဲ့ပြီး ကနေဒါနိုင်ငံမှ အများဆုံးတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဝင်လာတဲ့ အမျိုးအစားများမှာ ကွန်ပေါင်း၊ Bulk Blend၊ အမိုးနီးယမ်းဆာလဖိတ်၊ အမိုးနီး ယမ်းကလိုရိုက်၊ ပိုတက်ဆီယမ်နဲ့ ယူရီးယားတို့တင်သွင်းလာတယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန်လေးထောင့်တစ်ရာကျော် အဝင်ပိုခဲ့ပါတယ်။

## အရောင်းအဝယ်ငြိမ်နေတဲ့ မြေဩဇာဈေးကွက်

ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၁ ရက်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေဩဇာတန်ချိန် ငါးထောင်ခုနစ်ရာကျော်အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် တစ်ထောင်ခြောက်ရာကျော် ရှိခဲ့တာကြောင့် ယခင်တစ်ပတ်အဝင်နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် လေးထောင့်တစ်ရာကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ်မြေဩဇာအဝင်မှာ တန်ချိန် တစ်သောင်းခြောက်ထောင်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် တစ်သောင်းနှစ်ထောင်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန်လေးထောင့်တစ်ရာကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်မြေဩဇာအရောင်းအေး တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဈေးကွက်ထဲ ပုလဲအသေး ၄၆% က ဈေး နည်းနည်းမြင့်လာပါတယ်။ ဈေးမြင့်ရတာကလည်း ဝယ်ရင်းဈေးမြင့်တာ ကြောင့်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးနှုန်းတွေမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး၊ရွှေပျား၊ရွှေတောင်-တရုတ်) ၁၉၅၀၀ ကျပ်၊ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ၃၄၀၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) (ထိုင်း) ၂၈၀၀၀ ကျပ်၊ ကွန်ပေါင်း (၁၆း၁၆း၈) (မြင်းပျံ-ထိုင်း) ၂၈၀၀၀ ကျပ်၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ၁၈၅၀၀ ကျပ်၊ တီစူပါ ၁၆%(မြားကမ္ဘာ- တရုတ်)၁၁၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ် လို့ စုံစမ်းရရှိခဲ့ပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေဩဇာကဒီတစ်ပတ်မှာ အရောင်းအဝယ် ပါးတယ်လို့သိရပါတယ်။ အရောင်းပါးသလိုမြေဆီဈေးလည်း အနည်းငယ် ကျလာတယ်လို့သိရပါတယ်။ ဒီတစ်ပတ်ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်တဲ့ ဈေးမှာ ယူရီးယား (ပန်းဖူး-တရုတ်)၁၉၀၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်-တရုတ်)၁၈၃၀၀ ကျပ်၊ ယူရီးယား(ကမ္ဘာလုံး-တရုတ်) ၁၈၃၀၀ ကျပ်၊ တီစူပါ ၁၂%(တရုတ်) ၉၇၀၀ ကျပ်၊ တီစူပါ ၁၆%(တရုတ်) ၁၀၇၀၀ ကျပ်၊ တီစူပါ (၁၅း၁၅း၁၅-တရုတ်) ၃၅၀၀၀ ကျပ်၊ ဓာတ်ဆား(တရုတ်) ၁၂၅၀၀ ကျပ်၊ ပိုတက် (တရုတ်) ၂၃၅၀၀ ကျပ်၊(ယူအေအီး) ၁၉၀၀၀ ကျပ်၊မြားကမ္ဘာ ၁၃၈၀၀ ကျပ်ဈေးရှိတယ်လို့ မြေဩဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** မြေဩဇာကဒီတစ်ပတ်မှာ အရောင်းအဝယ်ပုံမှန်ရှိတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ ယူရီးယားနဲ့ ကွန်ပေါင်းမြေဩဇာများက ဈေးငြိမ်ပြီး တီစူပါနဲ့ ပိုတက်က ဈေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ၂၀၅၀၀ ကျပ်၊ ယူရီးယား (နေ ရွှက်လှေ-တရုတ်) ၂၀၅၀၀ ကျပ်၊ တီစူပါ (သံကွင်း-တရုတ်) ၁၉၈၀၀ ကျပ်၊ ပိုတက် (အိန္ဒိယ)၂၃၅၀၀ ကျပ်၊ ကွန်ပေါင်း (နေရွှက်လှေ-ယိုးဒယား) ၁၅း၁၅း၁၅ ၂၉၀၀၀ ကျပ် ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** ဒီတစ်ပတ်မြေဩဇာက အရောင်းအဝယ် အေးသလို ဈေးလည်း ကျလာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် ၁၂း၁၃ (အပြာ၊အစိမ်း) ၁၃၀၀၀ ကျပ်၊ ဆင် (၁၀း၁၀း၅) ၁၃၀၀၀ ကျပ်၊ အာမို(၁၀း၁၀း၅) ၁၄၃၀၀ ကျပ်၊ အာမို(၁၅း၁၅း၁၅) ၃၄၂၀၀ ကျပ်၊ အာမို(၁၆း၁၆း၈) ၃၁၂၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၁၈၃၀၀ ကျပ်၊ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၁၈၀၀၀ ကျပ်၊ အောင်ကမ္ဘာ (၁၀း၁၀း၅) ၁၅၈၀၀ ကျပ်၊ ပိုတက် ၂၂၆၀၀ ကျပ်၊ တောင်သူမ ၁၂၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

# နို့ဆီနို့စိမ်း

## မာရီဂိုးနဲ့ OK နို့ဆီများဝင်

ဖေဖော် ဝါရီ ၁၅ ရက်မှ ၂၁ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၅၁၃၀၃၃ တန်ဖိုး ရှိ နို့ဆီ ၃၇၂ ဒသမ ၆၀ တန်ကို ရေ ကြောင်းလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ OK နို့ဆီ ၂၄၈ ဒသမ ၄၀ တန်နဲ့ မာရီဂိုးနို့ဆီ ၁၂၄ ဒသမ ၂၀ တန် ဝင်လာခဲ့ပါတယ်။ ယခင်သီတင်းပတ် အဝင်နဲ့ယှဉ်ရင် တန်ချိန် ကိုးဆယ်ကျော် အဝင်လျော့ခဲ့ပါတယ်။

ကန်ဒေါ်လာ ၃၀၀၂၂၅ တန်ဖိုးရှိ နို့မှုန့် ၈၀ ဒသမ ၂၁၆ တန်လည်း ဒီတစ်ပတ်မှာ ဝင်လာခဲ့ပါတယ်။ စင်ကာပူ၊ USA၊ ဗီယက်နမ်နိုင်ငံများမှ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင် သီတင်းပတ်အဝင်နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန်သုံးရာကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၁၄/၂ မှ ၂၀/၂ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၇/၂ မှ ၁၃/၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၇၅၀၀ | ၃၂၄၇၀၀ | (-) ၁၀၇၂၀၀ |
| ၂။ | လွယ်ဂျယ် | ၅၀၆၀၀ | ၈၁၄၀၀ | (-) ၃၀၈၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | - |
| ၄။ | ကန်ပိုက်တီး | ၃၃၇၆၅၀ | ၄၇၆၇၀၀ | (-) ၁၃၉၀၅၀ |
| ၅။ | တာချီလိတ် | ၂၅၀၀၀ | ၁၁၅၀၀၀၀ | (-) ၁၁၂၅၀၀၀ |
| ၆။ | မြဝတီ | ၃၉၆၇၅၀ | ၃၇၄၉၂၀ | (+) ၂၁၈၃၀ |
| ၇။ | ကော့သောင်း | ၁၇၇၂၄၉၀ | ၁၁၀၇၂၀၀ | (+) ၆၆၅၂၉၀ |
| ၈။ | မြိတ် | ၁၁၇၇၅၀ | ၂၀၀၀၀၀ | (-) ၈၂၂၅၀ |
| ၉။ | မောင်တော | - | - | - |
| | စုစုပေါင်း | ၂၇၁၇၇၄၀ | ၃၇၁၄၉၂၀ | (-) ၉၉၇၁၈၀ |

မြင့်မြင့်မာ MIRT (DCCA)

### နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၁၄/၂ မှ ၂၀/၂ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၇/၂ မှ ၁၃/၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၂၁၇၃၅၀၀ | ၁၁၄၁၆၃၂၅ | (+) ၇၅၇၁၇၅ |
| ၂။ | လွယ်ဂျယ် | - | - | - |
| ၃။ | ချင်းရွှေဟော် | - | - | - |
| ၄။ | တာချီလိတ် | - | - | - |
| ၅။ | မြဝတီ | ၉၆၆၁၅၀ | ၆၀၀၂၇၅ | (+) ၃၆၅၈၇၅ |
| ၆။ | ကော့သောင်း | ၂၈၆၀၀၀၀ | - | (+) ၂၈၆၀၀၀၀ |
| ၇။ | မြိတ် | ၁၅၀၀၀၀ | - | (+) ၁၅၀၀၀၀ |
| ၈။ | ရိုဒ် | - | - | - |
| | စုစုပေါင်း | ၁၆၁၄၉၆၅၀ | ၁၂၀၁၆၆၀၀ | (+) ၄၁၃၃၀၅၀ |

တင်တင်ထွန်း MIRT (DCCA)

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

## နှမ်း

# မူဆယ်မှ နှမ်းရောင်စုံတင်ပို့

ဖေဖော်ဝါရီလ တတိယပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၂၃၄ သန်းတန်ဖိုးရှိတဲ့ နှမ်းရောင်စုံ ၁၂၄ တန်ခွဲ တင်ပို့ခဲ့ပါတယ်။

ယခင်သီတင်းပတ်က မူဆယ်မှ ၁၇၇ တန်နဲ့ ချင်းရွှေဟော်မှ တန် ၅၀၀ တင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ်မှာတော့ ချင်းရွှေဟော်မှ နှမ်းတင်ပို့မှုမရှိဘဲ မူဆယ်စခန်းတစ်ခုတည်းမှသာ နှမ်းဖြူ တန် ၂၀၊ နှမ်းနက် ၄၉ တန်ကျော်၊ နှမ်းဖြူ (အခွံချွတ်) ၅၄ တန်ကျော်နဲ့ နှမ်းလှော် ၁ တန်တင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်ကဈေးအတိုင်း ပြောင်းလဲမှုမရှိဘဲ နှမ်းဖြူတစ်တန် ၂၀၇၈၁၉၂ ကျပ်နဲ့ နှမ်းနက် တစ်တန် ၂၁၆၁၁၁၁ ကျပ်ရှိပါတယ်။

မန္တလေး-မူဆယ် ကုန်စည်သယ်ယူခမှာ တရုတ်နှစ်ကူးကာလဖြစ်လို့ ယခင်သီတင်းပတ်က နှမ်းတစ်ပိဿာ ၆၆-၇၆ ကျပ်ရှိရာမှ ယခုတစ်ပတ်တွင် ၇၂-၇၅ ကျပ်သို့ ကုန်ပစ္စည်းသယ်ပို့ကားခဈေး အနည်းငယ် မြင့်တက်လာခဲ့တယ်လို့ သိရပါတယ်။ မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ်စခန်းမှလည်း ကန်ဒေါ်လာ ၁၂၂၅၃ တန်ဖိုးရှိတဲ့ နှမ်းနက် ၇ တန် ယခုသီတင်းပတ်မှာ တင်ပို့ခဲ့ပါတယ်။

**မော်မော်အောင် MIRT ( DCCA)**

# ပြည်ဈေးကွက်တွင် နှမ်းများ ဆက်တိုက်ဈေးကျလာ

ပြည်ဈေးကွက်တွင် ယခုတစ်ပတ်၌ နှမ်းဈေးများ ဆက်တိုက်ကျနေတာတွေ့ရပါတယ်။ နှမ်းများဈေးကွက်သို့ ဝင်ရောက်မှုမရှိဘဲ အဝယ်မှာလည်းမရှိတာကြောင့်လို့ ဈေးကွက်ကဆိုပါတယ်။ ၂၀၁၅ နှစ်စမှစပြီး ခုချိန်ထိ နှမ်းဈေးမှာအတက်မရှိဘဲ အကျဘက်သာ ဦးတည်နေပါတယ်။

ဆောင်းနှမ်းများဖြစ်တဲ့အတွက် ဝယ်လက်အကြိုက်နည်းပြီး အရည်အသွေးက မိုးနှမ်းလောက်မကောင်းလို့ ဈေးနှိမ်ပြီး ဝယ်ယူခြင်းတို့ကြောင့် နှမ်းဈေးကျနေတာဖြစ်ပါတယ်။ ယခုတစ်ပတ်တွင် နှမ်းဈေးအနေဖြင့် နှမ်းနီတစ်တင်းကို ၂၆၆၀၀ ကျပ်နဲ့ နှမ်းနက်တစ်တင်းကို ၃၅၀၀၀ ကျပ်ဈေးဖြင့်သာ ရှိနေသော်လည်း အရောင်းအဝယ်အနည်းငယ်သာ ဖြစ်လျက်ရှိပါတယ်။ နှမ်းဆီဈေးမှာလည်း တစ်ပိဿာ ၅၀၀၀ ကျပ်- ၅၂၀၀ ကျပ်အထိ ဈေးကျလာတာ တွေ့ရပါတယ်။

**ဝေဝေမင်း-ပြည်**

## စားအုန်းဆီ



# ရေနံစိမ်းဈေးနှုန်း နေ့အလိုက် မြင့်တက်မှုကြောင့် စားအုန်းဆီဈေး တစ်ရာခိုင်နှုန်း မြင့်တက်

ရေနံစိမ်းဈေးကွက်များတွင် ရေနံစိမ်းဈေးနှုန်းများ ဖေဖော်ဝါရီ ၂၆ ရက်တွင် မလေးရှားစားအုန်းဆီ ကြိုရောင်း၊ ကြိုဝယ်ဈေး မြင့်တက်လာတာကို တွေ့ရကြောင်း ရိုက်တာသတင်းမှာ တွေ့ ရပါတယ်။

ဒါပေမယ့် ကမ္ဘာ့ဟင်းရွက်ဆီဈေးကွက်အတွက် ကမ္ဘာ့ဝယ်လိုအား မရေရာမှုနဲ့ ရာသီဥတုဒဏ်ခံရတဲ့ စားအုန်းဆီရဲ့ အထွက်နှုန်းက ခန့်မှန်းထားတာထက် လျင်မြန်စွာ နာလန်ထူလာတာတွေကြောင့် ဈေးနှုန်းကွာဟချက်ကို ထိန်းထားနိုင်ခဲ့ပါတယ်။ ဆော်ဒီအာရေဗီးယား ရေနံဝန်ကြီးရဲ့ ဝေဖန်ပြောကြားမှုများကြောင့် ကမ္ဘာ့ရေနံစိမ်းဈေးကွက်ရဲ့ အခြေအနေတိုးတက်လာကာ ဘရင့်ရေနံစိမ်းရဲ့ ကြိုရောင်းကြိုဝယ်ဈေးက ဖေဖော်ဝါရီ ၂၅ ရက်မှာ ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ပါတယ်။

ရေနံစိမ်းဈေးနှုန်းတွေ မြင့်တက်မှုကြောင့် ဇီဝလောင်စာဆီအသုံးပြုမှု ပိုမိုလာနိုင်ဖွယ်ရှိပါ တယ်။ ဒါပေမယ့် ဖေဖော်ဝါရီလထဲမှာ ပြည်ပတင်ပို့မှု ကျ ဆင်းတဲ့အတွက်ကြောင့်လည်းကောင်း၊ မလေးရှား ဆီအုန်း စိုက်ပျိုးသူတို့က အထွက်နှုန်းကောင်းမည်ဟု ခန့်မှန်းချက် ကြောင့်လည်းကောင်း ရင်းနှီးမြှုပ်နှံသူတွေ တွေဝေချိန်ဆလာ ကြပါတယ်။

စားအုန်းဆီဈေးတွေက တစ်တန်ကို ရင်းဂစ် ၂၂၀၀ နဲ့ ၂၃၀၀ ကြားအတက်အကျရှိမယ်လို့ ကွာလာလမ်ပူရှိကုန်စည်ပွဲစားလုပ်ငန်းတစ်ခုက ပြောပါတယ်။ ဘာဆာမလေးရှား ကုန်စည်ဒိုင်မှာ စားအုန်းဆီဈေးက တစ်ရာခိုင်နှုန်းမြင့်တက်ပြီး တစ်တန်ကို ၂၂၇၀ ရင်းဂစ် (၆၃၁ ဒေါ်လာ) နှုန်းရှိခဲ့ပါတယ်။ ဈေးနှုန်း အလားအလာက တစ်တန်ကို ၂၂၅၆ ရင်းဂစ်နဲ့ ၂၂၇၃ ရင်းဂစ်ကြားရှိမယ်လို့ ခန့်မှန်းပါတယ်။

ကုန်သွယ်မှုပမာဏက ၂၅ တန်ရှိအတွဲ ၁၉၁၄၁ တွဲရှိခဲ့ရာ ပျမ်းမျှရောင်းချမှုဖြစ်တဲ့ ၁၂၅၀၀ တန်ရဲ့အထက်မှာ ရှိနေပါတယ်။

ပြိုင်ဘက် ဟင်းရွက်ဆီဈေးကွက်တွေကိုကြည့်ရင် ဒါလီယံကုန်စည်ဒိုင်က မေလအတွက် စာချုပ်ဈေးက ဒါလီယံဈေးကွက်မှာ ၁ ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်ပြီး အမေရိကန်ပဲပုပ်ဈေးကွက်မှာ မေလအတွက် ပဲပုပ်ဆီဈေးက အပြောင်းအလဲ မရှိသလောက်ဖြစ်ပါတယ်။

**ဉာဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၇-၂-၂၀၁၅) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၃၂၀၀ | ၃၄၀၀ | △ | ၄၀၀၀ | ၄၀၀၀ | □ | ၁၅၅၀ | ၁၅၅၀ | □ |
| ရန်ကုန် | ၄၀၀၀ | ၄၀၀၀ | □ | ၅၀၀၀ | ၄၈၀၀ | ▽ | ၁၃၃၅ | ၁၃၈၀ | △ |
| မန္တလေး | ၃၂၀၀ | ၃၄၀၀ | △ | ၄၅၀၀ | ၄၃၀၀ | ▽ | ၁၄၃၀ | ၁၄၁၀ | ▽ |
| ပဲခူး | ၂၆၀၀ | ၂၆၀၀ | □ | ၅၁၀၀ | ၅၁၀၀ | □ | ၁၄၀၀ | ၁၄၀၀ | □ |
| မကွေး | ၃၂၀၀ | ၃၂၀၀ | □ | ၄၂၀၀ | ၄၂၀၀ | □ | ၁၄၃၀ | ၁၄၃၀ | □ |
| မုံရွာ | ၃၅၀၀ | ၃၅၀၀ | □ | ၃၆၀၀ | ၃၆၀၀ | □ | ၁၄၈၀ | ၁၄၉၀ | △ |
| စစ်တွေ | ၃၄၀၀ | ၃၄၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt-dtp*

## စားအုန်းဆီဈေးနှုန်းများ (၂၃-၂-၂၀၁၅ မှ ၂၇-၂-၂၀၁၅ နေ့ထိ)

ရေတွက်ပုံ - ဒေါ်လာ

| စဉ် | နေ့စွဲ | CIF (ရန်ကုန်) |
|---|---|---|
| (၁) | ၂၃-၂-၂၀၁၅ | ၇၁၅ |
| (၂) | ၂၄-၂-၂၀၁၅ | ၇၀၀ |
| (၃) | ၂၅-၂-၂၀၁၅ | ၇၀၀ |
| (၄) | ၂၆-၂-၂၀၁၅ | ၇၁၀ |
| (၅) | ၂၇-၂-၂၀၁၅ | ၇၁၀ |

Source: ဆီကုန်သည်များအသင်း

## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၇-၂-၂၀၁၅ US$/Ton

| အမျိုးအစား | ဖေဖော်ဝါရီလ တတိယပတ် | ဖေဖော်ဝါရီလ စတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၅၅.၀၀ | ၆၃၆.၅၀ | ▽ |
| RBD P.Olein | ၆၅၅.၀၀ | ၆၅၀.၀၀ | ▽ |
| RBD P.Strarin | ၆၅၂.၅၀ | ၆၅၀.၀၀ | ▽ |

*Source: econ.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၇ - ၂ -၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx Earning)/ 612 | ၁၂၁၄.၆၆ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x Earning)/612 | ၃.၀၄ |
| Bill စရိတ် | (CIF x 0.50% x Earning )/612 | ၆.၀၇ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၆.၉၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၆၉.၂၄ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၄၀.၆၀ |
| ဆိပ်ကမ်းကပ်ခ | (3x Earning )/ 612 | ၅.၁၃ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၃၅၁.၄၅ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ (၂၇-၂-၂၀၁၅)နေ့(CIF ဈေး Cloud Point 8 ˚C Max ၇၁၀ ဒေါ်လာ၊ FOB ၆၈၅ ဒေါ်လာနှင့် Earning ဈေး ၁၀၄၇ကျပ်)ဖြင့်တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ (၂၇-၂-၂၀၁၅)နေ့ဝယ်ယူပြီးနောက် ၁၀ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ဒေါ်လာဈေး ၁၀၃၁ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင်အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။
၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများ အပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှု နှုန်းမူလခန့်မှန်းချက်အောက်ကျဆင်း

ထိုင်းနိုင်ငံ၏ စီးပွားရေး တိုးတက်မှုနှုန်းသည် ပြီးခဲ့သည့်နှစ် စတုတ္ထသုံးလပတ်က ခန့်မှန်းထားသည် ထက် ပိုမိုမြင့်တက်ခဲ့သော်လည်း အစိုးရ၏ စီမံကိန်း ဌာနမှ ခန့်မှန်းထားသည့် နှစ်စဉ် တိုးတက်မှုနှုန်း (၂၀၁၄ ခုနှစ် စီးပွားရေးတိုးတက်မှုနှုန်း) တစ်ရာခိုင် နှုန်း ကိုပြည့်မီခြင်းမရှိခဲ့ကြောင်း သိရှိရပါသည်။

၂၀၁၄ ခုနှစ်စတုတ္ထသုံးလပတ် စီးပွားရေး တိုးတက်မှုနှုန်းသည် ၂၀၁၃ ခုနှစ်အလားတူကာလက ထက် ၂ ဒသမ၃ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း အမျိုး သားစီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးမှုအဖွဲ့ (NESDB) မှ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁၆ရက်နေ့၌ထုတ်ပြန် ကြေညာခဲ့ပါသည်။ သို့ရာတွင် တစ်နှစ်လုံးအနေဖြင့် တိုးတက်မှုနှုန်းသည် သုည ဒသမ ၇ ရာခိုင်နှုန်းသာ ဖြစ်ရာ (နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး) အကြံပေး အဖွဲ့မှပြီးခဲ့သည့် နိုဝင်ဘာလ၌ခန့်မှန်းခဲ့သော တစ် ရာခိုင်နှုန်းထက်လျော့နည်းခဲ့ပါသည်။

မြင့်မားသော ပုဂ္ဂလိကသုံးစွဲမှု၊ ပုဂ္ဂလိကရင်းနှီး မြှုပ်နှံမှု၊ အစိုးရသုံးစွဲမှု စသည်တို့ကြောင့်ထိုင်းနိုင်ငံ၏ စီးပွားရေးသည် ၂၀၁၄ ခုနှစ်စတုတ္ထသုံးလပတ်၌ ပြန်လည်နာလန်ထူလာမည့် အရိပ်အယောင် မေးမှိန် နေဆဲဖြစ်ကြောင်း NESDBအတွင်းရေးမှူးချုပ် မှပြောကြားခဲ့ပါသည်။

ထုတ်လုပ်မှု ကဏ္ဍတွင်အားလုံး နီးပါး တိုးတက် ကောင်းမွန်ခဲ့ကြောင်း၊ အထူးသဖြင့်စက်မှုကုန်ထုတ် လုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ တိုးတက် ခဲ့ကြောင်း၊ ဟိုတယ်နှင့်စားသောက်ကုန် လုပ်ငန်းများ သည် လပေါင်းများစွာ မှေးမှိန်နေရာမှ ပထမအကြိမ် အဖြစ် တိုးတက်ကောင်းမွန်ခဲ့ကြောင်း၊ လက်လီ လက်ကားကုန်သွယ်မှု၊ မြေအိမ်ရာ အဆောက်အအုံ ကဏ္ဍများလည်း တိုးတက်မှုအရှိန် မြင့်တက်ခဲ့ကြောင်း သိရှိ ရပါသည်။

ကမ္ဘာ့စီးပွားရေး ပြန်လည် နာလန်ထူလာခြင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုနှင့်ခရီးသွားလုပ်ငန်းပြန်လည် ကောင်းမွန်လာခြင်း၊မြန်ဆန်သော အစိုးရသုံးစွဲမှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ ကားထုတ်လုပ်ရောင်းချမှု တိုးတက်လာ ခြင်း၊ ရေနံဈေးနှုန်းများကျဆင်းခြင်းစသည့်အချက် များ နှင့် လိုက်လျောညီထွေစွာထိုင်းနိုင်ငံ၏စီးပွားရေး တိုးတက်မှုနှုန်းသည် ၂၀၁၅ ခုနှစ်၌ ၃၅ ဒသမ ၅ ရာခိုင်နှုန်းမှ ၄ ဒသမ ၅ ရာခိုင်နှုန်းအတွင်း ဖြစ်ဖွယ် ရှိကြောင်းNESDBမှ ခန့်မှန်းထားပါသည်။

သို့ရာတွင် ဆုံးရှုံးနိုင်ခြေရှိမှု အခြေအနေများနှင့် ကန့်သတ်ချက်များရှိနေပါသည်။ ကမ္ဘာ့လယ်ယာ ထွက်ကုန်ဈေးနှုန်းများ ပြန်လည်ကောင်းမွန်လာမည့် အရိပ်အယောင်ကို ပြတ်ပြတ်သားသားမတွေ့ရသေး ခြင်း၊ ကမ္ဘာ့စီးပွားရေးအခြေအနေ ပြောင်းလဲမှု အလွန် မြင့်မားခြင်း၊ အဓိကကုန်သွယ်ဖက်နိုင်ငံများ၌ငွေကြေး တန်ဖိုးကျဆင်းမှုကိုရင်ဆိုင်နေရခြင်း စသည် တို့သည် ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှုအတွက် အကန့်အ သတ်များကို ဖြစ်ပေါ်စေနိုင်ပါသည်။

သက်ဆိုင်ရာ အာဏာပိုင်များ အနေဖြင့်စီးပွား ရေးကိုမြှင့်တင်ရန် ငွေကြေးမူဝါဒကိုအသုံးပြုရန်လို/ မလိုကို စဉ်းစားရမည့်အချိန်ဖြစ်နေကြောင်း၊ စင်ကာပူ၊ တရုတ်နိုင်ငံတို့သည်ငွေကြေး ဖောင်းပွမှုနှုန်း နိမ့်နေ ခြင်းကို တုံ့ပြန်ရန် ၎င်းတို့၏ မူဝါဒအတိုးနှုန်းကို ဖြေလျှော့ (လျှော့ချ) ပေးပြီးဖြစ်ကြောင်းသိရှိရပါ သည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဘန်ကောက်မြို့**

# မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် Marco Galvanizing စိတ်ဝင်စား ကုမ္ပဏီ

ဂျပန်နိုင်ငံ အီဘရခိခရိုင် အခြေ စိုက် Marco Galvanizing Co,Ltd အနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံ မှုဆောင်ရွက်ရန် စိတ်ဝင် စားလျက်ရှိ ကြောင်းသိရှိရသည်။ အဆိုပါ ကုမ္ပဏီ အနေဖြင့် သွပ်ရည်စိမ်ခြင်းလုပ်ငန်းကို အဓိကဆောင်ရွက်ခြင်းဖြစ်ပြီး နှစ်စဉ် သံထည်ပစ္စည်းတန်ချိန် ၂၅၀၀၀ ကျော် ကို သွပ်ရည်စိမ်ခြင်း ဆောင်ရွက်နေပြီး အောင်မြင်နေသည့် ကုမ္ပဏီတစ်ခုဖြစ် ကြောင်းလည်း သိရှိ ရပါသည်။

အဆောက်အအုံ များ၊ လမ်း တံတားများ၊ တာဝါတိုင်များ၊ ဓါတ် မီးတိုင်များတွင် အသုံးပြုသည့် သံထည် ပစ္စည်းများကို Zinc Plating ပြုလုပ် ခြင်းလုပ်ငန်းဖြစ်ပြီး သာမန်သွပ် ဆေး သုတ်ခြင်း၊ ဆေးမှုတ်ခြင်းထက် သံချေး တက်မှုကို နှစ်ပေါင်း ၃၀ကျော်ကြာ ကာကွယ်မှုပေးနိုင်ကြောင်းလည်း သိရှိရပါ သည်။ ဂျပန်နိုင်ငံနှင့် အခြားဖွံ့ဖြိုး တိုးတက်သောနိုင်ငံများ၏ ဆောက် လုပ်ရေးလုပ်ငန်းများတွင် အဆိုပါ Gal vanizing Zinc Plating ကို တွင်တွင် ကျယ်ကျယ်အသုံးပြုလျက်ရှိပြီး စီးပွား ရေးတိုးတက်လာနေသည့် မြန်မာနိုင်ငံ တွင်လည်း အဆိုပါလုပ်ငန်းကိုချဲ့ထွင် လုပ်ကိုင်လိုကြောင်း မြန်မာသံရုံး (တို ကျို)သို့ ဆက်သွယ်လာခြင်း ဖြစ်ပါသည်။

အဆိုပါ Marco Galvanizing Co., Ltd အနေဖြင့် မြန်မာနိုင်ငံ၊ ရှမ်း ပြည်နယ် သီပေါမြို့တွင် နမ္မတူသတ္တု တွင်းမှ Waste Products များဖြင့် Zinc Oxide များကိုထုတ် လုပ်နေ ကြောင်းလည်း သိရှိရသည်။ ယခုအခါ Galvanizing Zinc Plating လုပ်ငန်း ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ ကြိုးပမ်း ဆောင်ရွက်နေပြီး စက်ရုံတည်ထောင် ခြင်းအတွက် လိုအပ်သော သဘာဝဓာတ် ငွေ့လောင်စာ (Gas) ရရှိနိုင်မည့် အခြေ အနေ၊ စက်ရုံမြေနေရာ၊ စက်ရုံ အတွက် ၂၄နာရီ လျှပ်စစ်မီးရရှိ နိုင်မည့် အခြေ အနေ၊ မြန်မာနိုင်ငံတွင် လုပ်ငန်းအတွက် လိုအပ်သော ဟိုက်ဒရိုကလိုရစ် အက် ဆစ်များ ရရှိနိုင်မည့်အခြေအနေများ နှင့် ပတ်သက်သည့် သတင်းအချက် အလက်များကို စုဆောင်းနေကြောင်း လည်း သိရှိရသည်။

မြန်မာနိုင်ငံသံရုံး(တိုကျို) အနေ ဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ အခွန် သက်သာခွင့်နှင့် အခြားသက်သာခွင့် များ ရရှိနိုင်မှုအခြေအနေများနှင့် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းအခြေ အနေများ၊ သီလဝါအထူးစီးပွားရေးဇုန် ၏ အခြေအနေကောင်းများ စသည်တို့ ကို ရှင်းလင်းပြောကြားခဲ့ပြီး အဆိုပါ ကုမ္ပဏီအား မြန်မာနိုင်ငံတွင် အမြန်ဆုံး ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည်များကို ကူညီပံ့ပိုး ဆောင် ရွက်ပေးလျက်ရှိပါသည်။ Marco Galvanizing Co., Ltd မှ ဥက္ကဋ္ဌအနေ ဖြင့်လည်း လာမည့်မတ်လအတွင်း မြန်မာ နိုင်ငံသို့ သွားရောက်၍ ရင်းနှီးမြှုပ်နှံမှု များ စတင်ပြုလုပ်သွားနိုင်မည်ဖြစ် ကြောင်း သိရှိရပါသည်။

**မင်းဇော်ဦး၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ တိုကျိုမြို့**

# ဂျပန်ကုန်သည် အသင်း၏ ပင်ရင်း နိုင်ငံသက်သေခံ လက်မှတ်ကို စင်ကာပူနိုင်ငံရှိ AVA အဖွဲ့အစည်းမှ အသိအမှတ်ပြုလက်ခံ

ဂျပန်နိုင်ငံမှ စင်ကာပူသို့တင် သွင်းသည့် စားသောက်ကုန်စည်များနှင့် ပတ်သက်၍ မှတ်တမ်းများကောင်းမွန်မှု အပေါ် အခြေပြုလျက်သွင်းကုန်လုပ်ငန်း စဉ်၌ပူးတွဲပါရှိရန်လိုအပ်သော ပင်ရင်း နိုင်ငံသက်သေခံလက်မှတ် (Certificate of Origin)ကို ဂျပန် နိုင်ငံ ငါးလုပ်ငန်း၊ သစ်တောနှင့်လယ်ယာစိုက် ပျိုးရေးဝန်ကြီးဌာနအပြင် ဂျပန်နိုင်ငံ ကုန်သည်လုပ်ငန်းရှင်များအသင်းမှ ထောက်ခံချက်ထုတ်ပေးမှုကို လက်ခံ သဘောတူကြောင်း စင်ကာပူနိုင်ငံရှိ လယ်ယာထွက်အစားအစာနှင့် တိရစ္ဆာန် မွေးမြူရေးဆိုင်ရာအာဏာပိုင် အဖွဲ့ (Agri-food and Veterinary Authority, AVA) ကဖေဖော်ဝါရီလ ၁၆ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။ AVA ၏ ဖော်ပြချက်အရ ဂျပန်နိုင်ငံရှိ Gunma၊ Ibaraki နှင့် Tochigi စသည့်စီရင်စု နယ်မြေဒေသများမှ ကြက်ဥ၊ သား ငါးနှင့် အသားထုတ်ကုန်များ၊ သစ်သီး ဝလံနှင့် ဟင်းသီး ဟင်းရွက်များ၊ နို့နှင့် နို့ထွက်ပစ္စည်းများ၊ လက်ဖက်ခြောက် ထွက်ကုန်များကို စင်ကာပူနိုင်ငံသို့ တင်သွင်းရာတွင် အဆိုပါ CO သက် သေခံလက်မှတ်များမှာ လက်ငင်း အကျိုးသက်ရောက်မှု ရှိမည်ဖြစ် ကြောင်း သိရှိရသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ တိုကျိုမြို့**

# ထိုင်းအစိုးရက ဆန်တန်ချိန် ငါး သိန်း လေလံတင်ရောင်းချ

ထိုင်းနိုင်ငံ အစိုးရသည် ယခုနှစ် ၏ပထမအကြိမ်ဆန် လေလံပွဲ တွင်ဆန် တန်ချိန် ငါးသိန်းနီးပါး ရောင်းချရန် ဖေဖော်ဝါရီလ ၁၆ရက်နေ့ကအတည် ပြုပေးခဲ့ပါသည်။ ၂၀၁၅ခုနှစ်အတွက် ပထမအကြိမ်လေလံပွဲ၌လေလံအောင် သူ၃၈ဦးအား ဆန်တန်ချိန် ၄၉၆,၂၄၃ ရောင်းချပေးရန် အစိုးရမှ သဘောတူခဲ့ ကြောင်းစီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ ချတ်ချိုင်းကပြောကြားခဲ့ပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာနသည် ပြီးခဲ့သည့် လနှောင်းပိုင်း၌ ပထမအကြိမ်အဖြစ် သို လှောင်ရုံတစ်ခုလုံးရောင်းချသည့်စနစ် ဖြင့် ဆန်တန်ချိန် ၉၉၉,၇၆၃ ကို လေလံတင် ရောင်းချခဲ့ပါသည်။ ကြမ်း ခင်းဈေးနှုန်းကို ကြိုတင်ကြေညာခဲ့ ကြောင်း၊ ကြမ်းခင်းဈေးနှုန်းများမှာ ဆန်ဖြူ တစ်ကီလိုလျှင် ၈ ဘတ်မှ ၁၀ ဘတ် ထိဖြစ်ပြီး၊ ဟုန်မာလိဆန် (ဆန် မွှေး) တစ်ကီလိုလျှင် ၂၅ ဘတ် ဖြစ်ပါ သည်။ လေလံပွဲ၌ ပျမ်းမျှအားဖြင့် ဆန် ဖြူတစ်ကီလိုလျှင် ၁၁ ဘတ်ရရှိခဲ့ ကြောင်း၊ ဟုန်မာလိဆန်အတွက် ကမ်း လှမ်းဈေး နှုန်းသည် တစ်ကီလိုလျှင် ၃၁ ဘတ် အထိ ရှိခဲ့ကြောင်း သိရှိရပါသည်။

အစိုးရ၏ ပထမအကြိမ် ဆန် လေလံတင်ပွဲသည် အောင်မြင်သည်ဟု ယူဆနိုင်ကြောင်း၊ ဆန်ဝယ်လိုအား ဆက်လက်ခိုင်မာနေမည်ကို ညွှန်ပြနေ ကြောင်း၊ ပထမအကြိမ် ဆန်လေလံပွဲ ၌ ရောင်းချသည့် ပမာဏသည် အလွန် ကြီးမားကြောင်း၊ အစိုးရအနေဖြင့် တစ် ဝက်ခန့် ရောင်းချပေးနိုင်သည်မှာ ကျေ နပ်ဖွယ်ရာ ဖြစ်ကြောင်း၊ ပြည်တွင်းဈေး ကွက်နှင့် ပြည်ပတင်ပို့မှုအတွက် ဆန် ဝယ်လိုအားသည် ခိုင်မာဆဲဖြစ်သည် ကို ဖော်ပြနေကြောင်း၊ သို့ဖြစ်ရာ အစိုးရ အနေဖြင့် စုဆောင်းထားသည့် ဆန်များ ထုတ်ရောင်းချခြင်းကို တိုးမြှင့် ဆောင် ရွက်ရမည့် အချိန်ကောင်းဖြစ်ကြောင်း ထိုင်းဆန်တင်ပို့သူများအသင်း ဥက္ကဋ္ဌ Mr. Charoen ကပြောကြားခဲ့ ပါသည်။

ယခုလနှောင်းပိုင်းတွင် အစိုးရမှ နောက်ထပ် ဆန်တန်ချိန် တစ်သန်း ရောင်းချရန်အတွက် ဆန်လေလံပွဲ ထပ်မံ ပြုလုပ်မည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ချတ်ချိုင်း ကပြောကြား ခဲ့သည်ဟု သိရှိရပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

## ငွေကြေးမျိုးစုံဖြင့် ငွေပေးချေသည့်စနစ် လေ့လာသုံးသပ်မည်

ထိုင်းနိုင်ငံ ဗဟိုဘဏ်အနေဖြင့် ပြည်တွင်း အစုရှယ်ယာလက်မှတ်များကို နိုင်ငံခြားငွေကြေးဖြင့် ရောင်းဝယ်ခွင့်ပြုဖွယ်ရှိကြောင်း၊ သို့ရာတွင် ငွေကြေးဈေးကွက်ကို ထိခိုက်မှုမရှိစေရန် (လုပ်ငန်းစဉ်)ကို အဆင့်ဆင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ပြည်တွင်းအစုရှယ်ယာများကို နိုင်ငံခြားငွေကြေးဖြင့် ရောင်းဝယ်ခြင်းအတွက် အတည်ပြုခွင့်ပြုချက်မပေးခင် ငွေသားစီးဆင်းမှုနှင့် ငွေကြေးဈေးကွက်အပေါ် အကျိုးသက်ရောက်နိုင်မှုများကို အသေးစိတ်လေ့လာပြီး အကဲဖြတ်ချင့်ချိန်ရမည်ဖြစ်ကြောင်း၊ စိုးရိမ်လျက်ရှိသည်မှာ နိုင်ငံခြားငွေကြေးလဲလှယ်မှု၊ ကာလတိုနှင့် ကာလရှည်အတိုးနှုန်း၊ ကာလတစ်ခုအတွင်း ရင်းနှီးမြှုပ်နှံမှုမှ ရရှိသည့် အမြတ်/အရှုံး (ပြန်ရချက်) စသည့်ကဏ္ဍများဖြစ်ကြောင်း ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ Ms. Pongpen ကပြောကြားခဲ့ပါသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ အားပြည်တွင်း အစုရှယ်ယာများကို ဘတ်ငွေကြေးနှင့်ပတ်သက်မှု မရှိစေဘဲ အမေရိကန်ဒေါ်လာဖြင့် ရောင်းဝယ်ခွင့်ပြုခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း၊ အဓိကငွေကြေးစင်တာများ (major financial centres) ၌ ယင်းကဲ့သို့ ငွေကြေးမျိုးစုံဖြင့်ပေးချေမှု (multiple-currency settlement) တွင်ပြည်တွင်းငွေကြေးနှင့် ပတ်သက်မှုရှိခဲ့ကြောင်း သိရှိရပါသည်။

လေ့လာမှုများ၏ ရလဒ်အရ အပြုသဘောဆောင်သော အကျိုး သက်ရောက်မှုများသည် အပျက်သဘောဆောင်သော အကျိုးသက်ရောက်မှုများထက် အလေးသာနေလျှင် သို့မဟုတ် အပျက်သဘောဆောင်သော အကျိုးသက်ရောက်မှုများသည် ထိန်းချုပ်ရလွယ်လျှင် ငွေကြေးမျိုးစုံဖြင့် ပေးချေခြင်းကို အတည်ပြုခွင့်ပြုပေးရန် ဖြစ်နိုင်ခြေရှိကြောင်း Ms. Pongpen က ပြောကြားခဲ့ပါသည်။

Stock Exchange of Thailand (SET) အနေဖြင့် စတော့ရှယ်ယာ ရောင်းဝယ်ရာဌာနများ၏ ယှဉ်ပြိုင်မှုစွမ်းအားကို ဖြည့်တင်းပေးပြီး ဒေသတွင်း အရောင်းအဝယ်ပြုလုပ်ရာ နေရာဖြစ်လာရန် ရည်မှန်းထားပါသည်။ SET ၏ ရည်မှန်းချက် အောင်မြင်ရန် ငွေကြေးမျိုးစုံဖြင့် ပေးချေမှုသည် အလွန်အရေးကြီးပါသည်။ စင်ကာပူစတော့ရှယ်ယာဒိုင် (Singapore Exchange) ကဲ့သို့သော အာဆီယံ စတော့ရှယ်ယာ ရောင်းဝယ်ရာဌာနများသည် ငွေကြေးမျိုးစုံဖြင့် ပေးချေသည့် စနစ်ကို ကျင့်သုံးဆောင်ရွက်နေပြီ ဖြစ်ပါသည်။

အတိုးနှုန်း အတက်အကျများသည် ထိုင်းနိုင်ငံသားများအပေါ် ဆိုးရွားစွာ ထိခိုက်စေမည်ဖြစ်သောကြောင့် ငွေကြေးမျိုးစုံဖြင့် ပေးချေခြင်းများသည် နိုင်ငံခြားငွေကြေးများ သို့မဟုတ် အတိုးနှုန်းများ မတည်ငြိမ်မှုကို မဖြစ်ပေါ်စေသင့်ကြောင်း Ms. Pongpen ကသုံးသပ်ပါသည်။

ဗဟိုဘဏ်အနေဖြင့် ဖြစ်ပေါ်လာနိုင်သော ငွေကြေးမျိုးစုံဖြင့် ပေးချေသည့် ရောင်းဝယ်မှုများကြောင့် ငွေကြေးဈေးကွက်အပေါ် အကျိုး သက်ရောက်မှုများနှင့် မြောက်မြားစွာသော ငွေကြေးအရောင်းအဝယ်/ပေးချေမှုများ (financial transactions) ၏ အကျိုးဆက်များကို သိရှိနိုင်ရန် သရုပ်ဖော်ဖန်တီးလေ့လာမှု (simulation study) ပြုလုပ်ရမည်ဖြစ်ကြောင်း သိရှိရပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

## အခွန်ဆိုင်ရာ ဥပဒေမူကြမ်းများကို ပြင်ဆင်ရန် ထိုင်းဘဏ္ဍာရေး ဝန်ကြီးဌာနက အဆိုပြု

မြေယာနှင့်အဆောက်အအုံ အခွန်ဆိုင်ရာ ဥပဒေမူကြမ်းများ၊ ယစ်မျိုးခွန် (Excise Tax) နှင့် အကောက်ခွန်ဥပဒေ (Customs code) ပြင်ဆင်ချက်များ၊ အမျိုးသား စုဆောင်းရန်ပုံငွေ (National Savings Fund) စသည်တို့အတွက် ယခုလအတွင်း အစိုးရ၏ အတည်ပြုချက်ရရှိရန် ကြိုးပမ်းမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ ဥပဒေမူကြမ်း သုံးခုသည် စတင်အသက်ဝင်/အကျိုး သက်ရောက်ပါက အခွန်ပေးဆောင်သူများအကြား မျှတမှုကို မြင့်တက်စေနိုင် ပြီး၊ နိုင်ငံတော်ဘဏ္ဍာတိုက်(State coffers) အတွက် အထောက်အကူဖြစ်စေနိုင်ကြောင်း၊ (ယစ်မျိုးခွန်နှုန်းထား ပြင်ဆင်ခြင်း မပြုရသေးလျှင်ပင်) ယစ်မျိုးခွန်ဥပဒေပြင်ဆင်ချက်ကို အတည်ပြုပြီးပါက နိုင်ငံတော်၏ အခွန်ဘဏ္ဍာ တိုးတက်လာမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Sr. Wisudhi က ပြောကြားခဲ့ပါသည်။

လက်ရှိယစ်မျိုးခွန်သည် စက်ရုံ ရောင်းဈေးနှုန်းအပေါ် အခြေခံကြောင်း မြေယာနှင့်အဆောက်အအုံအခွန် အမြင့်ဆုံးနှုန်းများမှာ လယ်ယာစိုက်ပျိုးရေးသုံး မြေအတွက် ၅ ရာခိုင်နှုန်း၊ အိမ်ရာအတွက် ၁ ရာခိုင်နှုန်းနှင့် စီးပွားရေးလုပ်ငန်းသုံးအတွက် ၄ ရာခိုင်နှုန်းဖြစ်ကြောင်း၊ အသုံးမပြုသော မြေ သို့မဟုတ် မြေလွတ်များကို သုံးနှစ်ကြာတိုင်း အဆင့်ဆင့်မြင့်တက်သော နှုန်းထား (progressive rate) ဖြင့် ကောက်ခံမည်ဖြစ်ကြောင်း၊ သို့ရာတွင် (ရာပြတ်) တန်ဖိုး၏ ၄ရာခိုင်နှုန်းထက် ကျော်မည်မဟုတ်ကြောင်း သိရှိရပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဘန်ကောက်မြို့**

## စင်ကာပူနိုင်ငံ၌ ဓာတ်ဆီအခွန်နှုန်းထားများတိုးမြှင့်

ဖေဖော်ဝါရီ ၂၃ ရက်ကထုတ်ပြန် ကြေညာခဲ့သော ၂၀၁၅ ခုနှစ် ရသုံးမှန်းခြေငွေစာရင်းနှင့်အတူ ပိုမိုသန့်ရှင်းကောင်းမွန်သော ရှင်သန်နေထိုင်မှု ပတ်ဝန်းကျင်တစ်ရပ်သို့ တိုးတက်ဖြစ်ပေါ်စေရေးအစီအမံ၏ တစ်စိတ်တစ်ဒေသအဖြစ် ဓာတ်ဆီအခွန်နှုန်းထားများကို စင်ကာပူနိုင်ငံအစိုးရမှ တိုးမြှင့်လိုက်ပါသည်။ စင်ကာပူနိုင်ငံ၌ ၂၀၀၃ ခုနှစ် နောက်ပိုင်းမှစ၍ လောင်စာဆီအခွန်နှုန်းထားကို ပြောင်းလဲခြင်းမရှိဘဲ ကောက်ခံခဲ့ကြောင်း၊ ယခုအခါကာဗွန်ထုတ်လွှတ်မှု လျော့ကျစေရေးနှင့် ကားအသုံးပြုမှု နည်းပါးစေရေး တွန်းအားပေး ဆောင်ရွက်မှုအဖြစ် အခွန်နှုန်းထားတိုး မြှင့်မည်ဖြစ်ကြောင်း၊ သို့ရာတွင် ရေနံဈေးနှုန်းများကျဆင်းနေသည့်အလျောက် လောင်စာဆီလက်လီဈေးနှုန်းများမှာ လွန်ခဲ့သော နှစ်နှစ်ခွဲတာ ကာလ၌ ဖြစ်ပေါ်ခဲ့သည့် ဈေးနှုန်း၏ အောက်၌သာ ဆက်လက်တည်ရှိနေဦး မည်ဖြစ်ကြောင်း၊ ထို့အပြင် မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် လမ်းအသုံး ပြုခွန်အပေါ် တစ်လုံးတစ်ခဲတည်းပြန်အမ်းငွေကို ထုတ်ယူခံစားနိုင်ခွင့်ရှိမည် ဖြစ်ကြောင်းစသည်ဖြင့် ဒုတိယဝန်ကြီးချုပ်တာဝန်ကို ပူးတွဲထမ်းဆောင်လျက်ရှိသူ ဘဏ္ဍာရေးဝန်ကြီး Mr Tharman Shanmugaratnam က ပြောဆိုပါသည်။

RON 97 နှင့်အထက် အရည်အသွေးမြင့်ဓာတ်ဆီ (Premium-grade) တစ်လီတာကို စင်ကာပူ ဒေါ်လာ သုညဒသမ ၆၄ အထိလည်း ကောင်း၊ RON 90 နှင့်အထက် RON 97 အောက်အလယ်အလတ်အဆင့် ဓာတ်ဆီ (Intermediate-grade) တစ်လီတာအပေါ် စင်ကာပူဒေါ်လာသုည ဒသမ ၅၆ အထိလည်းကောင်း၊ အခွန်တိုးမြှင့်ကောက်ခံမည်ဖြစ်ရာ အဆိုပါ ဓာတ်ဆီ အမျိုးအစားနှစ်ရပ်အပေါ် လက်ရှိအခွန်နှုန်းထားထက် စင်ကာပူ ဒေါ်လာ သုည ဒသမ ၂ နှင့် သုညဒသမ ၁၅စီ အသီးသီးပိုမိုလာမည်ဖြစ်ပါသည်။ ဤသို့ အခွန်နှုန်းထားတိုးမြှင့်မှုမှ တစ်နှစ်လျှင် စင်ကာပူဒေါ်လာ ၁၇၇ သန်း အခွန်ငွေပိုမိုရရှိမည်ဖြစ်ပါသည်။

စက်မောင်းဆီအခွန်နှုန်းတိုးမြှင့်မှုကို သက်သာမှုရရှိစေရန်အလို့ငှာ မော်တော်ယာဉ်အင်ဂျင်စွမ်းအားအလိုက် ကောက်ခံလျက်ရှိသော လမ်းအသုံးပြု ခွန်ပေးဆောင်ရမှုမှ ပြန်အမ်းငွေများကို ဓာတ်ဆီဖြင့်မောင်းနှင်ရသည့် အိမ်သုံး မော်တော်ယာဉ်များအား ၂၀ ရာခိုင်နှုန်း၊ မော်တော်ဆိုင်ကယ်များအား ၆၀ ရာခိုင်နှုန်း၊ အငှားယာဉ်များနှင့် စီးပွားရေးလုပ်ငန်းသုံးယာဉ်များအား ၁၀၀ ရာခိုင်နှုန်းဖြင့် တစ်လုံးတစ်ခဲတည်း ထုတ်ယူခွင့်ပြုမည်ဖြစ်ပါသည်။ ဤအစီအစဉ်သည် ၂၀၁၅ ခုနှစ်ဩဂုတ်လ ၁ ရက်နေ့မှ ၂၀၁၆ ခုနှစ် ဇူလိုင်လ ၃၁ ရက်အတွင်း၌သာ အကျိုးသက်ရောက်မှုရှိမည်ဖြစ်ပြီး စင်ကာပူဒေါ်လာ ၁၄၄ သန်းခန့် သုံးစွဲရဖွယ်ရှိကြောင်း အစိုးရမှ ခန့်မှန်းထားပါသည်။

စင်ကာပူနိုင်ငံသို့ တင်သွင်းလာ သည့် မော်တော်ယာဉ်များအားလုံးကို ကာဗွန်ထုတ်လွှတ်မှုစစ်ဆေးပြီး တွေ့ရှိ ရသည့်ရလဒ်အပေါ် မူတည်၍ အပိုဆောင်းငွေကောက်ခံမှုနှင့် ပြန်အမ်းငွေ ထုတ်ပေးမှုပြုလုပ်သည့် CEVS အစီအစဉ်မှာ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် ပြီးဆုံးမည်ဖြစ်သော်လည်း နှုန်းထားများ တိုးမြှင့်ပြင်ဆင်လျက် ၂၀၁၇ ခုနှစ်ဇွန်လ ၃၀ရက်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။ ပြင်ဆင်ချက်အသေးစိတ်ကို လာမည့်မတ်လအတွင်း ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းသုံး မော်တော်ယာဉ်ဟောင်းများအား ဆောလျင်စွာလဲလှယ်မှုအစီအစဉ် (Early Turnover Scheme) ကိုလည်း ယခုနှစ် ဩဂုတ်လမှစတင်၍ အဆင့်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ဤကဲ့သို့ အခွန်ကောက်ခံမှုနှုန်း ထား တိုးမြှင့်မည်ဖြစ်ကြောင်း အစိုးရမှ ကြေညာခဲ့အပြီးတွင် စင်ကာပူနိုင်ငံ၌ ဖေဖော်ဝါရီလ ၂၄ ရက်နေ့ရှိ ဓာတ်ဆီလက်လီအရောင်းဈေးနှုန်းများမှာ ယခင်တစ်ပတ်ကထက် တစ်လီတာလျှင် သုညဒသမ ၂၅ စင်ကာပူဒေါ်လာ ပိုမိုမြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ စင်ကာပူမြို့**

## တောင်ကိုရီးယားတွင် ၂၀၁၄ ခုနှစ်၌ လူငယ်အလုပ်လက်မဲ့ဦးရေ ရှစ်သောင်းနီးပါးတိုးမြင့်လာ

တောင်ကိုရီးယား နိုင်ငံတွင် အသက် ၁၅နှစ်နှင့် ၂၉ နှစ်ကြားအရွယ် လူငယ်အလုပ်လက်မဲ့ အရေအတွက်သည် ၇၇,၀၀၀ ဦး တိုးလာသဖြင့် စုစုပေါင်း လူငယ်အလုပ်လက်မဲ့ဦးရေသည် ၂၀၁၄ ခုနှစ်အတွင်း ၃ ဒသမ ၈၇ သန်းရှိသွားပြီဖြစ်သည်။ တောင်ကိုရီးယားရှိပြည်နယ်နှင့်မြို့ကြီး ၁၆ ခုအနက် လူငယ်အလုပ်လက်မဲ့ အများဆုံးမြို့ကြီးမှာ အင်ချွန်းမြို့ဖြစ်ပြီး လူငယ်အလုပ်လက်မဲ့ ၁၂ ဒသမ ၁ ရာခိုင်နှုန်းရှိနေသည်။ အခြားမြို့ကြီး များဖြစ်သော ဆိုးလ်မြို့၊ ဂင်ဝမ်မြို့၊ တောင်ဂျိုလာမြို့များတွင်လည်း အလုပ်လက်မဲ့ရာခိုင်နှုန်း ၁၀ ရာခိုင်နှုန်း အထက်ရှိကြသည်ဟု ကိုရီးယားအလုပ်အကိုင် သတင်းဝန်ဆောင်မှုလုပ်ငန်းမှ ထုတ်ပြန်သည့် ဖေဖော်ဝါရီလ ၂၀ ရက် နေ့ထုတ် Employment Trend Brief အရသိရှိရသည်။

ကိုရီးယားလူငယ်အလုပ်အကိုင်ရှိသူ အရေအတွက်ကို ကြည့်လျှင် Gyeonggi ပြည်နယ်တွင် ၂၇,၀၀၀ ဦး၊ North Gyeongsang ပြည်နယ်တွင် ၂၃,၀၀၀ ဦးတို့ရှိကြပြီး၊ ဆိုးလ်မြို့၊ Gyeongsang ၊တောင်ဂျိုလာမြို့နှင့် ဂင်ဝမ်မြို့များတွင် အလုပ်အကိုင်ရှိပြီးသူလူငယ်များ၏အရေအတွက်တို့သည် ၉,၀၀၀ ဦး၊ ၅,၀၀၀ ဦး၊ ၄,၀၀၀ ဦးနှင့် ၂,၀၀၀ ဦးတို့ အသီးသီးလျော့ကျသွားခဲ့သည်။ အထူးသဖြင့် North Gyeongsang ပြည်နယ်တွင် လူငယ် အလုပ်လက်မဲ့ အချိုးသည် ၂၀၁၃ ခုနှစ်ကလည်း ၁၀ ရာခိုင်နှုန်းအထက်ရှိခဲ့ပြီး၊ ယင်းပြည်နယ်၏ အမြင့်ဆုံးအလုပ်လက်မဲ့ရာခိုင်နှုန်း ၇ ဒသမ ၇ ရာခိုင်နှုန်းကိုကျော်တက်နေခဲ့ပြီးဖြစ်သည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# ယမမင်းနဲ့တွေ့ဆုံခြင်း

မြင့်ဦး-ပခုက္ကူ

စနေ၊ တနင်္ဂနွေရုံးအားရက် နံနက်ခင်းလက်ဖက်ရည်လေး သောက်ပြီး သမိုင်းပေးတာဝန်အရ အိမ်က အိမ်ရှင်မကို စျေးလိုက်ပို့ရ ပါတယ်။ စီးတော်ယာဉ်မော်တော်ဆိုင်ကယ် (ဆိုင်မှာ ခဏခဏသွား ပြင်ရတဲ့ ဆိုင်ကကယ်နေရတဲ့ဆိုင်ကယ်) ကလေးနဲ့ပေါ့။ လူတွေဟာ အိပ်ရာကနိုးလို့ထလာရင် ပါးစပ်ကြီးတွေဟလာပြီး အစားအသောက် ကို တောင်းဆိုကြတယ်။ ဒါကြောင့် "ငါ့သား အလုပ်လုပ်မယ်ဆိုရင် အစားအသောက်ကိုရှောင်း" ဆိုတဲ့ ပေါက်ဖော်တရုတ်ကြီးရဲ့ စကား ကို သွားပြီးအမှတ်ရမိပါတယ်။ စနေနေ့ရုံးပိတ်ရက်ဆိုတော့ တစ်ဆက် တည်း အိမ်ရှင်မကိုပြောမိပါတယ်။ "မအေရေ ဒီနေ့နံနက်စာကို ငါပဲမီးဖိုချောင်ဝင်ပြီး ချက်ပေးပါ့မယ်ကွာ" လို့ပြောရသေးတယ်။ တော်ကြာ အမျိုးသမီးက စိတ်တွေဘာတွေ ဆိုးနေရင်ဒုက္ခ။ Lady First အမျိုးသမီးကို ဦးစားပေးရပါသော်ကောဗျာ။ သမိုင်းပေးတာဝန် ပါလို့နော်။ ဟုတ်ဖူးလားစာရှုသူခင်ဗျာ။

စျေးထဲမှာ ဝက်သားလည်းအိုး သား ၅၀ သားဝယ်၊ ပဲကြီး အရော်ဝယ်၊ အညာနွေဦးရာသီမှာ ပေါ်နေပြီဖြစ်တဲ့ တမာရွက် နုနုလေး လေးငါးစီးဝယ်၊ ကျွန်းခရမ်းချဉ်သီး၊ ငရုတ်သီးစိမ်း၊ နံနံပင် ဝယ်၊ ကျွန်းခရမ်းချဉ်သီးဆိုတာ အခုခေတ်စားနေတဲ့ တိုင်ထောင် ခရမ်းချဉ်သီးတို့၊ မေမြို့ခရမ်းချဉ်သီးတို့နဲ့ မတူပါဘူး။ မြစ်ရေကျ လို့ပေါ်လာတဲ့ မြေနုကျွန်းပေါ်မှာစိုက်တဲ့ဒေသမျိုးပါ။ ဖော်ပြပါ ခရမ်း ချဉ်သီးတို့ထက် အခွံပါးတယ်။ အနှစ်များတယ်။ အချဉ်ဓါတ် ပိုပါ တယ်။ သူ့အားနည်းချက်ကတော့ ကြာကြာအထား မခံပါဘူး။ စျေး အလယ်တန်းမှာ မရမ်းသီးတွေတွေ့တာနဲ့ ဘယ်စျေးလဲဆိုတော့ တစ်ပိဿာ ၆၀၀၀ ကျပ်၊ မများဘူးလားဆိုတော့ ဒါစျေးကျသွားတာ ပါ။ ပေါ်ဦးပေါ်ဖျားတုန်းက တစ်ပိဿာ ၂သောင်းကျပ်ပါတဲ့ဗျာ။ သူ လည်းနည်းနည်းဝယ် အိမ်ပြန်ခဲ့ပါတယ်။

အိမ်ရောက်တော့ ဝက်သား ကို ကြက်သွန်အဖြူအနီ၊ ချင်းနဲ့ အနှစ်များများ၊ အချိုချက်ချက်၊ ပဲကြီး အရော်ကို အိုးကပ်နှပ်၊ မရမ်းသီးကို ငါးပိမီးကင်၊ ပုစွန်ခြောက်၊ ကြက် သွန်ဖြူနဲ့ထောင်း၊ ခရမ်း ချဉ်သီးနဲ့ ငြုပ်သီးစိမ်းကို မီးဖုတ်ထောင်း၊ နံနံပင် ထည့်ချက်ပြုတ်ပြီး တော့ ရေမိုးချိုးပြီးတော့ မိသားစုထမင်းဝိုင်း စားကြပါပြီ။ ချက်ပြုတ် ထားတဲ့ ဟင်းတွေအပြင် ခိုးခိုးခါခါရာသီစာ တမာရွက်နုနုအတို့က လေးနဲ့ပေါ့ဗျာ။

ထမင်းဝိုင်းသိမ်းတော့ အိပ်ရာပေါ် ပက်လက်ကလေးလှန်၊ အိပ်ရာဘေးစားပွဲပေါ်မှာရှိတဲ့ လက်လှမ်းမှီရာ စာအုပ်တစ်အုပ် ဆွဲဖတ်မိပါတယ်။ စာအုပ်က ပခုက္ကူမြို့ မဟာဝိသုတာရာမအလယ် တိုက်ဆရာတော် အရှင်ကေလာသ (BA သီရိလင်္ကာ) ရေးထားတဲ့ "ယမမင်းထံအစစ်ခံ သံပေါက်အဖွင့်ကျမ်း"ဆိုတဲ့ စာအုပ်ပါ၊လူ့ပြည် လူ့လောက လူ့ပတ်ဝန်းကျင်မှာ မသေခင် ကိုယ်လုပ်ခဲ့တဲ့ကောင်းမှု ကုသိုလ်၊ မကောင်းမှုအကုသိုလ်ဆိုတာတွေကို လူ့ပြည်က သေဆုံး တော့ ငရဲပြည်ယမမင်းထံ အစစ်ဆေးခံရတဲ့ ယမမင်းထံ အစစ်ခံ သံပေါက်အဖွင့်ကျမ်းပါစာအုပ်ကလေး ဖတ်ရင်း ကိုယ်စားထားတဲ့ အစားအစာတွေက တက်စာတွေဆိုတော့ ဖတ်လက်စ စာအုပ်ကလေး လက်ကပြုတ်ကျ အိပ်ပျော်သွားပါလေရောဗျာ။

လား . . လား . . အိပ်နေရင်းကသတိရတော့ ကျွန်တော်ဘယ် ရောက်နေတယ်ထင်ပါသလဲစာရှုသူ၊ ကျွန်တော်ကိုယ်တိုင် ယမမင်း ရှေ့မှောက်မှာပါဗျာ။ အလား . . ဘေးမှာလည်း ငရဲသားကြီးတွေက ဘယ်လို လက်နက်တွေမှန်းမသိတဲ့ အရာကြီးတွေကိုင်လို့ ကြီးမား ထွားကြိုင်းတဲ့ ခန္ဓာကိုယ်ကြီးတွေနဲ့ပေါ့ဗျာ။ ကြောက်လန့် စရာတွေ ပါပဲ။ ယမမင်းကြီးက ကြီးမားလှတဲ့ကုလားထိုင်ကြီးပေါ်မှာထိုင်လို့ ကိုယ်ကသူ့ရှေ့မှာ မတ်တပ်ကလေးရပ်၊ ကိုယ့်ဘေးတစ်ဘက်တစ်ချက် မှာ လက်နက်ကိုင်ထားတဲ့ ငရဲသားကြီးတွေနှစ်ယောက်က မတ်တပ် ရပ်လို့ . . . ။

**ယမမင်း** - မောင်မင်းနာမည်ပြော၊

**ကျွန်ုပ်** - ကျွန်တော်မျိုးနာမည် မြင့်ဦးပါခင်ဗျာ၊ (ရိုသေလိုက်ပုံ များ ကြောက်တာကိုးဗျ)

**ယမမင်း** - ဟေ့တစ်ယောက် ဒီပုဂ္ဂိုလ်ရဲ့ ကိုယ်ရေးမှတ်တမ်းဖိုင် သွားယူစမ်း၊

**ငရဲသား** - ဟုတ်ကဲ့ပါမင်းကြီး၊

သိပ်မကြာလိုက်ပါဘူး။ နီညိုရောင်ဖိုင်တစ်ခုနဲ့ငရဲသား ပြန်ဝင်လာပါတယ်။ ကိုယ့်ကိုယ်ရေးဖိုင်က နည်းနည်း ထူနေသလားအောက်မေ့ပါတယ်။

**ယမမင်း** - ဘာလဲ မင်းက မင်းကိုယ်ရေးဖိုင်ထူလို့ သဘောကျနေ တာလား။ တို့ငရဲပြည်မှာ ကိုယ်ရေးဖိုင်ထူလို့ မင်းတို့ လူ့ပြည်လို အမှုထမ်းသက်ရင့်လို့ထူတာမဟုတ်ဘူး။ လူ့ဘဝက မင်းပြုခဲ့၊ လုပ်ခဲ့တဲ့ကုသိုလ်၊ အကုသိုလ်တွေ များနေလို့ကွ၊ ကုသိုလ်များရင်တော့တော်ရဲ့၊ အကု သိုလ်များလို့ကတော့ သေချာပေါက်မင်းငရဲခံရမယ် သာမှတ်၊

**ကျွန်ုပ်** - ဘုရား . . ဘုရား လူ့ဘဝက ငါဘာတွေလုပ်ခဲ့ပါလိမ့်၊ ဘာမှလည်းမမှတ်မိပါလား၊ ကုသိုလ်ကောင်းမှုတွေ များများလုပ်ခဲ့ပါစေ၊ လူတွေများ မီးခဲကိုကိုယ်တိုင် ကိုင်ကြည့်မှ ပူမှန်းသိတာမျိုးပါလား၊ လူ့ဘဝတုန်းက ဆရာတော်၊ သံဃာတော်တွေ ဟောကြားခဲ့တဲ့တရား တွေကို လိုက်နာဆောင်ရွက်မှုဆိုတာ သိပ်အလေး မထားခဲ့ပေမယ့် ယခုယမမင်းထံ အစစ်ခံရတော့မှ နောင်တရမိသလိုလို နောက်မှ ရမိတဲ့နောင်တ ဘုရား . . ဘုရား၊

**ယမမင်း** - မောင်မင်းက လူ့ပြည်တုန်းက ကုန်သွယ်ရေးမှာလုပ် ခဲ့တာဟုတ်ရဲ့လား၊

**ကျွန်ုပ်** - မှန်ပါတယ်မင်းကြီးခင်ဗျာ၊

**ယမမင်း** - ပုံမှန်ဆက်ဆံပါ။ ငါ့ကိုမင်းကြီးတွေ ဘာတွေနဲ့ မဖား ပါနဲ့။ ဒါလူ့ပြည်မဟုတ်ဘူး၊ ငရဲပြည်ကွ၊

မင်းတို့လူ့ပြည်တုန်းက ဆရာတော်တွေရဲ့တရားထဲမှာ ထည့်ထည့်ဟောတဲ့ တရားတော်တွေ ထဲကလို "ကိုယ် ပြုသည့်ကံ ပဲ့တင်သံ ကိုယ့်ထံပြန်လိမ့်မည်" ဆိုသလို မင်းရဲ့ကုသိုလ်၊ အကုသိုလ်က မင်းကိုပြန်အကျိုးပေး လိမ့်မယ်၊ နေဦး ငါသေချာအောင်ပြန်စစ်ဦးမယ်။

**ကျွန်ုပ်** - ဟုတ်ကဲ့ပါခင်ဗျာ၊

**ယမမင်း** - မင်းကုန်ဝယ်ဒိုင်မှာနေ့စား၊ နောက်ပြီး ပိုးမွှားကာကွယ် ရေးဌာနမှာ နှစ်များခဲ့တယ်။ ကုန်သွယ်ရေး မူဝါဒ ပြောင်းမှ ပိုးသတ်တဲ့ဘဝကလွတ်တာ၊ ပြီးတော့ ဆန် သိုလှောင်မှူး၊ နောက်ရုံးပေါ်၊ နယ်ဘက်မှာ တစ်ခါ ထမ်းဆောင်၊ အခုရုံးပေါ်မှာ သုတေသနနည်းပညာ ပေးရေး၊

**ကျွန်ုပ်** - ဟ . . စုံလှချည်လား၊ သိလှချည်လား၊ လူ့ပြည်တုန်း ကရုံးမှာရှိတဲ့ ကိုယ်ရေးဖိုင်မှာတောင် ဒီလိုစုံရဲ့လား၊ ဟုတ်ပါတယ်ခင်ဗျာ ဟုတ်ပါတယ်။

**ယမမင်း** - ကုန်ဝယ်ဒိုင်မှာ နေ့စားလုပ်တော့ ကုန်ချိန်မယ်၊ ကတ္တားခိုးမယ်။ ပိုးမွှားကာကွယ်ရေးမှာလုပ်တော့ ပိုး တွေသတ်တယ်၊ သူတစ်ပါးအသက်သတ်တာ။ ဆန်သို လှောင်ရုံမှူးလုပ်တယ်၊ မင်းဆန်ခိုးခဲ့မှာပဲ။ နယ်မှာဆင်း ပြီး လုပ်တုန်းကလည်း လုပ်သားပြည်သူတွေကို မဟုတ်တာပြော၊ လိမ်ခဲ့ဦးမယ်။ သုတေသနနဲ့နည်း ပညာမှာ ဘာမှမသိ ဘာမှမတတ်ဘဲ မသိသူတွေကို မတတ်သူက ဘာသုတေသန လုပ်ပြီး ဘာနည်းပညာ ပေးမလဲ ဒါလဲညာတာပဲ ဒီပြစ်ချက်တွေဆိုရင် မင်းငရဲက မလွတ်နိုင်ပါဘူး။

**ကျွန်ုပ်** - ဘုရား . . ဘုရား ဆရာရန်အောင်မောင်မောင်ရေးတဲ့ "ထောင်တစ်သက်လွတ်ရက်မရှိ" ဆိုတာမျိုးလို ငရဲ မင်းကြီးပြောတဲ့အတိုင်းဆိုရင် ငါ့ဘဝ "ငရဲတစ်သက် လွတ်ရက်မရှိ" ဆိုလိုဖြစ်တော့ မှာပဲ၊ ယမမင်းကြီး ခင်ဗျာ၊ လူ့ပြည်တုန်းက ကျွန်တော်ကောင်းမှုကုသိုလ် တွေလည်း လုပ်ခဲ့ပါသေးတယ်ခင်ဗျာ။

**ယမမင်း** - မင်းတော်တော်လျှာရှည်ပါလား၊ မှတ်တမ်းတွေမှာ အကုန်ပါတယ်။ ကိုရင်ဝတ်တာ ရဟန်းဝတ်တာ နှစ် ကြိမ်၊ ရဟန်းခံတာ၊ ဝါတွင်းဥပုသ်စောင့်တာ၊ ဘုရား ဆီမီးပူဇော်တာ၊ လှူတာ၊ ဒါတွေငါ့မှာ မှတ်တမ်း အကုန်ရှိတယ်။

**ကျွန်ုပ်** - ဒီလိုကုသိုလ်တွေ လုပ်ခဲ့တာဆိုတော့ ကျွန်တော်ငရဲ မကျနိုင်ဘူးပေါ့နော်။

**ယမမင်း** - အောင်မယ် ကိုယ့်အတွက်တော့ တော်တော်သိတယ်။ လိပ်မျိုး ကိုယ့်ဘက်ကိုယ်တော့ အတော်ယက်တတ် တဲ့ကောင် မင်းကြားဖူးတယ်မဟုတ်လား၊ ကုသိုလ် တစ်ပဲ ငရဲတစ်ပိဿာဆိုတာလေ မင်းပြုခဲ့တဲ့ကုသိုလ် နဲ့အကုသိုလ်၊ အကုသိုလ်ကပိုများနေတယ်ကွ။ ဒီတော့ . .

**ကျွန်ုပ်** - နေပါဦးမင်းကြီးရယ်၊ ကျွန်တော်ပြုမူဆောင်ရွက်ခဲ့တဲ့ မင်းကြီးတို့သတ်မှတ်ထားတဲ့ အကုသိုလ် ဆိုတာကို ကျွန်တော်ကိုနည်းနည်းကလေးတော့ ရှင်းပြခွင့်ပြုပါ ခင်ဗျာ၊

**ယမမင်း** - ဒါကဖြစ်ပါတယ်။ ငါတို့ငရဲပြည်မှာ သမာသမတ်ကျ ပါတယ်။ တစ်ဖက်သတ်မဆုံးဖြတ်ပါဘူးကွ။ မင်း ဘက်က ပြန်လည်တင်ပြခွင့်ရှိပါတယ်။ ရှင်းလင်း တာကို အကျိုးအကြောင်းခိုင်လုံအောင်သာ ရှင်းပြ၊

**ကျွန်ုပ်** - တော်ပါပေတယ်မင်းကြီးခင်ဗျာ။ ကျွန်တော်တို့ လူ့ပြည်နဲ့တော့ကွာပါ့ဗျာ။

**ယမမင်း** - ဟေ့ကောင်၊ မောင်မင်းတော်တော့ ငါ့ကိုပုံမှန်ဆက်ဆံ ပါ ကဲရှင်းတော့၊

**ကျွန်ုပ်** - ကုန်ဝယ်ဒိုင်မှာ နေ့စားလုပ်တုန်းက ကတ္တားအလေးခိုး တာ ကောင်းကောင်းမွန်မွန်နားမလည်ပါဘူး။ အထက်ကဒိုင်မှူးခိုင်းတဲ့အတိုင်း လုပ်ခဲ့ရတာပါ။ ပိုးမွှားကာကွယ်ရေးလုပ်တုန်းက ဝယ်ယူထားတဲ့ သီးနှံတွေ ပိုးကျပိုးထိုးရင် နိုင်ငံခြားတင်ပို့၊ နိုင်ငံခြား ငွေရှာဖွေရာမှာ စျေးနှုန်းကောင်းကောင်းမရမှာ စိုးလို့ နိုင်ငံတော်ဝင်ငွေ ကောင်းကောင်းရဖို့ ပိုးတား၊ ပိုးသတ်ရတာဆိုတော့ ကိုယ်ကျိုးမဟုတ်ဘဲ နိုင်ငံ အကျိုးအတွက် ဆောင်ရွက်တာဆိုတော့ အပြစ်မရှိပါ ဘူး။ ဆန်သိုလှောင်ရုံမှာလုပ်တုန်းက ဆန်ခိုးခဲ့တယ် ဆိုရာမှာ ကျွန်တော်ကိုင်ရတဲ့ပစ္စည်းက ကြွက်ငှက် တိရစ္ဆာန်၊ လူသားအားလုံး ကြိုက်နှစ်သက်တဲ့အတွက် အလျော့တွက်လေးကာမိအောင် ယူတဲ့သဘောပါ ဗျာ။ နယ်မှာလုပ်တုန်းက လုပ်သားပြည်သူတွေကို လိမ်ညာပြောတာမဟုတ်ပါဘူး။ နိုင်ငံတော်ရဲ့ လုပ် ထုံး လုပ်နည်း နည်းဥပဒေနဲ့ပတ်သက်လို့ ရှင်းလင်း ပြောကြားခဲ့တာပါ။ ဟုတ်တာတွေပဲပြောခဲ့တာပါ။ ယခုသုတေသနနဲ့နည်းပညာပေးရေးကိစ္စမှာလည်း အတတ်နိုင်ဆုံး ကြိုးစားပြီးဆောင်ရွက်နေပါတယ်။

**ယမမင်း** - ဒီလိုဆိုတော့လည်း မောင်မင်းအဖြေနဲ့ မောင်မင်း တော့ဟုတ်နေတာပါပဲလား။ ဒါပေမယ့်မင်းအဖြေပဲရှိသေး တာ။ ဟုတ်မဟုတ် မှန်မမှန်ဆိုတာ ပြန်လည် တိုက် ဆိုင်စစ်ဆေးပြီး တို့အဖွဲ့ထပ်မံစစ်ဆေးရဦးမယ်။ (အဲဒီ အချိန်မှာ ငရဲသားငယ်တစ်ယောက်ဝင်လာ ခဲ့ပါတယ်။ လက်ထဲမှာလည်း စာရွက်စာတမ်းဖိုင်တွဲတွေနဲ့ပါ။ တစ်ဆက်တည်းမှာပဲ မင်းကြီးခင်ဗျာ . . ကျွန်တော် တို့တစ်တွေ လူမှားနေတယ် ထင်ပါတယ်။) မင်းတို့ ပြောတော့ မြင့်ဦးဆိုကွ။ ငါကလည်း မင်းတို့ ပြောတဲ့ အတိုင်း သူ့မှတ်တမ်းကြည့်ပြီး စစ်ဆေးနေတာပေါ့။

**ငရဲသားငယ်** - မှန်ပါတယ်မင်းကြီး၊ မြင့်ဦးဆိုပေမဲ့ ဒီမြင့်ဦးမဟုတ်ပါ ဘူး။ လူ့ပြည်မှာ မြင့်ဦးတွေကများတော့ လူချင်းလွဲ သွားတဲ့သဘောပါ။ ကျွန်တော်မျိုးသေသေချာချာပြန် စစ်တော့ လွဲနေတာကိုသိလို့ အချိန်မီသတင်းလာပို့ တာပါ။

➲စာမျက်နှာ ၁၇ သို့

## သုံးစွဲရန် မသင့်သောအလှကုန်ပစ္စည်းစာရင်းအား ကျန်းမာရေးဝန်ကြီးဌာနက အများပြည်သူ သိရှိရန်ကြေညာ

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကိုသာ အများပြည်သူများ သုံးစွဲနိုင်ရန် စနစ်တကျကွပ်ကဲလျက်ရှိပါတယ်။

ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက ပြည်တွင်း ဈေးကွက်တွင်ရောင်းချလျက်ရှိတဲ့ အလှကုန်ပစ္စည်းများကို တိုင်းဒေသကြီး ပြည်နယ်များရှိဈေးများမှ ဝယ်ယူ စစ်ဆေး ခဲ့ရာမှာ အလှကုန်ခြောက်မျိုးဟာ အစားအသောက်နဲ့ဆေးဝါးကွပ်ကဲရေးဌာနမှာ မှတ်ပုံတင်ထားခြင်းမရှိတဲ့ အပြင်ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေတဲ့ တားမြစ်ဓာတုပစ္စည်းများပါဝင်နေတာကို စစ်ဆေးတွေ့ရှိ ခဲ့ရကြောင်းနဲ့သုံးစွဲရန်မသင့်ကြောင်း အများပြည်သူသိရှိရန်အသိပေးကြေညာထားပါတယ်-

| | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့် နိုင်ငံ | တွေ့ရှိချက် |
|---|---|---|---|
| (1) | 3 Days-Brighten & Rewhiten Cream(3 gm) | Thailand | Hydroquinone(+) |
| (2) | PW Banishing Cream (3 gm) | Japan | Hydroquinone(+) |
| (3) | Lay Now-Whitening Night Cream (6gm) | Thailand | Hydroquinone(+) |
| (4) | Polla Anti-Melasma Cream (5gm) | Thailand | Hydroquinone(+) |
| (5) | Baschi Day Cream (15 ml,5 ml) | China | Retinoic Acid(+) |

ဖော်ပြပါ အလှကုန်ပစ္စည်းများကို အများပြည်သူလူထုအနေနဲ့ သုံးစွဲခြင်းမပြုကြရန်နဲ့ တင်သွင်း ဖြန့်ဖြူးရောင်းချမှုကို တွေ့ရှိပါကလည်း ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတိပေးကြေညာထားပါတယ်။

**ပန်**

## မကွေးမြို့တွင် ဝန်ထမ်းအငှားအိမ်ရာများ ၂၀၁၅ မတ်လအတွင်းပြီးစီးမည်



မကွေးတိုင်းဒေသကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ဘတ်ဂျက်ဖြင့် ဝန်ထမ်းအိမ်ရာများကို မကွေးမြို့ပြည်တော်သာလမ်းနှင့် ရွာသစ် ၁၉ လမ်းထောင့်၌ ၂၀၁၄ ခုနှစ် အောက်တိုဘာအတွင်းက စတင်ဆောက်လုပ်ခဲ့ရာ ၂၀၁၅ ခုနှစ် မတ်လအတွင်း ပြီးစီးတော့မည်ဖြစ်ကြောင်း မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဌာန တိုင်းဦးစီးမှူး ဒေါ်မြင့်မြင့်အေးထံမှ သိရသည်။

"မကွေးမြို့မှာ တာဝန်ထမ်းဆောင်နေတဲ့ ဌာနပေါင်းစုံဝန်ထမ်းများအတွက် ဝန်ထမ်းအငှားအိမ်ရာပေါ့။ အိမ်လခ ပေးပြီးနေရမယ်။ ဈေးချိုတယ်။ အိမ်လခက အမှုထမ်းဆို မူရင်းလစာရဲ့ သုံးရာခိုင်နှုန်း၊ အရာထမ်းဆိုရင် မူရင်းလစာရဲ့ ငါးရာခိုင်နှုန်းပေးရမယ်။ အမှုထမ်းဆိုတာက ရုံးအကူကနေ ရုံးအုပ်ကြီးအထိပေါ့။ အရာထမ်းဆိုတာက ဦးစီးအရာရှိနဲ့ သူ့အထက်ပေါ့။ စပေါ်ပေးရမယ်။ သူပေးရမယ့်အိမ်လခရဲ့ သုံးဆစပေါ်တင်ရမယ်။ အိမ်လခက အနိမ့်ဆုံး ၂၀၀၀ိ/-လောက်ရှိမယ်ဆိုရင် စပေါ်က ၆၀၀၀ိ/-ပေါ့၊ ဦးစီးအရာရှိဆိုရင် အိမ်လခက ၇၀၀၀ိ/-ဆိုရင် သုံးဆဆိုတော့ ၂၁၀၀၀ိ/- တင်ရမှာပေါ့" ဟုပြောသည်။

အဆိုပါဝန်ထမ်းအိမ်ရာသည် မကွေးမြို့ ပြည်တော်သာလမ်းနှင့် ရွာသစ် ၁၉ လမ်းထောင့်ရှိ ဆောက်လုပ်ရေးဝန်ကြီးပိုင်မြေဧရိယာ ၂၅၀ ပေ × ၄၀၀ ပေပေါ်၌ ၄ ခန်းတွဲ သုံးထပ် ၃ လုံးနှင့် ၆ ခန်းတွဲ သုံးထပ် ၂ လုံးစုစုပေါင်း အဆောက်အဦ ၅ လုံး အခန်း ၇၂ ခန်း ပါဝင်ကြောင်း သိရသည်။ ၎င်း အိမ်ရာထဲတွင် ကိုယ်ပိုင်ထရန်စဖော်မာ ၁ လုံး၊ အဝီစိတွင်း ၁ တွင်း၊ မြေအောက်ခန်းရေသိုလှောင်ရုံများ ပါဝင်သည်။

'အိမ်ခန်းတွေနေရာချထားပေးဖို့ အိမ်ရာကော်မတီဆိုတာ ဖွဲ့ထားပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း စည်ပင်သာယာရေးအဖွဲ့ မြို့နယ်/ခရိုင်/ထွေအုပ် တို့ပါဝင်ပြီး အဲဒီအဖွဲ့ကစိစစ်မှာပေါ့။ လောလောဆယ်ကျွန်မတို့က ဘယ်လို လုပ်မလဲဆိုရင် ဝန်ထမ်းတစ်ဦးချင်း မပေးတော့ဘူး။ ဌာနအလိုက်ပေးတော့မယ်။ ဌာနဆိုင်ရာအကြီးအကဲက နေရေးထိုင်ရေးခက်ခဲတဲ့ သူ့ဝန်ထမ်းထဲကသင့် တော်သူကို ရွေးပေးပေါ့။ အဲဒီဝန်ထမ်း ပြောင်းရွှေ့သွားရင် အခန်းပြန်အပ်ရမယ်။ ပင်စင်သွားရင် ဆက်နေခွင့်မရှိဘူး။ အခန်းပြန်အပ်ရမယ်။ ပင်စင်စား တွေမပါဘူး။ လက်ရှိဝန်ထမ်းပဲနေခွင့်ရှိတယ်။ ဆက်ပြောချင်တာက ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်မြေတွေ ဒီဝင်းကြီးထဲမှာ ကျန်ပါသေးတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ဘတ်ဂျက်ကျဖို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုတင်ထားပါတယ်။ ဘတ်ဂျက်ကျရင် ဝန်ထမ်းအငှားအိမ်ရာ ၄ ခန်းတွဲလေးထပ် ၃ လုံးဆောက်ဖို့ ပြင်ဆင်ထားပါတယ်" လို့ ဟုပြောပါသည်။

**နေလင်းသူရိန်**

## မှိုစိုက်သူများအချိန်တိုအတွင်း ငွေလုံးငွေခဲရရှိပြီး အဆင်ပြေလျက်ရှိ



မကွေးမြို့ အောင်မေတ္တာရပ်ကွက် သစ်တောလမ်းနှင့် မြင်းကင်းလမ်းထောင့်တွင် စိုက်ပျိုးရေးတက္ကသိုလ်ကျောင်းဆင်းတစ်ဦးဖြစ်သူ ဦးတင်ဝမ်းမှ မဟာနန္ဒာကောက်ရိုးမှိုမျိုးစေ့များ ဖြန့်ဖြူးခြင်းနှင့် မှိုစိုက်သူများအား နည်းပညာများလည်းပေးလျက်ရှိကြောင်း သိရသည်။ မဟာနန္ဒာကောက်ရိုးမှို၏ ထူးခြားချက်မှာ ရာသီဥတုဒဏ်ခံနိုင်ခြင်း၊ အကြမ်းခံနိုင်ခြင်းကြောင့် တောင်တွင်းကြီး၊ နတ်မောက်၊ ရေနံချောင်း၊ ကျောက်ပန်းတောင်း၊ ပုပ္ပား၊ ညောင်ဦး၊ ချောက်၊ ဆင်ဖြူကျွန်း၊ ဆိပ်ဖြူ၊ စလင်း၊ ပွင့်ဖြူ၊ စကု၊ မင်းဘူး၊ ငဖဲ၊ ပဒါန်း၊ မင်းလှ၊ မလွန်ဒေသများတွင် အစိုက်များကြပြီး မကွေးမြို့ပေါ်တွင် မှိုစိုက် သား ၃၀ ဦးခန့်ရှိ ကြောင်းသိရသည်။

"မှိုကိုဘောင်လုပ်ပြီးစိုက်ကြ တယ်။ အလျား ၇ တောင်၊ အနံ ၃ တောင်အတွင်း ဘေးမြောင်းပတ်တူးရ တယ်။ ဘောင်တစ်ဘောင်အတွက် လိုအပ်တဲ့ ပစ္စည်းတွေကတော့ ခြဆေးနှစ်ထုပ်၊ အားဆေးလေးတွဲမျိုးက ၅ ထုပ်၊ ပလပ်စတစ်တစ်စလိုတာပေါ့။ ပထမဆုံး အလျား ၇ တောင်၊ အနံ ၃ တောင်ရှိတဲ့ ဘောင်ပေါ်ကို ခြဆေးနှစ်ထုပ်ကို အောက်ဆုံးကဖြူးလိုက်တယ်။ နွားချေးက ၇ တင်းခင်းတယ်။ ဒီနယ်မှာက ကောက်ရိုးနဲ့ ဗေဒါရှားလို့ နွားချေးကို သုံးရတယ်။ နွားချေးပေါ်ကို ရေလောင်းပေးရတယ်။

နောက်ဂျပ်စက္ကူအချိန် ၁၀ ပိဿာကို ရေဆေးပြီး လက်ဝါး အရွယ်လောက်ဖြဲပြီး နွားချေးပေါ်မှာ ခင်း၊ အဲဒီအပေါ်မှာ အားဆေးနှစ်တွဲလောင်း၊ အဲဒီအပေါ်မှာ မျိုးကြဲ၊ နောက်အပေါ်ကနေ နွားချေးသုံးတင်း ပြန်အုပ်၊ နွေရာသီဆိုရင် ရေပိုလောင်းပေးရတယ်။ ရေကခုနစ်ပုံးလောက် လောင်းတယ်။ ပြီးတော့ အားဆေး တစ်တွဲ ရေတစ်ပုံးနဲ့ နှစ်တွဲ ရေနှစ်ပုံး လောင်းလိုက်တယ်။ ပြီးရင် ဒီဘောင်ပေါ်မှာ အမိုးကိုင်းလုပ်ရတယ်။ နွားလှည်းပေါင်းမိုးပုံစံပေါ့။ အမိုးကိုင်းအမြင့်က တစ်တောင်အမြင့်ပေါ့။

ပျိုးပြီးတာနဲ့ ထိပ်တစ်ဖက်ကို လှပ်ပြီးသက်ကယ်ကာပေးထားရတယ်။ ပြီးတာနဲ့ တစ်နေ့ရေနှစ်ကြိမ်လောင်း၊ နွေ ဆိုရင် ငါးကြိမ်၊ ခြောက်ကြိမ်လောက်လောင်းရတယ်။ အမိုးကိုင်းပေါ် ပလပ်စတစ်အုပ်ပြီးရင် အပေါ်က ဖျာကြမ်းထပ်အုပ်၊ အဲဒီလို အုပ်ပြီးတဲ့အခါ အပေါ်ကနေ တစ်နေ့ရေ နှစ်ကြိမ်က ငါးကြိမ်လောက်အထိလောင်း ပေး၊ ၁၁ ရက် လောက်ရှိရင် မှိုကို ပထမအကြိမ်ခူးလို့ ရပြီ။

တစ်ဘောင်ကို မှိုအချိန် ၁၂ ပိဿာကနေ ၁၅ ပိဿာအထိထွက်တယ်။ ဈေးကွက်မှာ ဖောက်သည်ဈေး မှိုတစ်ပိဿာ ၃၀၀၀ိ/-မှ ၃၅၀၀ိ/- ကျပ်ဈေးရှိတယ်။ လက်လီဈေး ၄၀၀၀ိ/-ထိရှိ တယ်။ ကုန်ကျစရိတ်က မှိုတစ်ပေါင်စိုက်လျှင် ပထမဆုံးအကြိမ် ၁၁၀၀၀ိ/-ခန့်ပဲ ကုန်တယ်။ အဲဒီပေါင် ကို ဒုတိယအကြိမ်စိုက်လျှင် ၇၀၀၀ိ/- ၈၀၀၀ိ/-ပဲကုန်တော့ တယ်။ မှိုတစ်ပေါင်ကို ၁၀၀၀၀ိ/- ၁၅၀၀၀ိ/- အထိ အမြတ်ကျန်တယ်။ တစ်နေ့ တစ်ပေါင်ပျိုးလျှင် တစ်လဆိုရင် ပေါင် ၃၀၊ နောက်ဆုံးပျိုးတဲ့ပေါင်က ဟိုဘက်လထဲ ၁၅ ရက်ပါသွားတယ်။ ၄၅ ရက်ဆိုရင် သေချာပေါက် ၃ သိန်းကတော့ဝင်ပြီ။ ခု မှိုစိုက် တဲ့လူတွေက တစ်နေ့ကို လေးငါးပေါင်အထိ ပျိုးနေတာဆိုတော့ လနဲ့ တွက်ရင် ၅ သိန်းလောက် အေးဆေးကျန်တယ်။ မှိုစိုက်တာဟာ အချိန်တိုအတွင်း ငွေအလုံး အခဲရတဲ့အလုပ်ပါ" ဟုပြောပြသည်။

"အထူးသတိထားဖို့က ပျိုးပြီးသားဘောင်ပေါ်မှာ ထပ်ခါတလဲလဲပျိုးရင် နောက်ပိုင်းမှာ အထွက်ကျသွားတယ်။ ပျိုးထုပ်ထဲမှာ ဗက်တီးရီးယားပါတယ်လေ။ ပျိုးတဲ့အခါ ပျိုးဘောင်ပေါ်မှာ မမြင်နိုင်တဲ့ ဗက်တီးရီးယားတွေကျန်ခဲ့ တယ်။ အဲဒီဘောင်ကို မြေမသန့်ဘဲပြန် ပျိုးရင် ဗက်တီးရီးယားတွေဝင်ကုန်တယ်။ အသွင်သဏ္ဌာန်ကော အရောင်အသွေး ရောမလှတော့ဘူး။ ဒါကြောင့်တစ်နေ ရာမှာ သုံးကြိမ်လောက်ပျိုးပြီးရင် အဲဒီ နေရာကို လှပ်ထားလိုက်၊ နောက်တစ် နေရာကိုပြောင်းသုံးကြိမ်လောက်ပျိုးပြီး ရင် အဲဒီနေရာကိုပြန်ပျိုး၊ မြေပြင်တယ်ဆိုတာ ဘောင်ပေါ်မီးတိုက်ပြီးရင် ရေဖျန်းပေးဖို့ မှိုစိုက်သူတွေကို ပြောချင်ပါတယ်" ဟု သူက ထပ်ပြောသည်။

မှိုစိုက်သူတိုင်းနည်းပညာနှင့် ပတ်သက်၍လည်းကောင်း၊ မဟာနန္ဒာကောက်ရိုးမှိုမျိုးနှင့်ပတ်သက်၍ ဆက်သွယ်စုံစမ်းလိုပါက ဦးတင်ဝမ်း (ဖုန်း- ၀၉၂၅၆၃၁၇၇၃၄) သို့ဆက်သွယ်မေး မြန်းနိုင်ကြောင်း သိရသည်။

**နေလင်းသူရိန်**

Commodity Exchange News
Vol: 15, No.9 Monday March 2 2015

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂-၃-၂၀၁၅)

ခင်မောင်မောင်အုန်း

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနှင့် ပဲစင်းငုံနီ အိန္ဒိယအဝယ်လျော့လို့ ဈေးပြန်ဆင်းလာ

ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲ (RC) ကို အိန္ဒိယဝယ်လက်က ဈေးလျော့အဝယ်ရှိသလို ဝယ်လိုအားပါကျဆင်းသွားတာကြောင့် ယခင်တစ်ပတ်ဖြင့် နှိုင်းယှဉ်ပါက ဈေးကျလာပြီး တစ်တန်ကို ၈၄၉၀၀၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ (RC) အနေဖြင့် အိန္ဒိယဝယ်လက်က ဝယ်လိုအား ကျဆင်းသွားသလို ရောင်းသူကုန်သည်များကလည်း ကျဈေးမှာ အရောင်းနည်းခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်တန်ကို ၈၉၇၀၀၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။



## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီကို ရန်ကုန်အဝယ်ပါးလို့ ဈေးကျ၊ ကုလားပဲအုပ်စု ပုံမှန်အရောင်းအဝယ်ဖြစ်

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ်ပဲစင်းငုံနီ(သစ်)က ဈေးကွက်သို့ ပုံမှန်အဝင်ရှိပေမယ့် ရန်ကုန်ဝယ်လက်အဝယ်လျော့သွားတာကြောင့် ယခင်တစ်ပတ်ဖြင့် နှိုင်းယှဉ်ပါက ဈေးကျလာပြီး တစ်ပိဿာကို ၁၄၁၀ ကျပ်(တစ်တန်ကို ၈၆၃၄၈၉ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှု နည်းခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ (ထိုင်ဝမ်)ကို မြို့ခံပဲခွဲစက်တွေနှင့် ကြာဇံစက်များက ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၈၉၄ ကျပ် (တစ်တန်ကို ၅၄၇၄၇၆ ကျပ်)၊ ကုလားပဲ(ထိုင်ဝမ်) တစ်ပိဿာ ၈၄၂ ကျပ်(တစ်တန်ကို ၅၁၅၆၃၂ ကျပ်)ဈေးဖြင့် နှစ်မျိုးပေါင်း တစ်ရက်ကို အိတ် ၃၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မူဆယ်ဈေးကွက်မှာ ပြောင်းအဝင်နည်း အရောင်းအဝယ်အေး

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းဝင်ရောက်မှုက တစ်ပတ်အတွင်း တန်ချိန် ၉၀၀၀ ခန့်ဝင်ရောက်ခဲ့လို့ အဝင်နည်းခဲ့ပါတယ်။ တရုတ်နှစ်သစ်ကူးပွဲတော်ကြောင့် ပြောင်းအရောင်းအဝယ် ပြုလုပ်လိုသော ကုန်သည်ကြီးများက တရုတ်ဘက်ပြန်သွားတာကြောင့် ဈေးကွက်မှာ ပြောင်းဈေးမဖွင့်သလို အရောင်းအဝယ်လည်း မရှိကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## မုံရွာဈေးကွက်မှာ ပဲစင်းငုံနီ ဝယ်လိုအားနည်း၊ ကုလားပဲဖြူလုံးကြီး(သစ်) ဈေးကွက်စဝင်

မုံရွာဈေးကွက်မှာ ဒီတစ်ပတ်ပဲစင်းငုံနီ(သစ်)တွေ ဈေးကွက်ထဲ ဆက်တိုက်ဝင်ရောက်မှုတွေရှိနေပေမယ့် ရန်ကုန်ဝယ်လက်က အဝယ်ပါးသွားတာကြောင့် ဈေးကျလာပြီး တစ်ပိဿာကို ၁၄၁၀ ကျပ် (တစ်တန်ကို ၈၆၃၄၆၉ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၁၅၀၀ မှ ၂၀၀၀ ကြားသာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီး(သစ်)တွေ ဈေးကွက်ထဲ စတင်ဝင်ရောက်လာပြီး တစ်ပိဿာကို ၈၉၅ ကျပ် (တစ်တန်ကို ၅၄၈၀၈၉ ကျပ်)ဈေးဖြင့် ဈေးဖွင့်အရောင်းရှိခဲ့ပေမယ့် ဒေသတွင်းပဲခွဲစက်တွေ ဝယ်လိုအားနည်း နေကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## မန္တလေးဈေးကွက်မှာ မတ်ပဲနှင့် ပဲစင်းငုံနီ အရောင်းအဝယ်ပါးလာ၊ ကုလားပဲဖြူလုံးကြီးကို ခွဲစက်တွေ ပုံမှန်အဝယ်ရှိ

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲကို မြို့ခံပဲခွဲစက်တွေရဲ့ ဝယ်လိုအားကပုံမှန်ထက်စာရင် လျော့သွားတာကြောင့် ဈေးအနည်းငယ်ကျလာကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၃၁၇ ကျပ် (တစ်တန်ကို ၈၀၆၅၁၇ ကျပ်) ဈေးဖြင့် တစ်ရက် ကိုအိတ် ၄၀၀ ခန့်သာဖြစ်ခဲ့ကြောင်းသိရပါတယ်။ ပဲစင်းငုံနီက ယခင်တစ်ပတ်က ရန်ကုန်ဝယ်လက်အဆွဲသွက်လို့ ဈေးကောင်းရခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ ရန်ကုန်အဆွဲ ပြန်အေးသွားလို့ ဈေးကျလာပြီး တစ်ပိဿာကို ၁၄၁၇ ကျပ် (တစ်တန်ကို ၈၆၇၇၅၆ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှု နည်းခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ကုလားပဲဖြူလုံးကြီးကိုတော့ မြို့ခံပဲခွဲစက်နှင့် ကြာဇံစက်များက တစ်ပိဿာ ၅၇၃ ကျပ် (တစ်တန်ကို ၅၃၄၆၁၆ ကျပ်)ဈေးဖြင့် တစ်ရက်ကိုအိတ် ၅၀၀ ခန့် ပုံမှန်အဝယ်ရှိခဲ့ကြောင်းသိရပါတယ်။

## လားရှိုးဈေးကွက်မှာ တရုတ်နှစ်သစ်ကူးကြောင့် ပြောင်းအရောင်းအဝယ်ပါး

လားရှိုးဈေးကွက်မှာ တရုတ်နှစ်သစ် ကူးပွဲတော်ကြောင့် ပြောင်းအရောင်းအဝယ်လုပ်နေတဲ့ ကုန်သည် များ ဈေးကွက်သို့ လာရောက်ခြင်းမရှိသလို ပြောင်းဈေးလည်း ဈေးဖွင့် အရောင်းမရှိခဲ့ကြောင်း ဒေသခံပြောင်းကုန်သည်များက ဆိုပါတယ်။

## ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးကျ၊ ပဲပုပ် ပုံမှန်အရောင်းအဝယ်ဖြစ်

ဟသ်ာတဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ(သစ်)တွေ နယ်စုံမှ ပုံမှန်ဝင်ရောက်နေပေမယ့် ပို့ကုန်အတွက်အဓိက ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဈေးချအဝယ်ရှိသလို ဝယ်လိုအားပါလျော့သွားတာကြောင့် ဈေးကျလာပြီး တစ်ပိဿာကို ၁၃၄၀ ကျပ် (တစ်တန်ကို ၈၂၀၆၀၂ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒေသထွက်ပဲပုပ်(သစ်)တွေကိုတော့ ရန်ကုန်ဝယ်လက် ဝယ်လိုအား ပုံမှန်ရှိတာကြောင့် တစ်ပိဿာကို ၇၃၀ ကျပ် (တစ်တန်ကို ၄၄၇၀၄၄ ကျပ်)ဈေးဖြင့် တစ်ရက်ကိုအိတ် ၄၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။



## တောင်ကြီးဈေးကွက်မှာ ပြောင်းကို ရန်ကုန်-မန္တလေး ပုံမှန်အဝယ်ရှိ

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းကို ရန်ကုန်-မန္တလေးဝယ်လက်အပြင် ဒေသတွင်းအစာစပ်လုပ်ငန်းရှင်များကပါ အဝယ်ဆုံလို့ တစ်ပိဿာကို ၃၅၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၉ သိန်းကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဒေသခံ ပြောင်းကုန်သည်တစ်ဦးက ဆိုပါတယ်။

## ပြည်ဈေးကွက်မှာ ပဲစင်းငုံနီကို ရန်ကုန်အဝယ်ပါးလာ

ပြည်ဈေးကွက်မှာ ဒီတစ်ပတ်ပဲစင်းငုံနီ(သစ်)တွေ ဆက်တိုက်ဝင်ရောက်မှုရှိပေမယ့် ပို့ကုန်အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားလျော့သွားတာကြောင့် ယခင်တစ်ပတ်ဖြင့် နှိုင်းယှဉ်ပါက ဈေးကျလာပြီး တစ်ပိဿာ ၁၄၀၀ ကျပ် (တစ်တန်ကို ၈၅၇၃၄၆ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၅၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ(ထိုင်ဝမ်)ကိုတော့ မြို့ခံ ပဲခွဲစက်တွေက ဝယ်လိုအား ပုံမှန်ရှိခဲ့သလို ရောင်းသူကုန်သည်တွေ ကလည်း အဆိုပါဈေးဖြင့် အရောင်းပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၈၄၀ ကျပ် (တစ်တန်ကို ၅၁၄၄၀၇ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၂၅၀ ခန့် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ရေစကြိုဈေးကွက်မှာ ပြောင်းကို ရန်ကုန်ဝယ်အားပုံမှန်ရှိနေ

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းသီးနှံကို ရန်ကုန်ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိခဲ့ပြီး တစ်ပိဿာကို ၃၅၀ ကျပ်ဈေးဖြင့် တစ်ရက်ကို အိတ် ၈၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။



## မကွေးဈေးကွက်မှာ ပဲစင်းငုံနီနှင့် ကုလားပဲ ပုံမှန်အရောင်းအဝယ်ဖြစ်

မကွေးဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီကို Export အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားပါးသွားတာကြောင့် ဈေးကျလာပြီး တစ်ပိဿာကို ၁၄၁၀ ကျပ် (တစ်တန်ကို ၈၆၃၄၆၉ ကျပ်)ဈေးဖြင့် တစ်ရက်ကိုအိတ် ၃၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ (ထိုင်ဝမ်)ကိုတော့ ပဲခွဲစက်များက တစ်ပိဿာ ၈၄၇ ကျပ် (တစ်တန်ကို ၅၁၈၆၉၄ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီကို ရန်ကုန်အဝယ်လျော့

အောင်လံဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီအနေဖြင့် နယ်စုံမှ ပုံမှန်အဝင်ရှိပေမယ့် ပို့ကုန်အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဈေးလျော့အဝယ်ရှိသလို ဝယ်လိုအားပါနည်းသွားတာကြောင့် ယခင်တစ်ပတ်ဖြင့် နှိုင်းယှဉ်ပါက ဈေးအနည်းငယ်ကျလာပြီး တစ်ပိဿာကို ၁၄၁၅ ကျပ် (တစ်တန်ကို ၈၆၆၅၃၁ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ သိပ္ပံနှမ်းကို မန္တလေးဝယ်လက်ဝယ်လိုအားပုံမှန်ရှိပေမယ့် ဈေးကတန့်နေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၄၃၃၃ ကျပ် ဈေးဖြင့် တစ်ရက်ကိုအိတ် ၁၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

# ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုးအဖြစ် အောင်မြင်မှုရလာတဲ့ မုံရွေး၊ ကြေးမုံရွာက ဂွမ်းစောင်လုပ်ငန်း

မုံရွေးနဲ့ ကြေးမုံကျေးရွာတွေဟာ မုံရွာမြို့နယ်ရဲ့ လက်မှုပညာအထွန်းကားဆုံးဒေသများဖြစ်သလိုကြေးမီးပူ၊ ကပ်ကြေး၊ နွားအလှဆင်ပစ္စည်း၊ ရက်ကန်းစတဲ့ ဒေသထုတ်ကုန်တွေ ထုတ်လုပ်နိုင်ပြီး အထူးသဖြင့် လွန်ခဲ့တဲ့ ၁၅ နှစ်၊ အနှစ် ၂၀ ခန့်မှစကာ ဂွမ်းကပ်စောင်လုပ်ငန်း ကို ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုးအဖြစ် တွင်ကျယ်စွာထုတ်လုပ်ခဲ့တာ တွေ့ရပါတယ်။



ဂွမ်းကပ်စောင်လုပ်ငန်းကို လက်ကားထုတ်လုပ်တဲ့ လုပ်ငန်းရှင်အနေနဲ့ မုံရွေးကျေးရွာမှာ ၂၂ ဦးနဲ့ ကြေးမုံကျေးရွာမှာ ၁၂ ဦး၊ စုစုပေါင်း ၃၄ ဦးရှိပြီး အလုပ်အကိုင်ပေးနိုင်မှု ဦးရေအနေနဲ့ ရာသီချိန်မှာ ၇၀၀ ကနေ ၁၂၀၀ အထိရှိတယ်လို့ သိရပါတယ်။ ဂွမ်းကပ်စောင်တစ်ထည်ဖြစ်ဖို့ အထောက်အကူပြုလုပ်ငန်းဆောင်ရွက်သူ ၈ ဦးအထိရှိပြီး၊ အဝတ်ဖြတ်စရွေးသူ၊ အဝတ်စခုတ်သူ၊ ဂွမ်းဖတ်သူ၊ စောင်စဖြတ်သူ၊ စောင်အပါးချုပ်သူ၊ စောင်ထည့်သူ၊ စောင်အထူချုပ်သူ၊ စောင်ဘေထုပ်ထုတ်သူရယ်လို့ အသီးသီးလုပ်ဆောင်ရတယ်လို့ ဆိုပါတယ်။

ဂွမ်းကပ်စောင်အတွက် အဓိကကုန်ကြမ်းတစ်မျိုးဖြစ်တဲ့ အဝတ်စဖြတ်စများကို ရန်ကုန်အထည်ချုပ်စက်ရုံများမှ တင်ဒါခေါ်ယူရောင်းချတဲ့အခါ တင်ဒါအောင်မြင်သူထံမှ ပွဲစားကတစ်ဆင့် ဝယ်ယူကြရပြီး အဝတ်စ တစ်ပိဿာကို ၁၆၀ ကျပ်မှ ၁၉၀ ကျပ်ထိ ပေးရပါတယ်။ ဂွမ်းကပ်စောင် အပေါ်အုပ်စ (ကတ္တီပါစ၊ ချည်သားစ)များကိုတော့ မန္တလေးမြို့ရှိ အထည်အလိပ်အရောင်းဆိုင်များမှ ဝယ်ယူရပြီး- ကတ္တီပါ (တစ်ကွက်စ) တစ်ထည်စာအတွက် ၃၃၀၀ ကျပ်နှုန်း၊ ကတ္တီပါ (ပွင့်စုံ) တစ်ထည်စာအတွက် ၂၉၂၅ ကျပ်နှုန်း၊ ကတ္တီပါ (ပွင့်ကျဲ) တစ်ထည်စာအတွက် ၂၂၅၀ ကျပ်နှုန်း၊ ချည်သား (ကိုရီးယားစ) တစ်ထည်စာအတွက် ၂၀၈၀ ကျပ်နဲ့ ချည်သား(စီကေ)တစ်ထည်စာအတွက် ၁၃၂၀ ကျပ် အသီးသီးဝယ်ယူရရှိနိုင်တယ်လို့ ဆိုပါတယ်။ အထည်ချုပ်ဖို့ ကုန်ကြမ်း တစ်မျိုးဖြစ်တဲ့ အပ်ချည်ကိုတော့ မုံရွာ မြို့ရှိအပ်ချုပ်ပစ္စည်းအရောင်းဆိုင်များမှ တရုတ်နိုင်ငံလုပ် အပ်ချည်လုံးများကို အသုံးပြုရပြီး ၅၀၀၀ မီတာပါ အပ်ချည် လုံးတစ်လုံးကို ၉၂၀ ကျပ်ပေးရတယ်လို့ လုပ်ငန်းရှင်များကဆိုပါတယ်။

ကုန်ချောထုတ်လုပ်မှုအားကောင်းတဲ့ လုပ်ငန်းရှင်တစ်ဦးအတွက် ဂွမ်းကပ်စောင်အစမှ အဆုံးထိ ထုတ်လုပ်ဖို့ အနည်းဆုံးလုပ်သား ၅၀ ဦးမှ အများဆုံး ၈၀ ဦးထိ လိုအပ်ပြီး၊ လုပ်အားခအနေနဲ့ တစ်ဦးကို အနိမ့်ဆုံး ၂၀၀၀ ကျပ်မှ အများဆုံး ၁၀၀၀၀ ကျပ်အထိ ရရှိနိုင်တယ်လို့ ဆိုပါတယ်။ မုံရွေး၊ ကြေးမုံရွာများမှ ထုတ်လုပ်တဲ့ ဂွမ်းကပ်စောင်များကို အမျိုးအစားအလိုက် ဈေးနှုန်းသတ်မှတ်ရောင်းချလျက်ရှိရာ ကတ္တီပါ (တစ်ကွက်စ) တစ်ထည် ၅၂၀၀ ကျပ်၊ ကတ္တီပါ(ပွင့်စုံ) တစ်ထည် ၄၅၀၀ ကျပ်၊ ကတ္တီပါ (ပွင့်ကျဲ) တစ်ထည် ၃၅၀၀ ကျပ်၊ ချည်သား (ကိုရီးယား) တစ်ထည် ၄၀၀၀ ကျပ်နဲ့ ချည်သား (စီကေ) တစ်ထည် ၂၇၀၀ ကျပ်အသီးသီးနဲ့ လက်ကား ဖြန့်ချိလျက်ရှိတယ်လို့ ဆိုပါတယ်။

အဆိုပါ ဂွမ်းကပ်စောင်များကို ပြည်တွင်းဈေးကွက်အနေနဲ့ မုံရွာ၊ မန္တလေး၊ ရန်ကုန်၊ တောင်ငူနဲ့ မြန်မာပြည် အောက်ပိုင်းရှိဒေသများ၊ ချင်း၊ ကချင်ပြည်နယ်တို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်နယ်စပ် မိုရေးမှတစ်ဆင့် အိန္ဒိယဈေးကွက်သို့လည်းကောင်း၊ ရခိုင်ပြည်နယ်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့လည်းကောင်း ဖြန့်ချိတင်ပို့လျက်ရှိတယ်လို့ သိရပါတယ်။ ဒေသရဲ့ အသေးစားကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုးအဖြစ် ဒေသခံပြည်သူတွေကို အလုပ်အကိုင်နဲ့ ဝင်ငွေဖွံ့ဖြိုးတိုးတက်စေပေမဲ့ လျှပ်စစ်ဓါတ်အားမလုံလောက်ခြင်း၊ ကုန်ကြမ်းဝယ်ယူမှုခက်ခဲကြန့်ကြာခြင်း၊ ကုန်ကြမ်းကိုလက်ငင်းငွေချေဝယ်ယူရပြီး ကုန်ချောကို အကြွေးစနစ်ဖြင့် ရောင်းချရခြင်း အခက်အခဲများရှိတယ်လို့ဒေသခံလုပ်ငန်းရှင်တွေက ဆိုပါတယ်။

**ထွန်းလှိုင် -မုံရွာ**

■

## Hong Kong Jewellery & Gem Fair ပြပွဲတွင် မြန်မာကုမ္ပဏီဝင်ရောက်ပြသမည်

Hong Kong Jewellery & Gem Fair ပြပွဲကို ၂၀၁၅ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့မှ ၂၂ ရက်နေ့အထိ ဟောင်ကောင်တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ အဆိုပါ ပြပွဲသို့ အရှေ့တိုင်းပုလဲကုမ္ပဏီလီမိတက် (Orient Pearl Co., Ltd) မှ မြန်မာ့ ပုလဲများအားသွားရောက် ပြသရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**ဥမ္မာကြူ (IT)**

## MYANMAR FOOD BEV 2015 & MYANMAR HORECA 2015 ပြပွဲကို မတ် ၁၂ ရက်တွင် စတင်မည်

ရန်ကုန်မြို့၊ ရှင်စောပုလမ်းရှိ၊ Myanmar Event Park (MEP) ခန်းမတွင် ၂၀၁၅ ခုနှစ်၊ မတ်လ ၁၂ မှ ၁၄ ရက်နေ့အထိ MYANMAR FOOD-BEV 2015 & MYANMAR HORECA 2015 ပြပွဲကို ထိုင်းနိုင်ငံရှိ ICVeX Co., Ltd မှ ဦးစီး၍ ပြည်တွင်းကုမ္ပဏီ NMT Ltdမှ တာဝန်ယူကျင်းပမည်ဖြစ်ကြောင်းနှင့် ထိုင်းနိုင်ငံမှ ကုမ္ပဏီပေါင်း ၁၁ ခုခန့်က ထိုင်းနိုင်ငံမှ ထွက်ရှိသော အစားအသောက် နှင့် ဟိုတယ်လုပ်ငန်းသုံးပစ္စည်းများ၊ အစားအသောက်ထုတ်လုပ်သော စက်ပစ္စည်းများအား လာရောက်ပြသရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**ဥမ္မာကြူ (IT)**

## အင်ဒိုနီးရှား Integrated Textile Industry Show 2015 & Home Textile and Furnishing Fabric (INTEX SHOW) ပြပွဲတွင်ပြသလိုသူများကို ဖိတ်ခေါ်

အင်ဒိုနီးရှားနိုင်ငံ အထည်အလိပ် အသင်းမှ ကြီးမှူး၍ “Integrated Textile Industry Show 2015 & Home Textile and Furnishing Fabric (INTEX SHOW)” ပြပွဲကို ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့မှ ၁၂ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာကွန်ဗင်းရှင်းစင်တာတွင် ကျင်းပသွားမည်ဖြစ်ပါသည်။ “Integrated Textile Industry Show 2015 & Home Textile and Furnishing Fabric (INTEX SHOW)” ပြပွဲသည် အင်ဒိုနီးရှားနိုင်ငံ၏ အထည်အလိပ်နှင့် အထည်အလိပ် လုပ်ငန်းသုံးပစ္စည်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာချမှတ်ရေး၊ စက်မှုလုပ်ငန်းသုံးအထည်အလိပ်နှင့် ဆက်စပ်ပစ္စည်းများ ရေရှည်ခိုင်မာတိုးတက်ရေး၊ အထည်အလိပ် တင်ပို့မှုများ ပိုမိုတိုးတက်လာစေရေးနှင့် နိုင်ငံ၏ အထည်အလိပ်ဈေးကွက် အသင့်အတင့်ကျယ်ပြန့်လာစေရေးတို့အတွက် ရည်ရွယ်ကျင်းပခြင်း ဖြစ်ပါသည်။ ပြပွဲနှင့်အတူ ဟောပြောပွဲ၊ လုပ်ငန်းရှင်များ ညှိနှိုင်းဆွေးနွေးပွဲနှင့် ဖက်ရှင်ရှိုးပွဲများလည်း ထည့်သွင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စိတ်ပါဝင်စားသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုမြှင့်တင် ရေးဦးစီးဌာန၊ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု မြှင့်တင် ရေးဌာနခွဲ (ကုန်စည်ပြပွဲဌာနစိတ်) နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း သတင်းရရှိပါသည်။

**ဥမ္မာကြူ (IT)**

➲ စာမျက်နှာ ၁၄ ယမမင်းနှင့် ... မှ အဆက်

ယမမင်း - တယ်လည်းခက်တဲ့ကောင်တွေပဲ။ သေသေချာချာစစ်ဆေးလုပ်ကြမှပေါ့။ ကိုယ်ကစစ်ဆေးရတဲ့သူ၊ စစ်ဆေးတဲ့သူက အမှားပါရင် ဘယ်ကောင်းတော့မလဲ။ မင်းတို့ကွာ ငရဲမှာလွဲရတယ်လို့။

ငရဲသားငယ်- မှန်လှပါ. . နောက်ဒီလိုမဖြစ်စေရပါဘူး။

ယမမင်း - ဟော့မောင်မင်းမြင့်ဦး၊ မြင့်ဦးတော့မြင့်ဦးပါပဲ။ ဒါပေမဲ့ နာမည်တူလူချင်းလွဲနေလို့ မောင်မင်းမဟုတ် တော့ဘူး။ ဒီတစ်ပတ်က မောင်မင်းအပတ်မဟုတ်ဘူး။ ဒါပေမဲ့ ဒီအခြေအနေရောက်နေမှတော့ တို့ငရဲပြည်ကိုလှည့်ပတ်လေ့လာဦးပေါ့ကွာ။ ရောက်တုန်းဗဟုသုတအဖြစ်ပေါ့။ ပြီးရင် ကောင်းကောင်းမွန်မွန် လူ့ပြည်ပြန်ပို့လိုက်ပေါ့ကွာ။

ငရဲပြည်ရောက်တုန်း လေ့လာလိုက်ဦးတဲ့ဗျာ။ သွားလာလည်ပတ်လေ့လာစရာကောင်းတဲ့နေရာများ မှတ်နေ သလား မသိပါဘူး။ နောက်လည်းကင်းကွာရမဲ့နေရာမဟုတ်လေတော့ ကြောက်လည်းကြောက်ပေမယ့် လိုက်တော့ကြည့်ဖြစ်ပါတယ်။ မီးလျှံငရဲနေရာရောက်တော့ “အားပါး . . တယ်ကြောက်စရာကောင်းတယ်ကိုး။ တလျှံလျှံတညီးညီးတောက်လောင်နေတဲ့ မီးလျှံတွေကြားမှာ ဒုက္ခပေါင်းစုံခံစားနေကြရတာ။ ကြောက်စရာကောင်းပုံစုံပါတယ်။ သူတို့ငရဲခံနေရတာကြည့်ရင်း တစ်နေရာ မီးတွင်းကြီးနားအရောက် ကျွန်တော်ခြေချော်လဲပြီး မီးတွင်းထဲအကျ အား. . ပူလိုက်တာ တစ်ကိုယ်လုံးချွေးတွေနစ်လို့ ရင်ဘတ်ထဲကလည်းပူလိုက်တာ။ ရေတအားဆာနေတဲ့ သဘောပါ။ အိပ်ရာကလန့်နိုးပြီး ရေတစ်ခွက်အေးအေးလေးတစ်ဝသောက်၊ ထွက် နေတဲ့ခန္ဓာကိုယ်က ချွေးတွေကိုသုတ်ရင်း မက်မိခဲ့တဲ့ အိပ်မက်ကြောက်စရာကောင်းလိုက်တာ။ လူတွေလူတွေ ပုထုဇဉ်နယ်မှာ နေထိုင်ကြ၊ လှုပ်ရှားလုပ်ကိုင် ဆောင်ရွက်နေကြ၊ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့တရားတွေဖုံးလွှမ်း၊ သမုဒ္ဒရာဝမ်းတစ်ထွာအတွက် ကိုယ့်မိသားစု စားဖို့သောက်ဖို့ လုပ်ကိုင်ဆောင်ရွက်ကြရင်း အမှားနဲ့ကင်းနိုင်ကြပါ့မလား။ မကင်းတဲ့အမှား ဘယ်သူလာပြီး ဝင်ခံစားကြပါ့မလဲ။ ကိုယ်ပြုတဲ့ကံ ပဲ့တင်သံ ကိုယ့်ထံပြန်လိမ့်မယ်ဆိုတဲ့ တရားလိုကိုယ်ပြုတဲ့အမှား ကိုယ်သာခံကြ ရမှာပါ။ အရှင်ကေလာသ (BA သီရိလင်္ကာ) ရေးတဲ့ ယမမင်းထံအစစ်ခံ သံပေါက်အဖွင့်ကျမ်းထဲကလိုနုနုရွရွ၊ ကြီးကြီးငယ်ငယ် ပုထုဇဉ်လူသားမှန်သမျှ လူ့ဘဝကကွယ်လွန်ရင် ယမမင်းထံ အစစ်ခံကြရမှာမဟုတ်ပါတကား။ ဒီတော့ ကျွန်တော်တို့လူသားတွေ ပညာရေးပဲဖြစ်ဖြစ်၊ ကျန်းမာရေးပဲဖြစ်ဖြစ်၊ ဝန်ထမ်းပဲလုပ်လုပ်၊ စီးပွားရေးပဲ လုပ်လုပ်၊ စိုက်ပျိုးထုတ်လုပ်ရေးပဲလုပ်လုပ် ၊ နောက်ဆုံးနိုင်ငံရေးပဲလုပ်လုပ် အမှားကင်းစင်တဲ့လူသားတွေ မဟုတ်ရင်တောင် အမှားနည်းတဲ့လူများဖြစ်အောင် လုပ်ကိုင်ကြဖို့လိုအပ်ပါလိမ့်မယ်ဆိုတာ အသိတရားနဲ့သတိထား လုပ်ကြရအောင်ပါလားဗျာ။

**မြင့်ဦး-ပခုက္ကူ**

# တမူးနယ်စပ်ကုန်သွယ်မှုမှာ ကြုံတွေ့နေရတဲ့ ကုန်သွယ်မှုအတားအဆီးကို ဒေသဆိုင်ရာသက်ဆိုင်ရာအဖွဲ့အစည်းများ ညှိနှိုင်းဆောင်ရွက်ဖြေရှင်း

မြန်မာ-အိန္ဒိယနယ်စပ် တမူးမြို့ရှိ ကုန်စုံပစ္စည်းများအား နမ့်ဖာလုံဈေးမှတစ်ဆင့် လက်လီတင်ပို့ ရောင်းချခြင်းများအပြင် ရေထွက်ကုန်၊ စက်မှုကုန်ချော၊ လယ်ယာထွက်ကုန်ပစ္စည်းများကို နယ်စပ်အမှတ် (၁) ဂိတ်မှ တရားဝင်တင်ပို့လျက်ရှိပြီး နှစ်စဉ်တိုးတက်လျက်ရှိပါတယ်။ တမူးမှ တစ်ဖက်အိန္ဒိယနိုင်ငံနဲ့ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ရာမှာ ကုန်သည်လုပ်ငန်းရှင်များ အဓိကရင်ဆိုင်ကြုံတွေ့ရတဲ့ ကုန်သွယ်မှု အတားအဆီးတွေကတော့ တစ်ဖက်နိုင်ငံ မဏိပူရပြည်နယ်အတွင်းရှိ မြေအောက်လက်နက်ကိုင် အဖွဲ့အစည်းများက မိုရေး-အင်ဖာကုန်သွယ်မှုလမ်းကြောင်းအား မကြာခဏပိတ်ဆို့ခြင်း၊ ကုန်သွယ်မှုယာဉ်များအား ဆက်ကြေးကောက်ခံခြင်း၊ ဆက်ကြေးမရရှိပါက ယာဉ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ကုန်သည်များအား ဖမ်းဆီးခေါ်ဆောင်ခြင်းများ မကြာခဏ ပြုလုပ်နေတဲ့အတွက် ရက်ရှည်ကုန်သွယ်မှု မကြာခဏ ရပ်တန့်ခြင်းနဲ့ စတဲ့အခက်အခဲတွေဖြစ်ပါတယ်။ အဲလို ကုန်သွယ်မှုရပ်တန့်သွားတဲ့ အချိန်များမှာ မိမိတို့ဘက်မှ တရားဝင်တင်ပို့ရန် နယ်စပ်သို့ ရောက်ရှိလာတဲ့ ကုန်ပစ္စည်းများကို တင်ပို့နိုင်ခြင်းမရှိတော့ဘဲ ယာဉ်စစ်ကွင်းရှိ ဂိုထောင်လေးလုံးနဲ့ မြို့တွင်းရှိဂိုထောင်များမှာ သိုလှောင်ထားပြီး တစ်ဖက်နိုင်ငံအခြေအနေအား စောင့်ကြည့် နေကြရပါတယ်။ နယ်စပ်သို့ ရောက်ရှိလာတဲ့ ပို့ကုန်ပစ္စည်းတွေထဲမှာ လယ်ယာထွက်ကုန်ပစ္စည်းပမာဏ များပြားတဲ့အတွက် တစ်ဖက်နိုင်ငံလမ်းပိတ်ဆို့မှုများနဲ့ ကြုံတွေ့ရချိန်မှာ ပစ္စည်းများပျက်စီးလေလွင့်မှု မရှိစေရေး နေလှန်းရခြင်း၊ အညှော်များ ရွေးထုပ်ရခြင်း၊ ပြန်လည်ထုပ်ပိုးခြင်းတို့ကို ဆောင်ရွက်ကြရပါတယ်။ အချို့ကုန်စည်များကို ပြန်လည်ထုပ်ပိုးပြုပြင်မှု မလုပ်နိုင်တဲ့အတွက် တန်ရာတန်ကြေးမရရှိဘဲ အနိမ့်ဈေးနဲ့ အရှုံးခံရောင်းချရမှုများလည်း ရှိနေပါတယ်။

၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်မှစပြီး ကုန်သွယ်မှုမှာ တစ်စထက်တစ်စ တိုးတက်လာပြီး အဓိကပို့ကုန်ဖြစ်တဲ့ ကွမ်းသီးအပါအဝင် ကုန်ပစ္စည်းတင်ပို့မှု ပမာဏများပြားလာချိန်မှာ တစ်ဖက်နိုင်ငံရဲ့ လမ်းပိတ်ဆို့မှုများကို မကြာခဏကြုံတွေ့နေရတဲ့အတွက် ဂိုထောင်လိုအပ်ချက်များ ရှိလာပါတယ်။ ဒီကိစ္စကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလတွင် တမူးနယ်စပ်ကုန်သည်ကြီးများအသင်းမှ သက်ဆိုင်ရာ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာဌာနများသို့ တင်ပြခဲ့ပါတယ်။

ထို့နောက် နယ်စပ်အမှတ် (၁) ဂိတ်အနီးရှိ Town Plan အရ ကုန်သွယ်ရေးဇုန်သတ်မှတ်ထားတဲ့ မြေနေရာမှာ ကော်မတီတစ်ခုဖွဲ့စည်းကာ အများပိုင်ယာယီဂိုထောင်တစ်လုံး တည်ဆောက်ပေးခဲ့ပါတယ်။ ယာဉ်စစ်ကွင်း၌ အစစ်ဆေးခံပြီးသော်လည်း တစ်ဖက်နိုင်ငံသို့တင်ပို့နိုင်ခြင်းမရှိသေးသော ကွမ်းသီးများအား သိုလှောင်ထားရှိစေခြင်း၊ နေလှန်းခြင်း၊ အညှော်များရွေးထုတ်ခြင်း၊ ပြန်လည်ထုပ်ပိုးခြင်းများကို ဆောင်ရွက်ခဲ့သည့်အတွက် ဈေးနှိမ်ခံရမှုများ မဖြစ်တော့ဘဲ တန်ရာတန်ကြေးဖြင့် ရောင်းချနိုင်ခဲ့ကာ အကျိုးအမြတ်များ ပိုမိုရရှိလာခဲ့ပါတယ်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်ထက် လယ်ယာထွက်ကုန်ပစ္စည်းများ ပိုမိုတိုးတက်ကာ ဂိုထောင်များ ပိုမိုလိုအပ်လာပါတယ်။ ဒါကြောင့် နယ်စပ်ကုန်သည်ကြီးများအသင်းမှ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာဌာနများသို့ တင်ပြညှိနှိုင်း၍ ယာယီဂိုထောင် ၁၀ လုံးခန့်အား ဂိတ် (၁) အနီး ကုန်သွယ်ရေးဇုန် လျာထားမြေနေရာတွင် ထပ်မံတည်ဆောက်ခဲ့ကြပါတယ်။

ထပ်မံ တည်ဆောက်ထားပြီးဖြစ်သော်လည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကွမ်းသီးတင်ပို့မှုမှာ ဧပြီလမှ အောက်တိုဘာလအထိ တန်ချိန် ၁၅၀၀၀ ခန့် တင်ပို့နိုင်ခဲ့ပြီး၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တစ်နှစ်လုံး တင်ပို့နိုင်သည့် ပမာဏထက် တန်ချိန် ၅၀၀၀ ကျော် ပိုမိုတင်ပို့လာနိုင်သည့် အတွက် ဂိုဒေါင်လိုအပ်ချက်မှာလည်း ပိုမိုလိုအပ်လျက်ရှိနေဆဲဖြစ်ပါတယ်။

ထိုသို့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကွမ်းသီးကို ပိုမိုတင်ပို့ လာနိုင်ပါတယ်။ ဒါကြောင့် မိမိဘက်မှာ ဈေးကွက်ဖြစ်ပေါ်ပြီး ကြိုက်ဈေးဖြင့် ရောင်းချနိုင်ရေး၊ တစ်ဖက်နိုင်ငံရဲ့ လမ်းပိတ်ဆို့မှု အခြေအနေကြောင့် သိုလှောင်ထားရှိရာတွင် ပျက်စီးလေလွင့်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေး၊ မိမိဘက်မှ ဈေးကွက်အသာစီး ရရှိရေးနဲ့ ကြိုက်ဈေးဖြင့် ထိန်းချုပ်ရောင်းချနိုင်ရေးတို့အတွက် တမူးနယ်စပ်ကုန် သွယ်ရေးစခန်းတာဝန်ခံက မြေပြင်အခြေအနေများအား လေ့လာချက်အရ ဂိုထောင်တည်ဆောက်ရန် လိုအပ်နေတဲ့ ကုန်သွယ်ရေးဇုန်လျာထားမြေနေရာဖြစ်တဲ့ ကံကြီးဝလမ်းနှင့် နယ်စပ်လမ်း (ဒေသအခေါ် ဗိုလ်နိုင်ဝင်းလမ်း) အကြား မြေနေရာမှာ ယာယီဂိုထောင်များ ထပ်မံတည်ဆောက်နိုင်ရေးအတွက် သက်ဆိုင်ရာခရိုင်အုပ်ချုပ်ရေးမှူးထံတင်ပြပြီး ခရိုင်စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ နယ်စပ်ကုန်သည်ကြီးများအသင်းမှ တာဝန်ရှိသူများနှင့် တမူးနယ်စပ်ကုန်သွယ်ရေးစခန်း အစည်းအဝေးခန်းမတွင် အစည်းအဝေးပြုလုပ်ခဲ့ကာ သက်ဆိုင်ရာ ဒေသအုပ်ချုပ်ရေးအဖွဲ့မှ ဖျက်သိမ်းခိုင်းပါက ချက်ချင်းဖျက်သိမ်းမည်ဖြစ်ကြောင်း ခံဝန်ကတိအား မြို့နယ်အုပ်ချုပ်ရေးမှူးထံတွင် လက်မှတ်ရေးထိုးထားရှိရေး၊ ၎င်းယာယီဂိုထောင်များတွင် တရားမဝင်အကောက်ခွန်မဲ့ပစ္စည်းများ သိုလှောင်ထားရှိမှုမရှိစေရေး၊လိုအပ်ပါက Mobile Team အဖွဲ့များမှ ဝင်ရောက် စစ်ဆေးမည်ဖြစ်ပြီး အစစ်ဆေးခံနိုင်ရန် စာရွက်စာတမ်း အထောက်အထားများအား စနစ်တကျ ထားရှိရေး၊ မီးဘေးလုံခြုံရေးအတွက် မီးသတ်ရေကန်များ၊ ရေပုံးများ စနစ်တကျထားရှိရေး၊ ညပိုင်းတွင် ကုန်ပစ္စည်းများ ပျောက်ဆုံးမှုမရှိစေရေးနှင့် လုံခြုံရေးအတွက် လုံခြုံရေးဝန်ထမ်းများ စနစ်တကျ ထားရှိရေးတို့အား ဆွေးနွေးဆုံးဖြတ်ခဲ့ပြီး ဂိတ် (၁) အနီးရှိ ယာယီဂိုထောင်များ ဆောက်လုပ်မည့် မြေနေရာအား ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မြေစာရင်းဦးစီးမှူး၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိတို့မှ ကွင်းဆင်းတိုင်းတာ ကြည့်ရှုစစ်ဆေးပြီး မြေနေရာသတ်မှတ်ပေးကာ ဂိုထောင်အလုံး ၂၀ အား ထပ်မံတည်ဆောက်ခွင့်ပေးခဲ့ပါတယ်။



ယာယီဂိုထောင်များ ထပ်မံတည်ဆောက်နိုင်ရေး ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများနဲ့ သက်ဆိုင်ရာ ဌာနများမှ စီမံဆောင်ရွက်ပေးခဲ့တဲ့အတွက် လက်ရှိအခြေအနေတွင် တစ်ဖက်နိုင်ငံအတွင်း လမ်းပိတ်ဆို့သည့် အချိန်များ၌ မိမိတို့ဘက်မှ ပို့ကုန်ပစ္စည်းများအား ပျက်စီးလေလွင့်မှုမရှိစေရေး ပြန်လည်ထုပ်ပိုးပြင်ဆင်နိုင်ခြင်း၊ နယ်စပ်အနီးတွင် တစ်ဖက်နိုင်ငံမှ လာရောက်တဲ့ကုန်သည်များအား ဈေးပြိုင်စနစ်ဖြင့် ရောင်းချနိုင်ခြင်း၊ ဈေးကွက်အသာစီးရရှိခြင်းတို့ကြောင့် ပို့ကုန်၊ သွင်းကုန် လုပ်ငန်းလုပ်ကိုင်နေသော ကုန်သည် လုပ်ငန်းရှင်များအနေဖြင့် အကျိုးအမြတ်ပိုမိုရရှိကာ မိမိကုန်ပစ္စည်းအား ကြိုက်ဈေးဖြင့် ထိန်းချုပ် ရောင်းချနိုင်နေပြီဖြစ်ပါတယ်။

တမူးနယ်စပ်ကုန်သွယ်ရေး စခန်း OSS အဖွဲ့အနေဖြင့် ကုန်သည်လုပ်ငန်းရှင်များရဲ့ အခက်အခဲများအား နေ့စဉ် OSS အစည်းအဝေးများနဲ့ ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးများတွင် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပို့ကုန်ပစ္စည်းများအား မိမိတို့ဘက်မှ ကုန်သည်လုပ်ငန်းရှင်များရဲ့ စီမံခန့်ခွဲမှုအောက်တွင် ဈေးကွက်ဖြစ်ပေါ်စေရေးတို့အတွက် စဉ်ဆက်မပြတ် လေ့လာစောင့်ကြည့်၍ ဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ သက်ဆိုင်ရာဌာနများနဲ့ လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါတယ်။

တမူးနယ်စပ်ကုန်သွယ်ရေး စခန်းရဲ့ ငါးနှစ်အတွင်း ကုန်သွယ်မှုပမာဏကို ကြည့်လျှင် ပို့ကုန်အသာစီး ရလျက်ရှိတဲ့အပြင် ကုန်သွယ်မှု ၆ ဆကျော်တိုးတက်လာတာ တွေ့ရပါတယ်-

*ကန်ဒေါ်လာသန်း*

| ကာလ | ပို့ကုန် | သွင်းကုန် | ကုန်သွယ်မှုပမာဏ |
|---|---|---|---|
| ၂၀၁၀-၂၀၁၁ | ၅. ၆၁၉ | ၀. ၅၅၄ | ၆. ၁၇၃ |
| ၂၀၁၁-၂၀၁၂ | ၄. ၅၅၀ | ၂. ၆၀၉ | ၇. ၁၇၀ |
| ၂၀၁၂-၂၀၁၃ | ၁၆. ၆၇၃ | ၇. ၂၇၀ | ၂၃. ၉၄၃ |
| ၂၀၁၃-၂၀၁၄ | ၂၀. ၃၆၇ | ၁၀. ၄၇၈ | ၃၀. ၈၄၅ |
| ၂၀၁၄-၂၀၁၅ | ၂၇. ၃၆၃ | ၉. ၉၉၈ | ၃၇. ၁၆၁ |

(ဧပြီလမှ ဇန်နဝါရီလထိ)

**နေထက်မင်း (တမူး)**

## ရှောင်ကွင်းလမ်းမှာ စုပုံထားတဲ့ အိမ်ဆောက်ပစ္စည်းများ ကျပ်သိန်း ၆၀ ကျော် သိမ်းဆည်းရမိ

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန် စခန်းထုတ်နုတ်အင်အား Mobile Team မှ ဒုတိယညွှန်ကြားရေးမှူးဦးစီးတဲ့ အဖွဲ့သည် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်စဉ် ရှောင်ကွင်းလမ်းမှာ စုပုံထားတဲ့ အထပ်သား၊ သွပ်ဆူးကြိုးခွေလိပ်နဲ့ အိမ်ရိုက်သံများကို သိမ်းဆည်းရမိခဲ့တယ်လို့ သိရပါတယ်။ အဆိုပါသိမ်းဆည်းရမိ အိမ်ဆောက်ပစ္စည်းများရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ် ၆၄ သိန်းခန့်ဖြစ်ပြီး အဖွဲ့စုံဖြင့် မူဆယ်မြို့နယ်အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံကာ အကောက်ခွန်အမှုတွဲဖွင့်လှစ်ပြီး ဖြစ်ပါတယ်။

**DCCA**

## ကျပ် ၁၃ သိန်းနီးပါးတန်ဖိုးရှိ နိုင်လွန်ဇာများအမယ်လွဲတင်ဆောင်

မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်ထုတ်နုတ် Mobile Team အဖွဲ့က စားသုံးသူ အကာအကွယ်ပေးရေးနဲ့ တရားမဝင်ကုန်သွယ်မှု တားဆီးရေးတာဝန်ထမ်းဆောင်နေစဉ် ဇန်နဝါရီလ ၂၆ ရက် ညနေ ၄နာရီ မိနစ်၂၀ ခန့်က (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဂျူတီဆောင်ပြီး ထွက်ခွာလာတဲ့ ၆ ဘီးယာဉ်အား စစ်ဆေးရာမှာ အမယ်လွဲတင်ဆောင်လာတဲ့ နိုင်လွန်ဇာ ၈၂၈ ကီလိုဂရမ် (၁၉ ထုပ်) အားစစ်ဆေးတွေ့ရှိခဲ့ရပြီး ခန့်မှန်းတန်ဖိုးမှာ ကျပ် ၁၂ ဒသမ ၈၈၅ သိန်းရှိတယ်လို့ သိရပါတယ်။ လုပ်ထုံးလုပ်နည်းနဲ့ အညီ အကောက်ခွန်အမှုတွဲဖွင့်လှစ်သိမ်းဆည်းထားတယ်လို့သတင်းရရှိပါတယ်။

**DCCA**

## မြိတ်နယ်စပ်မှ ဇန်နဝါရီလအတွင်း ကဏန်းမျိုးစုံ ၁၅၄ တန်ကျော်တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၇၄၇ သန်းတန်ဖိုးရှိ ကဏန်းပျော့ ၅၅ တန်ကျော်၊ ကဏန်းနီ ၈၉ တန်ကျော်၊ ကဏန်းသေး (အသေ) ၅ တန်ကျော်၊ သဲကဏန်း ၃ တန်ကျော်တင်ပို့နိုင်ခဲ့တဲ့အပြင် ကန်ဒေါ်လာ ၇ ဒသမ ၈၃၁ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၅၆၀၆ တန်ကျော်၊ ငါးမှုန့် ၁၆၅၀ တန်၊ ရေငန်ပုစွန် ၁၅၄ တန်နီးပါး၊ ကင်းမွန်ခြောက် ၃၇ တန်ကျော်၊ ငါးအသားလွှာ ၂၄ တန်၊ ပုစွန်ခြောက် ၃ တန်ကျော်၊ ရေခူခြောက် ၇ တန်နီးပါး၊ ကင်းမွန် ၉ တန်ကျော်၊ ငါးခြောက် ၂ တန်ကျော်နဲ့ ကင်းမွန်ခေါင်း ၁ တန်ကျော် တင်ပို့ နိုင်ခဲ့ပါတယ်။

**ခင်မြနွယ် MIRT (DCCA)**

## မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်မှ ရေထွက်ကုန် ပိုမိုတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစစ်တွေနယ်စပ်ကုန်သွယ်ရေးစခန်းနဲ့ မောင်တောစခန်းမှ ဖေဖော်ဝါရီလ ၁၄ ရက်မှ ၂၀ ရက်နေ့ထိကာလအတွင်းမှာ ကန်ဒေါ်လာ သုည ဒသမ ၃၃၄ သန်းတန်ဖိုးရှိ ရေထွက်ကုန် တန် ၅၀၀ ကျော်တင်ပို့နိုင်ပါတယ်။ စစ်တွေစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၀၇၁ သန်းဖိုးရှိ ငါးမြစ်ချင်း ၅၅ တန်၊ ငါးခေါင်းပွ ၁၅ တန်နဲ့ ငါးနီတူခြောက် ၂ တန် တင်ပို့ခဲ့ပြီး မောင်တောစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၂၆၃ သန်းဖိုးရှိ ငါးကုန်းညှိခြောက် တန် ၃၀၊ ငါးနီတူခြောက် တန် ၇၀ နဲ့ ငါးစုံလေးခြောက် ၃၂၈ တန်ကျော်တင်ပို့ခဲ့ပါတယ်။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်မှ ယခင်ရက်သတ္တပတ်က ရေထွက်ကုန် ၂၀၃ တန်သာ တင်ပို့နိုင်ခဲ့တဲ့ အတွက် ယခုတစ်ပတ်မှာ ၂၉၇ တန် ပိုမိုတင်ပို့နိုင်ခဲ့တာဖြစ်ပါတယ်။ ဇန်နဝါရီတစ်လလုံးမှာတော့ ကန်ဒေါ်လာ သုည ဒသမ ၆၆၈ သန်းဖိုးရှိ ရေထွက်ကုန်တန် ၉၁၀ ကျော်တင်ပို့ထားနိုင်ခဲ့ပါတယ်။

**ယဉ်ယဉ်အေး MIRT (DCCA)**

## ID မပါရှိတဲ့ အကောက်ခွန်မဲ့ပစ္စည်းများကိုစစ်ဆေးတွေ့ရှိ

မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်စခန်းထုတ်နုတ်အင်အားဖြင့် ဖေဖော်ဝါရီလ ၂ ရက်နေ့ ၁၆း ၄၅ ချိန်တွင် ၁၂ ဘီးဂျူတီယာဉ်ပေါ်မှ ID ထက်ပိုမိုတင်ဆောင်လာတဲ့ Hair Treatment နဲ့ Multifunction Head Lamp with Rope တို့အားသိမ်းဆည်းရမိခဲ့ပါတယ်။ အလားတူ ယင်းနေ့ ၁၆း ၅၅ ချိန်တွင်လည်း ၁၂ ဘီးဂျူတီယာဉ်ပေါ်မှပင် ID တွင် မပါရှိတဲ့ အလှကုန်နဲ့ ဆံပင်ဆိုးဆေးများကိုလည်း သိမ်း ဆည်းရမိခဲ့ပါတယ်။ သိမ်းဆည်းရမိ အကောက်ခွန်မဲ့ပစ္စည်းများကို မူဆယ် Mobile Team အဖွဲ့မှ မူဆယ်မြို့နယ်အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်း အပ်နှံပြီး အမှုတွဲဖွင့်လှစ်ခဲ့တယ်လို့ သိရပါတယ်။

**DCCA**

## ယာဉ်နှစ်စီးပေါ်မှ ID ထက်ပိုမိုတင်ဆောင်လာတဲ့ ခြင်ရိုက်တံနဲ့ Ear Phone များ သိမ်းဆည်းရမိ

မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန် စခန်းထုတ်နုတ်အင်အား Mobile Team မှဦးစီးအရာရှိဦးစီးတဲ့အဖွဲ့သည် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ၁၂ ဘီးယာဉ်ပေါ်မှIDထက်ပိုမိုတင်ဆောင်လာတဲ့ Samsung အမှတ်တံဆိပ် Ear Phone များကို သိမ်းဆည်းရမိခဲ့ပါတယ်။ အလားတူ ၈ ရက်နေ့တွင်လည်း ၆ ဘီးဂျူတီယာဉ်အား စစ်ဆေးရာယာဉ်ပေါ်မှ ID ထက်ပိုမိုတင်ဆောင်လာတဲ့ ခြင်ရိုက်တံ (180U) နဲ့ ID ဆောင်ထားခြင်းမရှိတဲ့ သစ်သီးဖျော်စက် (24U) အား သိမ်းဆည်းရမိခဲ့ပါတယ်။ အဆိုပါ ယာဉ်နှစ်စီးပေါ်မှ သိမ်းဆည်းရမိပစ္စည်းများရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ် ၁၀ သိန်းကျော်ခန့်ဖြစ်ပြီး အဖွဲ့စုံဖြင့် မြို့နယ်အကောက်ခွန် ဦးစီးဌာနသို့ အပ်နှံပြီး အမှုတွဲဖွင့် သိမ်းဆည်းခဲ့တယ်လို့ သိရပါတယ်။

## အင်ဖာ-မိုရေး ချန်ဒယ်ခရိုင်တစ်ဝန်းဆန္ဒပြမှုများကြောင့် အဝေးပြေးကားလမ်းမကြီးမှာ ယာဉ်သွားလာမှုမရှိ

မဏိပူရပြည်နယ်၊ ချန်ဒယ်ခရိုင်တစ်ဝန်းတွင် ဆန္ဒပြမှုများကြောင့် ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှာ အင်ဖာ-မိုရေး အဝေးပြေးကားလမ်းမကြီးမှာ ယာဉ်သွားလာမှုများမရှိကြောင်း၊ ဆန္ဒပြမှုများကြောင့် အိန္ဒိယ-မြန်မာနယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများ ထိခိုက်နေကြောင်း၊ မဏိပူရပြည်နယ်အစိုးရဲ့ ကူညီဖြေရှင်းမှု အားနည်းသဖြင့် ဆန္ဒပြမှုများ ပိုမိုဖြစ်ပွားနိုင်တယ်လို့ The Sangai Express သတင်းစာမှာ ဖော်ပြထားပါတယ်။

**နေထက်မင်း (တမူး)**

## ကုန်သွယ်ရေးယာဉ်များထံမှ ငွေကြေးတောင်းခံနေသောဂိတ်များ အမြန်ဆုံး ပိတ်သိမ်းရန် မဏိပူရပြည်နယ်ဒုတိယဝန်ကြီးချုပ်က တောင်းဆို

မဏိပူရပြည်နယ်ထုတ် The Sangai Express သတင်းစာမှာ အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ်တစ်ဝှမ်းရှိ ပြည်နယ်အစိုးရ သတ်မှတ်ထားတဲ့နေရာများမှာ အစိုးရလုံခြုံရေး တပ်ဖွဲ့များက ဂိတ်ဖွင့်လှစ်ပြီး ကုန်သွယ်ရေးယာဉ်များထံက ငွေကြေးတောင်းခံမှုများပြုလုပ်နေကြောင်း၊ အဆိုပါဂိတ်များ အမြန်ဆုံးပိတ်သိမ်းပေးရန် ပြည်နယ်ဒုတိယဝန်ကြီးချုပ် ရိုင်ခန့်ဂန်က တောင်းဆိုခဲ့ကြောင်း၊ အစိုးရလုံခြုံရေးတပ်ဖွဲ့များ တောင်ပေါ်ခရိုင်များမှာ ငွေကြေးတောင်းခံမှုများကြောင့် ဆန္ဒပြမှုများ ဖြစ်ပွားလာနိုင်တယ်လို့ သတင်းမှာဖော်ပြထားပါတယ်။

**နေထက်မင်း (တမူး)**

## တာချီလိတ်နယ်စပ်မှ လက်ဖက်ခြောက်၊ ဂန္ဓမာပန်းခြောက်၊ လိမ္မော်သီး၊ ကြက်သွန်နီနဲ့ အုံတုံခေါက်တို့ ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၂၆၃သန်းတန်ဖိုးရှိ လယ်ယာထွက်ကုန်များဖြစ်တဲ့လက်ဖက်ခြောက်၁၄၅ တန်ကျော်၊ ဂန္ဓမာပန်းခြောက် ၁၀ တန်ကျော်၊ လိမ္မော်သီး ၈၅၈ တန်နဲ့ ကြက်သွန်နီ တန် ၂၅၀ တင်ပို့နိုင်ခဲ့သလို ကန်ဒေါ်လာ သုည ဒသမ ၀၂၆ သန်းတန်ဖိုးရှိ သစ်တောထွက်ပစ္စည်းဖြစ်တဲ့ အုံတုံခေါက် တန် ၈၀ တင်ပို့နိုင်ခဲ့ပါတယ်။

အနီးစပ်ဆုံးကာလဖြစ်တဲ့ ဒီဇင်ဘာလနဲ့ ယမန်နှစ်ကာလတူ ဇန်နဝါရီလတို့နဲ့ နှိုင်းယှဉ်ပါက ယခု ဇန်နဝါရီလတွင် ဆန်နဲ့ ဆီးသီးခြောက်တင်ပို့မှုမရှိခဲ့သော်လည်း လက်ဖက်ခြောက်၊ ဂန္ဓမာပန်းခြောက်၊ လိမ္မော်သီး၊ ကြက်သွန်နီနဲ့ အုံတုံခေါက်တို့ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ် MIRT (DCCA)**

## ရှောင်ကွင်းလမ်းမှာ စုပုံထားတဲ့အိမ်သုံးလျှပ်စစ်ပစ္စည်း ကျပ် ၁၁ သိန်းကျော်ဖိုး သိမ်းဆည်းရမိ

ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ Shell ဓာတ်ဆီဆိုင်အနီး ရှောင်ကွင်းလမ်းမှာစုပုံထားတဲ့ အိမ်သုံး လျှပ်စစ်ပစ္စည်းများကို မူဆယ် (၁၀၅)မိုင် ထုတ်နုတ် Mobile Team အဖွဲ့က ဇန်နဝါရီလ ၂၆ ရက်နေ့မှာ သိမ်းဆည်းရမိခဲ့ပါတယ်။ ပစ္စည်းများကို အသေးစိတ် စစ်ဆေးပြီးနောက် လုပ်ထုံးလုပ်နည်းနဲ့ အညီ အကောက်ခွန်အမှုတွဲဖွင့်ကာ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားပြီဖြစ်ပါတယ်။သိမ်းဆည်းရမိတဲ့ပစ္စည်းများမှာ-TV remote ၃၀၅ ခု၊ EVD remote ၅၀၇ခု၊ Steel Water Pot 30L,10 L ၁၂ ခု၊ Rice Cooker -1000 Watt ၆ခုနဲ့ Water Dispenser ၄ ခု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာ ကျပ် ၁၁ ဒသမ ၆၈၀သိန်းရှိတယ်လို့သိရပါတယ်။

**DCCA**

## အိန္ဒိယနိုင်ငံတစ်ဝန်း ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားနေ

အိန္ဒိယနိုင်ငံတစ်ဝန်းမှာ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားနေကြောင်း၊ အဆိုပါတုပ်ကွေး ရောဂါကြောင့် လူဦးရေ ၇၀၀ကျော် သေဆုံးခဲ့ပြီး ရောဂါပိုးကူးစက်သူ ၁၁၉၅၅ ဦး ရှိတယ်လို့ မဏိပူရပြည်နယ်ထုတ် The Sangai Express သတင်းစာမှာ ဖော်ပြထားပါတယ်။မြန်မာနယ်စပ်နဲ့ ထိစပ်နေတဲ့ အိန္ဒိယ အရှေ့မြောက်ပြည်နယ်များမှာလည်း တုပ်ကွေးရောဂါကူးစက်မှု အလွန်ကြီးမားနေတယ်လို့ သိရှိရပါတယ်။

**နေထက်မင်း(တမူး)**

Vol: 15, No.9 Monday March 2 2015

# ရောင်းပန်းဝယ်ပန်းလှလာတော့မယ့်

# ရွှေဘိုပေါ်ဆန်းမွေး

|သန်းသန်းတင်-မုံရွာ|




ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး ပြည်ထောင်စု ရန်ပုံငွေဖြင့် ဖေဖော်ဝါရီလ ၂၄ရက်နေ့တွင် စစ်ကိုင်း တိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ရွှေဘိုမြို့ ဧဒင်ခန်းမမှာ ရွှေဘိုပေါ်ဆန်းမွေး စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ရွှေဘို ပေါ်ဆန်းမွေး မူပိုင်ခွင့်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပပြုလုပ်ခဲ့ ပါတယ်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲမှာ သဘာပတိအဖြစ် ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာန၊ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ နိုင်ငံတော်သမ္မတစီးပွားရေးအကြံပေး၊ မြန်မာနိုင်ငံဆန်စပါးအသင်း ချုပ် အကြံပေးပညာရှင် ဒေါက်တာစိန်လှဗိုလ်နဲ့ မုံရွာမြို့၊ စီးပွားရေး တက္ကသိုလ်မှ ပါမောက္ခဒေါက်တာမောင်မောင်ဝင်းတို့က ဆောင်ရွက် ခဲ့ပါတယ်။

သဘာပတိ ဒေါက်တာစိန်လှဗိုလ်က ရွှေဘိုပေါ်ဆန်းစပါးကို ရာသီမရွေး စိုက်ပျိုးနိုင်ပြီဖြစ်ကြောင်း သတင်းကောင်းပါးခြင်း၊ စိုက် ပျိုးမြေကို ဓါတ်ခွဲစမ်းသပ်ပေးခြင်းကို စိုက်ပျိုးရေးဌာနမှ ဆောင်ရွက် နေပြီဖြစ်ကြောင်း၊ ရွှေဘိုပေါ်ဆန်းစပါး တစ်ဧကပျမ်းမျှအထွက်နှုန်း တင်း ၉၀ ထွက်အောင် လိုအပ်တဲ့ အာဟာရများဖြည့်ပြီး စိုက်ပျိုးလျှင် ရနိုင်ကြောင်း၊ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ပိုမိုတိုးတက်အောင် အားလုံး ဝိုင်းဝန်းကြိုးစားရန် ပြောကြားခဲ့သလို ဒုတိယညွှန်ကြားရေး မှူးချုပ် ဦးအောင်စိုးကလည်း နိုင်ငံတော်မှစီးပွားရေး ပြုပြင်ပြောင်း လဲမှုများပြုလုပ်ခဲ့ရာ အစိုးရကတိုက်ရိုက် စပါးဝယ်ယူခြင်း မပြုတော့ ဘဲ လွတ်လပ်စွာရောင်းဝယ် ဖောက်ကားခွင့်ပြုသည့် ဆန်စပါး ရောင်း ဝယ်ရေးမူဝါဒကို ကျင့်သုံးခဲ့ သည့် ၂၀၀၃ ခုနှစ် ဧပြီ ၂၃ ရက် နေ့မှ စတင်၍ မြန်မာ့ လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးဌာန သည် ဆန်စပါးကို ဝယ်၊ သယ်၊ သို၊ ကြိတ်၊ ဖြန့်လုပ်ငန်းများ ဆောင်ရွက်မှုကို ရပ်ဆိုင်းခဲ့ပါကြောင်း၊ ၂၀၁၃ခုနှစ်၊ ဧပြီလ ၁ရက်နေ့မှ စတင်၍ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးဌာနကို ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာန အမည်အဖြစ် ပြောင်းလဲဖွဲ့စည်းကာ ကုန် သွယ်မှုမြှင့်တင်ရေး လုပ်ငန်း များကိုဆောင်ရွက်ခဲ့ကြောင်း၊ ကုန် သွယ်မှုမြှင့်တင်ရာမှာ ကုန်သွယ်မှုပမာဏ (ပို့ကုန်/သွင်းကုန်) တိုး တက်အောင် ဆောင်ရွက်ရမည်ဖြစ်သော်လည်း ပို့ကုန်မြှင့်တင်ဖို့က အဓိကဖြစ်ပါကြောင်း၊ ယခုအချိန်မှာ သွင်းကုန်က များနေတဲ့အတွက် ကုန်သွယ်မှု လိုငွေဖြစ်ပေါ်နေပါကြောင်း၊ ပို့ကုန်များမှသာ ဝင်ငွေရ မည်ဖြစ်ရာ လယ်ယာကဏ္ဍပို့ကုန်များပြီး ဝင်ငွေများများရမှ ဆင်းရဲ မှုလျော့ကျမည်ဖြစ်ကြောင်း၊ အမျိုးသားပို့ကုန်မဟာဗျူဟာကို အပြည် ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာနနှင့်ပူးပေါင်း ဆောင်ရွက်နေပြီ ဖြစ် ကြောင်း၊ ဆန်စပါး၊ ပဲမျိုးစုံ၊ ရေထွက်ပစ္စည်း၊ အထည်ချုပ်၊ ရော်ဘာ စတဲ့ ကုန်ပစ္စည်းများရဲ့ ပို့ကုန်စီမံကိန်းကိုငါးနှစ် စီမံကိန်း ရေးဆွဲ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ဆန်စပါးကဏ္ဍ တိုးတက်အောင် ဘာတွေလုပ်မလဲဆိုတဲ့မူကြမ်း ထွက်နေပြီဖြစ်ကြောင်း၊ မိမိနိုင်ငံ ရဲ့ကိုယ်ပိုင်ပစ္စည်း၊ မျိုးကောင်းတဲ့ ရွှေဘိုပေါ်ဆန်းကို စိုက်ပျိုး ထုတ်လုပ်တင်ပို့ ရောင်းချ မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဘာဆက် လုပ်မယ်၊ မူပိုင်ခွင့်ရအောင် ဘယ်လိုလုပ်မလဲဆိုတာကို စိုက်ပျိုး ထုတ်လုပ်သူတောင်သူများ၊ ဆန် စက်လုပ်ငန်းရှင်များ၊ ပညာရှင်များ နှင့် ယခုအလုပ်ရုံဆွေးနွေးပွဲမှာ ဆွေးနွေးကြမည်ဖြစ်လို့ နိုင်ငံတော်၏ ရည်မှန်းချက်၊ ဝန်ကြီးဌာန၏ ရည်မှန်းချက်တွေ အောင်မြင်အောင် ဆောင်ရွက်ခြင်း ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

အလုပ်ရုံ ဆွေးနွေးပွဲတွင် စိုက်ပျိုးမှုကဏ္ဍ၊ ထုတ် လုပ်မှုကဏ္ဍ၊ ရောင်းချမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မူပိုင်ခွင့်ရရှိရေး အတွက် ပထဝီဆိုင်ရာအညွှန်း၊ ဉာဏပစ္စည်း မူပိုင်ခွင့်ဥပဒေ၊ ကုန်အမှတ် တံဆိပ်ဥပဒေ အကြောင်း သိကောင်းစရာများကို ကဏ္ဍအသီးသီး ခွဲကာ ပညာရှင်များက စာတမ်းဖတ်ခြင်း၊ ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ ပါတယ်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဦးခင်စိုးမှ ဒေသအလိုက် စိုက်ပျိုး လျက်ရှိ သော စပါးမျိုးများ၏မျိုးရိုးဗီဇ ဆက်နွှယ်မှု၊ ရွှေဘို ပေါ်ဆန်းစပါးကို တိုင်း ဒေသကြီး/ပြည်နယ်များ အလိုက်စိုက်ဧကနှင့် အထွက်နှုန်းများကို နှိုင်းယှဉ် ရှင်းလင်း ပြောကြားပြီး၊ စိုက်ပျိုး ထုတ် လုပ်မှု တိုးတက်ရေး အတွက် ဆောင်ရွက်သင့်သည့် အခြေခံအချက် များကို ပြောကြားခဲ့ပါတယ်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်က ဆန်စပါးစိုက်ပျိုးရာတွင် အဓိကအရေးကြီးဆုံးမှာ မျိုးကောင်းမျိုးသန့်ထုတ်လုပ်ဖို့လိုပါတယ်၊ မျိုးစေ့က အရေးကြီးပါ တယ်၊ မျိုးစေ့ဥပဒေရှိပြီးဖြစ်ကြောင်း၊ မျိုးစေ့ဥပဒေကို ထောက်ခံချက် နဲ့ရောင်းဝယ်ဖောက်ကားဖို့ အဓိကလိုအပ်ပါကြောင်း၊ ရွှေဘိုပေါ် ဆန်းကို ရေရှည်တည်တံ့အောင် အခုအလုပ်ရုံဆွေးနွေးပွဲမှ သုံးသပ် ချက်၊ ဖော်ထုတ်ချက်၊ အကြံပြုချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှာ အများပိုင် ကုမ္ပဏီမရှိခြင်းသည် အားနည်းချက်ရှိကြောင်း၊ ဒါကြောင့်အများပိုင် ကုမ္ပဏီဖွဲ့စည်းသင့်ကြောင်း၊ အများပိုင်ကုမ္ပဏီဖွဲ့ပါက ဆောင်ရွက် ရမည့်လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်းဆွေးနွေးပြောကြား ခဲ့ပါ တယ်။

မြန်မာနိုင်ငံမှ ရွှေဘိုပေါ်ဆန်းမွှေးကို "Precious"ကုန်အမှတ် တံဆိပ်ဖြင့် နိုင်ငံတွင်းဈေးကွက်များသာမက စင်္ကာပူနိုင်ငံစူပါမား ကက်များတွင် ဈေးကွက်တင်ရောင်းချနေသော "Myanmar ComBiz Trading Company Limited"မှ လက်ထောက်ညွှန်ကြားရေး မှူး ဦးစိုးဟိန်းက လက်ရှိဈေးကွက်ထိုးဖောက်မှုအခြေအနေများကို အကျယ်တဝင့်ဆွေးနွေးခဲ့ပြီး၊ ယခု ဥရောပ(EU)ဈေးကွက်၊ အီတလီ နိုင်ငံနှင့်တရုတ်နိုင်ငံဈေးကွက်များမှ အမှာစာကိုရရှိထားပြီးဖြစ် ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်ကို ဆွေးနွေးပြောကြားခဲ့ပါ တယ်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဒေါက်တာစိမ့်သန္တာထွန်းက မိမိဌာနမှ ဉာဏပစ္စည်းမူပိုင်ခွင့်ဥပဒေ ပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ကုန်အမှတ်တံဆိပ်ဥပဒေ အကြောင်းသိကောင်းစရာများကို အကျယ်တဝင့်ကို ဆွေးနွေးရာ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေနဲ့ မိမိလုပ်ငန်းကို ကုန်အမှတ်တံဆိပ် နဲ့အကာအကွယ်ယူထားရမည်ဖြစ်ကြောင်း၊ ကုန်အမှတ်တံဆိပ်သည် ကုန်ပစ္စည်းရဲ့တန်ဖိုးနဲ့တိုက် ရိုက်သက်ဆိုင်ကြောင်း၊ မိမိပစ္စည်း ရဲ့အရည်အသွေးကို အမြဲထိန်းသိမ်းမှ မိမိရဲ့ကုန်အမှတ်တံဆိပ်သည် လည်း ရေရှည်တည်တံ့မှာဖြစ်ကြောင်း၊ ကုန်အမှတ်တံဆိပ်ရဲ့ သက် တမ်းသည် ၁၀နှစ်ဖြစ်ပြီး၊ သက်တမ်းတိုးနေပါက မိမိ၏ သားစဉ်မြေး ဆက်ထိ ဆက်လက်သုံးစွဲနိုင်ပါကြောင်း၊ ကုန်အမှတ်တံဆိပ်အဖြစ် ဖော်ပြခြင်း မပြုသင့်သော ( ဘာသာရေး၊ နိုင်ငံရေး) အမှတ်အသား များကိုပါ ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။

ဆက်လက်ပြီး ပထဝီဆိုင်ရာအညွှန်း (Geographical Indications)အဖြစ် မှတ်ပုံတင်ခြင်းဖြင့် ထုတ်လုပ်သူများရရှိမည့်အကျိုး ကျေးဇူးများကို ရှင်းလင်း ပြောကြားခြင်း၊ ပထဝီဆိုင်ရာအညွှန်းကို အသင်းအဖွဲ့အလိုက်ပိုင်ဆိုင်ပါသဖြင့် ရွှေဘိုမြို့၌ ရွှေဘိုပေါ်ဆန်း မွှေး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဖွဲ့စည်းသင့်ပါ ကြောင်း၊ အသင်းဖွဲ့စည်းရာတွင် စိုက်ပျိုးသူ တောင်သူ၊ ဆန်စက် လုပ်ငန်းရှင်များနှင့် ပညာရှင်များပါ ပါဝင်ရမည်ဖြစ်ပါကြောင်း အကြံပြုဆွေးနွေးခဲ့ပါတယ်။

ဆက်လက်၍သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဒေါက်တာ အေးအေးမော်က ဉာဏပစ္စည်းမူပိုင်ခွင့် ဥပဒေအကြောင်းဆက် လက် ဆွေးနွေးပြောကြားခဲ့ရာ မိမိတို့ဌာနမှ ဉာဏပစ္စည်းမူပိုင် ခွင့်ဥပဒေများဖြစ်သည့် တီထွင်မှုမူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေ၊ ကုန်အမှတ်တံဆိပ်ဥပဒေ၊ မူပိုင်ခွင့်ဥပဒေများဆိုပြီး ဥပဒေ ၄ ခု ရေးဆွဲတင်ပြထားရာ လွှတ်တော်မှအတည်ပြုပါက ဒီနှစ်အတွင်း ထွက်မည်ဖြစ်ပါကြောင်း၊ ဥပဒေထွက်ပြီးက မိမိတို့ဝန်ကြီးဌာနလက် အောက်ရှိ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဌာနတွင် ပထဝီဆိုင်ရာအညွှန်း ကို မှတ်ပုံတင်ခွင့် ပြုလုပ်ပေးမည်ဖြစ်ပါကြောင်း၊ ပထဝီဆိုင်ရာအညွှန်း သည် တီထွင်မှုထုတ်ကုန်မဟုတ်ဘဲ သူ့ရဲ့ဒေသ၊ သူ့ရဲ့ထွက်ကုန် ဖြစ်ရပြီး ထုတ်လုပ်နေသူအားလုံးကို ကိုယ်စားပြုရမှာဖြစ်ကာတိုင်း အတွင်းရှိ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းမှ ခွင့်ပြု ချက်ပါရှိရ မည်ဖြစ်ကြောင်း၊ မိမိတို့ဌာနမှ ကွင်းဆင်းစစ်ဆေးပြီးမှ မှတ်ပုံတင် ထုတ်ပေးမည်ဖြစ်ကြောင်း အကျယ် တဝင့် ရှင်းလင်းဆွေးနွေးပြော ကြားခဲ့ပါတယ်။

SATAKE ကော်ပိုရေးရှင်းမှ ဦးတေဇက ဆန်စက်တွင်တပ်ဆင် ရမည့် Colour Sorter စက်များ အကြောင်းနဲ့ ၎င်းတို့ကုမ္ပဏီရဲ့ ရောင်းဈေးနှုန်းများ၊ အကူအညီလိုပါက ရန်ကုန်ရုံးချုပ်သို့ ဖုန်းဖြင့် ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ လာရောက်ဆက်သွယ်မေးမြန်းနိုင် ကြောင်း၊ အကူအညီပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြော ကြားခဲ့ပါ တယ်။

ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ နေပြည်တော်မှ ဒုတိယ ညွှန်ကြားရေးမှူး ဦးနေဆန်းက Colour Sorter စက်များသုံးစွဲလာခြင်း နောက်ခံသမိုင်းနဲ့ တွေ့ကြုံနေရသောစိန်ခေါ်မှုများကို ရှင်းလင်း ဆွေးနွေးခဲ့ပြီး ဆန်စပါးထုတ်လုပ်တင်ပို့ရောင်းချမှုကဏ္ဍဖွံ့ဖြိုးတိုး တက်ရေးအတွက် ဆန်စက်များကို ခေတ်မီအဆင့်မြင့်ဆန်စက်များဖြစ် အောင် တိုးမြှင့်ဆောင်ရွက်ရန်မှာလည်း အဓိကအရေးကြီးပါကြောင်း၊ ဆန်စက်များမှ ကြိတ်ခွဲတဲ့ အရည်သွေးကောင်းဆန်များကို ဆန်ကုန် သည်များအနေနဲ့ အရည်အသွေးကျဆင်းမှုမရှိအောင် ထိန်းသိမ်းပြီး စနစ်တကျ ချိန်တွယ်၊ ထုပ်ပိုး၊ တင်ပို့ရောင်းချကြရန် လိုအပ်ကြောင်း၊ မျိုးစေ့ထုတ်သူ၊ စိုက်ပျိုးသူတောင်သူ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ဆန် ကုန်သည်များ၊ Exporter များစတဲ့ အဆင့်တိုင်း အဆင့်တိုင်းမှာ ကိုယ့်တာဝန်ကို ကျေပွန်အောင် ကြိုးစားဆောင်ရွက်ကြမည်ဆိုလျှင် ရွှေဘိုပေါ်ဆန်းမွှေးသည် ကမ္ဘာ့အဆင့်မှာ ဈေးကွက်ခိုင်မာစွာ ရေရှည် တည်တံ့ ခိုင်မာမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍကို စက်မှုလယ်ယာစနစ်သို့ကူးပြောင်းနေပြီဖြစ်၍ လယ်ယာသုံးစက် ကရိယာများစာရင်း၊ ဆန်စက်စာရင်း၊ ငါးပုံဟာလာဆန်စက်စာရင်း စသည်တို့ရဲ့ ကိန်းဂဏန်း စာရင်းများ မှန်ကန်စွာရှိရန်လည်းလိုအပ် ပါကြောင်း၊ တစ်ဦးတစ်ယောက်တည်းဆောင်ရွက်ခြင်းထက် အများ စုပေါင်းဆောင်ရွက်မှသာ လုပ်ငန်းများပိုမိုအောင်မြင်နိုင်လို့ အသင်း အဖွဲ့ဖွဲ့စည်းကာ ဆန်စပါးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင် ရွက်ကြရန် ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။

➲စာမျက်နှာ ၂၈ သို့

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နေပြည်တော်တွင် National Workshop on the WTO Agreements on Sanitary and Phytosanitary (SPS) and Technical Barriers to Trade (TBT) အလုပ်ရုံဆွေးနွေးပွဲကျင်းပ





National Workshop on the WTO Agreements on Sanitary and Phytosanitary (SPS) and Technical Barriers to Trade (TBT) အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်ရုံးအမှတ် (၃)၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦး၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Agriculture and Commodities Division မှ Counsellor ဖြစ်သူ Ms. Marieme Fall ၊ Friedrich Naumann Foundation မှ Country Director ဖြစ်သူ Mr. Ashley Pritchard ကုန်သွယ်မှုနှင့် သက်ဆိုင်သော ဝန်ကြီးဌာန ကိုးခုလက်အောက်ရှိဦးစီးဌာန ၂၀ ခုမှ ဘာသာရပ်ကျွမ်းကျင်သူကိုယ်စားလှယ် ၄၈ ဦးနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြား ထားသူ ၅၀ ဦး စုစုပေါင်း ၉၈ ဦးတို့ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ နည်းပညာအကူအညီနှင့် Friedrich Naumann Foundation အဖွဲ့မှ ငွေကြေးထောက်ပံ့မှုတို့ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသည် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုနှင့် သက်ဆိုင် သောဌာနများမှ ဘာသာရပ်ဆိုင်ရာ အရာထမ်းများအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေး၏ လုပ်ထုံးလုပ်နည်းများနှင့် ကုန်သွယ်မှုပြုလုပ်ရာတွင် လူ၊ တိရစ္ဆာန်နှင့် အပင်တို့၏ ကျန်းမာရေး၊ ပိုးမွှားရောဂါအန္တရာယ် ကင်းစင်ရေးနှင့် ကုန်သွယ်မှုတွင် ကြုံတွေ့ရသော နည်းပညာအတားအဆီးများဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်စေပြီး နိုင်ငံတကာစံနှုန်းနှင့်အညီ လိုက်ပါဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ဖွင့်ပွဲအခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ်၊ ဦးလှမော်ဦးက မြန်မာနိုင်ငံသည် ယခုအခါ ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲကျင့်သုံးလျက်ရှိပြီး ကမ္ဘာ့စီးပွားရေးတွင် ပြန်လည်ပါဝင်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိပြုပြင်ပြောင်းလဲမှုများအနက် မြန်မာအစိုးရအနေဖြင့် ကမ္ဘာ့စီးပွားရေးတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန်အတွက် အမျိုးမျိုးသော စီးပွားရေးလုပ်ငန်းများကို အားပေးလျက်ရှိပါကြောင်း၊ အဆိုပါ စိန်ခေါ်မှုများအနက် အဓိကကြုံတွေ့ရသည့် စိန်ခေါ်မှုကတော့ စီးပွားရေး မိတ်ဖက်များအတွက် ပြည်သူ့ကျန်းမာရေး၊ အပင်၊ တိရစ္ဆာန်များပိုးမွှားရောဂါကင်းစင်ရေး၊ ဘေးအန္တရာယ် ကင်းစင်ရေးနှင့် အခြားနည်းပညာဆိုင်ရာ အတားအဆီးများအတွက် စိန်ခေါ်မှုများဖြစ်ကြောင်း၊ မိမိအနေဖြင့် ယခု အလုပ်ရုံဆွေးနွေးပွဲမှတစ်ဆင့် စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန်၊ စီးပွားရေး လုပ်ငန်းများ တိုးမြှင့်ရန်နှင့် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အသိပညာအထောက်အပံ့များ ရရှိစေနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ကျန်းမာရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲမှုဦးစီးဌာန၊ မြန်မာ့သိပ္ပံနှင့် နည်းပညာ သုတေသနဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ကလည်း ၎င်းတို့နှင့်သက်ဆိုင်သည့် အခန်းကဏ္ဍ အလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို တက်ရောက်လာကြသော ကိုယ်စားလှယ်များ သိရှိ နားလည်သဘောပေါက်စေရန်အလို့ငှာ ရှင်းလင်းတင်ပြကြပါသည်။ ထို့နောက် တက်ရောက်လာသူများကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ကိုယ်စားလှယ်က လူ၊ တိရစ္ဆာန်နှင့် အပင်တို့၏ ကျန်းမာရေး၊ ပိုးမွှားရောဂါ အန္တရာယ်ကင်းစင်ရေးနှင့် ကုန်သွယ်မှုတွင် ကြုံတွေ့ရသော နည်းပညာအတားအဆီးများဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြော ကြားခဲ့ပြီး လက်တွေ့သင်ခန်းစာများကိုလည်း ဆောင်ရွက်ခဲ့ကြကြောင်း သိရှိ ရပါသည်။

မြန်မာနိုင်ငံတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ နည်းပညာအကူအညီဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း အလုပ်ရုံဆွေးနွေးပွဲ သုံးကြိမ်ပြုလုပ်ခဲ့ပြီး ထိရောက်မှုမြင့်မားစွာရရှိခဲ့သည့်အတွက် နောင်နှစ်များတွင်လည်း ဆက်လက်ရရှိရေးကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **သက်နိုင် MOC**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နေပြည်တော်တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သဘောတူညီချက်များ (WTO Legal Texts) စာအုပ်၏ ပထမပိုင်းကိုဘာသာပြန်ဆိုသည့် စာအုပ်မိတ်ဆက်ပွဲ အခမ်းအနားကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော် ရုံးအမှတ် (၃)၌ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သဘောတူညီချက်များ (WTO Legal Texts) စာအုပ်၏ပထမပိုင်းကို ဘာသာပြန်ဆိုသည့်စာအုပ်မိတ်ဆက်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီလ ၂၃ ရက်နေ့က ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦး၊ Friedrich Naumann Foundation မှ Country Director ဖြစ်သူ Ms. Ashley Pritchard ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးကိုကိုလေး၊ ကုန်သွယ်မှုနှင့် သက်ဆိုင်သော ဝန်ကြီးဌာန ၂၄ ခုနှင့် အဖွဲ့အစည်း ၄ ခု လက်အောက်ရှိ ဦးစီးဌာနနှင့် အဖွဲ့အစည်း ၆၄ ခုမှ ဘာသာရပ် ကျွမ်းကျင်သူများနှင့် အခြားဖိတ်ကြားထားသူ ၅၀ ဦး စုစုပေါင်း ၁၁၄ ဦးတို့ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ ဘာသာပြန်စာအုပ်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဂျာမနီနိုင်ငံမှ Friedrich Naumann Foundation အား ကူညီပေးပါရန် မေတ္တာရပ်ခံချက်အရ ၎င်းအဖွဲ့အစည်းမှ အကုန်အကျခံကာ ဘာသာပြန်ကျွမ်းကျင်သူများ၏ အကူအညီဖြင့် ထုတ်ဝေခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးက နိုင်ငံတော်အစိုးရသစ်လက်တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်မြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသောကြောင့်လည်းကောင်း၊ နိုင်ငံတကာအသိုက်အဝန်းတွင် ယခင်ကထက် ပိုမိုပေါင်းစပ်ပါဝင်လာနိုင်မှုကြောင့် လည်းကောင်း၊ အခြားသောဖွံ့ဖြိုးဆဲ နိုင်ငံများနည်းတူကုန်သွယ်မှုကို ဖွံ့ဖြိုးတိုးတက်မှု၏ မောင်းနှင်အားတစ်ရပ် (Engine of Growth) အဖြစ် အသုံးချနိုင်စေရန်အတွက်လည်းကောင်း၊ မိမိတို့နိုင်ငံ၏ အစိုးရအဖွဲ့အစည်းများမှ ဌာနဆိုင်ရာ ဝန်ထမ်းများသာမက ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းရှင်အားလုံး နိုင်ငံတကာကုန်သွယ်မှုနှင့် ပတ်သက်သော စည်းမျဉ်း၊ စည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်သဘောပေါက်ပြီး၊ လက်တွေ့အသုံးချနိုင်မည်ဆိုပါက နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာကောင်းများကို ဖန်တီးဖော်ဆောင်နိုင်မှာဖြစ်ပါကြောင်းနှင့် အဲဒီအတွက် နိုင်ငံတကာ ကုန်သွယ်မှုဆိုင် ရာမူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို ကျေညက်နားလည်စွာ သိရှိသဘောပေါက်ထားနိုင်ရန်အတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီးရဲ့ကဏ္ဍအလိုက်သဘောတူချုပ် ဆိုထားသော သဘောတူညီချက်များကို လေ့လာဖတ်ရှုနိုင်ရန်ရည်ရွယ်၍ ယခုစာအုပ်ကို ထုတ်ဝေခဲ့ခြင်းဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် Friedrich Naumann Foundation ၏ အကူအညီဖြင့် WTO Legal Texts (မြန်မာဘာသာပြန်) ပထမပိုင်းစာအုပ်တွင် လိုအပ်ချက်များ၊ ဘာသာရပ်ဆိုင်ရာ အမြင်သဘောထားနှင့် အယူအဆကွဲလွဲမှုများ ရှိကောင်းရှိနိုင်မည်ဖြစ်ကြောင်း၊ သို့သော်လည်း ယခုဘာသာပြန်စာအုပ်ကို အသုံးပြု ကိုးကားလိုသူများအတွက် အကျိုးပြုနိုင်စေရန် ရည်ရွယ်၍ ကြိုးစားဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ ဘာသာပြန်ကျွမ်းကျင်သူပညာရှင်များ အပါအဝင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကူညီစိစစ်ပေးခဲ့ကြသော အရာထမ်းများ၏ အာဘော်များ မဟုတ်ကြောင်းလည်း သိရှိရပါကြောင်း၊ ထို့အပြင် ဤဘာသာပြန်စာအုပ်ကို အခါအားလျော်စွာ ပြန်လည်လေ့လာစိစစ်၍လိုအပ်ပါက ပြင်ဆင်ဖြည့်စွက်သွားရန်လည်း ရည်ရွယ်ထားပါကြောင်း သိရှိရပါသည်။ ထို့အပြင် ဤစာအုပ်သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို လေ့လာလိုက်စားလိုသူများအတွက် အဖော်မွန်ကောင်း တစ်လက်၊ လက်စွဲတစ်ရပ်ဖြစ်စေလိမ့်မည် ဟုမျှော်လင့်ထားပါကြောင်း သတင်းရရှိပါသည်။

**သက်နိုင် MOC**

## ပြောင်း



### မူဆယ်စခန်းမှသာ ပြောင်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီလ တတိယပတ်အတွင်း ကန်ဒေါ်လာ ၃ ဒသမ ၁၂၅ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၁၁၁၆၁ တန်ကျော်တင်ပို့ခဲ့ပါတယ်။

ယခင်ရက်သတ္တပတ်က မူဆယ်မှ ၂၀၄၄၈ တန်ခွဲနဲ့ ကန်ပိုက်တီးမှ တန် ၂၀၊ မြဝတီကုန်သွယ်ရေးဇုန်က တန် ၁၀၀၀ တင်ပို့နိုင်ခဲ့ရာ ယခုတစ်ပတ်ရဲ့ ပြောင်းတင်ပို့မှုဟာ သိသိသာသာ လျော့ကျသွားခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်ရဲ့ ပြောင်းတစ်တန်ဈေးမှာ ယခင်တစ်ပတ်ဈေးအတိုင်း ယခုတစ်ပတ်မှာလည်း ပြောင်းလဲမှု မရှိတာ တွေ့ရပါတယ်။

တရုတ်နှစ်သစ်ကူးပွဲတော်ကြောင့် ကုန်သည်များ တရုတ်နိုင်ငံကို ပြန်သွားကြလို့ ဝယ်လိုအားရော ရောင်းလိုအားပါ လျော့ကျလာခဲ့တာကြောင့် လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီး စခန်းတွေမှ ယခုရက်သတ္တပတ်မှာ ပြောင်းတင်ပို့မှု မရှိခဲ့ပါလို့ သိရပါတယ်။

**မော်မော်အောင် MIRT ( DCCA)**

## သီဟိုဠ်

### ကော့သောင်းနယ်စပ်မှ သီဟိုဠ်စေ့ ၁၁ တန်ကျော်တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှ ဖေဖော်ဝါရီ ၁ ရက်မှ ၂၀ ရက်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၀၉၀ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၁၁ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ မြဝတီကုန်သွယ်ရေးဇုန်ကတော့ ဖေဖော်ဝါရီ ၁ရက်မှ ၂၀ ရက်အတွင်း သီဟိုဠ်စေ့တင်ပို့နိုင်ခဲ့ခြင်းမရှိပါ။

**ခင်မြနွယ် MIRT ( DCCA)**

## ရော်ဘာ

### ကုန်ကြမ်းသွင်းကုန်စည်းကြပ်ခွန်မြင့်မားမှုကြောင့် အိန္ဒိယအသေးစား ရော်ဘာလုပ်ငန်းများထိခိုက်

AIRIA (All India Rubber Industries Association) ရဲ့ထုတ်ပြန်ချက်အရ အိန္ဒိယနိုင်ငံဟာ ရော်ဘာစိမ်းရော ရော်ဘာတုထွက်ရှိမှုပါ ထုတ်လုပ်မှုမလုံလောက်တဲ့အတွက် ပြည်ပမှ ကုန်ကြမ်းများကို မဖြစ်မနေတင်သွင်းရလျက်ရှိပါတယ်။

ကုန်ကြမ်းတင်သွင်းမှုအပေါ် စည်းကြပ်ခွန်မြင့်မားပြီး ကုန်ချော တင်သွင်းမှုအပေါ် စည်းကြပ်ခွန်နိမ့်နေတဲ့အတွက် ပြည်တွင်းရော်ဘာကုန်ချောထုတ်လုပ်သူများ အနေနဲ့ ပြည်ပကတင်သွင်းတဲ့ ကုန်ချောများရဲ့ဈေးကို မယှဉ်နိုင်ဖြစ်နေကြရပါတယ်။ ရော်ဘာလုပ်ငန်းများအသင်းကတော့ ရော်ဘာစိုက်ပျိုးသူများကို ထောက်ပံ့ပေးနေသော်လည်း ဗဟိုနဲ့ ပြည်နယ်အစိုးရတို့ရဲ့ ပံ့ပိုးမှုများကိုလည်း ရယူလိုတယ်လို့ သိရပါတယ်။

ရော်ဘာလုပ်ငန်းများအပေါ် အခွန်များပိုမိုစည်းကြပ်နေခြင်းဟာ ပြည်ပမှ ကုန်ချောများတင်သွင်းမှုကို အားပေးရာရောက်စေကြောင်း၊ ဥပမာ တရုတ်နိုင်ငံထုတ်ပစ္စည်းများဟာ ပြည်တွင်းထုတ်ရော်ဘာပစ္စည်းများထက် ဈေးပိုမိုသက်သာတယ်လို့ AIRIA မှ ဥက္ကဋ္ဌ မဟိန္ဒာဂုပ္ပတားကပြောပါတယ်။

ကုန်ကြမ်းအပေါ် မြင့်မားတဲ့ အခွန်စည်းကြပ်ပြီးပြည်ပမှ ဝင်လာတဲ့သွင်းကုန်အပေါ် စည်းကြပ်တဲ့ အခွန်နည်းနေတဲ့အတွက် ပြည်တွင်းရော်ဘာပစ္စည်းထုတ်လုပ်တဲ့လုပ်ငန်းရှင်များစွာ (၆၀၀၀ ခန့်) ကို ထိခိုက်စေ လျက်ရှိတယ်လို့ AIRIA ဥက္ကဋ္ဌ မဟိန္ဒာဂုပ္ပတားက ပြောကြားပါတယ်။

ယခုလို စည်းကြပ်ခွန်နှုန်း အနည်းအများ ကွာဟမှုကြောင့် ဈေးကွက်ယှဉ်ပြိုင်မှုကိုများစွာသက်ရောက်ပြီး ပြည်တွင်းလုပ်ငန်းရှင်များကို ထိခိုက်စေတယ်လို့လည်း ပြောကြားနေကြပါတယ်။ **CMK**

## ရော်ဘာ

### မလေးရှားနဲ့ စင်ကာပူသို့ ရော်ဘာတန် ၇၀၀ ကျော်တင်ပို့

ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၁ ရက်ထိကာလအတွင်းမှာ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ကန်ဒေါ်လာ သုည ဒသမ ၉၂၁ သန်းဖိုးရှိ ရော်ဘာ ၇၀၆ တန်ကျော်ကို မလေးရှားနဲ့ စင်ကာပူနိုင်ငံကို တင်ပို့ခဲ့ပါတယ်။ မလေးရှားနိုင်ငံကို RSS-3 တန် ၄၁၀နဲ့ MSR-20တန် ၁၀၀ကျော်တင်ပို့ခဲ့ပြီး စင်ကာပူနိုင်ငံကို MSR-20 ၁၉၆ တန်တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ်က မလေးရှားနဲ့ စင်ကာပူနိုင်ငံကို ၁၉၅၇ တန်ကျော်တင်ပို့နိုင်ခဲ့တဲ့အတွက် ယခုသီတင်းပတ်မှာ ၁၂၅၁ တန်ခန့်လျော့နည်းခဲ့ပါတယ်။

ရော်ဘာတင်ပို့မှုလျော့ကျခဲ့သော်လည်း ရော်ဘာဈေးပြောင်းလဲမှု မရှိကြောင်း သိရပါတယ်။ နိုင်ငံတကာရော်ဘာဈေးများ ပြောင်းလဲမှုမရှိတဲ့အတွက် မြန်မာ့ရော်ဘာဈေးများလည်း ပြောင်းလဲမှုမရှိကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ထုတ်ပြန်ထားပါတယ်။ အသင်းမှထုတ်ပြန်ထားတဲ့ ဈေးနှုန်းများကို ဖော်ပြပေးလိုက်ပါတယ်-

| | | |
|---|---|---|
| **RSS 1** | တစ်တန်လျှင် | ဒေါ်လာ ၁၅၀၀-၁၆၀၀ |
| **RSS 2** | တစ်တန်လျှင် | ဒေါ်လာ ၁၄၅၀-၁၅၅၀ |
| **RSS 3** | တစ်တန်လျှင် | ဒေါ်လာ ၁၄၀၀-၁၅၀၀ |
| **RSS 4** | တစ်တန်လျှင် | ဒေါ်လာ ၁၃၅၀-၁၄၅၀ |
| **RSS 5** | တစ်တန်လျှင် | ဒေါ်လာ ၁၃၀၀-၁၄၀၀ |
| **MSR 10** | တစ်တန်လျှင် | ဒေါ်လာ ၁၄၀၀-၁၅၀၀ |
| **MSR 20** | တစ်တန်လျှင် | ဒေါ်လာ ၁၃၅၀-၁၄၅၀ |
| **MSR 50** | တစ်တန်လျှင် | ဒေါ်လာ ၁၂၅၀-၁၃၅၀ |
| **Crepe Rubber** | တစ်တန်လျှင် | ဒေါ်လာ ၁၂၀၀-၁၃၀၀ |

**ယဉ်ယဉ်အေး MIRT (DCCA)**

# ကမ္ဘာ့ရော်ဘာ ရက်သတ္တပတ်ကို စင်ကာပူနိုင်ငံက မတ်လမှာ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်



ကမ္ဘာ့ရော်ဘာရက်သတ္တပတ်(World Rubber Week ) ကို မတ် ၂၄ ရက်မှ ၂၆ ရက်ထိ သုံးရက်ကြာ စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမယ်လို့ Global Rubber Market News အွန်လိုင်းသတင်းမှာ ဖော်ပြထားပါတယ်။ ရော်ဘာလုပ်ငန်းကဏ္ဍအသီးသီးမှ လူ၆၀၀၀ ခန့် တက်ရောက်မယ်လို့ ခန့်မှန်းထားပါတယ်။

World Rubber Week ကို Sing Ex Exhibitions စင်ကာပူပို့ကုန် ကုန်စည်ပြပွဲများဌာနက ကြီးမှူးပြီး IE Singapore နဲ့ ပူးတွဲကာ Singapore Expo Convention & Exhibition Centre မှာကျင်းပမယ်လို့ သိရပါတယ်။ World Rubber Week ကို ကျင်းပတဲ့အခါမှာ World Rubber Summit 2015 (WRS)ကို အပြည်ပြည်ဆိုင်ရာ ရော်ဘာလေ့လာရေးအဖွဲ့ (International Rubber Study Group-IRSG) က ပါဝင်ဆွေးနွေးမှာဖြစ်တဲ့အပြင် The Rubber Exchange Forum (REF) ကိုလည်း ကျင်းပသွားမယ် လို့ သိရပါတယ်။ Singapore Exchange (SGX) ကလည်း အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို တစ်ရက် ထည့်သွင်းကျင်းပသွားမှာဖြစ်ပါတယ်။

လတ်တလောမှာ ကမ္ဘာ့ရော်ဘာလုပ်ငန်းများအနေနဲ့ ဈေးနှုန်းအတက်အကျ၊ ထုတ်လုပ်မှုနဲ့ လိုအပ်ချက်၊ ဈေးနှုန်းနည်းလွန်းမှု၊ ရေနံစိမ်းဈေး စသည်တို့ ရင်ဆိုင်ကြရပါတယ်။ ယခု World Rubber Week ကို ကျင်းပကြတဲ့အခါ ရော်ဘာလုပ်ငန်းရှင်များ ရင်ဆိုင်နေကြရတဲ့ပြဿနာများကို ဖြေရှင်းနိုင်ရေး၊ ဖြေရှင်းရမယ့် နည်းလမ်း စတာတွေကို ဆွေးနွေးသွားကြမယ်လို့သိရပါတယ်။

Singex Holdings ရဲ့အမှုဆောင်အရာရှိချုပ် Aloysius Arlando က World Rubber Week ကို တက်ရောက်ရန် နိုင်ငံတကာက ရောက်ရှိလာကြမယ့် ရော်ဘာလုပ်ငန်းများမှ အကြီးအကဲများ၊ ကျွမ်းကျင်သူများက ကြုံတွေ့နေရသော အခက်အခဲ၊ ပြဿနာ စိန်ခေါ်မှုများကို ဆွေးနွေးပေးသွားနိုင်မှာဖြစ်ကြောင်းနဲ့ ကိုယ်စားလှယ်တော်ကြီးများအနေနဲ့ ရော်ဘာလုပ်ငန်းကဏ္ဍရဲ့ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစိတ်ဆွေးနွေးသွားကြမယ်လို့ သိရပါတယ်။ **CMK**

## ရော်ဘာဈေးအတက်အကျမရှိသော်လည်း တင်ပို့မှုလျော့ကျ



မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅ )မိုင် ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၀ ရက်ထိကာလအတွင်းမှာ ရော်ဘာ ၁၃၆ တန် တင်ပို့ခဲ့ပါတယ်။ကန်ဒေါ်လာ သုည ဒသမ ၁၈၁ သန်းဖိုးရှိ RSS-3 ၆၇ တန်ခွဲနဲ့ MSR-50 ၆၈ တန်ခွဲ တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခုသီတင်းပတ်မှာ ရော်ဘာတင်ပို့မှု တန် ၃၀၀ကျော် လျော့နည်းခဲ့ပါတယ်။ လွယ်ဂျယ်နဲ့ ချင်းရွှေဟော်စခန်းများမှလည်း တင်ပို့မှုမရှိခဲ့ပါဘူး။

မူဆယ်ကုန်စည်ဒိုင်မှာတော့ ရော်ဘာပေါက်ဈေးများမှာ ပြောင်းလဲမှုမရှိဘဲ ယခင်တစ်ပတ်ဈေးအတိုင်း RSS-3 တစ်တန်ကို မိမိဘက်ဈေး ၁၄၃၄၇၄၃ ကျပ်ရှိပြီး၊ တစ်ဖက်နိုင်ငံဈေး ၁၃၉၄ ဒေါ်လာရှိတယ်လို့ သိရပါတယ်။

**ယဉ်ယဉ်အေး MIRT ( DCCA)**

# ယခုတစ်ပတ်အတွက် ပြည်တွင်းဈေးကွက်မတ်ပဲဈေးသုံးသပ်ချက် (၂၀၁၅ခုနှစ်ဖေဖော်ဝါရီပထမပတ်ထိ)

ကျော်မြင့်

### ယခင်တစ်ပတ်မှအဆက်

ပုံ-၆။ ရန်ကုန်မတ်ပဲ (RC) နှင့် မွမ်ဘိုင်းတွင် မြန်မာ့မတ်ပဲ အပတ်စဉ်ပျမ်းမျှဈေးပြောင်းလဲမှု (၂၀၁၃ မှ ၂၀၁၅ ထိ)




ပုံ-၇။ ရန်ကုန်မတ်ပဲ (RC) နှင့် မွမ်ဘိုင်းတွင် မြန်မာ့မတ်ပဲ ယခုတစ်ပတ်ပျမ်းမျှဈေးအရကွာဟချက် (၂၀၁၅ ခုနှစ်)




ဇာစ်မြစ်။ www.etrademyanmar.com

မွမ်ဘိုင်းမှ မြန်မာ့မတ်ပဲဈေးသည် တစ်တန်ကို ကန်ဒေါ်လာ ၉၀၉ ဖြစ်ပြီး ရန်ကုန်မတ်ပဲဈေးမှာ တစ်တန်ကို ကန်ဒေါ်လာ ၇၇၉ ဖြစ်သည်။ မွမ်ဘိုင်းမှ မြန်မာ့ မတ်ပဲဈေးနှင့် ရန်ကုန်မတ်ပဲဈေးကွာခြားချက်မှာ တစ်တန်ကို ကန်ဒေါ်လာ ၁၃၀ ဖြစ်သည်။ ပုံ-၇ ကိုကြည့်ရှုရန်ဖြစ်ပါသည်။ (FOB)ရန်ကုန်ဈေးဖြင့် ရန်ကုန်တွင် အရောင်းအဝယ်ဖြစ်သော မတ်ပဲဈေးမှာ တစ်တန်ကို ကန်ဒေါ်လာ ၈၁၀ ဖြစ်သဖြင့် မွမ်ဘိုင်းမှ မြန်မာ့မတ်ပဲဈေးတစ်တန်ကို ကန်ဒေါ်လာ ၉၀၉ နှင့် နှိုင်းယှဉ်ပါက တစ်တန်ကို ကန်ဒေါ်လာ ၉၉ ကွာခြားသည်။

**၂၀၁၄ ခုနှစ်အတွင်း အမြင့်ဆုံးဖြစ်သော (Peak level) ဈေးနှင့် ၂၀၁၅ ခုနှစ်လက်ရှိအခြေအနေနှိုင်းယှဉ်ခြင်း။** ၂၀၁၄ ခုနှစ်အတွင်း ရန်ကုန်တွင် မတ်ပဲ အမြင့်ဆုံးဖြစ်ပေါ်ခဲ့သော (Peak level)ဈေးမှာ တစ်တန်ကို ကန်ဒေါ်လာ ၈၇၇ ဖြစ်သည်။ **၂၀၁၅ ခုနှစ် လက်ရှိအခြေအနေအရ** ရန်ကုန်မတ်ပဲဈေးမှာ တစ်တန်ကို ကန်ဒေါ်လာ ၇၈၃ ဖြစ်သည်။ ၂၀၁၄ ခုနှစ်အတွင်း အမြင့်ဆုံးဖြစ်သော (Peak level) ဈေးသည် လက်ရှိအခြေအနေထက် ၁၂ ရာခိုင်နှုန်းဈေးပိုမြင့်သည်။

မွမ်ဘိုင်းတွင် ၂၀၁၄ ခုနှစ်အတွင်း အမြင့်ဆုံးဈေးဖြစ်ပေါ်ခဲ့သော (Peak level) ဈေးသည် တစ်တန်ကို ကန်ဒေါ်လာ ၉၅၅ ဖြစ်ခဲ့သည်။ ၂၀၁၄ ခုနှစ် အတွင်းအမြင့်ဆုံးဈေးဖြစ်ပေါ်ခဲ့သော (Peak level) ဈေးသည် လက်ရှိမတ်ပဲ ဈေးထက် ၅ ရာခိုင်နှုန်းဈေးပိုမြင့်သည်။ ပုံ-၈ နှင့် ပုံ-၉ ကိုကြည့်ရှုရန်ဖြစ်ပါသည်။

ပုံ-၈။ ရန်ကုန်မတ်ပဲ (RC)အပတ်စဉ် ပျမ်းမျှဈေးပြောင်းလဲမှု (၂၀၁၃ ဇန်နဝါရီမှ ၂၀၁၅ ဖေဖော်ဝါရီ)




ပုံ-၉။ မွမ်ဘိုင်းမှ မြန်မာမတ်ပဲအပတ်စဉ်ပျမ်းမျှဈေးပြောင်းလဲ မှု (၂၀၁၃ ဇန်နဝါရီမှ မှ၂၀၁၅ ဖေဖော်ဝါရီထိ)




ဇာစ်မြစ်။ www.etrademyanmar.com

**အိန္ဒိယနိုင်ငံ၏ မတ်ပဲစိုက်ပျိုးထုတ်လုပ်မှုအခြေအနေ**

အိန္ဒိယ၏ ၂၀၁၄-၂၀၁၅ မိုးပဲစိုက်ပျိုးမှုကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ၄ ရက်နေ့တွင် GGN Research သုတေသနမှ မတ်ပဲ (URAD survey) နှင့် ပတ်သက်၍ လေ့လာတွေ့ရှိချက်များကို စုစည်းဖော်ပြထားပါသည်။

အိန္ဒိယနိုင်ငံတွင် ယခုနှစ် မုတ်သုံမိုးရွာသွန်းမှုသည် နောက်ကျခဲ့သည်။ အိန္ဒိယနိုင်ငံ မတ်ပဲစိုက်ဧရိယာသည် ပြီးခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်ပါက ၅ ရာခိုင်နှုန်း လျော့နည်းသွားသည်။ ရာသီဥတုအခြေအနေသည် ဇူလိုင်လလယ်ထိ ပူနွေးခြောက်သွေ့နေခဲ့သည်။ မိုးဆက်လက်ရွာသွန်းခဲ့ပြီး ဩဂုတ်လ ပထမပတ်ထိ မတ်ပဲ ကို ဆက်လက်စိုက်ပျိုးခဲ့သည်။ မဒ္ဒရာပရာဒေ့ရှ်နှင့် ရာဂျက်စသန်ပြည်နယ်နှစ်ခုသာ ယခင်နှစ်ထက် သိသာစွာပိုမိုစိုက်ပျိုးနိုင်ခဲ့သော်လည်း ကျန်ပြည်နယ်များတွင် မတ်ပဲစိုက်ဧရိယာကျဆင်းခဲ့သည်။ အိန္ဒိယနိုင်ငံ၏ ၂၀၁၄ ခုနှစ် မတ်ပဲစိုက်ဧရိယာသည် ပြီးခဲ့သည့်နှစ်ထက် ၅ ရာခိုင်နှုန်းတိုးမြင့်လာပြီး အထွက်နှုန်းအနေဖြင့် ၃ ရာခိုင်နှုန်းတိုးတက်လာမည်ဟု ခန့်မှန်းကြသည်။ ၂၀၁၄ ခုနှစ်တွင် မတ်ပဲစုစုပေါင်း ထုတ်လုပ်မှုအနေဖြင့် ယခင်နှစ်ထက် ၈ ရာခိုင်နှုန်း တိုးမြင့်လာမည်ဟု ခန့်မှန်းထားကြောင်း (Tuar, Moong and Urad survey conducted for India pulses and grains association by GGN research) သိရှိရသည်။

၂၃-၂-၂၀၁၅ မှ ၂၇-၂-၂၀၁၅ ထိ
CO Form များ ထုတ်ပေးမှုစာရင်း
ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 174 | 10,291,716.164 |
| 2 | Form D | 56 | 3,986,330.640 |
| 3 | Form E | 121 | 1,456,400.520 |
| 4 | Korea GSP | 6 | 68,754.500 |
| 5 | Form AK | 64 | 4,355,197.190 |
| 6 | Form AJ | 4 | 324,834.640 |
| 7 | Form AI | 49 | 1,646,122.684 |
| 8 | AANZ | 1 | 507.000 |
| Grand Total | | 475 | 22,129,863.338 |

# မန္တလေးတိုင်းဒေသကြီး ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



မန္တလေးတိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လမ်းညွှန်မှုဖြင့် မန္တလေးတိုင်း ဒေသကြီးထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဖေဖော်ဝါရီလ ၂၄ ရက် အင်္ဂါနေ့ နံနက် ၁၀း၀၀ အချိန်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီကို မန္တလေးတိုင်းဒေသကြီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဌာနဆိုင်ရာများ၊ စားသုံးသူကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းပေးထားခြင်းဖြစ်သည်။ ၎င်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ မန္တလေးတိုင်းဒေသကြီး ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များတက်ရောက်ခဲ့ကြပါသည်။ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်တွင်းရှိကုန်စည်များနှင့်ပြည်ပ မှ ဝင်ရောက်လာသော ကုန်စည်များ လုံခြုံစိတ်ချရမှုရှိစေရေး၊ အာဆီယံနှင့်နိုင်ငံတကာလုပ်ထုံးလုပ်နည်းနှင့် အညီ ကုန်စည်သို့မဟုတ် ဝန်ဆောင်မှုကို စံချိန်စံညွှန်းများနှင့် အညီထုတ်လုပ်ရောင်းချစေရေးအတွက် ကြီးကြပ်နိုင်ရေး၊ စား သုံးသူများအနေဖြင့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများကို မှန်ကန်စွာရွေးချယ် ဝယ်ယူနိုင်စေရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို အဓိကထား၍ ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။ ၎င်းအပြင် ဈေးကွက်အတွင်း တားမြစ်စားသောက်ကုန်နှင့် အလှကုန်ပစ္စည်းများ၊ အရည်အသွေးအာမခံချက်မရှိသည့် လုံခြုံစိတ်ချ ရမှုမရှိသော ကုန်ပစ္စည်းများဈေးကွက်အတွင်း မရောင်းချစေရေး ကိစ္စရပ်များနှင့် အရင်းအမြစ်ဖြစ်သော ထုတ်လုပ်၊ ရောင်းချသူများအထိ လိုက်လံကြီးကြပ်စစ်ဆေး၍ လိုအပ်သည်များဆောင်ရွက်နိုင်ရေးတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

**တင်ချစ်ကောင်း**
**စားသုံးသူ (မန္တလေး)**

# ပန်းစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်ရုံဆွေးနွေးပွဲနှင့် စားသုံးသူအကာအကွယ်ပေးရေး သိကောင်းစရာများဟောပြော

ရှမ်းပြည်နယ် (တောင်ပိုင်း) ပန်းစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှုဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်ရုံ ဆွေးနွေးပွဲကို ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ဟဲဟိုးမြို့ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ဦးစီး၍ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ကုန်သွယ်မှုမြှင့်တင်ရေးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးအောင်ကျော်ညွှန့်က အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရခြင်းရည်ရွယ်ချက်များနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသွားခဲ့သည်။ ၎င်းနောက် ဆက်လက်၍သစ်သီးဝလံဥက္ကဋ္ဌ ဦးခင်အောင်နှင့် ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်သင်းသင်းလှဲ့တို့ကလည်းကောင်း သက်ဆိုင်ရာကဏ္ဍအသီးသီးအလိုက် ဆွေးနွေးတင်ပြသွားခဲ့ကြပါသည်။

ထို့နောက် ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးစိုးအောင်က အစားအသောက်များနှင့် ဟင်းသီးဟင်းရွက်များကို စားသုံးရာတွင် မျိုးရိုးဗီဇပြုပြင်ထားသော အသားနှင့် ဟင်းသီးဟင်းရွက်များကို ချက်ပြုတ် စားသုံးခြင်း၊ တာရှည်ခံစေရန် ပြုပြင်စီရင်ထားသောအသား၊ ငါးနှင့် အစား အသောက်များကို အလွယ်တကူစားသုံးခြင်း၊ ပိုးသတ်ဆေးနှင့် ဓါတ်မြေ ဩဇာလွန်ကဲစွာ အသုံးပြုထားသည့် ကောက်ပဲသီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို နှစ်ခြိုက်စွာစားသုံးခြင်းနှင့် သဘာဝပစ္စည်းများဖြင့် အမှုန့်ပြုလုပ်ခြင်းမဟုတ်ဘဲ ရောစပ်ပြုပြင်ထားသော အမှုန့်များကို အနံ့အရသာရှိစေရန် သုံးစွဲခြင်းကြောင့် ကင်ဆာ၊ သွေးတိုး၊ နှလုံး၊ လေငန်း အစရှိသည့် ရောဂါများဖြစ်ပွားခြင်း၊ မျိုးရိုးဗီဇထိခိုက်ခြင်း၊ အစာအဆိပ်သင့်ခြင်းနှင့် အခြားသော ဘေးဥပဒ်အန္တရာယ်များဖြစ်ပေါ်နိုင်ကြောင်းနှင့် စားသုံးသူများအား အကာအကွယ်ပေးနိုင်ရန် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပြဋ္ဌာန်းပြီးဖြစ်ခြင်းကြောင့် စားသုံးသူအခွင့်အရေး ထိခိုက်နစ်နာမှုရှိပါက ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်သွားနိုင်မည့်အကြောင်းကို အသေးစိတ် ဆွေးနွေးဟောပြောသွားခဲ့ပါသည်။

ဆက်လက်၍ ပြည်နယ်သမဝါယမ၊ အသင်းချုပ်ဥက္ကဋ္ဌ ဦးကျော်မြင့်နိုင်က သမဝါယမနှင့် ပတ်သက်၍ အသင်းသူအသင်းသားများအား ဆွေးနွေးပြောကြားသွားခဲ့ပါသည်။ အဆိုပါ အခမ်းအနားသို့ ပန်းစိုက်ပျိုးသူ တောင်သူများ၊ ရပ်မိရပ်ဖများနှင့် ဖိတ်ကြားထားသောသူများ ၁၂၀ ခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မေပွင့်ဖြူ**

# စားသုံးသူအခွင့်အရေးအတွက် ဦးစားပေးစဉ်းစားရန် ဗီယက်နမ်ယှဉ်ပြိုင်မှုအာဏာပိုင် အဖွဲ့အစည်းမှတိုက်တွန်း




ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့တွင် ဖေဖော်ဝါရီလ ၃ ရက်နေ့က ဗီယက်နမ်နိုင်ငံ စက်မှုနှင့် ကုန်သွယ်မှု ဝန်ကြီးဌာနလက်အောက်ရှိ ဗီယက်နမ် ယှဉ်ပြိုင်မှုအာဏာပိုင်အဖွဲ့အစည်းနှင့် ကိုရီးယားစားသုံးသူအဖွဲ့အစည်းတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စားသုံးသူအကာအကွယ်ပေးရေးဆိုင် ရာဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။ ဆွေးနွေးပွဲတွင် စားသုံးသူအခွင့်အရေး ကာကွယ်မှုနှင့် ပတ်သက်၍ ပြည်တွင်းနှင့်ပြည်ပမှ ကျွမ်းကျင်ပညာရှင်များက အတွေ့အကြုံများကိုဆွေးနွေးဖလှယ်ခဲ့ကြပါသည်။

အဆိုပါဆွေးနွေးပွဲတွင် ယှဉ်ပြိုင်မှုအာဏာပိုင်အဖွဲ့အစည်း၏အကြီးအကဲဖြစ်သည့် Mr. Bach Van Mung က စီးပွားရေးလုပ်ငန်းရှင်များအား စားသုံးသူများ၏အခွင့်အရေးများကို ကာကွယ်ရာတွင် တာဝန်သိစိတ်ရှိရန် တိုက်တွန်းပြောကြားခဲ့ပြီး ၎င်း၏အဖွဲ့အစည်းအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းရှင်များအား စားသုံးသူများ၏ အခွင့်အရေးကို တာဝန်သိတတ်စေရန် အမျိုးမျိုးသော လှုပ်ရှားဆောင်ရွက်မှုများကို ဆောင်ရွက်ခဲ့ကြောင်း ပြောကြားခဲ့ပါသည်။ ဆက်လက်၍ ဈေးကွက်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ နိုင်ငံတကာ ပေါင်းစည်းမှုများ လျင်မြန်စွာ ဖြစ်ထွန်းလာသဖြင့် စားသုံးသူအခွင့်အရေးချိုးဖောက်မှုများမှာ ရှုပ်ထွေးဆန်းကျယ်လာခဲ့ ကြောင်းလည်း ပြောကြားခဲ့ပါသည်။

ယှဉ်ပြိုင်မှု အာဏာပိုင်အဖွဲ့အစည်း၏ ဒုတိယအကြီးအကဲဖြစ်သူ Mr. Trinh Anh Tuan က စားသုံးသူအခွင့်အရေးကာကွယ်သည့်ဥပဒေအရ စီးပွားရေးလုပ်ငန်းများသည် စားသုံးသူများအား သတင်းအချက်အလက် ပေးအပ်ရန်နှင့် တိုင်တန်းမှုများကို ဖြေရှင်းဆောင်ရွက်ရန် စသည့်တာဝန်များကို လိုက်နာဆောင်ရွက်မှုအားနည်းနေသေးကြောင်း၊ အာဏာပိုင်အဖွဲ့အစည်းများအနေဖြင့်လည်း ဗဟိုအဆင့်မှ ဒေသလိုက်အဆင့်အထိ စားသုံးသူအခွင့်အရေးများကို ကာကွယ်ရာတွင် အဆင်သင့်ဖြစ်ရန် များစွာလိုသေးကြောင်း ပြောကြားခဲ့ပါသည်။ ထို့ပြင် လက်ရှိကာလတွင် စားသုံးသူအခွင့် အရေးများကို အကာအကွယ်ပေးရန် ထူထောင်ထားသည့် လူမှုအဖွဲ့အစည်းများ၏ အရေအတွက်သည်လည်း အလွန်နည်းပါးနေသေးကြောင်းလည်း ၎င်းက ပြောကြားခဲ့ပါသည်။ ကိုရီးယားစားသုံးသူ အဖွဲ့အစည်းမှကျွမ်းကျင်ပညာရှင်ဖြစ်သူ Mr. Lee Hyun Chang မှ ဗီယက်နမ်နိုင်ငံမှ စားသုံးသူများအနေဖြင့် လိုအပ်သောဝန်ဆောင်မှုလုပ်ငန်းများအား အသုံးပြုနိုင်ရန် အခက်အခဲကြုံတွေ့ရ လျက်ရှိကြောင်း၊ စားသုံးသူများ အနေဖြင့် ၎င်းတို့၏အခွင့်အရေးများကို ကာကွယ်နိုင်ရန် အလေးအနက်ထားရှိရန် လိုအပ်လျက်ရှိကြောင်း ပြောကြားခဲ့ပါသည်။

ယှဉ်ပြိုင်မှုအာဏာပိုင်အဖွဲ့အစည်းမှ ကျွမ်းကျင်ပညာရှင်ဖြစ်သူ Mr. Phan The Thang က စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် စားသုံးသူအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပြီး စားသုံးသူများ၏ အသနားခံမှုများကို လျင်မြန်စွာဖြေရှင်းပေးနိုင်ရန်လိုအပ်ပြီး စားသုံးသူအကာအကွယ်ပေးရေး ကဏ္ဍအတွက် စီးပွားရေးလုပ်ငန်းများနှင့် တိုင်ပင်ဆွေးနွေးနိုင်သည့် အဖွဲ့အစည်းတစ်ရပ်လည်း ဖွဲ့စည်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

ကိုရီးယားစားသုံးသူ အဖွဲ့အစည်းမှ Choi Yoon Seonက ဗီယက်နမ်နိုင်ငံအနေဖြင့် စားသုံးသူများကို အလေးဂရုပြုနိုင်ရေးအတွက် မူဝါဒတစ်ရပ်ချမှတ်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ အဆိုပါ မူဝါဒအနက် ထုတ်ကုန်အာမခံပေးမှုနှင့်ပြန်လည်ထိန်းသိမ်းပြင်ဆင်ပေးမှုအစီအစဉ်များ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ စားသုံးသူ တိုင်တန်းမှုများကိုလက်ခံရန်သို့မဟုတ် အငြင်းပွားမှု ဖြေရှင်းရန် ထိရောက်သောနည်းလမ်းများလည်း ပါဝင်ရန် လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။ ထို့နောက် ၎င်းက ဗီယက်နမ်နိုင်ငံအနေဖြင့် ကိုရီးယားနိုင်ငံကဲ့သို့ ဈေးကွက်အတွင်း ယှဉ်ပြိုင်မှုများနှင့် စားသုံးသူအကျိုးကျေးဇူးများကိုတိုးတက်စေရန် ဗဟိုစားသုံးသူစီမံကွပ်ကဲသည့် စနစ်တစ်ရပ်လည်း ထူထောင်ရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်၊

**မျိုးမျိုးထိုက်၊**
**စားသုံးသူရေးရာဌာနခွဲ**

# စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့/ ဈေးကြီးသုံးဈေးတွင် စားသောက်ကုန်ပစ္စည်းများအား Mobile Lab ဖြင့် ကွင်းဆင်းစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဈေးများတွင် ရောင်းချလျက်ရှိသော စားသောက်ကုန်ပစ္စည်းများအား စားသုံးသူပြည်သူများအတွက် ဘေးအန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်ပြီး စားသောက်ကုန်ပစ္စည်းများကို ဓါတုဆေးဝါးများ ပါဝင်မှုရှိ/မရှိ၊ အစားအသောက်များတွင် အသုံးပြုသော ခွင့်ပြုဆိုးဆေးများ ဟုတ်/မဟုတ် ကွင်းဆင်းစစ်ဆေးခြင်းများ ပြုလုပ်လျက်ရှိပါသည်။

ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် မုံရွာမြို့ပေါ်ရှိ ဈေးကြီးသုံးဈေးဖြစ်သော ချင်းတွင်း ရတနာဈေး၊ မြသလ္လာဈေး၊ သီရိရတနာဈေးများသို့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဦးစီးမှူးနှင့် ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)မှ ဝန်ထမ်းများ၊ မုံရွာမြို့နယ် စည်ပင်သာယာ ရေးကော်မတီမှ ဝန်ထမ်းများ ပူးပေါင်းပြီး ဈေးတွင် ရောင်းချသည့် စားသောက်ကုန် ပစ္စည်းများအနက် စားသောက်ကုန်အမယ် ၁၃၇ မျိုးအား နမူနာကောက်ယူပြီး Mobile Lab ကားဖြင့်စစ်ဆေး ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်သည်ကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် (စီမံ/စီးပွား) ဝန်ကြီး ဦးစိန်မောင်း ကလာရောက်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်စေခဲ့ပါသည်။

စစ်ဆေးချက်များ ပြုလုပ်ပြီးနောက် စားသုံးရန်မသင့်သည့် စားသောက်ကုန် ပစ္စည်းများပါရှိပါက ရလဒ်များကို FDA ဌာနက တရားဝင်



ကြေညာသွားမည် ဖြစ်ကြောင်း သိရှိရပါသည်။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းအတွင်းရှိ ရွှေဘိုမြို့နှင့် စစ်ကိုင်းမြို့များသို့ သက်ဆိုင်ရာဌာနဆိုင်ရာများ ပူးပေါင်းပြီး ဆက်လက်စစ်ဆေးသွားမည်ဟုလည်း သိရှိရပါသည်။ **ကေသီအောင်**

# ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ စမ်းချောင်းမြို့နယ်အတွင်းရှိ ဈေးများတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးကွင်းဆင်းဆောင်ရွက်



ဈေးရောင်းချသည့် ဈေးသူ/ဈေးသားများအနေဖြင့် ဘေးဥပဒ်အန္တရာယ်ကင်းသော စားသောက်ကုန် ပစ္စည်းများ ရောင်းချတတ်လာစေရန်နှင့်စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပြဋ္ဌာန်းချက်များကို တစ်ဦးချင်း သိရှိစေရန်ရည်ရွယ်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ် ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူနှင့်ဝန်ထမ်းများသည် စမ်းချောင်းမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အတွင်းရှိ ဈေးတာဝန်ခံ များနှင့်ပူးပေါင်း၍ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ရန်ကုန်တိုင်း ဒေသကြီး၊ စမ်းချောင်းမြို့နယ်အတွင်းရှိ ကျွန်းတောဈေး၊ ရှမ်းလမ်းဈေး၊ (ယာယီ)ဦးရွှေမှန်ဈေးများရှိ ဈေးရောင်းချသည့်သူများအား စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများကို အသိပညာပေးခြင်းနှင့် ဈေးသုံးဈေးသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပညာပေးခြင်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်။

အဖွဲ့သည် ဈေးကော်မတီရုံး၌ စားသောက်ကုန်ပစ္စည်း၊ ဆေးဝါး၊ လူသုံးကုန်၊ အလှကုန်ပစ္စည်း ရောင်းချ သည့်သူများအား ပြည်ထောင်စုလွှတ်တော်က ၂၀၁၄ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ထုတ်ပြန်ပြီးသည့် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေပါ အကြောင်းအရာ၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရန်နှင့် စားသုံးသူများ၏ အငြင်းပွားမှုဆိုင်ရာကိစ္စများ ဖြေရှင်းနိုင်ရေးအတွက် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့် အညီ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းပြီးသည့်အခြေအနေ၊ ၎င်းအဖွဲ့အောက်တွင် ကော်မတီနှစ်ရပ်ဖြစ်သည့် စားသုံးသူ တိုင်ကြားမှုလက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီ၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီ ဖွဲ့စည်းခဲ့သည့်အခြေအနေ၊ ဥပဒေတွင်ပါရှိသည့် ထုတ်လုပ်ရောင်းချသူ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်၊ တားမြစ်ချက်၊ စားသုံးသူများ ရရှိနိုင်မည့်အခွင့်အရေး၊ တာဝန်များ ပြဋ္ဌာန်းထားသည့်အခြေအနေ၊ ဈေးရောင်းချသည့် ဈေးသူ/ဈေးသားများအနေဖြင့် ဥပဒေတွင်ပါရှိသည့် စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်၊ တားမြစ်ချက်များနှင့်အညီ မိမိတို့ရောင်းချသည့် ကုန်ပစ္စည်းများသည် စားသုံးသူများအတွက် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းပြီး သတ်မှတ်စံချိန်စံညွှန်း များနှင့် ကိုက်ညီရန် လိုအပ်သကဲ့သို့ မိမိတို့ကိုယ်တိုင် ကုန်ပစ္စည်း များကို ဝယ်ယူအသုံးပြုရာတွင်လည်း စားသုံးသူအနေဖြင့် စားသုံးသူ၏ အခွင့်အရေးနှင့်တာဝန်များကို သိထားရန်လိုအပ်ကြောင်းတို့ကို အသေးစိတ်ရှင်းလင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ တာဝန်ရှိသူများသည် ကျွန်းတောဈေး၊ ရှမ်းလမ်းဈေး၊ (ယာယီ)ဦးရွှေမှန်ဈေး များအတွင်းရှိ စားသောက်ကုန်၊ ဆေးမျိုးစုံ၊ အလှကုန်၊ လူသုံးကုန်၊ ငါးပိ၊ ငါးခြောက်၊ ငါးပိစိမ်းစား၊ စားသုံးဆီ၊ ငရုတ်သီးမှုန့်မျိုးစုံရောင်းချလျက်ရှိသည့်ဆိုင်များသို့ လှည့်လည်ကြည့်ရှုပြီး ကုန်ပစ္စည်းများတွင် ဆက်သွယ်ရန် လိပ်စာ၊ ထုတ်လုပ်/ကုန်ဆုံးရက်စွဲ၊ အမှတ်တံဆိပ်၊ ပါဝင်ပစ္စည်းများပါရှိသည့် ကုန်ပစ္စည်းများကို ရွေးချယ်၍ ရောင်းချရန်၊ ကျန်းမာရေးဝန်ကြီးဌာနမှ စားသုံးရန်နှင့်သုံးစွဲရန်မသင့်ဟု ထုတ်ပြန်ကြေငြာထားသည့် အစားအစာ၊ ဆေးဝါး၊ အလှကုန်ပစ္စည်းများ ရောင်းချခြင်းမပြုရန်၊ သက်တမ်းကုန်ဆုံးနေသည့်ကုန်ပစ္စည်းများ ရောင်းချခြင်း မပြုရန်၊ ဘေးဥပဒ်အန္တရာယ်ဖြစ် စေမည့်ပစ္စည်းများ မရောင်းချရန် တို့ကို ပညာပေးဆွေးနွေးမှုများ ကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည်သက်ဆိုင်ရာဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံစားသုံးသူ ကြိုတင်ကာကွယ်ရေးအသင်းတို့နှင့် ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် စားသုံးသူ အကာအကွယ်ပေးရေးအသိပညာပေးလုပ်ငန်းများကို စားသုံးသူပြည်သူအားလုံး သိရှိစေရန်ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါသည်။

ကွင်းဆင်းဆောင်ရွက်ခဲ့သည့် စမ်းချောင်း မြို့နယ်အတွင်းရှိ ကျွန်းတောဈေးတွင် ဆိုင်ခန်းပေါင်း ၂၂၉ ခန်း၊ ရှမ်းလမ်းဈေးတွင် ဆိုင်ခန်းပေါင်း ၃၁၈ ခန်း၊ (ယာယီ)ဦးရွှေမှန်ဈေးတွင် ဆိုင်ခန်းပေါင်း ၁၀၈ ခန်းနှင့် တွဲလျက်ဝင်းအတွင်းရှိ အခွန်လွတ်ဈေးတွင်ဆိုင်ခန်းပေါင်း ၁၀၂ ခန်းတို့ဖြင့် နေ့စဉ် ကုန်ပစ္စည်းများ ရောင်းချလျက်ရှိ ကြောင်း သတင်းရရှိပါသည်။

**မိုးမိုးကြည်( စားသုံးသူ )ရန်ကုန်**

# MAPCO ၏ တန်းမြင့်ဆန်စက်များ မတ်လတွင် စတင်ဖွင့်လှစ်မည်

မြန်မာ့လယ်ယာစီးပွားအများပိုင်ကော်ပိုရေးရှင်း(MAPCO)သည် နေပြည်တော်ကောင်နယ်မြေ ပျဉ်းမနားမြို့နယ်၊ မယ်ဇလီကုန်းကျေးရွာတွင် အဆင့်မြင့်ပေါင်းဆန် တန် ၁၀၀ကျဆန်စက်နှင့် တန်းမြင့်ဆန်ဖြူတန် ၁၂၀ ကျ ဆန်စက်များကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။အဆိုပါဆန်စက်များကို လာမည့် မတ် ၂ ရက်တွင် စတင်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရသည်။

MAPCO သည် နေပြည်တော်ကောင်စီနယ်မြေတွင် စပါးစိုက်ပျိုးသော တောင်သူများနှင့်အကျိုးတူပူးပေါင်း၍ ကန်ထရိုက်လယ်ယာလုပ်ငန်းစနစ်ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

MAPCO အနေဖြင့် ကန်ထရိုက်လယ်ယာစနစ်ကို ဆောင်ရွက်လျက်ရှိသည့် တောင်သူများအတွက် စိုက်ပျိုးချိန်တွင် လိုအပ်သည့်စိုက်ပျိုးစရိတ်၊ မျိုး၊ မြေဩဇာနှင့်သွင်းအားစုများပံ့ပိုးပေးခြင်း၊ ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်များနှင့် ဝန်ဆောင်မှုပေးခြင်းတို့ကို ယခုနှစ် ဇန်နဝါရီလအတွင်းက စတင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းသည် MAPCO မှ နေပြည်တော်တွင် တည်ဆောက်လျက်ရှိသည့် ဆန်စက်အတွက် အရည်အသွေးကောင်းစပါးများ စုဆောင်းရရှိနိုင်သည့် Win-win နည်းလမ်းတစ်ခုလည်းဖြစ်ကြောင်း သိရသည်။

“နေပြည်တော်မှာရှိတဲ့အဆင့်မြင့် ဆန်စက်၊ ပေါင်းဆန်စက်နဲ့အဆင့်မြင့် ဆန်ဖြူကြိတ်ခွဲစက်ရုံတွေကို လာမယ့် တောင်သူလယ်သမားနေ့မှာဖွင့်လှစ်မှာပါ။ တောင်သူလယ်သမားတွေကို ဂုဏ်ပြုတဲ့အနေနဲ့ အဲဒီနေ့အမီပြီးစီးအောင် လုပ်ဆောင်လျက်ရှိပါတယ်။ အဲဒီဆန်စက်ကနေ တောင်သူလယ်သမားတွေ အတွက်ရော၊ နိုင်ငံအတွက်ရော၊ ဆန်စပါးကဏ္ဍအတွက်ပါ အကျိုးဖြစ်ထွန်းလာနိုင်ပါတယ်”ဟု MAPCO မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**မယ်သီတာ**

# Taiyo Life Insuranceက မြန်မာနိုင်ငံတွင် ကျန်းမာရေးအာမခံ လုပ်ငန်းများ ဆောင်ရွက်ပေးမည်

ဂျပန်နိုင်ငံ Taiyo Life Insurance အာမခံကုမ္ပဏီသည် မြန်မာနိုင်ငံတွင် ကျန်းမာရေးအာမခံလုပ်ငန်းများကို ဝန်ဆောင်မှုများပေးသွားမည်ဖြစ်ကြောင်းသိရသည်။

Taiyo Life Insurance ကပေးမည့် အာမခံလုပ်ငန်းများတွင် နာမကျန်းဖြစ်မှု သို့မဟုတ် ဒဏ်ရာရရှိမှုကြောင့် ဆေးရုံတက်ရောက်ရာတွင် ကုန်ကျ သည့် ဆေးကုသမှုစရိတ်များပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂျပန်အာမခံကုမ္ပဏီသည် ပရီမီယံအာမခံကြေးတွက်ချက်မှုအပါအဝင် အာမခံပုံစံရေးဆွဲမှုများကိုပါ လုပ်ဆောင်ပေးမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကျန်းမာရေးနှင့်ပတ်သက်သည့် အာမခံစနစ်မရှိသဖြင့် ပြည်သူများမှာ ကျန်းမာရေးနှင့်ပတ်သက်သည့်ကုန်ကျစရိတ်များကို မိမိကိုယ်တိုင် ကျခံဆောင်ရွက်နေရကြောင်း Nikkei သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ယင်းဂျပန်အာမခံကုမ္ပဏီကို ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားရှိပြီး ကျန်းမာရေးဆိုင်ရာ အာမခံလုပ်ငန်းဝန်ဆောင်မှုများကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အာမခံလုပ်ငန်းဝန်ဆောင်မှုများကို မြန်မာ့အာမခံလုပ်ငန်းတစ်ခုတည်းကသာ လုပ်ကိုင်ဆောင်ရွက်ခဲ့သော်လည်း ပြီးခဲ့သည့်နှစ်အတွင်းက ပုဂ္ဂလိကအာမခံလုပ်ငန်းများကို လုပ်ပိုင်ခွင့်များပေးအပ်ခဲ့သည်။ လက်ရှိတွင် အာမခံကုမ္ပဏီ ၁၀ ခုက မော်တော်ယာဉ်အာမခံလုပ်ငန်းများနှင့်ပတ်သက်၍ ဝန်ဆောင်မှုများပေးလျက်ရှိသည်။

မြန်မာနိုင်ငံအတွင်း နိုင်ငံခြားအာမခံကုမ္ပဏီများအား အာမခံများ ရောင်းချခွင့်မပြုသေးသော်လည်း ယခုနှစ်ဆန်းပိုင်းတွင် အစိုးရက အထူးစီးပွားရေးဇုန်များတွင် ၎င်းတို့အား အာမခံများ ရောင်းချခွင့်ပြုရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ဂျပန် Taiyo Life Insurance ကုမ္ပဏီသည် ၂၀၁၂ခုနှစ်အတွင်းက မြန်မာနိုင်ငံသို့ ဝင်ရောက်လာခဲ့သည့် ပြည်ပအသက်အာမခံလုပ်ငန်းတစ်ခုဖြစ်ပြီး ပြည်တွင်းရှိသတင်းအချက်အလက်များကို စုဆောင်းကာ အာမခံလိုင်စင်လုပ်ကိုင်ခွင့်ရရှိရန် ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

**မယ်သီတာ**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက် | (၁၂.၅×၄၅)ပေ | (၃)လွှာ | ၉၉၀ သိန်း | လမ်းမတန်း | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၂။ | မြေ/အိမ် | တောင်ဥက္ကလာပမြို့နယ်၊ သစ္စာလမ်းသွယ် | (၄၀×၆၀)ပေ | မြေသီးသန့် | ၃၀၀၀ သိန်း | | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၃။ | မြေ/အိမ် | တောင်ဥက္ကလာပမြို့နယ်၊ သံသုမာလမ်းသွယ်၊ (မယ်ညိုလမ်း) | (၃၇×၅၇)ပေ | BN (၁) ထပ် | ၂၇၅၀ သိန်း | အသင့်နေ | ၅၆၃၀၇၀ |
| ၄။ | လုံးချင်းအိမ် | သယ်န်းကျွန်း၊ သုဝဏ္ဏ၊ VIP | ၇၀၀၀ စ/ပေ | RC (၂) ထပ် | ၂၅ သိန်း | တစ်လအငှားနှုန်း | ၀၉/၅၁/၁၇၂၆၂ |
| ၅။ | မြေ/အိမ် | ဒဂုံမြို့သစ်(မြောက်) (၃၇)ရပ်ကွက် | (၄၀×၆၀)ပေ | BN (၂) ထပ် | ၁၅၀၀ သိန်း | ဂရန်ပိုင် | ၀၉/၅၁/၁၇၂၆၂ |
| ၆။ | မြေ | ဒဂုံမြို့သစ်(မြောက်) (၄၄)ရပ်ကွက် | (၄၀×၆၀)ပေ | မြေသီးသန့် | ၉၅၀ သိန်း | ဂရန်မြေ | ၀၉/၅၁/၁၇၂၆၂ |
| ၇။ | တိုက်ခန်း | ကျောက်မြောင်း၊ သတိပဋ္ဌာန်လမ်း | (၁၅×၆၀)ပေ | (၅) လွှာ | ၅၀၀ သိန်း | | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၈။ | လုံးချင်းအိမ် | တောင်ဥက္ကလာပမြို့နယ်၊ မြသီတာအိမ်ရာအနီး | (၄၀×၆၀)ပေ | RC (၂) ထပ် | ၆၅၀၀ သိန်း | | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၉။ | မြေ | ပြင်ဦးလွင်မြို့ ညောင်နီရွာ | (၄၀×၆၀)ပေ | မြေသီးသန့် | ၁၅၀ သိန်း | ရွာမကွင်းလမ်းအနီး | ၀၉/၂၅၀/၃၇၆၃၇၉ |

# အီးယူအဖွဲ့ဝင်နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ လေးဘီလီယံနီးပါးရှိလာ

မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်လျက်ရှိရာ ဥရောပသမဂ္ဂ(အီးယူ)အဖွဲ့ဝင်နိုင်ငံများမှရင်းနှီးမြှုပ်နှံမှုများစီးဝင်လျက်ရှိကြောင်း ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၁၇ရက်မြောက်နေ့တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးဇေယျာအောင်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ၂၀၁၄ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် စုစုပေါင်းလုပ်ငန်း ၉၉ ခု အတွက် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ၃ ဒသမ ၅၈၄ ဘီလီယံခန့်ဖြင့် ဆောင်ရွက်ရန်ခွင့်ပြုပေးခဲ့ ကြောင်း၊ ဆောင်ရွက်ဆဲဖြစ်သော လုပ်ငန်းလေးခု၏ ရင်းနှီးမြှုပ်နှံမှုပမာဏကို အမေရိကန်ဒေါ်လာ ၉၂ ဒသမ ၇၈၆ သန်း ထပ်မံတိုးမြှင့်ခွင့်ပြုပေးခဲ့သဖြင့် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၇၆ ဘီလီယံခန့် ရှိလာကြောင်းဖြင့် ၎င်းကပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ ပြောင်းလဲလာသော နိုင်ငံရေး၊ စီးပွားရေး ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများကြောင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများဖြစ်သော ယူနိုက်တက်ကင်းဒမ်း၊ ပြင်သစ်၊ နယ်သာလန်နှင့် ဆွီဒင်နိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်စီးဝင်လာကြောင်း သိရသည်။

ထို့ပြင် ယခင်က ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုနည်းပါးခဲ့သည့် စင်ကာပူ၊ ယူနိုက်တက်ကင်းဒမ်း၊ ဗီယက်နမ်၊ မလေးရှား၊ ထိုင်း၊ ဟောင်ကောင်နှင့် အိန္ဒိယတို့မှ ရင်းနှီးမြှုပ်နှံမှုများ များပြားလာခဲ့ကြောင်း သိရသည်။

လွန်ခဲ့သည့် ၁၀ နှစ်ကျော်ကာလကတည်းက ရင်းနှီးမြှုပ်နှံမှုများရပ်တန့်နေခဲ့သည့် ကနေဒါ၊ နယ်သာလန်နှင့် လူဇင်ဘတ်နိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်လာသဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုလာရခြင်းဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ကိုရိုလာဗင် (97) | 1J | ၁၁၅ သိန်း | ၁.၅ ဓါတ်ဆီ |
| ၂။ | တိုယိုတာ (ဝှရှ်) (2003) | ယာယီ | ၁၄၈ သိန်း | |
| ၃။ | ဗီလ်ဒါဗင် (2009) | ယာယီ | ၁၆၅ သိန်း | |
| ၄။ | အာလ်ဖတ် (2003) | ယာယီ | ၂၃၀ သိန်း | ၃.၀ ဓါတ်ဆီ |
| ၅။ | ဟွန်ဒါဖစ် (2009) | ယာယီ | ၁၀၂ သိန်း | |
| ၆။ | ဒီမီယို (2009) | ယာယီ | ၉၅ သိန်း | |
| ၇။ | ဟွန်ဒါစီအာဗီ (2002) | ယာယီ | ၁၆၀ သိန်း | |
| ၈။ | မတ်(ခ်)တူး (2002) | ယာယီ | ၁၄၇ သိန်း | |
| ၉။ | မတ်(ခ်)အိပ်(ခ်) (2005) | ယာယီ | ၂၂၀ သိန်း | |

SN

## သင့်ကျန်းမာရေး

# ဦးနှောက် ရုတ်တရက် အတိုက်ခံရခြင်း

ဒေါက်တာလွင်သန့်

သွေးတိုးရောဂါရဲ့ အဓိကဆိုး ကျိုးဟာ ကမ္ဘာမှာ တတိယအများဆုံး အသေအပျောက်ရှိတဲ့ ရောဂါဖြစ်တယ်။ ကမ္ဘာပေါ်မှာ လေဖြတ်ရောဂါ ဖြစ်သူ ၃၁ ဒသမ ၇ သန်းရှိပြီး အရှေ့တောင် အာရှမှာ ၄ ဒသမ ၅ သန်း ရှိတယ်။

သွေးကြောပိတ်လို့ လေဖြတ်ခြင်းထက် သွေးကြောပေါက်လို့ လေဖြတ်ခြင်းက အန္တရာယ်ပိုရှိတယ်။ သွေးကြောပေါက် လို့ လေဖြတ်ခြင်းဖြင့် လူနှစ်ဦးမှာ တစ်ဦး အသက်ဆုံးရှုံးနိုင်တယ်။ ရောဂါ လက္ခဏာများက ရုတ်တရက်ကိုယ်တစ်ခြမ်း သေခြင်း၊ မျက်နှာရွဲ့ခြင်း၊ စကားမပြောနိုင်ခြင်း၊ အမြင်အာရုံအားနည်း ခြင်း၊ သတိလစ်ခြင်း၊ တက်ခြင်း၊ ဆီးဝမ်း မထိန်းနိုင်ခြင်းတို့ဖြစ်တယ်။

လေဖြတ်ခြင်းရဲ့အဓိကအကြောင်းရင်းမှာ ပြုပြင်မရတဲ့ အကြောင်းရင်းနဲ့ ပြုပြင်ရတဲ့အကြောင်းရင်းရှိရာမှ ပြင်မရတဲ့ အကြောင်းရင်းမှာ အသက်အရွယ်ကြီးခြင်း၊ အမျိုးသားများနဲ့ သွေးဆုံးပြီး အမျိုးသမီးများမှာ မျိုးရိုးလိုက်ခြင်း၊ ယခင်နှလုံးသွေးကြောကျဉ်းခြင်း (သို့) လေဖြတ်ခဲ့ဖူး ခြင်းတို့ ပါဝင်တယ်။ ပြုပြင်လို့ရတဲ့ အကြောင်းရင်းမှာ သွေးတိုးခြင်း၊ နှလုံး ရောဂါ၊ နှလုံးခုန်မြန်ခြင်း၊ နှလုံးအားနည်းခြင်းဖြစ် ပြီး၊ သွေးချိုဆီးချိုရောဂါ၊ သွေး အတွင်း အဆီဓာတ်များခြင်း၊ ဆေးလိပ်သောက်ခြင်းတို့ဖြစ်တယ်။

လေဖြတ်ရောဂါဟာ မစွမ်းမသန်ဖြစ်ပြီး လူနေမှုဘဝအရည်အသွေး (Life Style) ကျဆင်းခြင်း၊ အခြားသူအပေါ် မှီခိုအားထားရခြင်းတို့ကြောင့် လူမှုရေး၊ စီးပွားရေး နစ်နာစေတယ်။ အဓိကအကြောင်းရင်းများ ရှိ မရှိ တတ်ကျွမ်းတဲ့ ဆရာဝန်နဲ့ပြသပြီး၊ လေမဖြတ်အောင် ကာကွယ်ဖို့လိုတယ်။

**ဆေး။** သွေးတိုးရောဂါဟာ ဆေးမှန်မှန် စားရင်လေမဖြတ်ပါ။ သွေးတိုးကျဆေးများ အမျိုးမျိုးရှိရာ ဆေးရဲ့ အာနိသင်ရှိသလို အန္တရာယ်လည်းရှိတယ်။ ဆေးညွှန်းအတိုင်း ဆေးကိုမှန်မှန်သုံးစွဲ သင့်တယ်။ ဆေးကို တစ်သက်လုံး မှီဝဲသင့်တယ်။ ဆေးပြန်စားလိုက်၊ ပြတ်တောင်းပြတ်တောင်း မှီဝဲလိုက် မလုပ်သင့်ပါ။ ဥပမာ losartan (25.mg) Amlosidipine (5mg) မှီဝဲတယ်ဆိုရင် နေ့စဉ်နှစ်မျိုးမှီဝဲသင့်တယ်။ ယင်းတို့က သွေးတိုး၊ နှလုံးရောဂါ ကာကွယ်နိုင်ပြီး၊ လေဖြတ်ခြင်းမှ ကာကွယ်နိုင်ပါတယ်။

အစားအသောက်အနေအထိုင်မှာ အငန်၊ အဆီ၊ ဟင်းချိုမှုန့်များ လွန်းတဲ့ အစားအစာများ ရှောင်ရှားသင့်ပါတယ်။ ငါးပိ၊ ငါးခြောက်၊ ဒန်ပေါက်၊ အချိုမှုန့်များတဲ့ မုန့်ဟင်းခါး မျိုး ရှောင်သင့်ပါတယ်။

နေ့စဉ်နာရီဝက်အားကစား (အပြေး၊ လမ်းလျှောက်၊ စက်ဘီးစီး) လုပ်သင့်ပါတယ်။ အဝလွန်မှုထိန်းချုပ် သင့်ပါတယ်။ လူတိုင်းသာမန် အလေးချိန် အချိုးအစား ဘီအမ်အိုင်ရှိရမယ်။ ဘီအမ်အိုင်ဆိုတာ ခန္ဓာကိုယ်အလေး ချိန် (ကီလိုဂရမ်)ကို၊အရပ်အမြင့်မီတာ (နှစ်ထပ်ကိန်း)နှင့် စား၍ ရသောရလဒ်ဖြစ်လို့ သာမန် (၁၈ ဒသမ ၉ )မှ (၂၄ ဒသမ ၉ ) အတွင်းရှိရမယ်။

သွေးတိုးရောဂါကို သာမန်သွေး ပေါင်ချိန်ခြင်း၊ ပုံမှန်သွေးပေါင် ထိန်းဆေးကျွေးခြင်း အစားအစာထိန်းခြင်းဖြင့် ထိန်းသိမ်းပေးနိုင်ပါတယ်။

မျိုးရိုးရှိတဲ့သူများ သွေးတိုးရှိတဲ့ မိဘနှစ်ပါးမှမွေးဖွားလာတဲ့ သားသမီးများ သွေးပေါင်ပုံမှန်ချိန်ဖို့နဲ့ သွေးပေါင် ချိန်ထိန်း ဆေးပုံမှန်သောက်သွားဖို့ အနေအထိုင် ဆင်ခြင်ဖို့ အရက်၊ ဘီယာ၊ ဆေးလိပ်၊ ကွမ်းဖြတ်ဖို့ လိုအပ်ပါတယ်။

# အာဟာရဓာတ်ချို့တဲ့သည့်ကလေးငယ် အရေအတွက် လျှော့ချရေးသည် သေရေးရှင်ရေးတမျှ အရေးကြီးသည့် လုပ်ငန်းဖြစ်

အာဟာရဓာတ်ချို့တဲ့သည့် ကလေးငယ်အရေအတွက် လျှော့ချရေးသည် သေရေးရှင်ရေးတမျှ အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်လာကြောင်းဖြင့် အစာအာဟာရကျွမ်းကျင်သူပညာရှင်များက ပြောကြားခဲ့ကြောင်းရိုက်တာသတင်းဌာနက ထုတ်ဖော်ရေးသားခဲ့သည်။

အာဖရိကနှင့် တောင်အာရှဒေသရှိ မိခင်များတွင် အာဟာရဓာတ်ချို့တဲ့သည့် ရောဂါများဖြစ်ပွားနေခြင်းကြောင့် အာဟာရဓာတ်ချို့တဲ့သည့် ကလေးငယ်အရေအတွက် ပိုမိုများပြားလျက်ရှိလာသဖြင့် အဆိုပါအရေအတွက်ကိုလျှော့ချရန် ဦးစားပေးလုပ်ဆောင်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နို့ချိုတိုက်ကျွေးခြင်း၊ အာဟာရဓာတ် ပိုမိုပြည့်ဝသည့် ကောက်ပဲသီးနှံများဖြင့် ပြုလုပ်ထားသည့် အစားအစာများ ကျွေးမွေးခြင်းတို့ဖြင့် မွေးကင်းစမှ အသက်နှစ်နှစ်အတွင်းရှိ ကလေးငယ်များကို ပြုစုပျိုးထောင်ရမည်ဖြစ်ကြောင်းဖြင့် အာဟာရချို့တဲ့မှုကို လျှော့ချရေးကို ပူးပေါင်းလုပ်ဆောင်လျက်ရှိသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်သည့် Global Alliance for Improved Nutrition (GAIN) က ထုတ်ဖော်ပြောကြားခဲ့သည်။

"များသောအားဖြင့် ဆင်းရဲတဲ့မိသားစုတွေ စားသုံးကြတဲ့ တစ်နပ်စာမှာ အာဟာရဓာတ် ပြည့်ဝစွာပါဝင်မှုက မရှိသလောက်ပါပဲ။ ကလေးငယ်တွေအတွက် အဓိကလိုအပ်တာက ဗီတာမင်အေ၊ သတ္တုဓာတ်နဲ့သံဓာတ်တွေပါပဲ။ အဲဒါတွေဟာ ကလေးငယ်တွေ သန်မာထွားကြိုင်းဖို့အတွက် အဓိကလိုအပ်တဲ့ အချက်တွေပါပဲ"ဟု GAIN မှ အမှုဆောင်ဒါရိုက်တာ မာ့ခ်ဗန်အမ်မာဂျီယမ်က ရိုက်တာသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆင်းရဲမှုနှင့် အာဟာရချို့တဲ့မှုတို့ကြောင့် ကမ္ဘာပေါ်တွင် အသက်ငါး နှစ်အောက်ကလေးငယ်အရေအတွက်၏ ထက်ဝက်ခန့်မှာ သေဆုံးလျက်ရှိကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၏ အစီရင်ခံစာအရ သိရသည်။

ကမ္ဘာပေါ်တွင် ကလေးငယ် သန်းပေါင်း ၂၀၀ အပါအဝင် အစာအာဟာရ လုံလောက်စွာမရရှိသည့်လူပေါင်းမှာ သန်းပေါင်း ၈၀၅ သန်းအထိ ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# အမေရိကန် ကလေးငယ်များတွင် ယောဂကျင့်သူဦးရေ တစ်နေ့တခြား ပိုမိုများပြားလာ



အမေရိကန်နိုင်ငံတွင် ယောဂကျင့်စဉ်ကို ကျင့်ကြံအားထုတ်သူများအနက် ကလေးငယ်ဦးရေမှာ တစ်နေ့တခြား ပိုမိုများပြားလာကြောင်း စစ်တမ်းကောက်ယူမှုများအရ သိရကြောင်း ရိုက်တာ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အမျိုးသားကျန်းမာရေး လေ့လာဆန်းစစ်ချက်များအရ အမေရိကန်နိုင်ငံတွင် ယောဂကို ကျင့်ကြံအားထုတ်သူ ကလေးငယ်ဦးရေမှာ ၂၀၀၇ခုနှစ်ကထက် ၂၀၁၂ခုနှစ်တွင် ပိုမိုများပြားလာကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ကလေးငယ်များနှင့် ဆယ်ကျော်သက်ရွယ်များသည် တိုက်ချိုနှင့်ချိကုန်းကျင့်စဉ်များကို ၎င်းတို့၏ကျန်းမာရေးအတွက် အသုံးပြုလာကြသည်ဟုဆိုသည်။ ၂၀၀၇ ခုနှစ်အတွင်း စစ်တမ်းကောက်ယူမှုများအရ ယောဂကျင့်သူဦးရေသည် နိုင်ငံအတွင်းရှိကလေးငယ်ဦးရေ၏ ၂ဒသမ၃ရာခိုင်နှုန်းသာရှိခဲ့သော်လည်း ၂၀၁၂ခုနှစ်တွင် ၃ ဒသမ ၁ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း သိရသည်။

၂၀၀၇ ခုနှစ်က ယောဂကျင့်သည့် ကလေးငယ် အရေအတွက်သည် ၁ ဒသမ ၃ သန်းရှိခဲ့ပြီး ၂၀၁၂ ခုနှစ်အတွင်းက ၁ ဒသမ ၇သန်းရှိခဲ့ကြောင်း သိရသည်။

ယောဂကျင့်စဉ်သည် လွန်ခဲ့သည့် နှစ်ပေါင်း ၅၀၀၀ ကျော်လောက်က အိန္ဒိယနိုင်ငံတွင် ပေါ်ပေါက်ခဲ့သည့် ကျင့်စဉ်တစ်ခုဖြစ်ပြီး စိတ်ကျန်းမာမှုနှင့် ခန္ဓာကိုယ်ကျန်းမာမှုတို့အတွက်လေ့ကျင့်သည့် ကျင့်စဉ်တစ်ခုဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။



အမေရိကန်နိုင်ငံတွင် ယောဂကျင့်စဉ်များနှင့်ပတ်သက်သည့် သင်တန်းများကို ကယ်လီဖိုးနီးယားမြို့တွင် ကော်ဖီဆိုင်များနှင့်တွဲ၍ ဖွင့်လှစ်ထားခြင်းဖြစ်ပြီး အဆိုပါသင်တန်းများတွင် အသက်လေးနှစ်မှ ခုနစ်နှစ်အရွယ်ရှိ ကလေးငယ်များ အများဆုံးလာရောက်သင်ကြားလျက်ရှိသည်ဟု ဆိုသည်။

"ယောဂကျင့်စဉ်ကို ကျင့်ကြတဲ့ ကလေးငယ်အများစုမှာ အိပ်ချင်စိတ်ကိုဖြစ်စေတဲ့ မယ်လ်တိုမင်ဆိုတဲ့ ဟော်မုန်းတွေ တိုးပွားစေတယ်ဆိုတာကို အံ့အားသင့်ဖွယ်ရာ တွေ့ရပါတယ်"ဟု National Center for Complementary and Integrative Health မှ ဒေါက်တာ ဂျို့စ်ဖင်းဘရစ်ဂ်က ပြောကြားခဲ့သည်။

ယောဂကျင့်သူ ကလေးငယ်များတွင် ယောကျ်ားလေးများထက် မိန်းကလေးများက ပိုမိုများပြားကြောင်းကိုလည်း အဆိုပါဆန်းစစ်ချက်တွင် ဖော်ပြထားသည်။ **မယ်သီတာ**

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၂-၃-၂၀၁၅ မှ ၈-၃-၂၀၁၅ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)

**တနင်္ဂနွေသားသမီးများအတွက်** အိုးအိမ်ပြောင်းရွှေ့ရခြင်း၊ အလုပ်ဌာနပြောင်းရွှေ့ရခြင်း၊ အိုးအိမ်ပြုပြင်ရခြင်းများ ကြုံရမည်။ စီးပွားရေးနှင့်ပတ်သက်ပြီး ရင်းနှီးမြှုပ်နှံမှုများပြန်လည်၍ မရဖြစ်တတ်မည်။ အလုပ်အကိုင်နှင့် ပတ်သက်ပြီး စိတ်ညစ်ညူးရတတ်သည်။ လျှပ်စစ်နှင့်ပတ်သက်သော လုပ်ငန်းများ အကျိုးပေးပါမည်။ ပညာရေးနှင့်ပတ်သက်ပြီးကောင်းမွန်ပါသည်။ ကျန်းမာရေးအနေဖြင့် အာရုံကြောရောဂါဝေဒနာခံစားရတတ်မည်။

**ယတြာ။ မွေးနံထောင့်မှာ ထီးအနီတစ်လက်လှူဒါန်းပါ။**

**တနင်္လာသားသမီးများအတွက်** မိသားစုအိုးအိမ် အဆင်ပြေ မည်။ အလုပ်ကောင်းသော်လည်း လုပ်ကိုင်ခြင်းမပြုနိုင်ပါ။ ကြာသပတေးနံနှင့်ပတ်သက်သော လုပ်ငန်းများ အဆင်ပြေမည်။ ပညာရေးအသင့်အတင့်ရှိမည်။ကျန်းမာရေး အထူးဂရုစိုက်ပါ။ ခေါင်းနှင့် ပတ်သက်သောရောဂါကြောင့် ဝေဒနာပြင်းပြစွာ ခံစားရတတ်မည်။

**ယတြာ။ အိမ်မှဘုရားကို သောက်တော်ရေတစ်နေ့သုံးကြိမ် ကပ်လှူပါ။**

**အင်္ဂါသားသမီးများအတွက်** အလုပ်အကိုင်သင့်တင့်ပြီး စိတ်ချမ်းသာမည်။ ငွေဝင်ငွေထွက်အဆင်ပြေမည်။ ခရီးသွားလုပ်ငန်း အဆင်မပြေပါ။ ပညာရေး သင့်တင့်မည်။ မိသားစုနှင့်စိတ်ဝမ်းကွဲ တတ်မည်။ အိုးသစ် အိမ်သစ် ဝင်မည်။သားသမီးအတွက် ရတက်မအေးဖြစ်မည်။ ကျန်းမာရေးဝမ်းဗိုက်နှင့် ပတ်သက်သော ရောဂါရတတ်သည်။

**ယတြာ။ ဆွမ်းတော်ကို သကြားဖြူးပြီး ကပ်လှူပါ။**

**ဗုဒ္ဓဟူးသားသမီးများအတွက်** အိုးအိမ်အသစ်ရကိန်း ရှိမည်။ အပြောင်းအရွှေ့များ တန့်မည့်ကာလဖြစ်မည်။ မြေ၊ အဆောက်အအုံ အကျိုးပေးမည်။ ခရီးလှည့်လည်သွားလာခြင်းမှ မိတ်ဆွေကောင်းများနှင့်ကြုံမည်။ အချစ်ရေးသောကမကင်းတတ်ပါ။ အိမ်ထောင်ရေး အခက်အခဲကြားမှ အဆင်ပြေမည်။ စိတ်ကူးအကောင်အထည်ပေါ်မည်။ ပညာရေးစိတ်ဝင်စားမှု အားနည်းမည်။

**ယတြာ။ တန်ခိုးကြီးဘုရားတွင် ရွှေသင်္ကန်းကပ်လှူပါ။**

**ကြာသပတေးသားသမီးများအတွက်** အိမ်တွင်းရေး အဆင်မပြေတတ်ပါ။ ပညာရေး ကောင်းမည်။ ဉာဏ်ပညာကွန့်မြူး၍ လုပ်ရသော အလုပ်အကိုင်များမှ အောင်မြင်မှုရမည်။ မထင်မှတ်ဘဲကံကောင်းခြင်းများကြုံမည်။ အခက်အခဲများကို အေးဆေးစွာ ဖြေရှင်းနိုင်မည်။ ကျန်းမာရေး အကြောတက်ခြင်း၊ အာရုံကြော အားနည်းခြင်းများနှင့် အအေးမိဝေဒနာများဖြစ်တတ်သည်။ အစိုးရနှင့်ပတ်သက်သော လုပ်ငန်းများမှ အကျိုးတရားရရှိမည်။

**ယတြာ။ စကြာပန်း၊ စကြာရုပ် အိမ်ရှေ့မှာ စိုက်ထားပါ။**

**သောကြာသားသမီးများအတွက်** ပညာရေးကောင်းမည်။ ငွေကြေးစိတ်ပူပန်မှုများအဆင်ပြေမည်။ မိတ်ဆွေကောင်း၊ အပေါင်းအသင်းကောင်းများကြောင့်ဘဝတွင်အောင်မြင်မှုများရရှိမည်။ အိမ်တွင်းရေးကြောင့်စိတ်ပင်ပန်းရတတ်မည်။ ကျန်းမာရေးရောဂါပေါင်းစုံဖြစ်တတ်သည်။

**ယတြာ။ ကလေးတွေကို သကြားလုံးကျွေးမွေးပါ။**

**စနေသားသမီးများအတွက်** အခက်အခဲ အနှောင့်အယှက်များကင်းပြီး အေးချမ်းသောဘဝတစ်ခုကိုရရှိမည်။ အဆက်အသွယ်ကောင်း မိတ်ဆွေကောင်းဆရာသမားကောင်းများကြောင့် ဘဝမှာ အေးချမ်းသာယာမည်။ အိုးအိမ်အဆင်ပြေမည်။ အိမ်ရာ မြေ ပွဲစားလုပ်ခြင်းမှ အကျိုးအမြတ်များရရှိမည်။ ပညာရေး အခက်အခဲရှိတတ်မည်။ ကျန်းမာရေးဝမ်းဗိုက်နှင့်ပတ်သက်သောရောဂါ ဖြစ်ပွားတတ်မည်။

**ယတြာ။ ဘုရားမှာမွေးနံထောင့်တွင် ရေသပ္ပါယ်လှူဒါန်းပါ။**



# မိမိဘက်ဈေးကွက် ရရှိစေတဲ့ နမ့်ဖာလုံဈေး

မြန်မာ-အိန္ဒိယနယ်စပ်ရှိတမူးနယ်စပ်မှာ ၁၉၇၇ ခုနှစ်မတိုင်မီ အချိန်များက ဒေသထွက်ကုန်များနဲ့ မုံရွာ၊ မန္တလေးတို့မှတစ်ဆင့် ဝယ်ယူရောင်းချတဲ့ ကုန်ပစ္စည်းများ တစ်ဖက်နိုင်ငံ မိုရေးနယ်စပ်မြို့ရှိ ဒေသအခေါ် မြန်မာဈေးကို ညအိပ်ညနေသွားရောက် ရောင်းချခဲ့ကြရပါတယ်။ ဒီလို ရောင်းချနေရတဲ့အတွက် ဆိုင်ခန်း/ ဂိုဒေါင်များ ငှားရမ်းရခြင်း၊ ပစ္စည်းရောင်းချရာမှာ အထက်စီးနဲ့ ဆက်ဆံမှုကို ခံရခြင်း၊ ငွေကြေးလဲလှယ်မှုမှာ ဈေးကစားခံရခြင်း၊ ကြိုက်ဈေးနဲ့ ရောင်းလို့မရတဲ့အတွက် အကျိုးအမြတ်နည်းပါးခြင်း၊ လူမှုရေးပြဿနာများ ဖြစ်ပွားခြင်း၊ တစ်ဖက်အကောက်ခွန်ဌာနကလည်း တရားမဝင် ဝင်ရောက်ရောင်းချတယ်ဆိုပြီး ဖမ်းဆီးမှုများပြုလုပ်ခြင်း၊ တရားမဝင် မြေအောက်အဖွဲ့အစည်းများက ဆက်ကြေးကောက်ခံခြင်း၊ ဆက်ကြေးမရရှိပါက ကုန်ပစ္စည်းများအား ဖျက်ဆီးခြင်းတို့ပြုလုပ်ခဲ့တဲ့အတွက် မိမိတို့ဘက်မှ သွားရောက်ရောင်းချတဲ့ ကုန်သည်များအနေနဲ့ များစွာဆုံးရှုံးနစ်နာခဲ့ရပါတယ်။

တစ်ဖက်နိုင်ငံသို့ သွားရောက်ရောင်းချရာမှာ မိမိဘက်မှ ဈေးသည်/ ကုန်သည်များ ရင်ဆိုင်ရတဲ့ ထိုအခက်အခဲများကို ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများနဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းတို့မှ တာဝန်ရှိသူများက အထက်အဆင့်ဆင့်သို့တင်ပြကာ မိမိတို့ဘက်က ရောင်းချတဲ့ ကုန်ပစ္စည်းများ မိမိဘက်မှာ ဈေးကွက်ဖြစ်ပေါ်စေရေး၊ ကုန်သည်များ လုံခြုံစိတ်ချစွာရောင်းချနိုင်ရေး၊ အကျိုးအမြတ် ပိုမိုရရှိစေရေးနဲ့ နိုင်ငံတော်မှ အခွန်အခများ နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် ၁၉၉၆ ခုနှစ် ဇွန်လလယ်ခန့်မှစ၍ တစ်ဖက်နိုင်ငံ မိုရေးမြို့နဲ့ ကပ်လျက် တမူးဘက်ခြမ်းမှာ နမ့်ဖာလုံဈေးအား စတင်တည်ဆောက်ပြီး ၁၉၉၇ ခုနှစ် မတ်လဆန်းမှာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

နမ့်ဖာလုံဈေး ဖွင့်လှစ်ပြီးနောက် တစ်ဖက်နိုင်ငံသို့ သွားရောက် ရောင်းချနေရတဲ့ဈေးသည်/ ကုန်သည်များအား နမ့်ဖာလုံဈေးမှာ ရောင်းချနိုင်အောင် စီစဉ် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ထိုသို့ မိမိနိုင်ငံဘက်မှာ နယ်စပ်ဈေးဖွင့်လှစ်ရောင်းချနိုင်ခဲ့တဲ့အတွက် ဈေးသူဈေးသားများအနေနဲ့ လုံခြုံစိတ်ချစွာ ရောင်းချနိုင်ခြင်း၊ မိမိဘက်ဈေးကွက်ဖြစ်ပေါ်၍ တန်ရာတန်ကြေးနဲ့ ရောင်းချနိုင်သဖြင့် အကျိုးအမြတ် ပိုမိုရရှိပြီး ငွေကြေးလဲလှယ်မှုမှာ ဈေးကစားမှုနည်းပါးလာပါတယ်။ တစ်ဖက်နိုင်ငံမှ ဈေးဝယ်သူများ လာရောက်ဝယ်ယူမှုကြောင့် စားသောက်ဆိုင်လုပ်ငန်း၊ လက်ဖက်ရည်ဆိုင်လုပ်ငန်းများလည်း အဆင်ပြေစွာ ရောင်းချလာနိုင်ပြီး၊ အကျိုးအမြတ် ပိုမိုဖန်တီးပေးနိုင်တဲ့အပြင် တမူးနယ်စပ်နေပြည်သူများလည်း စိတ်အေးချမ်းသာစွာနဲ့ စီးပွားရေး လုပ်ကိုင်လာနိုင်ခဲ့ပါတယ်။ နမ့်ဖာလုံဈေး စတင်တည်ဆောက်စဉ်က ဆိုင်ခန်းပေါင်း ၂၈၀ ရှိခဲ့ပြီး ယခုအခါ ဆိုင်ခန်းပေါင်း ၁၃၀၀ ကျော်အထိ တိုးချဲ့ဖွင့်လှစ်လာနိုင်ကာ ဈေးအတွင်းမှာ နေ့စဉ် ဈေးရောင်းချတဲ့ ဈေးသူ ဈေးသားများ၊ အရောင်းစာရေးဝန်ထမ်းများနဲ့ ကုန်တင်ကုန်ချ အလုပ်သမားများ အပါအဝင် စုစုပေါင်း ၂၅၀၀ ခန့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေပြီဖြစ်ကြောင်း သိရှိရပါတယ်။

တစ်ဖက်နိုင်ငံမှ နေ့စဉ် လာရောက်ဈေးဝယ်သူဦးရေဟာလည်း ဈေးစတင်ဖွင့်လှစ်စဉ်က ၃၀၀ ခန့်ရှိပြီး ယခုအခါ ၇၀၀ ခန့်ထိ တိုးလာသလို အရောင်းအဝယ်ဖြစ်တဲ့ ငွေကြေးပမာဏဟာလည်း စဖွင့်စဉ်က ကျပ်သိန်း ၁၀၀ ခန့်ရှိရာမှ ယခုအခါ ကျပ်သိန်း ၂၅၀ ကျော်ထိ ရောင်းချလာနိုင်ပြီဖြစ်ပါတယ်။ နမ့်ဖာလုံဈေးကို တစ်ဖက်နိုင်ငံမှသာမက ကလေး၊ ကလေးဝနဲ့ အခြားမြို့နယ်များမှလည်း နေ့စဉ်လာရောက်လည်ပတ်ဝယ်ယူသူများနဲ့ စည်ကားလျက်ရှိတဲ့ တမူးမြို့ရဲ့ မြို့ဂုဏ်ဆောင်ဈေးတစ်ခုအဖြစ် ရပ်တည်လျက်ရှိနေပြီဖြစ်ကြောင်း မြို့ဂုဏ်ဆောင်တဲ့ နမ့်ဖာလုံဈေးအကြောင်း သိရှိစေရန် မျှဝေပေးလိုက်ရပါတယ်။ **နေထက်မင်း (တမူး)**

➲ စာမျက်နှာ ၂၀ ရောင်းပန်းဝယ်ပန်း လှလာတော့မယ့် ရွှေဘိုပေါ်ဆန်း မှအဆက်

ဆန်စပါးမူပိုင်ခွင့်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ပညာရှင်များရဲ့ ဖတ်ကြားဆွေးနွေးကြသည့် စာတမ်း အသီးသီးအပေါ် အပြန်အလှန်ဆွေးနွေးကာ ဆွေးနွေးဖော်ထုတ်ချက်ရလဒ်များကို သဘာပတိအဖွဲ့နှင့် ဆွေးနွေးပွဲ တက်ရောက်သူစုစုပေါင်း ၁၅၆ ဦး၏ သဘောတူညီချက်အရ ဆုံးဖြတ်ချက် ၉ ချက်ဖြစ်သော ရွှေဘိုခရိုင် ဆန်စပါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းကို ၂၀၁၅ ခုနှစ် မတ်လအတွင်း ဖွဲ့စည်းရန်၊ ဒေသထွက်ကုန်များ၏ ပထဝီဆိုင်ရာအညွှန်း (GI) စာရင်းတွင် ရွှေဘိုပေါ်ဆန်းပါဝင်ခွင့်ရရှိအောင် ဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းရှိအောင် ကြိုတင်ဆောင်ရွက် ထားရန်၊ (GI)မူပိုင်ခွင့်ရရှိရေးအတွက် ရွှေဘိုပေါ်ဆန်းမွှေးသမိုင်းကြောင်း ပြုစုသည်မှစ၍ အဆင့်ဆင့်ဆောင်ရွက်နိုင်အောင် ဖွဲ့စည်းထားသည့် အသင်းအား သင်တန်းပေးရန်၊ ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ် ၈ မြို့နယ်မှ ရွှေဘိုပေါ်ဆန်းမွှေးများ၏ အရည်အသွေးများနှင့် မြို့နယ်အလိုက် မြေ၊ရေ များအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းကို ၂၀၁၅ခုနှစ် မတ်လအတွင်း ဆောင်ရွက်ရန်၊ မျိုးကောင်းမျိုးသန့် စနစ်တကျ ထုတ်လုပ်နိုင်အောင် စိုက်ပျိုးရေးပညာရှင်များနှင့် ပူးပေါင်း၍ Seed Industry တစ်ခုဖြစ်အောင် ထူထောင်ရန်၊ အရည်အသွေးကောင်း ဆန်စပါးထွက်ရှိစေရန် ပိုးသတ်ဆေးအလွန်အကျွံမသုံးစွဲဘဲ ဘက်စုံပိုးမွှား ကာကွယ်နည်း စနစ်ကို အသုံးပြုရန်နှင့် ပညာပေးရန်၊ ဈေးကောင်းရရှိတဲ့အချိန် ပစ္စည်းပြတ်သွားခြင်းမဖြစ်အောင် သိုလှောင်နိုင်မှု အခြေအနေ၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ ဆန်စပါး ဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီတည်ထောင်ပြီး မျိုးကောင်းမျိုးသန့် ထုတ်လုပ်ခြင်းနှင့် ရွှေဘိုပေါ်ဆန်းမွှေး ရေရှည်တည်တံ့စွာ ဖွံ့ဖြိုးတိုးတက်ရေး စုပေါင်းဆောင်ရွက်ရန်နှင့် ဆန်စက်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ ဆန်စက်အဆင့်မြှင့်တင်ခြင်း လုပ်ငန်း များကို နည်းပညာပေးဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပါတယ်။ ထိုဆုံးဖြတ်ချက်များကို သက်ဆိုင်ရာအသင်းအဖွဲ့များ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများက အကောင်အထည်ဖော်ဆောင်ကြမည်ဖြစ်ကြောင်း အားလုံးရဲ့သဘောတူညီချက်ရယူကာ ရွှေဘိုပေါ်ဆန်းမွှေး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရွှေဘိုပေါ်ဆန်းမွှေး မူပိုင်ခွင့်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သိရှိပါတယ်။

## မြို့ကြီးများ၏ ၂-၃-၂၀၁၅ မှ ၆-၃-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂-၃-၂၀၁၅) | အင်္ဂါ(၃-၃-၂၀၁၅) | ဗုဒ္ဓဟူး(၄-၃-၂၀၁၅) | ကြာသပတေး(၅-၃-၂၀၁၅) | သောကြာ(၆-၃-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၄၀°C/၁၀၄°F | နေသာ ၃၉°C/၁၀၂°F | နေသာ ၃၉°C/၁၀၂°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၇°C/၉၉°F |
| ရန်ကုန်မြို့ | နေသာ ၃၉°C/၁၀၂°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၇°C/၉၉°F |
| မန္တလေးမြို့ | နေသာ ၃၉°C/၁၀၃°F | နေသာ ၃၉°C/၁၀၂°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၆°C/၉၇°F |
| မြစ်ကြီးနား | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၈ °F |
| လားရှိုး | နေသာ ၃၂°C/၈၉°F | နေသာ ၃၀°C/၈၆°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၈°C/၈၃°F |
| ကျိုင်းတုံ | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၄°C/၉၃°F |
| လွိုင်ကော် | နေသာ ၃၆°C/၉၆°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၃°C/၉၂°F |
| တောင်ကြီး | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၀°F |
| မော်လမြိုင် | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၉°C/၉၇°F |
| ဘားအံ | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၇°C/၉၈°F | တိမ်အသင့်အတင့် ၃၇°C/၉၈°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၈°F |
| တောင်ငူ | နေသာ ၄၁°C/၁၀၅°F | နေသာ ၄၀°C/၁၀၄°F | နေသာ ၄၀°C/၁၀၄°F | နေသာ ၃၉°C/၁၀၃°F | နေသာ ၃၈°C/၁၀၀°F |
| မုံရွာ | နေသာ ၃၉°C/၁၀၃°F | နေသာ ၃၈°C/၁၀၁°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၆°C/၉၆°F |
| ပုသိမ် | တိမ်အသင့်အတင့် ၃၇°C/၉၉°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၇°F |
| မြိတ် | ၄၀% ၃၄°C/၉၃°F | တိမ်အသင့်အတင့် ၃၄°C/၉၃°F | တိမ်အသင့်အတင့် ၃၄°C/၉၃°F | နေသာ ၃၄°C/၉၄°F | တိမ်အသင့်အတင့် ၃၄°C/၉၄°F |
| စစ်တွေ | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F |
| မကွေး | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F |
| ဖလမ်း | နေသာ ၂၈°C/၈၃°F | နေသာ ၂၆°C/၇၉°F | နေသာ ၂၅°C/၇၇°F | တိမ်အသင့်အတင့် ၂၂°C/၇၁°F | နေသာ ၂၃°C/၇၄°F |



## မုန်တိုင်းတိုက်ခတ်မှု၊ ရေလွှမ်းမိုးမှုနှင့် ခြောက်သွေ့မှုတို့ကြောင့် အရှေ့တောင်အာရှနိုင်ငံများတွင် နှစ်စဉ်ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံခန့်ရှိလာ

မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေလွှမ်းမိုးခြင်း၊ ခြောက်သွေ့ခြင်း၊ အပူလှိုင်းဖြတ်ခြင်း စသည့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုများကြောင့် အရှေ့တောင်အာရှနိုင်ငံများတွင် ပြန်လည်ပြုပြင်တည်ဆောက်ရသည့်ကုန်ကျစရိတ်များမှာ အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံအထိရှိလာနိုင်ကြောင်းဖြင့် သုတေသီများ၏ ပြောကြားချက်ကို ကိုးကား၍ စီအန်န်အေသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ယင်းကဲ့သို့ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုများကြောင့် သီးနှံအထွက်နှုန်းများ ကျဆင်းပြီး ခြောက်သွေ့မှုနှင့် အပူရှိန် လွန်ကဲမှုများကြောင့် ရောဂါဘယများ ထူပြောခြင်းတို့ဖြစ်ပေါ်လေ့ရှိသည်။ ယင်းကဲ့သို့ဖြစ်ပေါ်ခြင်းသည် အထူးသဖြင့် မဲခေါင်မြစ်ဝှမ်းဒေသရှိ နိုင်ငံလေးနိုင်ငံဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့်ဗီယက်နမ်နိုင်ငံတို့ဖြစ်ကြောင်း အဆိုပါသတင်းတွင်ဖော်ပြထားသည်။

အရှေ့တောင်အာရှဒေသသည် ရာသီဥတုပြောင်းလဲမှုဒဏ်ကိုအများဆုံး ခံစားရသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ရေလွှမ်းမိုးခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုကြောင့် ဆားငန်ရေများဝင်ရောက်ခြင်း စသည့် အချက်များကြောင့် သီးနှံအထွက်နှုန်းများကို ထိခိုက်စေခဲ့သည်ဟုဆိုသည်။

အထူးသဖြင့် ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုကြောင့် မြစ်ချောင်းအင်းအိုင်များအတွင်းသို့ ဝင်ရောက်လာသည့် ဆားငန်ရေများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို များစွာထိခိုက်စေသည်။ ယင်းအချက်သည် တောင်သူလယ်သမားများအား ခြိမ်းခြောက်နေသည့် တစ်ခုတည်းသော သဘာဝဘေးအန္တရာယ်ဖြစ်သည်ဟုဆိုသည်။

သုတေသီများကတင်ပြသည့် အစီရင်ခံစာတွင် ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများကြောင့် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ သီးနှံထုတ်လုပ်မှုကဏ္ဍနှင့် သဘာဝအရင်းအမြစ်များမှ နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၆ ဘီလီယံခန့် ဆုံးရှုံးလျက်ရှိနေကြောင်းဖြင့် ဖော်ပြထားသည်။ ထို့ပြင် ရေလွှမ်းမိုးမှု၊ မုန်တိုင်းတိုက်ခတ်မှုနှင့် အပူလှိုင်းဖြတ်သန်းမှုတို့ကြောင့် ပြန်လည်တည်ဆောက်ရသည့် ကုန်ကျစရိတ်မှာ နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၈ ဘီလီယံရှိကြောင်းဖြင့် အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။

## တရုတ်နိုင်ငံအနောက်မြောက်ပိုင်းဒေသတွင် မြေပြိုမှုများဖြစ်ပွား၍ အဝေးပြေးလမ်းမကြီး ပိတ်ထားခဲ့ရ

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းဒေသဖြစ်သည့် စီကျန်းကိုယ်ပိုင်စီရင်စုဒေသတွင် ဖေဖော်ဝါရီ ၂၇ရက်က ဆီးနှင်းများအရည်ပျော်ကျ၍ မြေပြိုမှုများဖြစ်ပွားခဲ့ရာ စီကျန်းပြည်နယ်သို့သွားသည့် အဝေးပြေးလမ်းမကြီးကို ပိတ်ထားခဲ့ရကြောင်းဖြင့် china. org တွင် ဖော်ပြထားသည်။

ဆီးနှင်းတောင်များ အရည်ပျော်ကျကာ လမ်းများပိတ်ဆို့နေမှုကြောင့် လူပေါင်း ၅၀၀ နှင့် မော်တော်ယာဉ် အစီးပေါင်း ၁၀၀ ခန့်သည် ကာရာကိုရမ် အဝေးပြေးလမ်းမကြီးပေါ်တွင် ပိတ်မိနေခဲ့သည်။

ထို့ပြင်ခါလီဇုခါဇစ်စီရင်စုဒေသတွင်လည်း ဖေဖော်ဝါရီ ၂၆ရက်က ဆီးနှင်းများ ထူထပ်စွာကျရောက်ခဲ့မှုကြောင့် လမ်းများပေါ်တွင် ဆီးနှင်းထုများ ပိတ်ဆို့နေခဲ့ကြောင်း သိရသည်။

သို့သော် ဆီးနှင်းများကျဆင်းပြီး နောက်နေ့တွင် အပူချိန်များရုတ်တရက် မြင့်တက်လာမှုကြောင့် ဆီးနှင်းတောင်များ အရည်ပျော်ကျဆင်းလာကာ တောင်ပြိုမှုများ ဖြစ်ပေါ်ရခြင်းဖြစ်သည်။

"အဲဒီနေ့က ဆီးနှင်းတွေအများကြီးကျတယ်။ နောက်နေ့လည်းကျရောအပူချိန်က ရုတ်တရက် မြင့်တက်လာတဲ့အတွက် ဆီးနှင်းတွေ ပြိုကျလာတာပါ။ အဲဒါကြောင့် ကာရာကိုရမ်အဝေးပြေးလမ်းမကြီးကို ပိတ်ထားရပါတယ်" ဟု စီရင်စုဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ခေါင်းဆောင် ဒွန်ဘိုက ပြောကြားခဲ့သည်။

ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ တရုတ်ပြည်မကြီးမှ အာဏာပိုင်များက ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ကာရာကိုရမ် အဝေးပြေးလမ်းမကြီးသည် ကီလိုမီတာ ၁၀၀၀ ကျော်ရှည်လျားပြီး ပါကစ္စတန်နယ်စပ်ဒေသနှင့် တရုတ်နိုင်ငံစီကျန်းပြည်နယ်တို့ကို ဆက်သွယ်ပေးထားသည့်လမ်းမကြီးတစ် ခုဖြစ်သည်။ အဆိုပါလမ်းမကြီးသည် ပထဝီအနေအထားအရ သဘာဝဘေးအန္တရာယ် မကြာခဏဖြစ် ပွားတတ်သည့်လမ်းမကြီးတစ်ခုဖြစ်ကြောင်း သိရသည်။

Domestic Sport News
Vol: 15, No.9 Monday March 2 2015

# အသင်းလိုက်စုဖွဲ့မှုကိုကြည့်၍ ပွဲထွက်ကစားသမားကို ရွေးချယ်ခဲ့သည်ဟု ဦးကြည်လွင်ဆို



မြန်မာယူ-၂၃အသင်းနည်းပြချုပ် ဦးကြည်လွင်က ၎င်းအနေဖြင့် အသင်းလိုက်စုဖွဲ့မှုကိုကြည့်၍ ပွဲထွက်ကစားသမားများကို ရွေးချယ်ခြင်းဖြစ်ကြောင်း ၎င်း၏လူရွေးချယ်မှုပုံစံကို ပြောကြားခဲ့သည်။

ဦးကြည်လွင်ကိုင်တွယ်သည့်မြန်မာ ယူ-၂၃ အသင်းသည် ပထမဆုံး နိုင်ငံတကာခြေစမ်းပွဲအဖြစ် ဖီဂျီယူ-၂၀ အသင်းနှင့်ယှဉ်ပြိုင်ကစားရာတွင် တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ သရေကျခဲ့သည်။ အဆိုပါပွဲတွင် မြန်မာယူ-၂၃ အသင်းအနေဖြင့် အနိုင်ဂိုးများသွင်းယူနိုင်ခြင်းမရှိခဲ့သော်လည်း တစ်ဖက်အသင်းကို ပွဲချိန်ပြည့်ဖိအားပေးကာ ကစားနိုင်ခဲ့သည်။ သို့သော် အဆိုပါအသင်း၏ ပွဲထွက်လူစာရင်းနှင့် လူစားလဲမှုများကို ဝေဖန်မှုများရှိခဲ့သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ဦးကြည်လွင်က "ကျွန်တော် အသင်းရဲ့ ပွဲထွက်လူစာရင်းကို ရွေးချယ်တဲ့နေရာမှာ ကစားသမားတစ်ယောက်ချင်းစီရဲ့နာမည်ထက် အသင်းလိုက်စုဖွဲ့မှုကိုပဲကြည့်ပြီး ရွေးချယ်တာပါ။ ဘယ်ခြမ်းက မျိုးမင်းဇော်အနေနဲ့ အဆုံးသတ်ပိုင်းနဲ့ အခြားနေရာတွေမှာ လိုအပ်ချက်တွေ ရှိနေသေးတာရယ်၊ ကျွန်တော့်အနေနဲ့ ကျွန်တော့်အသင်းက ကစားသမားတွေရဲ့ အကြောင်းပဲ သိရှိသေးတယ်ဆိုတာကိုတော့ ဝန်ခံပါတယ်။ ဘာလိုလဲဆိုတော့ ကျွန်တော့်အနေနဲ့ မကွေးအသင်းအတွက်ပဲ ပြင်ဆင်နေရတာကြောင့် အခြားအသင်းက ကစားသမားတွေအကြောင်းကို သိပ်မသိတာပါ"ဟုပြောကြားခဲ့သည်။

ဦးကြည်လွင်ကိုင်တွယ်သည့်မြန်မာ ယူ-၂၃အသင်း၏ပဏာမလူစာရင်းတွင် မကွေးအသင်းမှ ကစားသမားလေးဦးအထိ ပါဝင်လာခဲ့သလို အပြီးသတ်လူစာရင်းတွင်လည်း အဆိုပါကစားသမားများ ပြန်လည်ပါဝင်လာခဲ့ကြောင်း သိရသည်။

## ၂၀၁၆ အာရှယူ-၂၃ချန်ပီယံရှစ်ခြေစစ်ပွဲအတွက် မြန်မာယူ-၂၃အသင်း၏ အပြီးသတ်လူစာရင်းထုတ်ပြန် ဂျပန်နှင့်တောင်ကိုရီးယားနိုင်ငံတို့သို့ သွားရောက်၍ လေ့ကျင့်မှုများပြုလုပ်မည်

လာမည့်မတ်လအတွင်း အာရှ ယူ-၂၃ ချန်ပီယံရှစ်ခြေစစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာယူ-၂၃ အသင်း၏အပြီးသတ်လူစာရင်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ကြေညာလိုက်ကြောင်းသိရသည်။

ဖွဲ့စည်းလိုက်သည့်မြန်မာယူ-၂၃ အသင်းတွင်**(ဂိုး)** ကျော်ဇင်ဖြိုး(မကွေး)၊ ဇော်ဇော်နိုင်(ဇေယျာရွှေမြေ)၊ ရန်အောင်လင်း(ဟံသာဝတီ)၊ **(နောက်)** ကျော်ဇင်လင်း(မကွေး)၊ ဇော်ဝင်း (ရန်ကုန်)၊ သောင်ဟပ်သန်(ချင်း)၊ ကိုကိုဟိန်း (ဖွဲ့ကပင်)၊ ဇော်ရဲထွန်း(ရတနာပုံ)၊ ဖြိုးကိုကိုသိန်း (ဧရာဝတီ)၊ စည်သူအောင်(ရတနာပုံ)၊ ဟိန်းသီဟဇော်(ဧရာဝတီ)၊ **(လယ်)** နေလင်းထွန်း(ဧရာဝတီ)၊ ဖွန်မိုးအောင် (ရန်ကုန်)၊ ချစ်စုမိုး(ချင်း)၊ လှိုင်ဘိုဘိုရဲကိုဦး(ရတနာပုံ)၊ အောင်ရှိုးသာမောင်၊ မျိုးမင်းဇော်(မကွေး)၊**(ရှေ့တန်း)**ကောင်းဆက်နိုင်(မကွေး)၊ ဒွေးကိုကိုချစ်၊ ရှိုင်းသူရ(ရတနာပုံ)၊ သန်းထက်အောင် (ရန်ကုန်)နှင့်သီဟဇော်(ဧရာဝတီ)တို့ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြန်မာယူ-၂၃အသင်း၏ အုပ်ချုပ်သူအဖြစ် ဦးသန်းတိုးအောင်၊ နည်းပြအဖြစ် ဦးကြည်လွင်၊ လက်ထောက်နည်းပြအဖြစ် ဦးကျော်လွင်၊ ဦးမြင့်ကို၊ ဂိုးနည်းပြအဖြစ် ဦးအောင်သက်တို့က တာဝန်ယူကြမည်ဖြစ်သည်။

မြန်မာယူ-၂၃အသင်းသည် ယူ-၂၂ကို အခြေခံကာဖွဲ့စည်းထားသည့် အသင်းတစ်သင်းဖြစ်သည်။ အဆိုပါ မြန်မာယူ-၂၃ အသင်းသည် မတ် ၂၃ရက်တွင် တရုတ်(တိုင်ပေ)၌ ကျင်းပမည့် အာရှယူ-၂၃ချန်ပီယံရှစ် ခြေစစ်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။



မြန်မာယူ-၂၃ အသင်းသည် အာရှချန်ပီယံရှစ်ခြေစစ်ပွဲအုပ်စု(စ)တွင် ပါဝင်နေပြီး မတ် ၂၇ ရက်တွင် တိုင်ပေ ယူ-၂၃အသင်း၊ မတ်လ ၂၉ရက်နေ့တွင် ဟောင်ကောင် ယူ-၂၃အသင်း၊ မတ် ၃၁ ရက်တွင် ဩစတြေးလျ ယူ-၂၃ အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဖွဲ့စည်းထားသည့် မြန်မာယူ-၂၃ အသင်းသည် အာရှချန်ပီယံလိဂ် ခြေစစ်ပွဲသာမက စင်ကာပူနိုင်ငံတွင် ကျင်းပမည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကိုလည်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် မြန်မာ ယူ-၂၃ အသင်းအနေ ဖြင့် ဂျပန်နှင့်တောင်ကိုရီးယားနိုင်ငံတို့သို့ ခြေစမ်းပွဲများသွားရောက် ယှဉ်ပြိုင်ကစားကာ လေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာ ယူ-၂၃ အသင်းနှင့် ဂျပန် ယူ-၂၃အသင်းတို့သည် မတ် ၁၀ရက်တွင် ဂျပန်နိုင်ငံ၊ ချီဘားမြို့၌လည်းကောင်း၊ မတ် ၁၃ ရက်မှ ၁၅ ရက်အထိ တောင်ကိုရီးယားနိုင်ငံမှ ကလပ်အသင်းများနှင့် လည်းကောင်း ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

## အေအက်ဖ်စီအုပ်စုပွဲစဉ်များယှဉ်ပြိုင်ကစားခဲ့သည့် ဧရာဝတီယူနိုက်တက်နှင့် ရတနာပုံအသင်းတို့ နိုင်ပွဲများ ပျောက်ဆုံး

အေအက်ဖ်စီဖလားအုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့သည့် ဧရာဝတီယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့၏ ပွဲစဉ်များတွင် နှစ်သင်းစလုံး နိုင်ပွဲများမရရှိခဲ့ကြောင်း သိရသည်။

လာအိုနိုင်ငံတွင် သွားရောက်ယှဉ်ပြိုင်ကစားခဲ့သည့် ဧရာဝတီယူနိုက်တက်အသင်း၏ အဝေးကွင်းပွဲစဉ်တွင် ဧရာဝတီယူနိုက်တက်အသင်းနှင့် လာအိုကလပ် တိုယိုတာကလပ်အသင်းနှင့် တစ်ဖက်နှစ်ဂိုးစီသရေကျခဲ့သည်။ ဧရာဝတီယူနိုက်တက်အသင်းပါဝင်သည့် အုပ်စု(ဇ)တွင် အင်ဒိုနီးရှားကလပ်ပါစီဘန်ဒင်းအက်ဖ်စီက မော်လ်ဒိုက်ဗ်ကလပ် နယူးရေးဒီးယန့်အက်ဖ်စီအသင်းကို လေးဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ရတနာပုံအသင်းပါဝင်သည့်အုပ်စု (ဆ)တွင်ရတနာပုံအသင်းနှင့် မလေးရှားကလပ် ပါဟန်းအသင်းတို့သည်ရတနာပုံအသင်း၏ အိမ်ကွင်းဖြစ်သည့်မန္တလာသီရိ ကစားကွင်းတွင်ယှဉ်ပြိုင်ကစားခဲ့ကြရာ ရတနာပုံအသင်းက မလေးရှား ပါဟန်းအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ရတနာပုံအသင်းပါဝင်သည့်အုပ်စု (ဆ)၏အခြားပွဲစဉ်တစ်ပွဲဖြစ်သည့် ဟောင်ကောင်ကလပ် ဆောက်သ်ချိုင်းနားနှင့် ဖိလစ်ပိုင်ကလပ်ဂလိုဘယ်ကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားရာဆောက်သ်ချိုင်းနားအသင်းက ဂလိုဘယ်အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အုပ်စုဒုတိယပွဲစဉ်များကို မတ်လ ၁၁ ရက်နေ့တွင် ရတနာပုံအသင်းသည် အဝေးကွင်းအဖြစ် မလေးရှားပါဟန်းအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အုပ်စု(ဇ)ပွဲစဉ်ဖြစ်သည့် ဧရာဝတီယူနိုက်တက်အသင်းသည် အိမ်ကွင်းပွဲစဉ်အဖြစ် လာအိုတိုယိုတာကလပ်အသင်းကို အိမ်ကွင်းတွင် ဧည့်ခံကစားရမည်ဖြစ်သည်။



## စင်ကာပူဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာတိုက်ကွမ်ဒိုကစားသမား ကိုးဦးဖြင့် ယှဉ်ပြိုင်မည်

စင်ကာပူနိုင်ငံတွင် ကျင်းပမည့် (၂၈)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲတွင် မြန်မာတိုက်ကွမ်ဒိုအဖွဲ့အနေဖြင့် ကစားသမား ကိုးဦးဖြင့်သာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကစားသမားများကို ပြီးခဲ့သည့်ဇန်နဝါရီလကတည်းက ရွေးချယ်ထားခြင်းဖြစ်ပြီး (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သူများကိုလည်း ပြန်လည်ရွေးချယ်ထားကြောင်း သိရသည်။

ပြိုင်ပွဲဝင်ကစားသမားဦးရေ နည်းသွားရခြင်းမှာ ပြိုင်ပွဲကျင်းပရေးကော်မတီ၏ ခွဲတမ်းစနစ်ကြောင့်ဖြစ်ကြောင်း၊ ကီလိုတန်းငါးခုတွင် တစ်နိုင်ငံလျှင် သုံးခုသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိကြောင်း၊ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံကိုယ်စားပြု တိုက်ကွမ်ဒိုအဖွဲ့တွင် အတိုက်အမျိုးအစား၏ အမျိုးသားပြိုင်ပွဲ၌ အေးချမ်းဝေ၊ ရဲလင်းကျော်၊ ဇော်ဇော်၊ အမျိုးသမီးပြိုင်ပွဲ၌ နွေးနွေး၊ ဝေမာစိုး၊ ဒီဇင်ဘာဦးတို့ ပါဝင်ကြပြီး ကကွက်အမျိုးအစား၌ ဆန်းရှိန်သက်၊ သော်ဇင်ဟန်၊ သက်မြတ်နိုးဝေတို့ဖြစ်ကြောင်း သိရသည်။ အဆိုပါ ကစားသမားများအနက် ဒဏ်ရာရရှိခဲ့သူရှိပါက အစားထိုးနိုင်ရန် အောင်မြင့်မြတ်ကို ရွေးချယ်ထားကြောင်းသိရသည်။

မြန်မာတိုက်ကွမ်ဒို အားကစားအဖွဲ့သည် မတ်လ ၂၃ ရက်မှ ၂၇ ရက်အထိကျင်းပမည့် (၁၂)ကြိမ်မြောက် အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲတွင် အဆိုပါကစားသမား ကိုးဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

သို့သော် ဒဏ်ရာရရှိနေသည့် နွေးနွေးအစား ဒေစီဦးက ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ထို့နောက် မြန်မာအားကစားအဖွဲ့သည် ဧပြီလ ၂၀ ရက်မှ မေ ၂၀ ရက်အထိ တောင်ကိုရီးယားနိုင်ငံတွင် လေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

# မေဝဲသားနှင့် ထိုးသတ်ရန် အမေရိကန်သို့ပြန်လာသည့် ပက်ကွီယို ဘတ်စ်ကက်ဘောပွဲစဉ်တစ်ပွဲတွင် ဝင်ရောက်ကစားခဲ့

မေဝဲသားနှင့်ထိုးသတ်ရန် အမေရိကန်သို့ပြန်လာသည့် ဖိလစ်ပိုင်လက်ဝှေ့ကျော် မန်နီပက်ကွီယိုသည် ဘတ်စ်ကက်ဘော ပွဲစဉ်တစ်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ကြောင်း ဒေးလီးမေးတွင် ဖော်ပြထားသည်။

ပက်ကွီယိုသည် ၎င်း၏ဘတ်စ်ကက်ဘော ကလပ်အသင်းတစ်သင်းဖြစ်သည့် ကိုင်ကာနေဗယ်အသင်းနှင့် ဘလက်ဝါးတားအသင်းတို့၏ပွဲစဉ်တွင် ဝင်ရောက်ကစားခဲ့ခြင်းဖြစ်သည်။

ပက်ကွီယိုသည် လက်ဝှေ့ထိုးသတ်ရာတွင် ကျွမ်းကျင်ပိုင်နိုင်မှုရှိသကဲ့သို့ ဘတ်စ်ကက်ဘော ကစားရာတွင်လည်း ကျွမ်းကျင်လှသည်ဟုဆိုသည်။

ကိုင်ကာနေဗယ်အသင်း၏နည်းပြဖြစ်သူက ပက်ကွီယိုအားလက်ဝှေ့မထိုးသတ်မီ အကြိုပြင်ဆင်မှုအနေဖြင့် ဝင်ရောက်ကစားစေခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲတွင် ကိုင်ကာနေဗယ်အသင်းသည် ဘလက်ဝါးတားအသင်းအား ၁၀၆-၁၀၃ ဖြင့် အနိုင်ရရှိခဲ့သည်။

အသက် ၃၆နှစ်အရွယ်ရှိပြီး အရပ် ၅ပေ၆လက်မခွဲသာရှိသော်လည်း လျင်မြန်မှုနှင့် ဖျတ်လတ်မှုများကြောင့် ကိုင်အသင်း အနိုင်ရရှိခဲ့ခြင်းဖြစ်သည်ဟု နည်းပြဖြစ်သူက ပြောကြားခဲ့သည်။

အဆိုပါဘတ်စကက်ဘောပွဲ မစမီ ပက်ကွီယိုသည် ပီဇာမုန့်ဘူးများကို ၎င်း၏အသင်းဖော်များအား ဝေငှပေးခဲ့ကြောင်း သိရသည်။

ထို့အတူ မေဝဲသားသည်လည်း ပက်ကွီယိုနှင့်ထိုးသတ်ရန်အတွက် လေ့ကျင့်ခန်းဆင်းလျက်ရှိပြီး ၎င်းမတိုင်မီ ဖေဖော်ဝါရီလ ၂၅ ရက်က ၎င်း၏ မွေးနေ့ပွဲကို ကျင်းပခဲ့ကြောင်းသိရသည်။



မေဝဲသားသည် ၎င်း၏ ၃၈နှစ်မြောက်မွေးနေ့ပွဲအဖြစ် အယ်လ်အေကလစ်ပါ ဘတ်စကက်ဘောအသင်း၏ ပြိုင်ပွဲယှဉ်ပြိုင်ရာသို့ သွားရောက်အားပေးခဲ့ပြီး အသင်းသားများနှင့်အတူ အောင်ပွဲခံခဲ့ကြောင်း သိရသည်။



# မူးယစ်ဆေးများ ထုတ်လုပ်ရောင်းချသည့် ကယက်လှေလှော်ချန်ပီယံအား ဖမ်းဆီးတရားစွဲဆို

ဩစတြေးလျကယက်လှေလှော်ချန်ပီယံ ဘက်ဂ်လေးအား မူးယစ်ဆေးဝါးများထုတ်လုပ်ရောင်းချမှုဖြင့် ဩစတြေးလျရဲတပ်ဖွဲ့က ဖမ်းဆီးတရားစွဲဆိုလိုက်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

အိုလံပစ်ပြိုင်ပွဲများတွင် နှစ်ကြိမ်ဆက်တိုက် ငွေတံဆိပ်ဆုရရှိခဲ့သည့်အပြင် ၂၀၀၄ ခုနှစ် အေသင်အိုလံပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည်။ ထို့ပြင် ၎င်းသည် ကမ္ဘာ့ကနူးကယက်လှေလှော်ချန်ပီယံရှစ်ပြိုင်ပွဲများတွင် ရွှေတံဆိပ်သုံးခုရရှိခဲ့သူဖြစ်သည်။

ဘက်ဂ်လေးသည် အသက် ၃၉ နှစ်အရွယ်ရှိပြီး ၎င်း၏နေအိမ်၌ မူးယစ်ဆေးဝါးများထုတ်လုပ်ရောင်းချနေသည်ကို ရဲတပ်ဖွဲ့က စုံစမ်းဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ၂၀၀၅ ခုနှစ်အတွင်းကလည်း တားမြစ်ဆေးဝါးများသုံးစွဲမှုဖြင့် နိုင်ငံတကာ ကနူးကယက်အဖွဲ့ချုပ်က ပွဲယှဉ်ပြိုင်ခွင့်ဒဏ်များ ချမှတ်ခံရသူဖြစ်သည်။

ဘက်ဂ်လေးသည် မီသာဖက်တမင်း ဆေးပြားများကို ထုတ်လုပ်မှု၊ ရောင်းချမှု၊ တင်ပို့မှု၊ လက်ဝယ်တွေ့ရှိမှုစသည့် အမှုပေါင်းကိုးမှုတို့ဖြင့် တရားစွဲဆိုခံထားရသည်။ ဩစတြေးလျရဲတပ်ဖွဲ့က ဘက်ဂ်လေး၏ မူးယစ်ဆေးပြားများထုတ်လုပ်ရာနေရာသည် လူနေအိမ်များကြားတွင်ရှိနေသဖြင့် အဆိုပါဒေသတွင်နေထိုင်ကြသည့်ပြည်သူများ၏လုံခြုံရေးအတွက် စိုးရိမ်ရကြောင်းဖြင့် ပြောကြားခဲ့သည်။

# ၂၀၁၆ အိုလံပစ်ပြိုင်ပွဲကျင်းပရန်စီစဉ်ထားမှုများအား အိုင်အိုစီမှ ကျေနပ်မှုရရှိခဲ့သော်လည်း ဂွါနာဘာရာပင်လယ်အော်အတွင်း ငါးများသေဆုံးနေသည်ကို တွေ့ရှိ

၂၀၁၆ ခုနှစ် အိုလံပစ်ပြိုင်ပွဲကို ဘရာဇီးနိုင်ငံမြို့တော် ရီအိုဒီဂျနေးရိုးမြို့တွင် ကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင် ပွဲကျင်းပမည့်မြို့တွင် ပြိုင်ပွဲကျင်းပရန် ပြင်ဆင်ထားမှုများအား အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီ (အိုင်အိုစီ)က သွားရောက်ကြည့်ရှုခဲ့ရာ စိတ်ကျေနပ်မှုရရှိခဲ့ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

ထိုကဲ့သို့ အိုင်အိုစီက စိတ်ကျေနပ်မှုရှိသည်ဟု ဖော်ပြခဲ့သော်လည်း ရီအိုဒီဂျနေးရိုးမြို့ရှိ ဂွါနာဘာရာပင်လယ်အော်အတွင်းတွင် ငါးများသေဆုံးနေသည်ကို တွေ့ရှိခဲ့ရကြောင်းဖြင့် အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ၏ စစ်ဆေးရေးအဖွဲ့သည် ရီအိုဒီဂျနေးရိုးမြို့သို့ ရောက်ရှိလာခဲ့ပြီးနောက် ၂၀၁၆ ခုနှစ်အိုလံပစ်ပြိုင်ပွဲ ကျင်းပရန်အတွက် အဆိုပါမြို့ရှိ နေရာများသည် ပြီးပြည့်စုံနေပြီဟု မှတ်ချက်ပြုခဲ့သည်။

သို့သော် ရွက်လှေပြိုင်ပွဲများ ကျင်းပမည့် အဓိကနေရာတစ်နေရာဖြစ်သည့် ဂွါနာဘာရာပင်လယ်အော်အတွင်း၌ ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၂၄ ရက်က ငါး ထောင်ပေါင်းများစွာ သေဆုံးနေသဖြင့် ရေထုညစ်ညမ်းမှုမှုများ ဖြစ်ပေါ်လျက်ရှိသည်ဟု ဆိုသည်။

ငါးများသေဆုံးမှုကြောင့် ရေထုညစ်ညမ်းမှုများအား ဘရာဇီးအစိုးရအနေဖြင့်သန့်ရှင်းအောင် ပြန်လည်ပြုလုပ်ရန်မှာ မလွယ်ကူလှကြောင်း၊ သို့သော်စာရာခိုင်နှုန်းခန့် သန့်ရှင်းအောင် ပြုလုပ်မည်ဖြစ်ကြောင်း ရီအိုဒီဂျနေးရိုးမြို့တော်ဝန် လူးဝစ္စဖာနန်ဒိုပီဇာအိုက ပြောကြားခဲ့သည်။

အဆိုပါ ပင်လယ်အော်သည် ယခင်ကတည်းကပင် ရေထုညစ်ညမ်းမှုရှိနေသည့်နေရာဖြစ်ပြီး ပင်လယ်အတွင်း အမှိုက်သရိုက်များဖြင့် ပြည့်နှက်နေသည့်အပြင် ရေဆိုးများစီးဝင်နေသည့် နေရာတစ်နေရာဖြစ်ကြောင်း၊ ယင်းနေရာကို အိုလံပစ်ပြိုင်ပွဲမတိုင်မီ ရေထုညစ်ညမ်းမှုမှ လျှော့ချရန် လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း ပီဇာအိုက ပြောကြားခဲ့သည်။

စစ်ဆေးရေးအဖွဲ့ ခေါင်းဆောင် နာဝဲလ်ကမူ အိုလံပစ်ပန်းခြံများတည်ဆောက်ထားမှုများမှာ စိတ်ကူးယဉ်ဆန်လှသည်ဟု ပြောကြားခဲ့သည်။



# ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲကို နိုဝင်ဘာ–ဒီဇင်ဘာတွင်ကျင်းပရန် ဖီဖာဆုံးဖြတ် အာဖရိကနိုင်ငံပေါင်းစုံဖလားပြိုင်ပွဲကို ၂၀၂၃ ဇွန်လသို့ ပြောင်းရွှေ့ကျင်းပရမည်

၂၀၂၂ ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲကို နိုဝင်ဘာ-ဒီဇင်ဘာလတွင် ကျင်းပမည်ဖြစ်ကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ဖေဖော်ဝါရီ ၂၅ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

ကာတာနိုင်ငံတွင် ကျင်းပမည့် ၂၀၂၂ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို နိုဝင်ဘာလ ၂၆ရက်မှ ဒီဇင်ဘာ ၂၃ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း ဖီဖာက ထုတ်ပြန်ကြေညာခဲ့သည်။ ဖီဖာမှဦးစီး၍ကျင်းပသည့်ကမ္ဘာ့ဖလားပြိုင်ပွဲများကို ယခင်နှစ်များက ဇွန်လနှင့် ဇူလိုင်လတို့တွင် ကျင်းပလေ့ရှိသည်။

သို့သော် ၂၀၂၂ ခုနှစ်တွင်ကျင်းပမည့် ကာတာနိုင်ငံ၏ ဇွန်၊ ဇူလိုင်လ အပူချိန်သည်၄၀ဒီဂရီဆဲလ်ဆီးယပ်စ်အထက်တွင်ရှိနေသဖြင့် အပူဆုံးအချိန်ဖြစ်နေရာ ဘောလုံးသမားများအတွက် စိုးရိမ်ရသည့် အနေအထားတွင်ရှိနေသဖြင့် ယခုကဲ့သို့ နိုဝင်ဘာ-ဒီဇင်ဘာလတို့တွင် ကျင်းပရန် စီစဉ်ရခြင်းဖြစ်ကြောင်း ဖီဖာ၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဖီဖာ၏အဆိုပါကြေညာချက်ထွက်ပေါ်အပြီးတွင် ပရီးမီးယားလိဂ် အမှုဆောင်အရာရှိချုပ် စကူဒါမိုးက ဖီဖာ၏ဆုံးဖြတ်ချက်သည် ပရီးမီးယားလိဂ် နှင့် ဥရောပဘောလုံးအဖွဲ့တို့ကို စိတ်ပျက်စေခဲ့ကြောင်း၊ ဥရောပတိုက်မှ ဘောလုံးလိဂ်များအနေဖြင့် အဆိုပါရက်များသည် လိဂ်ပွဲများအပြိုင်အဆိုင် ကစားနေသည့်အချိန်ဖြစ်ရာ ယခုကဲ့သို့ နိုဝင်ဘာ-ဒီဇင်ဘာတွင် ကစားရန်စီစဉ်ခြင်းသည် ပရီးမီးယားလိဂ်နှင့် ဥရောပရှိ ဘောလုံးပြိုင်ပွဲများကို မျက်ကွယ်ပြုရာ ရောက်နေ




ကြောင်းဖြင့် ပြောကြားခဲ့သည်။

၂၀၂၂ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲကို နိုဝင်ဘာ-ဒီဇင်ဘာတွင်ကျင်းပမည်ဆိုသည့် ဆုံးဖြတ်ချက်ကို မတ်လအတွင်း ကျင်းပမည့် ဖီဖာအမှုဆောင်ကော်မတီများ အစည်းအဝေးတွင် အတည်ပြုချက်ရယူမည်ဖြစ်သည်။အဆိုပါဆုံးဖြတ်ချက်နှင့်ပတ်သက်၍ အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖြစ်သူ Dyke ကလည်း ပြင်းထန်စွာ ဝေဖန်ခဲ့သည်။

ကာတာကမ္ဘာ့ဖလားပြိုင်ပွဲကို နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၂၃ ရက်အထိကျင်းပမည်ဖြစ်ရာ ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပမည့် အာဖရိကနိုင်ငံစုံဖလားပြိုင်ပွဲကို ဇွန်လသို့ ပြောင်းရွှေ့ကျင်းပရန် ဆုံးဖြတ်ခဲ့သည်။

Vol: 15, No.9 Monday March 2 2015

## ပြည်ပနိုင်ငံသားများ လာရောက်လေ့လာမည့် ကျုံပျော်-ရေကြည်-ငါးသိုင်းချောင်းမြို့နယ်များတွင် ကြိုတင်ကွင်းဆင်းဆောင်ရွက်မှုများပြုလုပ်



၂၀၁၅ ခုနှစ်၊ မတ်လတွင် ဂျပန်နိုင်ငံမှ လုပ်ငန်းရှင်များသည် နိုင်ငံခြားဈေးကွက်အလားအလာရှိသော ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ ငှက်ပျော စိုက်ပျိုးရေးလုပ်ငန်း၊ ရေကြည်-ငါးသိုင်းချောင်းမြို့နယ်များရှိ ကြိမ်၊ ဝါး၊ ဗေဒါ၊ လက်မှုလုပ်ငန်းများကို လာရောက်လေ့လာလိုသည့်အတွက် ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် ကြိုတင်လေ့လာသိရှိနိုင်ရန် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု မြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်နော်မူတာကပေါ၊ လက်ထောက်ညွှန်ကြား ရေးမှူး ဒေါ်မြမြစိန်နဲ့အဖွဲ့ဟာ ဖေဖော်ဝါရီလ ၂၃ ရက်က ကျုံပျော်-ရေကြည်-ငါး သိုင်းချောင်းမြို့နယ်များသို့ ရောက်ရှိခဲ့ပါတယ်။

ထိုသို့ ရောက်ရှိခဲ့ရာတွင် ပုသိမ်မြို့ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ အပြည် ပြည်ဆိုင်ရာကုန်သွယ်မှု မြှင့်တင်ရေးဌာနခွဲမှ ဦးစီးအရာရှိ ဦးစိုးဦး၊ ရေကြည်မြို့နယ် တာဝန်ခံ၊ ကျုံပျော်မြို့နယ် တာဝန်ခံတို့ ပူးပေါင်းပါဝင်လျက် ရေကြည်- ငါးသိုင်းချောင်းမြို့နယ်များရှိ ကြိမ်၊ ဝါး၊ ဗေဒါ လက်မှုလုပ်ငန်းရှင်များနဲ့ တွေ့ဆုံပြီး လုပ်ငန်းခွင်သို့ သွားရောက်၍ လုပ်ငန်း၏လိုအပ်သည့် အားသာချက်၊ အားနည်းချက်များ၊ ပြည်ပနှင့် ချိတ်ဆက်ရောင်းဝယ်ရမည့် ကိစ္စရပ်များနှင့် ဈေးကွက်ဝင်အောင် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အသေးစိတ်ဆွေးနွေးခဲ့ပါတယ်။

ဆက်လက်၍ ကျုံပျော်မြို့နယ်၊ ရေသိုးလေးကျေးရွာသို့ သွားရောက်ပြီး လက်ရှိစိုက်ပျိုးနေတဲ့ ငှက်ပျောစိုက်ခင်းများကို သွားရောက်လေ့လာ၍ ဂျပန် လုပ်ငန်းရှင်များ လာရောက်ပါက ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကိုလည်း ဒေသခံငှက်ပျောစိုက်တောင်သူများနဲ့ ဆွေးနွေးခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး - ပုသိမ်**

## ဧရာတိုင်းသားတို့ တန်ဖိုးထားဂုဏ်ယူဖွယ်ရာ မြန်မာ့လက်မှုရိုးရာ အနုပညာ ပုသိမ်ထီးနဲ့ ပြည်တွင်းပြည်ပဈေးကွက်ရဲ့ အနာဂတ်ပန်းတစ်ပွင့်

မြန်မာနိုင်ငံ၏ လက်မှုရိုးရာ အနုပညာများတွင် ကမ္ဘာမှအသိအမှတ်ပြုထားခံရသည့် ဧရာဝတီတိုင်း ဒေသကြီးထွက် ပုသိမ်ထီးဈေးကွက်မှာ ပြည်တွင်းနှင့် ဥရောပဈေးကွက်ကို ခိုင်ခိုင်မာမာ ရရှိထားပြီး၊ ရှေးခေတ်ကပင် ရွှေပြားကပ် ကနုတ်ပန်းများရေးဆွဲ လျက် ပန်းချီပညာများဖြင့် အလှဆင်ကာ ဘုရင်များက အမြတ်တနိုးတန်ဖိုးထား၍ သုံးစွဲခဲ့ကြောင်း၊ မျက်မှောက်ခေတ်မှာလည်း ရှင်ပြုအလှူများနှင့် မြန်မာအမျိုးသမီးများ ကျက်သရေဆောင် ပစ္စည်း တစ်ခုအနေဖြင့် သုံးစွဲကြပြီး၊ ရဟန်းဆောင်းထီး၊ သီလရှင်ဆောင်းထီး၊ အမျိုးသမီးအလှဆောင်းထီး၊ မိုးရေခံထီး၊ အိမ်တော်ရာထီး၊ စားပွဲတင်ထီး၊ မီးအိမ်ထွန်းထီး၊ ရှေးလက်ရာထီးနှင့် ရိုးရာမပျက် ခေတ်မီထီး၊ ဟိုတယ်အလှဆင်ထီး၊ ကမ်းခြေသုံးထီးများအပြင် မင်္ဂလာဆောင်တွင် လက်ဆောင်ထီးအဖြစ် သာမက ကုမ္ပဏီလိုဂိုအမှတ်တံဆိပ်ပါ လက်ဆောင်ထီးများကိုလည်း ပြုလုပ်ရောင်းချပေးလျက်ရှိပါတယ်။

အရွယ်အစားမှာ ၄ လက်မမှ ၁၀ ပေ၊ ၁၂ ပေအထိရှိ၍ ဈေးနှုန်းမှာလည်း ၁၅၀၀ ကျပ်၊ ၂၀၀၀ ကျပ်မှစတင်၍ ၆၀၀၀၀ ကျပ်-၇၀၀၀၀ ကျပ်ဈေးအထိ အရွယ်အစားမျိုးစုံ၊ အရောင်မျိုးစုံနှင့် ပြုလုပ်ရောင်းချလျက်ရှိပြီး ဈေးနှုန်းမှာလည်း ကွာခြားမှုရှိပါတယ်။ ပြည်တွင်းကြိုက်အများဆုံး အရောင်မှာ နီညိုရောင်ဖြစ်၍ ပြည်ပမှ လူကြိုက်အများဆုံးအရောင်မှာ လိမ္မော်ရောင်၊ နီညိုရောင်၊ အနက်ရောင်၊ အစိမ်းရောင်၊ အဝါရောင်များကို ကြိုက်နှစ်သက်မှုရှိကြပါတယ်။ ပြည်တွင်းဈေးကွက်မှာလည်း ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ကျိုက်ထို၊ ကျိုက်ထီးရိုး၊ မော်လမြိုင်၊ ပုဂံ၊ ညောင်ဦး၊ တောင်ကြီး၊ အင်းလေးဒေသများနဲ့ ပင်လယ်ကမ်းခြေဒေသများဖြစ်သော ငပလီ၊ ငွေဆောင်၊ ချောင်းသာ ဒေသများတွင် အများဆုံး ဝယ်ယူသုံးစွဲလျက်ရှိပါတယ်။ ၎င်းအပြင် ပြည်ပနိုင်ငံများဖြစ်သော အာရှမှ ဂျပန်၊ ကိုရီးယား၊ ဟောင်ကောင်၊ တရုတ် (ထိုင်ပေ)၊ တရုတ်နိုင်ငံတို့မှလည်း လာရောက်ဝယ်ယူမှုရှိပြီး အာရှဈေးကွက်ထက်၊ အမေရိကန်နိုင်ငံနှင့် အီးယူနိုင်ငံများဖြစ်သော ဂျာမနီ၊ အင်္ဂလန်၊ ပြင်သစ်၊ အီတလီ၊ နယူးဇီလန်၊ ဒိန်းမတ်၊ ဟော်လန်၊ ဖင်လန်၊ ပေါ်တူဂီစသည့် ပြည်ပနိုင်ငံ သားများ အဓိကလာရောက်ဝယ်ယူလျက်ရှိကြောင်း၊ ရန်ကုန်ဈေးကွက်ရှိ Care Freight Fengipann ကုမ္ပဏီမှ အီးယူနိုင်ငံများသို့ ချိတ်ဆက်၍ လေယာဉ်ပျံနှင့် ပင်လယ်ရေကြောင်းမှတင် ပို့ရောင်းချလျက်ရှိကြောင်း၊ နှစ်ပေါင်း ၈၀ ခန့် မိရိုးဖလာ ထီးလုပ်ငန်းကို လက်ဆင့်ကမ်းလုပ်ကိုင်နေသူ ပုသိမ်မြို့၊ တောရကျောင်းလမ်း ရွှေစာထီးလုပ်ငန်းရှင်ဦးအောင်နိုင် ကပြောပါတယ်။

ပုသိမ်ထီးပြုလုပ်ရာတွင် ပုသိမ်မြို့နယ် ချောင်းသာ၊ ငွေဆောင်၊ ရွာပြာနှင့် ရေကြည်၊ ငါးသိုင်းချောင်း မြို့နယ်များမှာထွက်ရှိသော သရကူဝါးကို အဓိကအသုံးပြုပြီး၊ ထီးကောင်းတစ်လက်ရရှိရန် ဝါးကောင်းဖို့ လိုအပ်ကြောင်း၊ သက်တမ်း ကိုးနှစ်ရှိဝါးသည် ထီးလုပ်ငန်းအတွက် အသင့်တော်ဆုံးဖြစ်ပြီး ဝါးနုလျှင် ပိုးစားပြီး၊ ထီးပြုလုပ်ရာတွင် မကောင်းကြောင်း သိရပါတယ်။ ဝါးကုန်ကြမ်းကို တစ်ပတ်ခန့် နွံ့ထဲတွင် စိမ်ထားပြီး ကင်ပွန်းချဉ်ရွက်၊ မကျည်းရွက်များဖြင့် ပိုးမထိုးအောင် ပြုလုပ်သုံးစွဲရကြောင်း ထီးခေါင်းနဲ့ ထီးပြုလုပ်ရာတွင် အသုံးပြုသော သစ်အမျိုးအစားမှာ တောင်မရိုးသား၊ မအူသား၊ မအူရွှေဝါသား၊ လက်ပန်သား၊ ရွှေးသား၊ ဒီးဒူး၊ ပိတောက်သား များကို အသုံးပြုပါတယ်။ အစပထမပိုင်းတွင် ထီးအရွက်ကို ဆီစိမ်စက္ကူဖြင့် ပြုလုပ်၍ နောက်ပိုင်းတွင် ထီးအရွက်ကို တည်ရေများသုတ်လိမ်းပြီး၊ ပြည်တွင်းထွက်ပိတ်ရောင်စုံ တက်ထရွန်စများဖြင့် ရေစိုခံအောင်ပြုပါတယ်။ အာရှနိုင်ငံများတွင် ပြုလုပ်သော ထီးမှာ မိုးရေမလုံ၊ အကြမ်းမခံဘဲ၊ မြန်မာနိုင်ငံမှ ထုတ်လုပ်သောထီးမှာ ရေစိုခံ အကြမ်းခံနိုင်တဲ့အတွက် ပြည်ပနိုင်ငံသားများ ကြိုက်နှစ်သက်မှုရှိပါတယ်။ ရာသီဥတုအေးလျှင် ထီးမှာအနည်းငယ် ကွေးသွားပြီး၊ နေပူလျှင် ထီးမှာဝိုင်းဝိုင်းကလေးဖြစ်သွားကြောင်း၊ ထီးအဖွင့်အပိတ်ပြုလုပ်ရာတွင် ထီးချက်ကို သံ၊ စပလိန်မပါ သစ်သားနှင့်ပြုလုပ်ထားသည်ကို ဝယ်ယူသူများက သဘောကျနှစ်သက်မှုရှိကြောင်း၊ ပုသိမ်မြို့သို့ ရောက်ရှိလာသော နိုင်ငံခြားသားများက ပုသိမ်ထီးလုပ်ငန်းကို လာရောက်လေ့လာပြီး၊ ဝယ်ယူလျက်ရှိကြောင်း တစ်ပတ်ကို ၄-၅ ရက်ခန့်ဧည့်ခရီးသွားများဝင်ရောက်မှုရှိပြီး ထီးဝယ်ယူရာတွင် ဈေးမဆစ်ဘဲ ဝယ်ယူကြောင်း၊ ဦးအောင်နိုင်မှ ဆက်လက်ပြောကြားပါတယ်။

ပုသိမ်ထီးပြုလုပ်ရာတွင် နိုင်ငံခြားမှ ဝယ်ယူရမည့် ကုန်ကြမ်းပစ္စည်းများမပါဘဲ ဒေသထွက်ပစ္စည်းများကို အသုံးပြုထားပါတယ်။ မြန်မာ့အနုပညာကို ဖော်ထုတ်ထားသည့် ဆေးဆိုးခြင်း၊ ပန်းချီရေးဆွဲခြင်း စသည်တို့ဖြင့် အလှဆင်ထားပြီး ထီးတစ်ချောင်းလုံးကို လက်ဖြင့်သာ ပြုလုပ်ထားသောကြောင့် ပြည်ပနိုင်ငံသားများက Hand Made လက်မှုအနုပညာတစ်ခုအနေဖြင့် လူကြိုက်များပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှု လက်မှုအနုပညာဖြစ်သော ပုသိမ်ထီးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဈေးကွက်ဝေစုပိုမိုရရှိစေရန်နှင့် ကမ္ဘာတစ်ဝန်းအောင်မြင်ကျော်ကြားမှု ရှိစေရေး ရိုးရာအမွေအနှစ်များ တိမ်မြုပ်ပျောက်ကွယ်သွားခြင်းမရှိစေရန် ပုသိမ်ထီးလုပ်ငန်းရှင်များက ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ရွှေစာထီးလုပ်ငန်းရှင် ဦးအောင်နိုင်က ထပ်မံပြောကြားပါတယ်။

**မင်းမင်းဦး -ပုသိမ်**

## မြစ်ကြီးနားမြို့တွင် “ အထည်ပန်းရိုက်နှင့် ဆေးရေးနည်းအခြေခံသင်တန်း ” ဖွင့်လှစ်ပို့ချမည်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင် ရေးဦးစီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းတို့ ပူးပေါင်း၍ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဈေးကွက်ဈေးနှုန်းပိုမိုရရှိသည့် တန်ဖိုးမြှင့် ထုတ်ကုန်လုပ်ငန်းများ၊ အသေးစားအလတ်စား အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူဖြစ်စေမည့် နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးမည်ဖြစ်ရာ အထည်ပန်းပုံရိုက်နှင့် ဆေးရေးနည်း အခြေခံသင်တန်းကို

- သွင်းကုန်အစားထိုး အသေးစား အလတ်စားလက်မှုလုပ်ငန်းများ ပေါ်ထွန်းလာစေရန်၊
- အထည်အလိပ်လုပ်ငန်းလုပ်ကိုင်သူများ အထည်ပေါ်တွင် အဆင်ဒီဇိုင်းအမျိုးမျိုးပြုလုပ်ပြီးတန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်၊
- အထည်ပန်းပုံရိုက်နှင့် ဆေးရေးနည်းအခြေခံပညာများ ပြန့်ပွားလာစေရန်၊
- အသက်မွေးဝမ်းကြောင်း ပညာတစ်ခုကို နည်းစနစ်မှန်ကန်စွာ တတ်မြောက်စေရန်၊
- အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး အပိုဝင်ငွေရရှိကာ လူမှုစီးပွားဘဝ မြင့်မားလာစေရန်

ရည်ရွယ်ချက်များဖြင့် မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းတွင် မတ်လ ၅ ရက်မှ ၂၃ ရက်ထိ ၁၅ ရက်ကြာဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရပါတယ်။

သင်တန်းသားများမှ သင်တန်းကြေးပေးသွင်းရန်မလိုဘဲ သင်တန်းတွင် လက်တွေ့လုပ်ငန်းခွင်တွင် လုပ်ကိုင်စားသောက်နိုင်သည်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း၊ လက်တွေ့လုပ်ငန်းခွင်တွင် တွေ့ကြုံရသည့်အခက်အခဲများ လိုအပ်သော နည်းပညာရပ်များကိုလည်း ဆက်လက်ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း သိရပါတယ်။

သင်တန်းကို သင်တန်းသားဦးရေ ကန့်သတ်ထား သဖြင့် နီးစပ်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာ၊ ပြည်နယ်ဦးစီးမှူး ရုံး၊ ပြည်နယ်သမဝါယမဦးစီးဌာနရုံးနှင့် ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်းတို့တွင် လျှောက်လွှာများရယူပြီး တက်ရောက်နိုင်ကြောင်း၊ သင်တန်းတက်ရောက်ခြင်းအားဖြင့် ဒေသတွင်းလက်မှု လုပ်ငန်းများပေါ်ပေါက်လာပြီး ကျေးလက်နေပြည်သူများနှင့် မြို့ပြနေအခြေခံလူတန်းစားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိခြင်းအပြင် မိသားစုဝင်ငွေတိုး၍ လူမှုစီးပွားဘဝ ပိုမိုမြင့်မားလာကာ ကုန်သွယ်မှုကဏ္ဍကိုလည်း ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း သိရပါတယ်။

**မောင်မောင်ခိုင် - မြစ်ကြီးနား**

# Trade Facilitation & Trade Promotion

## စစ်ကိုင်းတိုင်းဒေသကြီး TPIS ပြခန်းသို့ အိန္ဒိယကောင်စစ်ဝန်ရုံး (မန္တလေး) မှ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စများ လာရောက်တွေ့ဆုံဆွေးနွေး

ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာန မုံရွာမြို့နယ် တာဝန်ခံရုံးရှိစစ်ကိုင်းတိုင်းဒေသကြီး TPIS ပြခန်းသို့ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယကောင်စစ်ဝန်ရုံး (မန္တလေး)မှ မစ္စတာဟာဆန်မူလာသည် ကုန်သွယ်မှုမြှင့်တင်ရေး လုပ်ငန်းဌာန၏ လုပ်ငန်းများ နယ်စပ်ကုန်သွယ်ရေး ကိစ္စများဆွေးနွေးရန် ဖေဖော်ဝါရီလ ၂၄ ရက်နေ့က စစ်ကိုင်းခရိုင်ဦးစီးမှူး၊ မုံရွာမြို့နယ် တာဝန်ခံတို့အား လာရောက်တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

မစ္စတာဟာဆန်မူလာသည် စကားပြန်ဒေါ်လ်တာသစ်ဆင်းနှင့်အတူ လာရောက်ဆွေးနွေးရာ၌ အိန္ဒိယကောင်စစ်ဝန် ကိုယ်စားလာရောက်လေ့လာဆွေးနွေးခြင်း ဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် အနီးရှိမိုရေးနယ်စပ်မှတစ်ဆင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်များ၊ နှစ်နိုင်ငံလုပ်ငန်းရှင်များ အကျိုးတူပူးပေါင်း၍ လယ်ယာထွက်ကုန်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်ချက်များ ပို့ကုန်သွင်းကုန်ဆိုင်ရာ ကိစ္စများ အထူးသဖြင့် ပဲမျိုးစုံ၊ နှမ်းနဲ့ စားဖိုဆောင်သုံးသီးနှံများ သရက်၊ ဖရဲနဲ့ သခွားမွှေးစတဲ့ သစ်သီးဝလံများ လက်ရှိ မူဆယ်နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းမှ တရုတ်ပြည်သို့ တင်ပို့နေမှုအခြေအနေများ၊ မိုရေးနယ်စပ်မှ တင်ပို့နိုင်မှုအလားအလာများ ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာနမှ ချိတ်ဆက်ဆောင်ရွက်ပေးနိုင်မယ့် လုပ်ငန်းရပ်များကို အလွတ်သဘော ရင်းနှီးပွင့်လင်းစွာ မေးမြန်းခဲ့ရာ ခရိုင်ဦးစီးမှူးနဲ့ မုံရွာမြို့နယ်တာဝန်ခံတို့မှ အသေးစိတ် ရှင်းလင်းခဲ့ကြောင်း သိရပါတယ်။

ထို့နောက် အိန္ဒိယကောင်စစ်ဝန်ရုံးကိုယ်စားလှယ်က ယခုဆွေးနွေးပွဲမှ သိရှိသမျှကို မန္တလေးရှိ အိန္ဒိယကောင်စစ်ဝန်ထံ ပြန်လည်တင်ပြမှာဖြစ်ပြီး အိန္ဒိယမြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့အား ပူးပေါင်းကူညီဆောင်ရွက်ပေးရန် မေတ္တာရပ်ခံခဲ့ကြောင်း သိရပါတယ်။

**ထွန်းလှိုင်- မုံရွာ**

## တနင်္သာရီတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဆင်းရဲမှုလျှော့ချရေးအတွက် ဝါးအခြေခံ ဝါးလက်မှုထည်ရက်လုပ်နည်း ရက်တိုသင်တန်းဖွင့်လှစ်




တနင်္သာရီတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဆင်းရဲမှု လျှော့ချရေး အတွက်ဝါးအခြေခံ လက်မှုထည် ရက်လုပ်ငန်းသင်တန်းကို ဖေဖော်ဝါရီ ၂၃ ရက်က ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးသန်းအောင်က ချေးငွေနဲ့ နည်းပညာများကို ပံ့ပိုးကူညီနိုင်ရေးအတွက် နည်းပညာပေး သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ကြောင်း ပြောကြားသွားပါတယ်။ တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဦးသန်းအောင်က အခြားသင်တန်းများဖြစ်တဲ့ အလှကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း၊ အခြေခံပရိဘောဂသင်တန်း၊ အခြေခံလျှပ်စစ် သံဂဟေဆက်သင်တန်း အခြေခံစက်ချုပ်သင်တန်း၊ မော်တော်ဆိုင်ကယ်ပြုပြင်သင်တန်းတို့ကို ဖွင့်လှစ်သင်ကြားလျက်ရှိပါကြောင်း၊ အခြေခံပရိဘောဂ သင်တန်းကိုလည်း မတ်လဒုတိယပတ်မှာ မြိတ်မြို့မှာ ဖွင့်လှစ်မှာဖြစ်ကြောင်း ထည့်သွင်းပြောကြားသွားပါတယ်။

အဆိုပါသင်တန်းကို တနင်္သာရီတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာနနှင့် အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနတို့ပူးပေါင်းပြီး ကျေးလက်ဒေသဆင်းရဲမှု လျှော့နည်းကျဆင်းရေးအတွက် တနင်္သာရီတိုင်း ဒေသကြီး အတွင်း ထားဝယ်မြို့၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သင်တန်းခန်းမ၌ ဝါးအခြေခံ ဝါးလက်မှုထည် ရက်လုပ်နည်းသင်တန်းအား ဖေဖော်ဝါရီလ ၂၃ ရက်နေ့မှ ၂၇ ရက်နေ့ထိ ၅ ရက်ကြာဖွင့်လှစ်သင်ကြားရာသင်တန်းသား ၂၀ ဦးတက်ရောက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**မာဂျေ-ထားဝယ်**

## ကျေးလက်ဒေသလယ်ယာကုန်ထုတ် စက်ကိရိယာများ ကိုင်တွယ်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းမောင်းနှင်ခြင်း သင်တန်းဖွင့်ပွဲကျင်းပ



ရန်ကုန်တိုင်းဒေသကြီး၊ ကျေးလက်ဒေသအသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆပ်ကော်မတီမှ ကြီးမှူးကျင်းပသည့် ကျေးလက်ဒေသလယ်ယာကုန်ထုတ်စက်ကိရိယာများ ကိုင်တွယ်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းမောင်းနှင်ခြင်းသင်တန်းဖွင့်ပွဲကို ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာန၊ သန်လျင်ခရိုင်ဦးစီးမှူးရုံး၌ ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျင်းပခဲ့ပါသည်။ ဖွင့်ပွဲအခမ်းအနားတွင် လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ ဦးခိုင်ထွန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အခမ်းအနားသို့ လုပ်ငန်းဆပ်ကော်မတီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ သန်လျင်မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် သင်တန်းနည်းပြများ၊ သင်တန်းသားများ၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၏ ရန်ပုံငွေ အထောက်အပံ့ဖြင့် လုပ်ငန်းဆပ်ကော်မတီမှ စီစဉ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး စက်မှုလယ်ယာဦးစီးဌာန၏ သင်တန်း နည်းပြများ၊ သင်ထောက်ကူစက်ကိရိယာများဖြင့် သင်ကြားပို့ချသွားမည်ဖြစ်ပါသည်။ သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ ကော့မှူးမြို့နယ်များမှ သင်တန်းသား ၄၀ ဦးအား စာတွေ့လက်တွေ့သင်ကြား ပို့ချသွားမည်ဖြစ်ပြီး သင်တန်း ကာလမှာ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်မှ ၂၇ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ပါသည်။ သင်တန်းတွင် လယ်ယာသုံး စက်ကိရိယာများဖြစ်သည့် ထွန်ယက်ကိရိယာများ၊ ရိတ်သိမ်းခြွေလှေ့စက်များအား စနစ်တကျကိုင်တွယ်ထိန်းသိမ်းတတ်စေရန်နှင့် မောင်းနှင်တတ်စေရန်၊ စက်ချို့ယွင်းသည့် အခါ တောင်သူများကိုယ်တိုင်စနစ်တကျ ပြင်ဆင်တတ်စေရန်၊ ထုတ်လုပ်မှု ကုန်ကျ စရိတ်အနည်းဆုံးနှင့် အထွက်နှုန်းပိုမိုရရှိလာစေရန်နှင့် ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားရခြင်း ဖြစ်ကြောင်း သိရှိရပါသည်။

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-21844, 21108 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Fax:081-21093,Ph:081-21627 email:m.myintmaungmaung@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံးရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ပိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

Asean News
Vol: 15, No.9 Monday March 2 2015

## အာဆီယံပွဲတော် ကျင်းပရန် ထိုင်းနိုင်ငံစီစဉ်

ယခုနှစ်အကုန်မှာ အာဆီယံပွဲတော် (ASEAN Festival) ကျင်းပဖို့ ထိုင်းနိုင်ငံအစည်းအဝေးနဲ့ ပြပွဲများ ကျင်းပရေးအဖွဲ့ (Thailand Convention and Exhibition Bureau) က လာမယ့်လမှာ ထိုင်းဝန်ကြီးအဖွဲ့ကို အဆိုပြုမှာဖြစ်ကြောင်း တီတီအာ ဝီးကလီးသတင်းမှာ ဖော်ပြပါတယ်။

ခရီးသွား လုပ်ငန်းမြှင့်တင်ဖို့အတွက် ပထမဆုံးအကြိမ်အဖြစ် ကျင်းပမယ့် အာဆီယံပွဲတော်ကို ယခုနှစ်ဒီဇင်ဘာမှာ ထိုင်းနိုင်ငံက အိမ်ရှင် အဖြစ် လက်ခံကျင်းပဖို့ TCEB အဖွဲ့နဲ့ အစိုးရနဲ့ ပုဂ္ဂလိကအဖွဲ့အစည်း ၂၁ ခုတို့က သဘောတူကြကြောင်း TCEB ရဲ့မဟာဗျူဟာနဲ့ စီးပွားရေး ဖွံ့ဖြိုးရေး ဒုတိယဥက္ကဋ္ဌစူပါဝန်တီရာ ရက်က ပြောပါတယ်။

"ပထမဆုံး အကြိမ်အဖြစ် ကျင်းပတဲ့ အာဆီယံပွဲတော်ကို ယုံကြည်မှုခိုင်မာစေဖို့၊ ပွဲတော်တွေ အခမ်းအနားတွေရဲ့ ဗဟိုအချက်အချာအဖြစ် ထိုင်းနိုင်ငံရဲ့ ပုံရိပ်ကို အားဖြည့်ပေးနိုင်ဖို့ ဗန်ကောက်မြို့မှာ ဒီဇင်ဘာတစ်လလုံး ကျင်းပသွားမှာဖြစ်ပါတယ်"လို့ သူက ပြောပါတယ်။

နယ်ပယ်အမျိုးအစား လေးခုက ထုတ်ကုန်တွေကို မီးမောင်းထိုးဖော်ပြပေးနိုင်မယ့် ပြခန်းတွေ ဆောက်လုပ်ပြသဖို့ အာဆီယံ ၁၀ နိုင်ငံအပါအဝင် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ ဩစတြေးလျနဲ့ နယူးဇီလန်နိုင်ငံတွေကို ဖိတ်ကြားသွားမှာ ဖြစ်ပါတယ်။ သတ်မှတ်ထားတဲ့ နယ်ပယ်လေးခုက ယဉ်ကျေးမှု၊ တီထွင်ဖန်တီးမှုနဲ့ ဘဝနေထိုင်မှု၊ ဖျော်ဖြေရေး၊ ခရီးသွားလုပ်ငန်းနဲ့ အားကစားတို့ဖြစ်ပါတယ်။

B2B နဲ့ B2C ကဏ္ဍနှစ်ခုစလုံးအတွက် ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုပြပွဲအဖြစ် AEC Expo ကိုလည်း ထည့်သွင်းသွားမှာဖြစ်ပါတယ်။ စီမံကိန်း အဆိုပြုချက်ကို အတည်ပြုချက် ရနိုင်ဖို့အတွက် ဝန်ကြီးအဖွဲ့ကို တင်ပြမှာဖြစ်ပြီး စီမံကိန်းကို အကောင်အထည်ဖော်နိုင်ဖို့အတွက် အချိန် ကိုးလရမှာဖြစ်ပါတယ်။

ယေဘုယျအားဖြင့် ဒီလိုပြပွဲနဲ့ဒေသဆိုင်ရာ ပွဲတော်မျိုးကျင်းပဖို့အတွက် အချိန် နှစ်နှစ်လောက်ယူရပါတယ်။

## ဖွံ့ဖြိုးပြီးကမ္ဘာကိုဝန်ဆောင်မှုတွေပေးဖို့ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတွေကို ဦးစားပေး

ချမ်းသာတဲ့နိုင်ငံတွေရဲ့ ဝန်ဆောင်မှုကဏ္ဍတွေမှာ လုပ်ငန်းတွေဆောင်ရွက်ခွင့်ပေးဖို့ ယူဂန္ဒာအပါအဝင် ဖွံ့ဖြိုးမှုနိမ့်ကျဆုံးနိုင်ငံတွေကို အထူးအခွင့်အရေးပေးထားကြောင်း allafrica ဝက်ဘ်ဆိုက်မှာ ဖော်ပြထားပါတယ်။

ဖေဖော်ဝါရီ ၅ ရက်က ဆွစ်ဇာလန် နိုင်ငံဂျနီဗာမြို့မှာ ကျင်းပခဲ့တဲ့ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ဝန်ဆောင်မှုကောင်စီရဲ့ အဆင့်မြင့် အစည်းအဝေးမှာ ယခုသဘောတူညီချက်ကို ရယူခဲ့တာဖြစ်ပါတယ်။

ဒီအစည်းအဝေးမှာ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတွေ (Least Developed Countries) ရဲ့ ဝန်ဆောင်မှုပို့ကုန်ကို ဦးစားပေးထားခြင်းဖြင့် အဲဒီနိုင်ငံတွေရဲ့ ဖွံ့ဖြိုးမှုကို အားပေးသွားနိုင်မယ့် နည်းလမ်းတွေကို ဆွေးနွေးခဲ့ကြပါတယ်။

အယ်လ်ဒီစီနိုင်ငံတွေရဲ့ ပို့ကုန်တွေကို လက်ခံဖို့ကမ်းလှမ်းခဲ့တဲ့ နိုင်ငံတွေအနက် ဥရောပသမဂ္ဂ၊ ဩစတြေးလျ၊ နော်ဝေ၊ အိန္ဒိယ၊ မက္ကဆီကို၊ ဘရာဇီး၊ တရုတ်၊ ကနေဒါ၊ ဂျပန်၊ တောင်ကိုရီးယား၊ နယူးဇီလန်၊ တူရကီနဲ့ တခြားနိုင်ငံ အများအပြားပါဝင်ပါတယ်။ ဒီအစည်းအဝေးမှာပဲ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် နိုင်ငံတွေက အယ်လ်ဒီစီနိုင်ငံတွေရဲ့ ပို့ကုန်စွမ်းဆောင်ရည် တိုးတက်ကောင်းမွန်ရေးကို အထောက်အကူဖြစ်စေမယ့် နည်းပညာဆိုင်ရာ အကူအညီအမျိုးမျိုးကို ဖော်ပြခဲ့ကြပါတယ်။ ဒီအစီအစဉ်တွေမှာ အယ်လ်ဒီစီနိုင်ငံတွေမှာရှိတဲ့ ဝန်ဆောင်မှုပေးသူတွေအတွက် လေ့ကျင့်ရေးအစီအစဉ်များပါဝင်ပြီး အခြေခံအဆောက် အအုံအဆင့်မြှင့်တင်ရေးအစီအစဉ်တွေလည်း ပါဝင်ပါတယ်။

ရရှိမယ့် အထူးအခွင့်အရေးတွေက အယ်လ်ဒီစီနိုင်ငံတွေမှာရှိတဲ့ပြည်သူတွေအတွက် စီးပွားရေးလုပ်ငန်းနဲ့ အလုပ် အကိုင်ရှာဖွေမှုအတွက် ဗီဇာကင်းလွတ်ခွင့်ပြုခြင်း၊ အယ်လ်ဒီစီနိုင်ငံတွေမှာ စီးပွားရေးလိုအပ်ချက်နဲ့ အလုပ်သမားဈေးကွက် စမ်းသပ်ချက်ကို ဆောင်ရွက်မှုမပြုခြင်းနဲ့ အခွင့်အရေးပေးမဲ့ဈေးကွက်တွေမှာ အယ်လ်ဒီစီကအတတ်ပညာသည်တွေ အတွက် နေထိုင်ခွင့်ကာလတိုးမြှင့်ပေးခြင်း စတဲ့အချက်တွေ ပါဝင်ပါတယ်။

## အာဆီယံစီးပွားရေးအသိုက် အဝန်းမှ ဗီယက်နမ်ခရီးသွားကဏ္ဍ အကျိုးအမြတ်ရနိုင်



ဗီယက်နမ်ခရီးသွားလုပ်ငန်းကုမ္ပဏီတွေက ဒီစံနှုန်းတွေနဲ့အညီ ဆောင်ရွက်နိုင်ပါတယ်။ ထို့ပြင်က တခြားအာဆီယံနိုင်ငံတွေနေ အရည်အသွေးပြည့်လုပ်သားတွေကို စုဆောင်းနိုင်ပါတယ်။ ပြည်တွင်းခရီးသွားလုပ်ငန်းလုပ်သားများဘက်ကိုကြည့်ရင် သူတို့တွေမှာ ပိုမိုကောင်းမွန်တဲ့အလုပ်ရနိုင်ဖို့ အခွင့်အလမ်းတွေရှိနေပြီး တခြားအာဆီယံနိုင်ငံတွေကို အလွယ်တကူပြောင်းရွှေ့ အလုပ်လုပ်ကိုင်နိုင်ပါတယ်။

ဒါပေမယ့် စိန်ခေါ်မှုတွေလည်း ရောက်လာနိုင်ပါတယ်။ လုပ်ငန်းကဏ္ဍရဲ့ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို တိုးတက်ကောင်းမွန်အောင် မဆောင်ရွက်နိုင်ရင် ဒီအခွင့်အလမ်းတွေကို အမြင့်ဆုံးရရှိနိုင်ဖို့ အခက်အခဲ ရှိနိုင်ပါတယ်။ အာဆီယံနိုင်ငံများအတွင်း ခရီးသွားလုပ်ငန်း အသက်မွေးဝမ်းကျောင်းပညာရှင်များ လွတ်လပ်စွာလှုပ်ရှားမှုနဲ့အတူ ဗီယက်နမ်နိုင်ငံအတွင်းသို့ ပညာရှင်များစုပြုံ တိုးဝှေ့ရောက်ရှိလာနိုင်ပြီး ဗီယက်နမ်ခရီးသွားလုပ်ငန်း လုပ်သားများ အတွက် ကြောက်မက်ဖွယ်ယှဉ်ပြိုင်မှုနဲ့ ရင်ဆိုင်နိုင်စရာရှိပါတယ်။ အလားတူ ဒီကဏ္ဍမှာ ဦးနှောက်ယိုစီးမှုပြဿနာများနဲ့ ကြုံတွေ့နိုင်တဲ့အလားအလာတွေ ရှိနေပါတယ်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများအချင်းချင်းခရီးသွားလုပ်ငန်း သက်မွေးပညာရှင်အပြန်အလှန်အသိအမှတ်ပြုရေးဟာ (Mutual Recognition Arrangement on Tourism Professionals-MRA-TP) အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးမှာ အကျိုးသက်ရောက်တော့မှာဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၅ ခုနှစ်မှာ ထူထောင်ဖို့ ရည်မှန်းထားတဲ့ အာဆီယံစီးပွားရေး အသိုက်အဝန်းအနေနဲ့ ခရီးသွားလုပ်ငန်းကို အထောက်အကူပေးသွားမှာ ဖြစ်ပါတယ်။ MRA-TP က အာဆီယံနိုင်ငံတွေအကြားမှာ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သွားအောင် စွမ်းဆောင်ပေးမှာဖြစ်ပါတယ်။

လောလောဆယ်မှာ အာဆီယံဒေသက ခရီးသွားလုပ်ငန်းနယ်ပယ်ခြောက်ခုမှာ ဘုံစံနှုန်းတွေချမှတ်ထားပြီးဖြစ်ပါတယ်။ ဒီနယ်ပယ်တွေထဲမှာ ဧည့်ကြိုဌာန၊ စားသောက်ဆိုင်ဝန်ဆောင်မှုနဲ့ ခရီးသွားလုပ်ငန်းလည်ပတ်မှုစတဲ့ နယ်ပယ်တွေလည်းပါဝင်ပြီး ဧည့်လမ်းညွှန်မှအပ လုပ်ငန်းအမျိုးအစား ၃၂ မျိုးပါဝင်ပါတယ်။ မိမိတို့ရဲ့ ခရီးသွားလုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါ ကုန်ကျစရိတ် သက်သာဖို့အတွက် ဗီယက်နမ် ခရီးသွားလုပ်ငန်းတွေက ဒီစံနှုန်းတွေကို အသုံးပြုနိုင်ကြောင်း ကျွမ်းကျင်သူတွေက ပြောပါတယ်။

လုပ်ငန်းတွေရဲ့ ဝန်ဆောင်မှုအရည်အသွေးနဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းရည် တိုးတက် ကောင်းမွန်ရေးအတွက်

ဘာသာပြန်-စုစည်းတင်ပြသည်

## ရုရှားနိုင်ငံရဲ့ ကုန်သွယ်ရေး အငြင်းပွားမှုကိုဖြေရှင်းပေးဖို့ အီးယူက ဒဗလျူတီအိုကိုတောင်းဆို

ရုရှားနိုင်ငံအနေနဲ့ ရေခဲသေတ္တာနဲ့ အခြားထုတ်ကုန်များရဲ့သွင်းကုန်ခွန်များကို တိုးမြှင့်ကောက်ခံနေတဲ့အတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(ဒဗလျူတီအို)က ကူညီ ဖြေရှင်းပေးဖို့ ဥရောပသမဂ္ဂ (အီး ယူ) က ဖေဖော်ဝါရီ ၂၆ ရက်ကပြောကြားကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြထားပါတယ်။ ယူကရိန်းအကျပ်အတည်းဖြစ်ပွားပြီးနောက်ပိုင်း အီးယူက သူ့ရဲ့အကြီးမားဆုံး ကုန်သွယ်ဖက် ရုရှားနိုင်ငံကို နိုင်ငံရေးအကြောင်းပြုပြီး ကုန်သွယ်ရေးအငြင်းပွားမှုဖြစ်ခဲ့ရာမှာ ယခုအကြိမ်က နောက်ဆုံးအကြိမ် ဖြစ်ပါတယ်။

"အထူးသဖြင့် စက္ကူထုတ်ကုန်၊ ရေခဲသေတ္တာနဲ့ စားအုန်းဆီတို့ရဲ့ သွင်းကုန်ခွန်ကို ရုရှားနိုင်ငံက အဆမတန် ကောက်ခံနေပါတယ်။ ဒီကိစ္စနဲ့ပတ်သက် ပြီး ဂျနီဗာရှိ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကို အငြင်းပွားမှုဖြေရှင်းရေးခုံအဖွဲ့ ဖွဲ့စည်းပေးဖို့ အီးယူက ဖေဖော်ဝါရီ ၂၆ ရက်က ပန်ကြားခဲ့ပါတယ်"လို့ အီးယူကပြောပါတယ်။ ၂၀၁၄ ခုနှစ် နှစ်ကုန်ပိုင်းကစေ့စပ်ညှိနှိုင်းမှုအရ ပြဿနာကို ဖြေရှင်းလို့မရခဲ့တဲ့နောက်ပိုင်း အငြင်းပွားမှုကိုလေ့လာသုံးသပ်ဖို့အတွက် ကျွမ်းကျင်သူ ခုံသမာဓိအဖွဲ့ ဖွဲ့စည်းဖို့ အီးယူက ဒဗလျူတီအိုအဖွဲ့ကို ပန်ကြားခဲ့ပါတယ်။

၂၀၁၂ ခုနှစ်က ဒဗလျူတီအိုကို ရုရှားနိုင်ငံ ဝင်ရောက်စဉ်က တစ်စုံတစ်ခုသော အတိုင်းအတာအထိ သွင်းကုန်ခွန်ကို ထိန်းထားဖို့ကတိပေးထားပါတယ်။ ထို ကတိကဝတ်ကို ရုရှားနိုင်ငံ က လေးစားလိုက်နာမှုမရှိကြောင်း အီးယူကစွပ်စွဲခဲ့ပါတယ်။

"ရုရှားနိုင်ငံက ကဏ္ဍအသီးသီးမှာ ရှိတဲ့ထုတ်ကုန်အများအပြားကို သဘောတူထားတာထက်ပိုပြီးအခွန်ကောက်ခံနေဆဲဖြစ်ပါတယ်"လို့ အီးယူက ပြောပါတယ်။ အီးယူက ရုရှားနိုင်ငံကို တစ်နှစ် ယူရို ဘီလီယံ ၁၂၀ (ဒေါ်လာ ၁၃၅ ဘီလီယံ) ဖိုး တင်ပို့လျက်ရှိရာ ရုရှားနိုင်ငံ က အခွန်တိုးမြှင့်ကောက်ခံမှုကြောင့် ယူရို သန်း ၆၀၀ လောက် ပိုမိုသုံးစွဲနေရပါတယ်။ ခုံသမာဓိအဖွဲ့ဖွဲ့ဖို့ အီးယူရဲ့ ပန်ကြားချက်ကို ဒဗလျူတီအိုရဲ့ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့က မတ်လအတွင်းမှာ သုံးသပ်လေ့လာမှာဖြစ်ပါတယ်။




## သွင်းကုန်တွေ အလုံးအရင်းနဲ့ ဝင်လာတာကို တုံ့ပြန် ဗီယက်နမ်က ပြင်ဆင်

ယှဉ်ပြိုင်နိုင်မှုစွမ်းရည် မြင့်တက်လာတာက ဗီယက်နမ်စီးပွားရေးအတွက် အရေးပါတဲ့အချက်ဖြစ်ကြောင်း မဟာဗျူဟာသိပ္ပံဌာနခွဲရဲ့ ညွှန်ကြားရေးမှူး ဟောင်းလူးဘစ်ဟိုက ဟိုင်ကွမ် (အကောက်ခွန်)သတင်းဌာနကို ပြောပါတယ်။

ဗီယက်နမ်က ၂၀၁၅ ခုနှစ်မှာ လွတ်လပ်စွာကုန်သွယ်မှုသဘောတူစာချုပ်တွေ လက်မှတ်ရေးထိုးထားပြီးဖြစ်သလို ဆက်လက်ရေးထိုးဖို့လည်း ရှိနေပါတယ်။ ဒါပေမယ့် ပြင်ဆင်ဆောင်ရွက်မှုတွေက ပိုမိုကောင်းမွန်ပြီး ပြည့်ဝမှုမရှိမှာကို ဗီယက်နမ်စီးပွားရေးကျွမ်းကျင်သူတွေက စိုးရိမ်နေကြောင်း VNA သတင်းမှာ ဖော်ပြပါတယ်။

စီးပွားရေး ပေါင်းစည်းမှုက ဗီယက်နမ်အတွက် ပိုမိုကြီးမားတဲ့ ဈေးကွက်ရဖို့ တံခါးဖွင့်ပေးမှာဖြစ်ပါတယ်။ တစ်ချိန်တည်းမှာ ဗီယက်နမ်အတွက် မတည်ရင်းနှီးငွေဈေးကွက်နဲ့ ခေတ်မီနည်းပညာတွေ ရရှိနိုင်မယ့် အခွင့်အလမ်းတွေပေးမှာ ဖြစ်ပါတယ်။ ဗီယက်နမ် နိုင်ငံအတွက် ပြင်ထန်တဲ့ ယှဉ်ပြိုင်မှုတွေက ပြည်တွင်းရော ပြည်ပမှာပါ ရှိနေပါတယ်။ ကုန်စည် အများအပြားရဲ့ အခွန်အကောက်တွေကိုလည်း လျှော့ချ မှာဖြစ်ပြီး တချို့သဘောတူညီချက် တွေအရ သုည ရာခိုင်နှုန်းအထိ လျှော့ ချပေးမှာဖြစ်ပါတယ်။ ဗီယက်နမ်စီးပွား ရေးလုပ်ငန်းက ကောင်းကောင်းမွန်မွန် ပြင်ဆင်မထားရင် ပေးလာတဲ့ အခွင့်အလမ်းတွေကို အရယူနိုင်မှာ မဟုတ်ပါ ဘူး။

ဥပဒေရေးရာ၊ မူဝါဒရေးရာကိစ္စတွေကိုပြောရရင် ဈေးကွက်ရဲ့ လိုအပ်ချက်တွေကို ဗီယက်နမ်နိုင်ငံက ဖြည့်ဆည်းထားပြီးဖြစ်ပါတယ်။ ဒါပေမယ့် ဒီထုတ်ကုန်တွေ သို့မဟုတ် ကုန်စည်တွေကဒီဈေးကွက်ကို ယှဉ်ပြိုင်နိုင်မှုရှိမရှိဆိုတာကို မသိရသေးပါဘူး။ လက်ရှိအခြေအနေအရဆိုရင် ဗီယက်နမ် စီးပွားရေးက အပြည့်အဝ နာလန်မထူသေးပါဘူး။

စီးပွားရေး လုပ်ငန်းတွေက အခက်အခဲတွေနဲ့ ရင်ဆိုင်တွေ့ကြုံနေရဆဲဖြစ်ပါတယ်။ ဒါကြောင့် ပစိဖိတ်ဖြတ်ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် ချုပ်ဆိုပြီးရင် လက်ရှိတွေ့ကြုံနေရတဲ့ အခက်အခဲတွေထက် ပိုပြီး အခက်အခဲတွေတွေ့ကြုံရဖို့ သေချာပါတယ်။

## အိုင်စီတီဝန်ကြီးဌာန ဖွဲ့စည်းရေးအတွက် ဖိလစ်ပိုင်အထက်လွှတ်တော်ကို ဖိအားပေး

ဖိလစ်ပိုင်နိုင်ငံမှာ သတင်းအချက်အလက်နဲ့ နည်းပညာ (အိုင်စီတီ) အရေးပါမှုကို တိုးမြှင့်ရန်နဲ့ အမျိုးသားယှဉ်ပြိုင် နိုင်မှုစွမ်းရည်ကို တိုးတက်ကောင်းမွန်အောင် ဆောင်ကြဉ်းပေးရန် တာဝန်ယူမည့် ဝန်ကြီးဌာနတစ်ခု ဖွဲ့စည်းရေးဥပဒေကြမ်းကို တင်သွင်းခဲ့တာ ကြာမြင့်ပြီဖြစ်ပါတယ်။ ယခုအခါမှာ အဲဒီဥပဒေကို အတည်ပြုနိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပမှ စီးပွားရေးလုပ်ငန်းအဖွဲ့ ၁၁ ဖွဲ့က အထက်လွှတ်တော်ကိုယ်စားလှယ်များကို ဖိအားပေးလျက်ရှိပါတယ်။

ကမ္ဘာ့နိုင်ငံစုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းမှာ အိုင်စီတီအတွက် ဝန်ကြီးအဆင့် သို့မဟုတ် အေဂျင်စီအဆင့် သီးခြားအဖွဲ့အစည်းများ ထူထောင်ထားပြီးဖြစ်ရာ အိုင်စီတီဝန်ကြီးဌာနကို ဖွဲ့စည်းနိုင်မှသာ ဖိလစ်ပိုင်နိုင်ငံဟာ ကျန်နိုင်ငံများနဲ့တန်းတူလိုက်နိုင်မှာဖြစ်ကြောင်း အထက်လွှတ် တော်ဥက္ကဋ္ဌ ဖရန့်ကလင်ဒရီလွန်နှင့် အထက်လွှတ်တော်သိပ္ပံနဲ့ နည်းပညာကော်မတီဥက္ကဋ္ဌ အထက်လွှတ်တော်ကိုယ်စားလှယ် ရပ်ဂျီရက်တိုထံသို့ စီးပွားရေးလုပ်ငန်းအဖွဲ့များက ပေးပို့တဲ့စာမှာ ဖော်ပြထားပါတယ်။ အာဆီယံအတွင်း ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ထိုင်းနဲ့ ဗီယက်နမ်စတဲ့ ခြောက်နိုင်ငံမှာ အိုင်စီတီအတွက် ဝန်ကြီးအဆင့် အေဂျင်စီများရှိထားပြီး ဖြစ်ပါတယ်။

အိုင်စီတီဝန်ကြီးဌာနက နိုင်ငံအတွင်းမှာ အိုင်စီတီဦးစားပေးမှုအဆင့် တိုးမြှင့်ရေး၊ အီလက်ထရွန်းနစ်အစိုးရဖွဲ့စည်းမှု တိုးတက်ကောင်းမွန်ရေး၊ ဘရော့ ဘင်အရည်အသွေးတိုးတက်ရေး၊ ဆိုက်ဘာလုံခြုံမှုမြှင့်တင်ရေးနဲ့ အမျိုးသား ယှဉ်ပြိုင်နိုင်မှုစွမ်းရည်တိုးတက်ရေးတို့ကို ဖော်ဆောင်သွားမှာဖြစ်ကြောင်း စီးပွား ရေးလုပ်ငန်းအဖွဲ့က ပြောပါတယ်။

ကုလသမဂ္ဂရဲ့ E-government Development Index မှာ ဖိလစ်ပိုင်ရဲ့အဆင့်က ၂၀၀၃ ခုနှစ် နောက်ပိုင်းကတည်းက ကျဆင်းခဲ့ရာ ယခုအခါ နိုင်ငံပေါင်း ၁၉၃ နိုင်ငံ အနက် အမှတ် ၉၅ နိုင်ငံမြောက် နေရာကို ရောက်ရှိနေကြောင်း ပေ ပို့စာမှာ ဖော်ပြထားပါတယ်။

ဘာသာပြန်-စုစည်းတင်ပြသည်

## ထိုင်းနိုင်ငံက ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို ထိန်းထားဆဲဖြစ်

၂၀၁၄ ခုနှစ်အတွင်းက စီးပွားရေး မရေရာမှုများတည်ရှိခဲ့ပေမယ့် ထိုင်းနိုင်ငံအပါအဝင် အာဆီယံဒေသနိုင်ငံတွေက စီးပွားရေးယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို မြှင့်တင်ရာမှာ ကောင်းမွန်စွာ စွမ်းဆောင်နိုင်ခဲ့ကြကြောင်း ကမ္ဘာ့စီးပွားရေးဖိုရမ် ရဲ့ ၂၀၁၄ ခုနှစ်ကမ္ဘာ့ပြိုင်ဆိုင်မှုစွမ်းရည် အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

"၂၀၁၄ ခုနှစ်က စီးပွားရေးအခြေအနေမရေရာမှုတွေရှိခဲ့ပေမယ်လို့ ထိုင်းနိုင်ငံရဲ့ယှဉ်ပြိုင်နိုင်မှုစွမ်းရည်က တခြားအေအီးစီနိုင်ငံတွေလိုပဲ အတော်လေးတည်ငြိမ်မှုရှိခဲ့ပါတယ်။ ထိုင်းနိုင်ငံမှာ နိုင်ငံရေးပြဿနာတွေရှိခဲ့ပေမယ့် ကမ္ဘာ့စီးပွားရေးဖိုရမ်က စစ်တမ်းကောက်ယူခဲ့တဲ့ ၁၄၄ နိုင်ငံ အနက် ၃၁ နိုင်ငံမြောက်နေရာမှာ ရောက်ရှိကာ ယခင်ထက် အဆင့်ခြောက်ဆင့် ပိုမိုမြင့် တက်လာ၏တာကို တွေ့ရပါတယ်။ မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက် နမ်၊ ဖိလစ်ပိုင်နဲ့ မြန်မာနိုင်ငံတို့လည်း မြင့်တက်လာတာတွေ့ရပါတယ်။ လာအိုနဲ့ ကမ္ဘောဒီးယားနိုင်ငံတို့သာ အနည်းငယ် ကျဆင်းခဲ့ပါတယ်"လို့ Grant Thornton (Thailand) ရဲ့ အာရှစီးပွားရေး အသိုက်အဝန်းကျွမ်းကျင်သူ အင်ဒရူးမက်ဘင်းက ပြောပါတယ်။

ယခုစစ်တမ်းကို ၂၀၁၄ခုနှစ် မေလအတွင်းက ဖြစ်ပွားခဲ့တဲ့ထိုင်းနိုင်ငံ အာဏာသိမ်းပွဲမတိုင်မီ ကောက်ယူခဲ့တာဖြစ်ပေမယ့် ဘဏ္ဍာရေးဖွံ့ဖြိုးမှု၊ ဈေးကွက်စွမ်းဆောင်ရည်နဲ့ အမျိုးသားအဆင့် စီးပွားရေး သဘာဝပတ်ဝန်းကျင်မဏ္ဍိုင် စတဲ့နယ်ပယ်တွေမှာ ထိုင်းနိုင်ငံက ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ကြောင်း သူကပြောပါတယ်။

ထိုင်းနိုင်ငံအတွက် အဓိကထားပြီး အလေးပေးဆောင်ရွက်ရမှာက "အသွင်ကူးပြောင်းမှုအဆင့်" ကို ဦးတည်ဆောင်ရွက်ရမှာ ဖြစ်ကြောင်းနဲ့ ဒီအဆင့်မှာ ရေရှည်စိန်ခေါ်မှုတွေနဲ့ ကြုံတွေ့ရမှာဖြစ်ပြီး ပညာရေးပြုပြင် ပြောင်းလဲရေး၊ တီထွင်ဆန်းသစ်မှုမြှင့်တင်ရေး၊ ဉာဏပစ္စည်းပိုင်ဆိုင်ခွင့်ကို လေးစားကာကွယ်ရေးနဲ့ဝန်ဆောင်မှု လုပ်ငန်းမှာယှဉ်ပြိုင်နိုင်မှု စွမ်းဆောင်ရည်ကို ထူးထူးခြားခြားတိုးမြှင့်ရေး စတဲ့ လုပ်ငန်းတွေပါဝင်ကြောင်း သူကပြောပါတယ်။

## စင်ကာပူအက်စ်အမ်အီးတို့ ပြည်ပဈေးကွက်ဝင်ရောက်ရေးအတွက် ငွေကြေးပံ့ပိုးရုံဖြင့် မလုံလောက်

စင်ကာပူ ပြည်တွင်းစီးပွားရေး လုပ်ငန်းတွေအနေနဲ့ ပြည်ပမှာလုပ်ငန်းတွေကို ချဲ့ထွင်ဖို့အတွက် စင်ကာပူဒေါ်လာ သန်း ၂၄၀ ရှိ အစီ အမံတွေကို အစိုးရက ကြေညာခဲ့ပါတယ်။

သူတို့အတွက် ငွေကြေးဆိုင်ရာ ဆွဲဆောင်မှုတွေ ပေးထားတယ်ဆိုပေမယ့် ပြည်ပကို စီးပွားရေးလုပ်ငန်းတွေ ထွက်ခွာနိုင်ဖို့အတွက်ဆိုရင် ငွေကြေးအကျိုးခံစားခွင့်တွေထက်ပိုမိုပြီး လိုအပ်ချက်တွေရှိနေသေးတယ်လို့ စက်မှုလုပ်ငန်းရှင်တွေ၊ အသေးစားနဲ့ အလတ်စားစီးပွားရေး လုပ်ငန်းတွေက ပြောကြောင်း ချန်နယ်နယူးအေးရှားသတင်းမှာ ဖော်ပြပါတယ်။

ဖေဖော်ဝါရီ ၂၃ ရက်က ထုတ်ပြန်ခဲ့တဲ့ ဘတ်ဂျက်မှာပေးထားတဲ့ အစီအမံတွေက အက်စ်အမ်အီးတွေ ပြည်ပကို တိုးချဲ့နိုင်ဖို့အတွက် လုံလောက်မှုမရှိသေးဘူးလို့ ပြောပါတယ်။ ပထမခြေလှမ်းလှမ်းနိုင်ဖို့ မစဉ်းစားမီ နိုင်ငံတွေနဲ့ ပတ်သက်တဲ့ အသိပညာဗဟုသုတတွေကို အက်စ်အမ်အီးတွေ အတွက် ပြင်ဆင်ပေးဖို့ လိုအပ်လိမ့်မယ် လို့ အသေးစားနဲ့ အလတ်စားစီးပွားရေး လုပ်ငန်းများအသင်းက ပြောပါတယ်။

လက်ရှိအစီအမံတွေက ပင်လယ်ရပ်ခြားမှာ လုပ်ငန်းတွေအခြေချပြီး ဖြစ်နေတဲ့ ကုမ္ပဏီတွေ အတွက် သာ အထောက်အကူရမယ်လို့ အသင်းဝင်စိစစ်ရေးနဲ့ လေ့ကျင့်ရေး ဆိုင်ရာ ဒုတိယဥက္ကဋ္ဌ မစ္စတာအန်းယွတ် က ပြောပါတယ်။ ကုမ္ပဏီတွေ ပင်လယ်ရပ်ခြားမှာ လုပ်ငန်းတိုးချဲ့ရာမှာ အကူအညီ ရနိုင်ဖို့အတွက် ကျစ်လျစ်ခိုင်မာတဲ့စနစ်ကို ထူထောင်ရေးအတွက် အသေးစားနဲ့ အလတ်စားစီးပွားရေး လုပ်ငန်းများအသင်းက International Enterprise (IE) Singapore နဲ့ ညှိနှိုင်းဖို့ လိုပါတယ်။

IE Singapore အနေနဲ့ ကမ္ဘာ့ကွန်ရက်မှတစ်ဆင့် အလုပ်ရုံဆွေးနွေးပွဲများနဲ့ ဈေးကွက်အဆက်အသွယ်တွေ ရှာဖွေပေးခြင်း အပါအဝင် စီးပွားရေးလုပ်ငန်းများအတွက် ကျယ်ကျယ်ပြန့်ပြန့် အကူအညီတွေကို ပေးပါတယ်။ ၂၀၁၄ ခုနှစ်က ကုမ္ပဏီပေါင်း ၂၈၀၀၀ ကို အကူအညီပေးခဲ့ရာ ၂၀၁၃ ခုနှစ်ကထက် ၅ ရာခိုင်နှုန်း ပိုမိုခဲ့ပါတယ်။

# ရက်သတ္တပတ်အတွင်း စီးပွားရေးသတင်းတိုများ

### စင်ကာပူ

စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့က ထုတ်ပြန်တဲ့ နောက်ဆုံးကိန်းဂဏန်းတွေအရ စင်ကာပူနိုင်ငံရဲ့ စုစုပေါင်း ထုတ်ချေးငွေနဲ့ ကြိုတင်ပေးငွေက ၂၀၁၄ ခုနှစ် ဒီဇင်ဘာမှာ စင်ကာပူ ဒေါ်လာ ၆၀၇ ဒသမ ၉၁ ဘီလီယံရှိခဲ့ရာမှ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှာ စင်ကာပူဒေါ်လာ ၆၀၇ ဒသမ ၄၇ ဘီလီယံထိ ကျဆင်းခဲ့ရာ စီးပွားရေးလုပ်ငန်းများ နှေးကွေးကျဆင်းမယ့် လက္ခဏာတစ်ရပ်ဖြစ်ကြောင်း စီအင်န်အေသတင်းမှာ ဖော်ပြပါတယ်။

### ထိုင်းကောက်

Epson (Thailand) ကုမ္ပဏီက ချာနာပါတနာအင်တာနေရှင်နယ်ဒီဇိုင်းသိပ္ပံနဲ့Nexttech Screens Supply တို့ နဲ့တွဲဖက်ပြီး Epson F-Acadamy ကိုဖွင့်လှစ်ကာ သင်တန်းဆင်းများကို ဒီဇိုင်နာ၊ အသေးစားနဲ့ အလတ်စားစီးပွားရေး လုပ်ငန်းများ၊ အထည်ချုပ်များလုပ်ငန်းများအတွင်း ဝင်ရောက်နိုင်အောင် အကူအညီပေးမှာဖြစ်ကြောင်း နေးရှင်းသတင်းမှာ ဖော်ပြထားပါတယ်။

### ဟိုချီမင်းစီးတီး

ဗီယက်နမ်နိုင်ငံ ပြည်တွင်းဈေးကွက်မှာ ကြွေပြား၊ ကျောက်အုတ်စတဲ့ ပြည်တွင်းဖြစ် ဆောက်လုပ်ရေးပစ္စည်းတွေကို ပုံစံအမျိုးမျိုး၊ အရည်အသွေးမျိုးစုံကို ဈေးသက်သက်သာသာနဲ့ ရနိုင်အောင်ရောင်းလိုအား ကောင်းနေပြီဖြစ်ကြောင်း VNS သတင်းမှာ ဖော်ပြထားပါတယ်။

### ကွာလာလမ်ပူ

မလေးရှားနိုင်ငံရဲ့ ကုန်ထုတ်လုပ်သူများက ယခုနှစ်ဇန်နဝါရီဈေးနှုန်းက ၂၀၁၄ ခုနှစ် ဒီဇင်ဘာနဲ့နှိုင်းယှဉ်ပါက သုည ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းပြီး ယခင်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက ၄ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း စာရင်းအင်းဌာနက ဖေဖော်ဝါရီ ၂၇ ရက်မှာထုတ်ပြန်တဲ့ စာရင်းတွေအရ သိရပါတယ်။

**EAST ASIA**

## နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကို အပြည့်အဝထောက်ပံ့ဖို့ တောင်ကိုရီးယား ကုန်သွယ်ရေးဝန်ကြီး ကတိပြု

မလိုအပ်တဲ့စည်းမျဉ်းဥပဒေများ ဖယ်ရှားပေးတာအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကို အပြည့်အဝ ထောက်ပံ့မှုတွေပေးဖို့ တောင်ကိုရီးယားကုန်သွယ်ရေးဝန်ကြီးက ဖေဖော်ဝါရီ ၂၃ ရက်က ကတိပြုခဲ့ကြောင်း ကိုရီးယားဟာရယ်သတင်းမှာ ဖော်ပြပါတယ်။

ပြည်တွင်းလုပ်သား အရေအတွက်ကို သတ်မှတ်ချက်အတိုင်း ခန့်ထားခြင်းအပါအဝင် စည်းကမ်းချက်တွေနဲ့ကိုက်ညီတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကို နောက်ထပ်ဆွဲဆောင်မှုတွေ ပေးနိုင်ဖို့အတွက်ရည်ရွယ်ပြီး အစိုးရက ဥပဒေပြင်ဆင်မှုတွေကိုဆောင်ရွက်သွားမှာဖြစ်ကြောင်း စီးပွားရေးလုပ်ငန်း ၂၀ ကျော်က ထိပ်တန်းအရာရှိတွေနဲ့ ဆိုးလ်မြို့မှာ ကျင်းပတဲ့အစည်းအဝေးမှာ ကုန်သွယ်ရေး၊ စက်မှုစွမ်းအင်ဝန်ကြီးက ပြောကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ပါတယ်။

တောင်ကိုရီးယားနိုင်ငံအတွက် အသစ်ထပ်မံကတိပြုထားတဲ့ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုက နှစ်အလိုက်နှိုင်းယှဉ်ရင် ၂၀၁၄ ခုနှစ်မှာ ၃၀ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ပြီး ဒေါ်လာ ၁၉ ဘီလီယံအထိ ရောက်ရှိခဲ့ကြောင်းနဲ့ ယခုနှစ်မှာ ဒေါ်လာ ၂၀ ဘီလီယံအထိ စံချိန်တင်ရောက်ရှိအောင် ဆောင်ရွက်နိုင်လိမ့်မယ်လို့ အစိုးရက ခန့်မှန်းထားပါတယ်။ ဒီရည်မှန်းချက်ကိုရရှိဖို့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေနဲ့ စီးပွားရေးလုပ်ငန်းတွေရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို အစိုးရက ဖယ်ရှားပေးမှာဖြစ်ပြီး နိုင်ငံခြားကုမ္ပဏီတွေမှာ နိုင်ငံခြားလုပ်သားအရေအတွက်ကို ၂၀ ရာခိုင်နှုန်းသာပါရမယ်ဆိုတဲ့ ကန့်သတ်ချက်လည်းပါကြောင်း ဝန်ကြီးက ပြောပါတယ်။

တရုတ်နိုင်ငံနဲ့ နှစ်နိုင်ငံအပြန် အလှန်လွတ်လပ်စွာကုန်သွယ်မှု သဘောတူစာချုပ်ကို ချုပ်ဆိုမှာဖြစ်တဲ့အတွက် တောင်ကိုရီးယားနိုင်ငံက နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကို ပိုမိုဆွဲဆောင်နိုင်မယ့် အနေအထားကို ရောက်ရှိခဲ့ပါတယ်။ တောင်ကိုရီးယားနဲ့ တရုတ်နိုင်ငံတို့က လွတ်လပ်စွာကုန်သွယ်မှုအတွက် ဈေးစပ်ညှိနှိုင်းမှုကို ၂၀၁၄ ခုနှစ်က အပြီးသတ်ဆောင်ရွက်ထားပြီးဖြစ်ရာ နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်မှု သဘောတူစာချုပ်ကို ချုပ်ဆိုနိုင်တော့မှာဖြစ်ပါတယ်။

**US**

## ဟက်ကာများကို တိုက်ဖျက်ဖို့ ပိုမိုတင်းကျပ်တဲ့စည်းမျဉ်းများကို ဘဏ်လုပ်ငန်းကြီးကြပ်သူတို့ချမှတ်

"Cyber 9/11" ကို တားဆီးနိုင်ဖို့ အတွက်ချမှတ်ထားတဲ့ စည်းမျဉ်းသစ်အရ ဘဏ်များက သူတို့ရဲ့အွန်လိုင်း Passward စနစ်ကို ခိုင်မာအောင်ဆောင်ရွက်ဖို့ လိုအပ်မှာဖြစ်ကြောင်း ထိပ်တန်းဘဏ္ဍာရေးကြီးကြပ်ရေးအဖွဲ့က ဖေဖော်ဝါရီ ၂၅ ရက်က ပြောပါတယ်။ ဘဏ္ဍာရေးစနစ်ကို ရပ်ဆိုင်းသွားစေနိုင်တဲ့ "Armagaddon - type cyber event" ကို ကာကွယ်တားဆီးနိုင်ဖို့အတွက် တိုးမြှင့်ဆောင်ရွက်သွားဖို့ လိုကြောင်း နယူးယောက်ပြည်နယ် ဘဏ္ဍာရေးလုပ်ငန်းဌာနကို ဦးဆောင်သူ ဘင်ဂျမင်လောစကိုင်းက ပြောပါ တယ်။

လက်ရှိအသုံးပြုနေတဲ့ အွန်လိုင်းPasswardတွေက အလွန်အားနည်းနေကြောင်း လောစကိုင်းကပြောပါတယ်။ လောစကိုင်း က BNP Paribas၊ တခြားငွေကြေးလုပ်ငန်းကြီးတွေနဲ့ အမေရိကန်ပြည်ထောင်စုတို့ ငွေကြေးဆိုင်ရာဈေးစပ်ဆွေးနွေးပွဲတွေကို ပြုလုပ် ပါဝင်ခဲ့ရာမှထင်ရှားလာသူဖြစ် ပါတယ်။

"ကျွန်တော်တို့အားလုံး ပြိုလဲသွားအောင် ဘဏ္ဍာရေးစနစ်ကို ရည်ရွယ်ပြီး ဆိုက်ဘာတိုက်ခိုက်မှုကို ဆောင်ရွက်လာမှာကို ကျွန်တော်အများကြီးစိုးရိမ်မိပါတယ်။ လာမယ့် ဆယ်စုနှစ်တစ်ခုအတွင်း သို့မဟုတ်ဒီထက်စောတဲ့ကာလအတွင်း ဘဏ္ဍာရေးစနစ်တစ်ခုလုံးကို ထူးထူးခြားခြားအနှောင့်အယှက်ပေးမဲ့ ဆိုက်ဘာတိုက်ခိုက်မှုမျိုးကို ကျွန်တော်ကြုံတွေ့ရမှာစိုးရိမ်မိပါတယ်။ တချို့က ဒီအဖြစ်အပျက်ကို Cyber 9/11 လို့အမည်ပေးပါတယ်"လို့ သူကပြောပါတယ်။

ဒီအဖြစ်အပျက်က စီးပွားလောကကြီးတစ်ခုလုံးကို ဖိတ်လျှံအကျိုးသက်ရောက်မှုတွေ ဖြစ်ပေါ်လာနိုင်တယ်လို့ လောစကိုင်းက ပြောပါတယ်။

**EU**

## ဂရိနိုင်ငံ စီးပွားရေးနာလန်ထူရေးအတွက်အန္တရာယ်များနဲ့ရင်ဆိုင်နေရကြောင်း ဂရိဗဟိုဘဏ်ကပြော

ဂရိအစိုးရက မြီရှင်များနဲ့ အောင်မြင်စွာ ဈေး စပ်ညှိနှိုင်းနိုင်မှုမရှိခြင်း၊ အစိုးရဘဏ္ဍာရေး အခြေအနေကို ဆိုးဝါးအောင် ဆောင်ရွက်ခြင်းနဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ရပ်ဆိုင်းအောင် ပြုလုပ်မည်ဆိုပါက ယခုနှစ်မှာ ဂရိနိုင်ငံရဲ့ စီးပွားရေး ဖွံ့ဖြိုးမှုအလားအလာအတွက် အန္တရာယ်ရှိနေကြောင်း ဂရိဗဟိုဘဏ်အုပ်ချုပ်ရေးမှူးက ဖေဖော် ဝါရီ ၂၆ ရက်က ပြောပါတယ်။

ဂရိနိုင်ငံရဲ့ချေးငွေကို နောက်ထပ် လေးလတိုး ပေးဖို့အတွက် ယူရိုဇုန်နဲ့ ဈေးစပ်ဆွေးနွေးမှုများက နောက်ဆုံးအချိန်မှာ အောင်မြင်မှုရခဲ့ပါတယ်။ ဒါကြောင့် ဂရိဘဏ်စနစ်ပြိုကွဲတော့မယ့်အခြေအနေကို လက်တကမ်းအလိုမှာ ထိန်းသိမ်းထားနိုင်ခဲ့ပါတယ်။ ထပ်မံတိုးချဲ့ပေးလိုက်တဲ့ ကာလအတွင်း နောက်တစ်ဆင့်အတွက် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ပြီး မြီရှင်တွေနဲ့ ဈေးစပ်ညှိနှိုင်းဖို့ အချိန်ရရှိမှာဖြစ်ပါတယ်။ ဒီကာလအတွင်းမှာ ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ပြီး မြီရှင်များနဲ့ အပြီးသတ်သဘောတူညီမှုရအောင် ဆောင်ရွက်ဖို့ ဗဟိုဘဏ်အုပ်ချုပ်ရေးမှူး ယန်နစ်စတိုးနာရပ်က အစိုးရကို တိုက်တွန်းပါတယ်။

ခြောက်နှစ်ကြာ စီးပွားရေးဆုတ်ကပ်ဖြစ်ပွားမှုကြောင့် လူလေးဦးမှာ တစ်ဦးအလုပ်လက်မဲ့ဖြစ်ခြင်း၊ လူနေမှု အဆင့်နိမ့်ကျခြင်းနဲ့ ဆင်းရဲနွမ်းပါးမှုမြင့်တက်ခြင်းတို့နဲ့ ကြုံတွေ့ခဲ့ရပြီးနောက် ၂၀၁၄ ခုနှစ်အတွင်း ဂရိနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုပြန်လည်ရရှိလာခဲ့ပါတယ်။ ဂရိနိုင်ငံရဲ့ စီးပွားရေးက ယခုနှစ်မှာ ပြန် လည်ဖွံ့ဖြိုးလာပြီး လာမယ့်နှစ်မှာ စီးပွားရေးနာလန်ထူမှုအရှိန်ရလာလိမ့်မယ်လို့ ဗဟိုဘဏ်က ခန့်မှန်းထား ပါတယ်။

ဒါပေမယ့် အစိုးရက ပထမဆုံးအဖြစ် မြီရှင်တွေနဲ့ ဈေးစပ်ဆွေးနွေးပြီးဆောင်ရွက်ဖို့ ကျန်ရှိနေသေးတဲ့ ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေကို အလေးပေးတဲ့ အမျိုးသားဖွံ့ဖြိုးရေးမူဝါဒတွေချမှတ်ဖို့ လိုမယ်လို့ စတောနာရပ်က သတိပေးထားပါတယ်။

**SOUTH ASIA**

## အိန္ဒိယနိုင်ငံရဲ့ ဝက်တုပ်ကွေးဖြစ်ပွားမှုကို ဒဗလျူအိပ်ချ်အိုက ဂရုတစိုက် စောင့်ကြည့်နေ

အိန္ဒိယမှာဖြစ်ပေါ်နေတဲ့ ဝက်တုပ်ကွေးအခြေအနေကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က (ဒဗလျူအိပ်ချ်အို)က ဂရုတစိုက်စောင့်ကြည့်နေကြောင်း၊ ဒါပေမယ့် $H_1N_1$ ဗိုင်းရပ်စ်က အကြီးအကျယ် ပျံ့နှံ့မယ့် လက္ခဏာကို မတွေ့ရသေးကြောင်း ဘိဇနက်စတန်းဒတ် သတင်းမှာ ဖော်ပြထားပါတယ်။ ယခုနှစ် ယခုအချိန်ထိ ရာသီအလိုက်ဖြစ်ပေါ်လေ့ရှိတဲ့ တုပ်ကွေးရောဂါဖြစ်ပွားမှုက သာမန်အတိုင်းအတာထိသာရှိကြောင်း ဒီရောဂါပြဿနာကို ဖြေရှင်းဖို့အတွက် အိန္ဒိယအစိုးရနဲ့ ပူးပေါင်းဆောင်ရွက်နေကြောင်း ဒဗလျူအိပ်ချ်အိုရဲ့ အဆင့်မြင့်အရာရှိတစ်ဦးက ပြောပါတယ်။

"အိန္ဒိယမှာ ဖြစ်ပေါ်နေတာတွေကို အစိုးရနဲ့ပူးပေါင်းပြီး ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ အခုချိန်ထိတော့ အကြီးအကျယ် ပျံ့နှံ့သွားမယ့် လက္ခဏာမတွေ့ရသေးပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ ဂရုတစိုက်လေ့လာနေပါတယ်"လို့ ဒဗလျူအိပ်ချ်အို ညွှန်ကြားရေးမှူးချုပ် ဖလေဗီယာဘတ်စတဲရိုက သတင်းထောက်တွေကို ပြောပါတယ်။

"နိုင်ငံအများအပြားမှာ ကပ်ရောဂါဖြစ်လာနိုင်တဲ့ အခြေအနေမျိုးတွေ ဖြစ်ပေါ်နေရင် သတိထားတာလွန်သွားတယ်လို့မရှိဘူးဆိုတဲ့ သင်ခန်းစာကို ယခင်နှစ်အာဖရိကမှာ အီဘိုလာရောဂါဖြစ်ပွားတဲ့အချိန်ကရခဲ့ပါတယ်"လို့ သူမက ပြောပါတယ်။

ဝက်တုပ်ကွေးနဲ့ ပတ်သက်လို့ သတင်းတွေရေးသားတဲ့အခါ "တာဝန်သိသိ"ရေးသားကြဖို့နဲ့ အီဘိုလာအကျပ်အတည်းစတင်ဖြစ်ပွားတုန်းကလို ထိပ်လန့်ကြောက်ရွံ့မှုကို မီးလောင်ရာလေပင့်လုပ်မပေးဖို့ မီဒီယာတွေကို သူမက တိုက်တွန်းပြောကြားပါတယ်။ ဇန်နဝါရီ ၁ ရက်ကနေ ဖေဖော်ဝါရီ ၂၂ ရက်ထိ လူနာ ၁၄၆၇၃ ဦးရှိခဲ့ပြီး သေဆုံးတဲ့ အရေအတွက်က ၈၄၁ ဦးရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီး ဂျေပီနတ်ဒါက ဖေဖော်ဝါရီ ၂၄ ရက်မှာ ပြောပါတယ်။ အိန္ဒိယမှာ ဝက်တုပ်ကွေးဖြစ်ပွားမှုက ၂၀၀၉ ခုနှစ်က ၂၇၂၃၆ ဦးနဲ့ ၂၀၁၀ ပြည့်နှစ်မှာ ၂၀၆၀၄ ဦးဖြစ်ပွားခဲ့ကြောင်း ဝန်ကြီးကပြောပါတယ်။ သေဆုံးသူဦးရေက ၂၀၀၉ ခုနှစ်မှာ ၉၈၁ ဦးနဲ့ ၂၀၁၀ ပြည့်နှစ်မှာ ၁၇၆၃ ဦး ရှိခဲ့ပါတယ်။

ဘာသာပြန်-ညက်တင်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

၂၀၁၅ ခုနှစ် အောက်တိုဘာနောက်ပိုင်း တရုတ် ယွမ်ငွေကြေးတန်ဖိုး အနိမ့်ဆုံးသို့ ကျဆင်းခြင်း၊ အမေရိကန် ပြည်ထောင်စု ငွေကြေးဖောင်းပွမှုမြင့်တက်လာတဲ့အတွက် အတိုးနှုန်းများ မြှင့်တင်ပေးလိမ့်မယ်လို့ ယူဆစရာဖြစ်လာခြင်းနဲ့ နယူးယောက်မှာ ရေနံတစ်စည်ဈေးနှုန်းဒေါ်လာ ၅၀ ထိကျဆင်းလာခြင်းစတဲ့ အခြေအနေများကြောင့် ဒေါ်လာနဲ့ ဖလှယ်ရာမှာ ထွန်းသစ်စ ဈေးကွက်ရှိငွေကြေးတန်ဖိုးများ ကျဆင်း ခဲ့တာကို တွေ့ရပါတယ်။

ဘလွမ်းဘတ်က ပြုစုထားတဲ့ ဒေါ်လာအညွှန်းကိန်း Bloomberg Dollar Spot Index က လအလိုက် နှိုင်းယှဉ်ရင် ရှစ်လမြောက်အဖြစ် ဆက်လက်မြင့်တက်လာမယ့် အခြေအနေကိုတွေ့ရပါတယ်။ အလားတူ ငွေကြေးအညွှန်းကိန်းဖြစ်တဲ့ MSCI Asia Pacific Index ကလည်း ဖေဖော်ဝါရီမှာ ၄ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ပါတယ်။ ခန့်မှန်းထားတာထက် အမေရိကန် ငွေကြေးဖောင်းပွမှုနှုန်း ပိုမိုမြင့်တက်မှုက ဖေဖော်ဝါရီ ၂၆ ရက်ဒေါ်လာတန်ဖိုးကို မြင့်တက်စေခဲ့ပါတယ်။

**တရုတ်ယွမ်**

တရုတ်ဗဟိုဘဏ်က ယွမ်တန်ဖိုးကို ဇန်နဝါ ရီ ၂၃ ရက်နောက်ပိုင်း အနိမ့်ဆုံးနှုန်းထိ သတ်မှတ်လိုက်ပြီးနောက် ဒေါ်လာနဲ့ ယွမ်တို့ရဲ့ ဖလှယ်နှုန်းက တစ်ဒေါ်လာကို ၆ ဒသမ ၂၆၉၇ ယွမ်နှုန်းဖြစ်ခဲ့ပါတယ်။ ယွမ်ငွေကြေးရဲ့ ဖလှယ်နှုန်းက ဗဟိုဘဏ်သတ်မှတ်ချက်နဲ့ ၁ ဒသမ ၉၉ ရာခိုင်နှုန်းကွာခြားပြီး ဗဟိုဘဏ် သတ်မှတ်ချက်ခွင်ဖြစ်တဲ့ နှစ်ရာခိုင်နှုန်း နီးပါးကိုရောက်ရှိခဲ့ပါတယ်။

**အိန္ဒိယရူပီး**

အိန္ဒိယနိုင်ငံရဲ့ ပင်လယ်ရပ်ခြားဒေသမှာ တခြားအဓိကငွေကြေးတွေနဲ့ ဖလှယ်တဲ့အခါ အမေရိကန်ဒေါ်လာတန်ဖိုးမြင့်တက်လာတဲ့အတွက် ဖေဖော်ဝါရီ ၂၇ ရက်က အမေရိကန်ဒေါ်လာနဲ့ အိန္ဒိယရူပီးတို့ ဖလှယ်ရာမှာ ရူပီးတန်ဖိုးက သုည ဒသမ ၁၀ ရူပီးနှုန်းကျဆင်းပြီး တစ်ဒေါ်လာကို ၆၁ ဒသမ ၈၅ ရူပီးနှုန်းရှိခဲ့ပါတယ်။ ရူပီးတန်ဖိုးကျဆင်းရတာက လကုန်မှာ စာရင်းရှင်းဖို့ အိန္ဒိယပို့ကုန်လုပ်ငန်းရှင်တွေရဲ့ ဒေါ်လာမြင့်တက်တဲ့အတွက်လည်း ဖြစ်ကြောင်းနဲ့ ပြည်တွင်းစတော့ရှယ်ယာဈေးမြင့်တက်မှုက ရူပီးကျဆင်းမှုကို ထိန်းပေးကြောင်း နိုင်ငံခြားငွေဝယ်ရောင်းသမားတွေက ပြောပါတယ်။

**ဂျပန်ယန်း**

တခြားပြည်တွင်းသုံးငွေ ၁၀ ခုနဲ့ ဒေါ်လာဖလှယ်နှုန်း အခြေအနေကို ဖော်ပြတဲ့ ဘလွမ်းဘတ်ရဲ့ ဒေါ်လာအညွှန်းကိန်းက ဖေဖော်ဝါရီ ၂၆ ရက်က သုည ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်ပြီးနောက် ၂၇ ရက်နေ့မှာ သုည ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ ဖေဖော်ဝါရီ ၂၇ ရက်မှာ ယူရိုတန်ဖိုးက တစ်ယူရို ၁ ဒသမ ၁၂၁၃ ဒေါ်လာနှုန်းထိအပြောင်းအလဲ အနည်းငယ်ရှိပြီး ၂၀၀၃ ခုနှစ်နောက်ပိုင်းအနိမ့်ဆုံးဖြစ်ပါတယ်။ ယန်းငွေတန်ဖိုးက သုည ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းနေရာမှ သုည ဒသမ ၁ ရာခိုင်နှုန်းပြန်လည်မြင့်တက်ပြီး တစ်ဒေါ်လာကို ၁၁၉ ဒသမ ၂၅ ယန်းနှုန်းရှိခဲ့ပါတယ်။

**မလေးရှားရင်းဂစ်**

ပင်လယ်ရပ်ခြားဒေသ အတော်များများမှာ ဒေါ်လာတန်ဖိုး ကျဆင်းခဲ့တဲ့အတွက် ဖေဖော်ဝါရီ ၂၇ ရက်မှာ ဒေါ်လာနဲ့ ဖလှယ်ရာမှာ တစ်ဒေါ်လာကို ၃ ဒသမ ၆၀၀ ရင်းဂစ်ဝန်းကျင်ရောက်ရှိကာ ရင်းဂစ်တန်ဖိုးမြင့်တက်ခဲ့ကြောင်း ငွေကြေးဝယ်ရောင်းသမားတစ်ဦးက ပြောပါတယ်။ ရင်းဂစ်တန်ဖိုးကဖေဖော်ဝါရီ ၂၅ ရက်ဈေးပိတ်ချိန်မှာ တစ်ဒေါ်လာကို ၃ ဒသမ ၆၀၄၀ ရင်းဂစ်နှုန်းရှိရာမှ ၂၆ ရက်မှာ ၃ ဒသမ ၅၈၂၅ ရင်းဂစ်နှုန်းထိ ရင်းဂစ်တန်ဖိုးမြင့်တက်ခဲ့ပါတယ်။

အခြားငွေကြေးများနဲ့ ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုးကျဆင်းမှုမရှိဘဲ ခိုင်မာနေပါတယ်။

**တောင်ကိုရီးယားဝမ်**

ဥရောပဗဟိုဘဏ်က ငွေကြေးမူဝါဒကို နောက်ထပ်လျှော့ချခြင်းမပြုမီ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေက ရှယ်ယာဈေးနှုန်းကျဆင်းတာကို ထိန်းထားဖို့ ကြိုးစားကြပေမယ့် တောင်ကိုရီးယားရှယ်ယာဈေးတွေက ဖေဖော်ဝါရီ ၂၇ ရက်မှာ အနည်းငယ်ကျဆင်းတယ်လို့ တောင်ကိုရီးယား စက်မှုဘဏ်မှ လေ့လာဆန်းစစ်ရေးမှူးတစ်ဦးက ပြောပါတယ်။ ဒေါ်လာငွေကြေးက တောင်ကိုရီးယားဝမ်နဲ့ ဖလှယ်ရာမှာ သုည ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ပြီး တစ်ဒေါ်လာကို ၁၁၀၀ ဒသမ ၁၀ ဝမ် နှုန်းရှိခဲ့ပါတယ်။

**ထိုင်းဘတ်**

ထိုင်းဘတ်ငွေတန်ဖိုးက ဒီဇင်ဘာအတွင်းမှာ တစ်ဒေါ်လာကို ၃၃ ဒသမ ၁၂ ဘတ်နှုန်းနဲ့ တန်ဖိုးမြင့်တက်မယ့် အလားအလားတွေ ရှိခဲ့ပါတယ်။ ဒီဇင်ဘာလအတွင်း ဘတ်ငွေတန်ဖိုးက နှစ်နှစ်အတွင်း အနိမ့်ဆုံးရှိနေရာမှ ဖေဖော်ဝါရီ ၂၆ ရက်မှာ ၂ ဒသမ ၄ ရာခိုင်နှုန်းထိ မြင့်တက်ပြီး နေ့အလိုက်ကြည့်ရင် သုည ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ကာ တစ်ဒေါ်လာကို ၃၂ ဒသမ ၃၄ ဘတ်နှုန်း ရှိခဲ့ပါတယ်။

## ချေးငွေကုန်ကျစရိတ်နည်းပါးမှုနဲ့ စည်းမျဉ်းဥပဒေများလျှော့ချမှုကြောင့် တောင်ကိုရီးယားဘဏ်များရဲ့ အိမ်ထောင်စုချေးငွေမြင့်တက်

ချေးငွေကုန်ကျစရိတ် နည်းပါးခြင်းနဲ့ အပေါင်ထားချေးငှားရာမှာ ချမှတ်ထားတဲ့ စည်းမျဉ်းဥပဒေများလျှော့ချပေးမှုတို့ကြောင့် ၂၀၁၄ ခုနှစ်မှာ ဘဏ်များကထုတ်ပေးတဲ့ အိမ်ထောင်စုချေးငွေမှာ မြင့်မားလာခဲ့ကြောင်း ယွန်ဟပ်သတင်းမှာ ဖော်ပြပါတယ်။ ဒီလိုချေးငွေတွေ တစ်ဟုန်ထိုး မြင့်တက်လာမှုကြောင့် အာရှဒေသမှာ စတုတ္ထမြောက်အင်အားအကြီးမားဆုံးဖြစ်တဲ့ တောင်ကိုရီးယားစီးပွားရေး ကျဆင်းသွားစေနိုင်ကြောင်း ဗဟိုဘဏ်က ဖေဖော်ဝါရီ ၂၃ ရက်က ပြောပါတယ်။

ဘဏ်တွေကထုတ်ပေးတဲ့ အိမ်ထောင်စုချေးငွေက ၂၀၁၃ ခုနှစ်မှာ ဝမ် ၃၇ ဒသမ ၃ ထရီလီယံ (ဒေါ်လာ ၃၃ ဒသမ ၆ ဘီလီယံ) ထိရှိခဲ့ပြီး အိမ်အပေါင်ထားချေးငွေက ဝမ် ၃၅ ဒသမ ၄ ထရီလီယံရှိခဲ့ကြောင်း တောင်ကိုရီးယားဗဟိုဘဏ်က အမျိုးသားလွှတ်တော်ကိုတင်သွင်းတဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ စီးပွားရေးတိုးတက်မှုကို တွန်းအားပေးဖို့အတွက် ပြည်တွင်းဝယ်လိုအားနဲ့ အိမ်ခြံမြေရောင်းချမှုများကို မြင့်တက်လာအောင် အစိုးရက ကြိုးပမ်းလျက်ရှိတဲ့အတွက် အိမ်ထောင်စုချေးငွေတွေ တစ်ဟုန်ထိုး မြင့်တက်လာတာဖြစ်ပါတယ်။

အိမ်ပေါင်ထား ချေးငွေအတွက် အမြင့်ဆုံး သတ်မှတ်ချက်အပါအဝင် ဒီရည်မှန်းချက်တွေ ထမြောက်အောင် အကောင်အထည်ဖော်ဖို့အတွက် အစီအမံတွေကို ဘဏ္ဍာရေးဝန်ကြီးဌာနက ဇူလိုင်လအတွင်းမှာ ချမှတ်ခဲ့ပါတယ်။

ဒီအစီအမံတွေက ဩဂုတ် ၁ ရက်က စတင်အကျိုးသက်ရောက်မှုရှိခဲ့ပါတယ်။ တောင်ကိုရီးယားဗဟိုဘဏ်က ပေါ်လစီအတိုးနှုန်းကို ဩဂုတ်နဲ့ အောက်တိုဘာလတွေမှာ သုည ဒသမ ၂၅ ရာခိုင်နှုန်းစီအသီးသီးလျှော့ချခဲ့ရာ ယခုအခါစံချိန်တင်အနိမ့်ဆုံးအတိုးနှုန်းဖြစ်တဲ့ နှစ်ရာခိုင်နှုန်းကို ရောက်ရှိခဲ့ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်




## ဒစ်ဂျစ်တယ်ဘဏ်လုပ်ငန်းကို မလေးရှား မေဘဏ်က တိုးမြှင့်ဆောင်ရွက်သွားမည်

Malayan Banking Bhd က မလေးရှားနိုင်ငံမှာ ပထမဆုံးအသုံးပြုတဲ့ Quick Balance ဝန်ဆောင်မှုကို ဆောင်ရွက်ပြီး ဒစ်ဂျစ်တယ်ဘဏ်လုပ် ငန်းကို တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ဒီဝန်ဆောင်မှုကိုဆောင်ရွက်ရာမှာ May Bank2U အပ်ပလီကေးရှင်း နဲ့ဆောင်ရွက်မှာဖြစ်ပြီး ဖောက်သည်တွေက သူတို့ ငွေစာရင်းလက်ကျန်ကို တိုက်ရိုက်ကြည့်ရှုနိုင်တော့မှာဖြစ်ပါ တယ်။

ဖောက်သည်တွေဟာ ခလုတ်ကိုနှိပ်လိုက်ရုံနဲ့ သူတို့ငွေစာရင်းလက်ကျန်ကို ကြည့်လို့ရမှာ ဖြစ်ပါတယ်။ အလုပ်ရှုပ်နေတဲ့အချိန်မှာ သီးခြားငွေစာရင်းတစ်ခုကို စစ်ဆေးချင်တယ်ဆိုရင် ဖောက်သည်အလိုကျ ဆောင်ရွက် ပေးပါတယ်။

“Quick Balance ရဲ့ ရည်ရွယ် ချက်ကဘဏ်ရဲ့ ဒစ်ဂျစ်တယ်ဘဏ်လုပ် ငန်းကို တိုးမြှင့်ဆောင်ရွက်သွားဖို့ဖြစ်ပြီး ၂၀၁၄ ခုနှစ် စက်တင်ဘာ ၈ ရက်က စတင်ဆောင်ရွက်ခဲ့တဲ့ Maybank2U အပလီကေးရှင်းရဲ့ အောင်မြင်မှုကို အခြေခံပြီး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်” လို့ ဘဏ်ရဲ့ကြေညာချက်မှာ ဖော်ပြထားပါတယ်။

Quick Balance ရဲ့ရည်ရွယ်ချက်က ဒစ်ဂျစ်တယ်လုပ်ငန်းမှာ မေ ဘဏ်ရဲ့ လုပ်ငန်းဆောင်တာတွေ တိုးတက်ကောင်းမွန်စေပြီး အခြေခံဘဏ် လုပ်ဆောင်မှုတွေကို ဖောက်သည်တွေက ပိုမိုလွယ်ကူစွာဆက်သွယ်အသုံးပြုနိုင်ဖို့ဖြစ်ပါတယ်လို့ မေဘဏ်ရဲ့ မလေးရှားဘဏ္ဍာရေးဝန်ဆောင်မှုဌာနခွဲရဲ့ ဦးစီး မှူးဟာမိဂျူလာဘူးရန်က ပြောပါတယ်။

“Quick Balance ကိုသုံးရင် ဖောက်သည်တွေက သူတို့ရဲ့ငွေစာရင်းတွေကို ကြိုက်တဲ့နေရာကြိုက်တဲ့အချိန်မှာ စစ်ဆေးလို့ရပါတယ်။ ဈေးမဝယ်ခင် သို့မဟုတ် ပြည်ပခရီးသွားနေစဉ်မှာ သူတို့ရဲ့ဘဏ်ငွေစာရင်း လက်ကျန်ကို လျင်မြန်စွာ စစ်ဆေးနိုင်ပါတယ်”လို့ သူကပြောပါတယ်။

International Entertainment
Vol: 15, No.9 Monday March 2 2015

# ပရိသတ်များထင်ထားတာထက် ပိုဆိုးခဲ့တဲ့ မက်ဒေါနား

ပေါ့ပ်ဘုရင်မကြီးမက်ဒေါနားဟာ ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက BRIT Award ဆုပေးပွဲ အခမ်းအနားမှာ သီဆိုဖျော်ဖြေရင်း ချော်လဲကျခဲ့ပါတယ်။ အဲဒီလို ချော်လဲကျခဲ့ပေမယ့် မက် ဒေါနားဟာ သီချင်းဆုံးတဲ့အထိ ဟန်မပျက် သီဆိုဖျော်ဖြေပေးနိုင်ခဲ့လို့ ကြည့်ရှုနေကြတဲ့ ပရိသတ်တွေတောင် မသိခဲ့ကြဘူးလို့ ဆိုပါတယ်။



သူ့ရဲ့ သီဆိုမှုအပြီးမှာတော့ ခြေထောက်နာကျင်မှုကြောင့် ပုံစံပျက်နေတဲ့ မက်ဒေါနားရဲ့အပြုအမူကို ပရိသတ်က သတိထားမိပြီး ချော်လဲခဲ့တာကို သိရှိသွားခဲ့ရတာလို့ ဆိုပါတယ်။

"စက္ကန့်ပိုင်းလေးအတွင်းမှာ ဖြစ်သွားခဲ့တာပါ။ ကျွန်မကိုယ် ကျွန်မတောင် သတိမထားမိခဲ့ဘူး။ပွဲပြီးတော့မှ ကျွန်မခြေထောက်တွေ နာကျင်နေတာကို ခံစားမိခဲ့တယ်။ လှေခါးထိပ်ကို လှမ်းအတက်မှာ ခြေချော်ကျသွားတာ၊ ကျွန်မစီးထားတဲ့ဖိနပ်ကြောင့်လည်း ပိုပြီး နာကျင်ခဲ့ရတာပါ" လို့ ပေါ့ပ်ဘုရင်မကြီးက Contactmusic ကို ပြောကြားခဲ့တာ ဖြစ်ပါတယ်။

# အမေရိကန်ဒေါ်လာ နှစ်သန်းနီးပါးတန်ကြေးရှိတဲ့ ကွန်ဒိုအခန်းကို ပြောင်းရွှေ့သွားတဲ့ ဂျပ်စတင်ဘီဘာ



ကနေဒီယန်းပေါ့ပ်အဆိုတော် ဂျပ်စတင်ဘီဘာဟာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ သန်းတန်ကြေးရှိတဲ့ ကွန်ဒိုတိုက်ခန်းမှာ ပြောင်းရွှေ့နေထိုင်နေပြီလို့ ဒေးလီးမေးလ်သတင်းမှာ ဖော်ပြထားပါတယ်။

ဂျပ်စတင်ဘီဘာဟာ ၂၀၁၄ ခုနှစ်ကဝယ်ယူခဲ့တဲ့ ကယ်လီဖိုးနီးယားက နေအိမ်ကို ရောင်းချခဲ့ပြီး တစ်လကို သုံးသောင်းခွဲနဲ့ ဘီဘာလီးဟေးလ်မှာရှိတဲ့ အခန်းတစ်ခန်းမှာ ငှားရမ်းပြီးနေထိုင်ခဲ့တာဖြစ်ပါတယ်။

အဲဒီတိုက်ခန်းမှာ ငှားရမ်းပြီးနေထိုင်စဉ် အိမ်နီးချင်းတွေနဲ့ မကြာခဏဆိုသလို ပြဿနာတွေတက်ခဲ့ရပါတယ်။ အိမ်နီးချင်းတွေဟာ ဂျပ်စတင်ဘီဘာနဲ့ သူ့ရဲ့အပေါင်းအသင်းတွေ အပေါ်ကို နှစ်မြို့ခြင်းမရှိတာကြောင့် ကြက်ဥနဲ့ ပေါက်တာတွေ၊ ရေနဲ့ပက်တာတွေ၊ ခွေးနဲ့ ရှူးတိုက်တာတွေကို မကြာခဏဆိုသလို ခံခဲ့ရတယ်လို့ ဘီဘာရဲ့ အပေါင်းအသင်းတွေက ပြောကြားခဲ့ပါတယ်။ ဘီဘာအခုပြောင်းရွှေ့နေထိုင်တဲ့ အိမ်ကတော့ လော့စ်အိန်ဂျလိစ်မှာရှိတဲ့ ကွန်ဒိုတိုက်ခန်းတစ်ခန်းပဲ ဖြစ်ပါတယ်။ အဲဒီကွန်ဒိုတိုက်ခန်းကတော့ အမေရိကန်ဒေါ်လာ ၁ဒသမ ၇ သန်းပေးရတယ်လို့ Contactmusic မှာ ဖော်ပြထားပါတယ်။ ဘီဘာဟာ အမေရိကန်ဒေါ်လာ နှစ်သိန်းတန်တဲ့ အနက်ရောင်ဖယ်ရာရေးပြိုင်ကားနဲ့ အဖြူရောင် Lamborghini ကားတစ်စီးစီရှိတယ်လို့ သတင်းများကဆိုပါတယ်။

# အော်စကာဆုပေးပွဲမှာဝတ်ဆင်ခဲ့တဲ့ ပုလဲဝတ်စုံ အခိုးခံလိုက်ရတဲ့ လူပီတာနာအိုယောင်း



ပြီးခဲ့တဲ့နှစ်က အော်စကာဆုပေးပွဲမှာ အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိသွားခဲ့တဲ့ လူမည်းအမျိုးသမီးသရုပ်ဆောင် လူပီတာနာအိုယောင်းရဲ့ ပုလဲဝတ်စုံကို တစ်စုံတစ်ယောက်က ခိုးယူသွားခဲ့တယ်လို့ contactmusic မှာ ဖော်ပြခဲ့ပါတယ်။

၂၀၁၅ ခုနှစ် အော်စကာဆုပေးပွဲမှာ လူပီတာဝတ်ဆင်ဖို့အတွက် ပုလဲလုံးလေးတွေနဲ့ သီကုံးထားတဲ့ဝတ်စုံကို ဝတ်ဆင်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီဝတ်စုံကို လူပီတာဝတ်ဆင်ဖို့အတွက် ကယ်လ်ဗင်ကလိန်းအထည်ချုပ်လုပ်ရေးလုပ်ငန်းက ဖန်တီးပုံဖော်ပေးခဲ့တာဖြစ်ပါတယ်။

အဲဒီဝတ်စုံဟာ အမေရိကန်ဒေါ်လာ တစ်သိန်းခွဲ တန်ကြေးရှိတယ်လို့ဆိုပါတယ်။ အဲဒီဝတ်စုံမှာပါဝင်တဲ့ ပုလဲတွေဟာ သဘာဝပုလဲတွေဖြစ်တဲ့အတွက် တန်ဖိုးကြီးလှတဲ့ ပုလဲလုံးလေးတွေဖြစ်တယ်လို့ ဆိုပါတယ်။ လူပီတာရဲ့ပုလဲဝတ်စုံဟာ အော်စကာအခမ်းအနား မပြုလုပ်မီ အကြိုညက ဟောလိဝုဒ်ရဲ့ ဟိုတယ်ခန်းထဲမှာ ပျောက်ဆုံးခဲ့တာဖြစ်ပါတယ်။ အဲဒီဝတ်စုံပျောက်ဆုံးတာကို သိလျှင်သိချင်း ဟောလိဝုဒ်ရဲ့တပ်ဖွဲ့ဟာ လိုက်လံရှာဖွေခဲ့ပေမယ့် ဝတ်စုံကတော့ ပျောက်ချင်းမလှ ပျောက်နေခဲ့ပါတယ်။

ကံကောင်းလှစွာပဲ အော်စကာ အခမ်းအနားမစတင်မီ နာရီပိုင်းအလိုမှာတော့ လူပီတာရဲ့ ပုလဲဝတ်စုံကို ပျောက်ဆုံးသွားခဲ့တဲ့နေရာမှာပဲ ပြန်လည်တွေ့ရှိခဲ့ရတယ်လို့ ဒေးလီးမေးလ်သတင်းမှာ ဖော်ပြထားပါတယ်။ လူပီတာနာအိုယောင်းဟာ အဲဒီဝတ်စုံ ပျောက်ဆုံးသွားတဲ့အတွက် စိတ်အနှောင့်အယှက်ဖြစ်ရပေမယ့် ပြန်လည်တွေ့ရှိခဲ့တဲ့အတွက်လည်း အံ့ဩမိတယ်လို့ ဆိုပါတယ်။

လူပီတာဟာ ၂၀၁၄ ခုနှစ် အော်စကာဆုပေးပွဲမှာ လူမည်းတွေရဲ့ဘဝအဖြစ်မှန်ကို ရိုက်ကူးခဲ့တဲ့ 12 Years A Slave ဇာတ်ကားနဲ့ အော်စကာဆုကိုရရှိခဲ့တာဖြစ်ပါတယ်။

လူမည်းအမျိုးသမီးတွေရဲ့ ကျွန်အဖြစ်မှ လွတ်မြောက်ဖို့ အံ့အားသင့်ဖွယ်ရာ ရုန်းထွက်ဖို့ ကြိုးစားခဲ့ပုံကို ဖြစ်ရပ်မှန်အတိုင်း ရိုက်ကူးပေးခဲ့တာ ဖြစ်ပါတယ်။



# အခွန်ပေါင်လေးသန်း ပေးဆောင်ဖို့ ပျက်ကွက်ခဲ့တဲ့ ရောဘတ်ဒီနဲရိုး

ဟောလိဝုဒ်ရဲ့သူရဲကောင်း ရောဘတ်ဒီနဲရိုးဟာ အခွန်ပေါင် လေးသန်း (အမေရိကန်ဒေါ်လာ ၆ ဒသမ ၄သန်း) ပေးဆောင်ဖို့ ပျက်ကွက်ခဲ့တယ်လို့ဆိုပါတယ်။

ဒါပေမယ့်လည်း ဒီနဲရိုးကတော့ အခွန်ဆောင်ရမယ့် ပြေစာစာရွက်ဟာ သူ့ဆီကို ရောက်မလာခဲ့တဲ့အတွက် ပျက်ကွက်ခဲ့တာဖြစ်တယ်လို့ ရှင်းလင်းပြောကြားခဲ့ပါတယ်။

အခွန်ဆိုင်ရာရုံးမှ တာဝန်ရှိသူတွေကတော့ သူတို့အနေနဲ့ ဒီနဲရိုးရဲ့အိမ်လိပ်စာအတိုင်း အခွန်ပေးဆောင်ရမယ့်ပြေစာကို ပေးပို့ခဲ့တာဖြစ်သလို အဲဒီအခွန်ပြေစာရရှိကြောင်းကိုလည်း ဒီနဲရိုးရဲ့အိမ်က လက်မှတ်ထိုးယူထားခဲ့တယ်ဆိုတဲ့အကြောင်း ပြန်လည်ရှင်းလင်းခဲ့ပါတယ်။

ဒီနဲရိုးရဲ့ရှေ့နေ တွန်ဟာဖေးက ဟောလိဝုဒ်ကမင်းသားတွေရဲ့အိမ်လိပ်စာတွေဟာ တစ်ခါတစ်ရံမှာ ရောထွေးတတ်တာကြောင့်ပေးချေဖို့ နောက်ကျခဲ့တာဖြစ်တယ်လို့ နယူးယောက်တိုင်းမ်သတင်းဌာနကို ပြောကြားခဲ့ပါတယ်။

"လိပ်စာအမှန်နဲ့ ဘီလ်တစ်စောင် ကျွန်တော့်တို့ဆီကိုမကြာခင်ကမှရောက် လာပါတယ်။ သူတို့ပို့လိုက်တာ လိပ်စာအဟောင်း ဖြစ်ပါလိမ့်မယ်"လို့ ဒီနဲရိုးရဲ့ ကိုယ်ရေးအရာရှိက ပြောကြားခဲ့ပါတယ်။

# မြန်မာကုန်ပစ္စည်း စစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်

BGK 6012421

# မော်တော်ယာဉ်တင်သွင်းသူတို့အတွက် သတင်းကောင်း

မြန်မာကုန်ပစ္စည်း စစ်ဆေးရေး နှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက် (MITS) သည် မြန်မာနိုင်ငံသို့ တင်သွင်းလာသည့်မည်သည့် မော်တော်ယာဉ်အမျိုးအစားကိုမဆို စနစ်တကျ စစ်ဆေးပေးလျက်ရှိပါကြောင်း သတင်းကောင်းပေးလိုက်ပါတယ်။

ပြည်ပနိုင်ငံများမှတင်ပို့သော မော်တော်ယာဉ်များကိုသင်္ဘောမတင်မီ စစ်ဆေးခြင်း (Pre shipment Inspection - PSI) နှင့် မြန်မာနိုင်ငံဆိပ်ကမ်းသို့ဆိုက်ရောက်ချိန်တွင်ဆိပ်ကမ်းရောက်စစ်ဆေးခြင်း(DestinationSurvey) လုပ်ငန်းများကိုMITSစစ်ဆေးရေးမှူးများမှ တိကျစွာ စစ်ဆေးပေးလျက်ရှိပါတယ်။

**MITS** ရုံးခွဲများကို စိတ်ချယုံကြည်ရသည့် စစ်ဆေးရေးအဖွဲ့များဖြင့် ကိုရီးယားနိုင်ငံ နှင့် ဂျပန်နိုင်ငံတွင် တည်ထောင်ဖွင့်လှစ်ထားပြီး သင်္ဘောမတင်မီစစ်ဆေးခြင်း **(PSI)** လုပ်ငန်းကို စနစ်တကျ စစ်ဆေးဆောင်ရွက်ပေးနေပြီဖြစ်ပါတယ်။

မော်တော်ယာဉ်တင်သွင်းသူများအနေဖြင့် Pre shipment Inspection – PSI နှင့် Destination Survey များကိုစနစ်တကျ စစ်ဆေးခြင်းဖြင့် -





- နိုင်ငံတော်မှ သတ်မှတ်ထားသည့် မော်တော်ယာဉ်တင်သွင်းမှုဆိုင်ရာ မူဝါဒနှင့် ကိုက်ညီသည့် မော်တော်ယာဉ်များကို တင်သွင်းနိုင်ခြင်း။
- တိုက်ကြေကားများ၊ တင်ပို့နိုင်ငံ၏ သဘာဝဘေးအန္တရာယ်ဒဏ်ခံထားရသောကားများ၊ ရေ (ပင်လယ်ရေ)နစ်မြုပ်ထားသောကားများ၊ ခိုးရာပါကားများ တင်သွင်းလာခြင်းများ တွေ့ရှိပါက တင်ပို့သူအား အသိပေးခြင်းဖြင့် ကြိုတင်ဖြေရှင်းနိုင်ခြင်း။
- မှန်ကန်သော စာရွက်စာတမ်း စစ်ဆေးချက်များဖြင့် ဆိပ်ကမ်းရှင်းလင်းရေး (**Custom Clearance**) လုပ်ငန်းစဉ်များကို အချိန်နှင့် တစ်ပြေးညီ လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ခြင်း။
- စစ်ဆေးရရှိထားတဲ့ မော်တော်ယာဉ်ဆိုင်ရာအချက်အလက်အပြည့်အစုံကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှာ **Data Processing** အမှားအယွင်းမရှိ ထည့်သွင်းနိုင်ခြင်း။
- မိမိပေးချေရတဲ့ တန်ဖိုးငွေကြေးနဲ့ ထိုက်တန်သည့် အရည်အသွေးမှန်ကန်သော၊ လုံခြုံစိတ်ချရသော၊ ပတ်ဝန်းကျင်ထိခိုက်မှုကင်းရှင်းသော ကိုက်ညီမှန်ကန်ခြင်းများအား သင်္ဘောမတင်မီ စစ်ဆေးသိရှိနိုင်ခြင်းစတဲ့ အကျိုးကျေးဇူးတွေကို ရရှိစေမှာဖြစ်ပါတယ်။

ကိုရီးယားနိုင်ငံနှင့် ဂျပန်နိုင်ငံမှ မော်တော်ယာဉ်တင်သွင်းလိုတဲ့လူကြီး မင်းများအားလုံး **MITS** မှာ လုပ်ငန်း အပ်နှံပါက သင့်တင့်မျှတတဲ့ ဝန်ဆောင်ခနှုန်းထားဖြင့် လူကြီးမင်းတို့ စိတ်ကျေနပ်မှုအပြည့်အဝရရှိစေမှာဖြစ်ကြောင်း သတင်းပေးအပ်ပါတယ်။

**မော်တော်ကားအရောင်းပြခန်းများ၊ မော်တော်ယာဉ်တင်သွင်းသူများ၊ အစိုးရဌာန၊ အဖွဲ့အစည်းများအား လေးစားစွာကြိုဆိုလျက်**


**MYANMAR INSPECTION & TESTING SERVICES LTD. (MITS)**

No. 124/128 Bo Aung Kyaw Street,Bohtataung Township, Yangon, Union of Myanmar

**Tel** - 95 1 380201, 95 1 380202, 95 1 380203, **Fax** - 95 1 380206




- ရောင်းမှား/ဝယ်မှားဖြစ်လို့ ဈေးနှုန်းတန်ဖိုးနှင့် ထိုက်တန်တဲ့ မော်တော်ယာဉ်ကိုမရရှိခြင်း။
- စာရွက်စာတမ်းများ အလွဲအမှားကြောင့် အကောက်ခွန်ရှင်းလင်းရေး လုပ်ငန်းများ ကြန့်ကြာခြင်း။
- Mileage မှန်ကန်မှုမရှိသည့် မော်တော်ကားများကို တင်သွင်းမိ၍ ကား Accident ဖြစ်ခြင်း။
- မလိုအပ်ပဲကုန်ကျစရိတ်ပိုမိုကုန် ကျခြင်း။
- ဒဏ်တပ်ခံရခြင်း၊ အသိမ်းခံရခြင်း။

စသည့်ဆိုးကျိုးများ ကင်းရှင်းစွာဖြင့် ယုံကြည်စိတ်ချမှုရရှိစေဖို့ **MITS** မှာ လုပ်ငန်းအပ်နှံကြပါစို့။

# COMMERCE INTERNATIONAL

## ထိုင်းလုပ်သားဈေးကွက် နှစ်ထပ်ကွမ်းစိန်ခေါ်မှုနဲ့ ရင်ဆိုင်နေရ

လူမှုရေး၊ စီးပွားရေးနဲ့ ပတ်သက်တဲ့ ကမ္ဘာ့အသိုက်အဝန်းနဲ့ ထိုင်းနိုင်ငံတို့ရဲ့ ဆက်သွယ်ရေးပိုမိုများပြားလာမှုနဲ့သက်ကြီးရွယ်အို ပိုမိုများပြားလာမှုဆိုတဲ့ စိန်ခေါ်မှုနှစ်မျိုးနဲ့ ရင်ဆိုင်နေရပြီး ဒီအခြေအနေနှစ်ခုက ထိုင်းနိုင်ငံရဲ့ လုပ်သားဈေးကွက်ကို ဂယက်ရိုက်ခတ်မှုတွေ ရှိလာလိမ့်မယ်လို့ နေးရှင်းသတင်းမှာ ဖော်ပြထားပါတယ်။

အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ)က ဒီနှစ်အကုန်မှာ ပေါ်ထွန်းလာတော့မှာဖြစ်ပါတယ်။ အေအီးစီ အကောင်အထည်ပေါ်ပြီဆိုပါက ဒေသတွင်းမှာ အလုပ်သမားစီးဆင်းမှုတွေ ပိုမိုကောင်းမွန်လာတော့မှာဖြစ်ပါတယ်။

ဝင်ငွေပိုမိုရရှိပြီး လူနေမှုအဆင့်အတန်း မြင့်မားတဲ့နေရာကို ရွှေ့ပြောင်းကြရင်း ထိုင်းနိုင်ငံထဲကိုဝင်လာမယ့် ရွှေ့ပြောင်း လုပ်သားအရေအတွက်ကလည်း ပိုမို များပြားလာတော့မှာဖြစ်ပါတယ်။ ထိုင်း နိုင်ငံက ၂၀၀၃ ခုနှစ်ကစပြီး အသက် အရွယ်ကြီးရင့်သူများပြားတဲ့ နိုင်ငံဖြစ်ခဲ့ကြောင်း အလုပ်သမားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နာကွမ်ဆီပါအာချာက ပြောပါတယ်။

၂၀၃၀ ပြည့်မှာ ထိုင်းနိုင်ငံ စုစုပေါင်းလူဦးရေရဲ့ ၂၃ ရာခိုင်နှုန်းက အသက် ၆၅ နှစ်ကျော်သူတွေ ဖြစ်လိမ့်မယ်လို့ ကုလသမဂ္ဂကခန့်မှန်း ထားပါတယ်။

ဒီအခြေအနေက ထိုင်းနိုင်ငံ တစ်ခုတည်းမှာသာ မဟုတ်ပါဘူး။ ၂၀၂၅ ခုနှစ်ရောက်ရင် အာဆီယံဒေသမှာ အသက် ၆၅ နှစ်ကျော်တဲ့ လူဦးရေက ၆၅ သန်းကျော်ရှိလာပါမယ်။ အဲဒီအရေအတွက်က ယနေ့ခေတ်ထိုင်းနိုင်ငံလူဦးရေနဲ့ ညီမျှပါတယ်။ ဒီအခြေအနေမျိုးက အသစ်ဖြစ်ထွန်းလာတဲ့ ဖွံ့ဖြိုးပြီးနိုင်ငံ အချို့နဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ မကြာမီကြုံတွေ့ရတောမယ့် အလားအလာတွေ ဖြစ်ပါတယ်။ ယခုရောက်ရှိနေတဲ့ အလားအလာက ထိုင်းနိုင်ငံရဲ့ အလုပ်သမားဈေးကွက်၊ သက်သာချောင်ချိရေးစနစ်၊ လူမှုရေးသဟဇာတဖြစ်မှုနဲ့ တိုင်းပြည်ရဲ့ သာယာဝပြောရေးလမ်းကြောင်းကို ပုံဖော်ပေးမှာဖြစ်ကြောင်း နာကွမ်ကပြောပါတယ်။

ထိုင်းနိုင်ငံ လူဦးရေက လျင်မြန်စွာ ပြောင်းလဲနေကြောင်းနဲ့ လာမယ့် ခုနစ်နှစ်အတွင်းမှာ လူဦးရေရဲ့ ငါးပုံတစ်ပုံက အသက် ၆၀ ကျော်တွေဖြစ်လိမ့်မယ်လို့ ဒူရာကီပန်ဒစ်တက္ကသိုလ် ဥက္ကဋ္ဌ တွဲဖက်ပါမောက္ခ ဗာရာကွန်ဆာကိုဆက်က ပြောပါတယ်။





## မလေးရှားနိုင်ငံက ငှက်သိုက် အသုံးပြုမှုကို တိုးချဲ့ဆောင်ရွက်

ဇီဝစိုးငှက်တွေရဲ့ အံဖတ်နဲ့ဆောက်လုပ်ထားတဲ့ငှက်သိုက်က ကျန်းမာရေးအတွက်ကောင်းတယ်ဆိုတဲ့ အစွဲက တရုတ်နိုင်ငံမှာ နှစ်ပေါင်းရာနဲ့ချီပြီး အမြစ်တွယ်ခဲ့တာဖြစ်ပါတယ်။ အခုတော့ဒီငှက်သိုက်ကို အာရှစားသောက်ကုန်ထုတ်လုပ်သူတွေက ကော်ဖီနဲ့ သီးနှံတွေနဲ့ရောစပ်ပြီး အရသာရှိအောင် ဖော်စပ်သုံးစွဲနေကြတဲ့အတွက် အမြတ်အစွန်းများစွာရနေကြောင်း ရိုက်တာသတင်းမှာ ဖော်ပြထားပါတယ်။

ငှက်သိုက်က ကမ္ဘာပေါ်မှာတန်ဖိုးကြီးတဲ့အစာအာဟာရဖြစ်ပြီး တစ်ကီလိုကိုဒေါ်လာ ၂၅၀၀ အထိရောင်းချနေပြီး ဒီငှက်သိုက်တွေကို ဆောက်လုပ်တဲ့ဇီဝစိုးငှက်တွေက အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်းနိုင်ငံနဲ့ ဗီယက်နမ်ဇာစ်မြစ်ငှက်အမျိုးအစားတွေဖြစ်ပါတယ်။ တရုတ်နိုင်ငံက ငှက်သိုက်ထုတ်လုပ်သမျှအားလုံးရဲ့ ၉၀ ရာခိုင်နှုန်းကိုစားသုံးပြီး အစဉ်အလာအားဖြင့် ဆန်ပြုတ်ထဲမှာထည့်ပြီး စားသုံးပါတယ်။ ၂၀၁၄ ခုနှစ်က ငှက်သိုက်ရောင်းရငွေက ဒေါ်လာ ၅ ဘီလီယံရှိပြီး ၂၀၂၀ ပြည့်နှစ်မှာ နှစ်ဆထိ မြင့်တက်လာမယ်လို့ ခန့်မှန်းထားပါတယ်။

မလေးရှားနိုင်ငံမှာ Swiftlet Eco Park က ဇီဝစိုးအိမ်တွေဖန်တီးမွေးမြူနေကြတဲ့ လုပ်ငန်းကြီးတွေထဲမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ဒီကုမ္ပဏီအပါအဝင်မလေးရှားကုမ္ပဏီတွေက ငှက်သိုက်ဈေးကို သူတို့စိတ်ကြိုက် ဖြတ်ဝယ်တတ်တဲ့ တရုတ်ဈေးကွက်ကိုကျော်ပြီး သူတို့ထုတ်ကုန်တွေကို တိုးချဲ့ရောင်းချပြီး အကျိုးအမြတ်ရရှိအောင် ဆောင်ရွက်ဖို့ ဆန္ဒရှိနေပါတယ်။

“ဘယ်မှာ ဈေးကွက်ရှိသလဲလို့ ဒီလုပ်ငန်းထဲမှာလုပ်နေကြတဲ့ထဲက ကြိုက်တဲ့လူကို မေးကြည့်လိုက်ပါ။ တရုတ်နဲ့ ဟောင်ကောင်လို့ ပြောလိမ့်မယ်။ ကျွန်တော်တို့လည်း ဈေးကွက်ရှာနေတာပါပဲ။ ဒါပေမယ့် ဒီပစ္စည်းတွေကို ဥရောပသို့မဟုတ် အိန္ဒိယကို သွားရောင်းရင် သူတို့က ဘာလုပ်စားရမှန်းတောင် သိမှာမဟုတ်ဘူး”လို့ အဖွဲ့ရဲ့ အုပ်ချုပ်မှုဒါရိုက်တာလုပ်ယူလောင်းက ပြောပါတယ်။

Swiftlet Eco က ငှက်သိုက်ကို အသုံးပြုပြီး ကော်ဖီ၊ အသားအရေပြုပြင်ရေး၊ ပူတင်းနဲ့သကြားလုံးတွေ ထုတ်လုပ်ရောင်းချပါတယ်။ သူ့အနေနဲ့ ရောင်းရငွေ အသေးစိတ်ကို ထုတ်ဖော်ပြောကြားခြင်းမရှိပေမယ့် အခုလိုပြုပြင်ရောင်းချတာက ငှက်သိုက်ကို ကုန်ကြမ်းအဖြစ် ရောင်းတာထက် ၁၀ ဆ ပိုပြီး အမြတ်အစွန်းရှိတယ်လို့ သူက ပြောပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်


(2.3.2015)&uaewiusa&muon awmiolv , orm;ae tcgor , wi.........

puyg;xwvyrl zvjynpatmiaqmi½uay;aeluaom au;Z;½iawmiolv , orm; O;ul;rsm;? puyg;a&;orm;rsm; tm;v; puyg;a&;vyie;rsm; a&½natmijriw;wuí vrb0 acwrzlzk;w;wuygapalumi; qawmi;arwmyo tyygon/

ta&mi;piwmrsm;

(၁)ကျွန်းတောလမ်းနှင့် နာနတ်တောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ၀၉-၇၃၀၇၅၈၂၂၊ ၀၁-၂၃၀၄၂၄၇၊ ၀၁-၅၀၄၆၀၂
(၂)မြေပဒေသာကျွန်း(ဂျပန်သံရုံးရှေ့)ဗဟန်းမြို့နယ်၊ ၀၁-၅၄၄၆၀၈
(၃)ည(၈၂)ယုဇနလမ်း၊ တုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ၀၁-၆၈၃၀၉၇၊၆၈၃၂၀၈
(၄)အမှတ် (T2-7) ၊ပုလဲလမ်း၊ 31x32 Ei 77x78vr;lum;? cr;at;omplrle , ? rEav;/ 02-30780? 30790?

rmvmlrki urPvrwu